

အမျိုးသားပညာဝန်

## ဦးဖိုးကျား

# အလောင်းတော်ကဿပ

**ဒို့တာဝန်အရေး ၃ ပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်
သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်
မှတ် ချေမှုန်းကြ

အမျိုးသားပညာဝန်ဦးဖိုးကျား

# အလောင်းတော်ကဿပ

**အလောင်းတော်ကဿပ**

တတိယအကြိမ်၊ ၂၀၀၀ ဧပြီလ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ   စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၁၂/ ၂၀၀၀(၄) နှင့် စာမူခွင့်ပြုချက်အမှတ် ၇၇၈/၉၉(၁၂)တို့အရ ဒေါ်နယ်လီ(ခေါ်)ဒေါ်ခင်လေးတင့် (၀၂၅၇၀)၊ အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/၁၉၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ် မြောက်ပိုင်း က ထုတ်ဝေ၍ ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

တန်ဖိုး ၁၂၀၀ ကျပ်

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ


| | | | |
|---|---|---|---|
| | အမှာစကား | ... | ၄ |
| ၁။ | စကားချီး | ... | ၅ |
| ၂။ | အလောင်းတော်ကဿပ တည်ရာအရပ်နှင့် သွားရန်လမ်းများ | ... | ၈ |
| ၃။ | အလောင်းတော်ကဿပ တည်နေပုံ | ... | ၄၃ |
| ၄။ | အလောင်းတော်ကဿပ ရာဇဝင် | ... | ၄၇ |
| ၅။ | ပေါင်လောင်ရှင်ကဿပ | ... | ၉၈ |
| ၆။ | နောက်ဆက်တွဲ | ... | ၁၃၂ |
| | ကိုးကားသောကျမ်းစာများ | ... | ၁၆၅ |
| | ကူညီချီးမြှောက်ကြသောပုဂ္ဂိုလ်များ | ... | ၁၆၈ |

# အမှာစကား

စာဖတ်ခြင်းသည် ကြီးပွားရေးကို ဖြစ်စေနိုင်သည်။ သို့ကြောင့် ကျွန်ုပ်တို့၏ တိုင်းရင်းသားများကို စာများများ ဖတ်စေလိုသည်။

ဖတ်သည့်စာမှာ ကာမ ရာဂတို့ဖြင့် အလွန်ညစ်ညမ်းစွာဖြစ်သော အဖျင်းအညံ့စာများ၊ တစ်နည်းနည်းဖြင့် အကျိုးယုတ်စေသောစာများ မဖြစ်စေလို။ စိတ်ထားရဲရင့် တည်ကြည်မြင့်မြတ်လာ၍ တစ်နည်းနည်း အကျိုးရှိစေသောစာများ ဖြစ်စေလိုသည်။

ထိုသို့ လိုအပ်သောအချက်များ ပြည့်စုံနိုင်ရန်ဟု ရည်ရွယ်၍ 'ကိုယ်တွေ့ဝတ္ထုများ' ရေးခဲ့သည်မှာ ယခု ၆ အုပ်မြောက်သို့ ရောက်လာလေပြီ။

လူအများတို့ ဖတ်ချင်အောင် ဝတ္ထုသွားမျိုးဖြင့်လည်းကောင်း၊ စကားအလွယ်ဆုံး အရှင်းဆုံးဖြင့်လည်းကောင်း၊ ကာလဆန်ဆန် တိုက်ရိုက်စကားများကို သုံး၍လည်းကောင်း ရေးသားအပ်ပါ၏။

တိုက်ရိုက်စကားမှာ လူအများ ပိုမိုနားလည် အဓိပ္ပာယ်ထိရောက်ရှင်ပျစေနိုင်လေသည်။ ထိုတိုက်ရိုက်စကားတို့ကို "..." ဤအမှတ်အသားအတွင်းတွင် သွင်းထားပြီးလျှင် သတ်ပုံထက် အသံထွက်ကိုလိုက်၍ ရေးထား၏။ ဥပမာ- ၍. သော. သည် စသော စာစကားတို့ကို လို့, တဲ့. တယ် စသည်ဖြင့် ရေးထားပါသည်။

မြန်မာစာအခန့်ရေးရာ၌ကား ဤသို့သော တိုက်ရိုက်စကားမျိုးတို့ကို မသုံးရာ၊ သုံးလျှင် မြန်မာစာ၏တန်ဖိုးကို ထိခိုက်လေသည်။ သို့ကြောင့် စည်းကမ်းနှင့် သုံးကြရာသည်။

*

ကိုယ်တွေ့ဝတ္ထုများကို ဖတ်ရှုကြ၍ အထိုက်အလျောက် အကျိုးကျေးဇူးရှိကြပါစေသောဝ်ဟု ဆုတောင်းလျက်ရှိပါ၏။

**မောင်ဖိုးကျား**

၁၃၀၀ ပြည့်၊ ကဆုန်လပြည့်၊ သောကြာနေ့။

# အလောင်းတော် ကဿပ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## စကားချီး

မြန်မာနိုင်ငံတွင် တန်ခိုးကြီးဘုရား များစွာရှိသည့်အနက် မြန်မာနိုင်ငံ အနောက်မြောက်ထဲတွင်ရှိသော အလောင်းတော်ကဿပသည် တစ်ပါး အပါအဝင်ဖြစ်သည်။

စေတီ၊ ဘုရားတို့ တန်ခိုးကြီးကျော်ကြားသည်မှာ အကြောင်း အမျိုးမျိုးရှိသည်။ ဥပမာ ရွှေတိဂုံစေတီသည် ဘုရားဆံတော် စသည် ရှိသည်ဟု ယုံကြည်ကြသည့်အပြင် ပုံတော်ကြီးမား၊ အချိုးကျန၊ ရွှေ တဝင်းဝင်းနှင့်၊ အစိမ်းရင့်ရောင် တောင်ကုန်းမြင့်ပေါ်တွင် အနေအထား ကောင်း၍ အလွန်လှပ သပ္ပာယ်ကြည်ညိုဖွယ်ရှိလေသည်။ မြို့တော် ကြီးတွင်ရှိလေ၍ ရွှေ စိန် ပတ္တမြား စသော ရတနာအမျိုးမျိုး ပေါလှ ပေသည်။ ပွဲတော်လည်း စည်ကားလှသည်။ နိုင်ငံခြားသားတို့ စုဆုံ ဝင်ထွက်ရာတွင် တည်ရှိ၍လည်း လူသိများပြီးလျှင် ကမ္ဘာကျော်သွားလေ သည်။

ကျိုက်ထီးရိုးဘုရားမှာ ဓာတ်တော်မွေတော်ကို ထားဘိဦး။ ထို စေတီငယ် တည်ရှိနေသော ကျောက်တုံးကြီးမှာ ကျောက်တောင်စွန်း တစ်ခုပေါ်တွင် ပြုတ်လုတဲကာ အသည်းယားစရာ တင်နေတည်နေပုံမှာ အလွန်ထူးဆန်းအံ့ဩဖွယ်ဖြစ်၍ ကျော်ကြားရလေသည်။ တစ်ဖန် ထို ဘုရားသို့ အနည်းဆုံး ၃ ခေါက်ပြည့်အောင်ရောက်လျှင် ဆုတောင်းပြည့် သည်။ ဥစ္စာစီးပွားတိုးတက်တတ်သည်ဟုလည်း ယုံကြည်ကြကုန်သည်။ တစ်ဖန် တောင်ခြေရင်းမှ ဘုရားအရောက် ခြေကျင်ခရီးမှာ ၇ မိုင်မျှရှိ၍ လမ်းမှာလည်း အဆင်းအတက်၊ တောတောင်သာယာ၊ တပျော်တပါး

သွားစရာကောင်းသော ခရီးလည်းဖြစ်လေသည်။ ဤသို့သောအကြောင်းတို့ကြောင့် ကျိုက်ထီးရိုးဘုရား ထင်ရှားကျော်ကြားလေသည်။

မန္တလေးရှိ မဟာမုနိဘုရားမှာ ဘုရားလက်ထက်ကပင် သွန်းလုပ်၍ ဘုရားကိုယ်တော်တိုင် ထားခဲ့သော ဘုရားကိုယ်စားလှယ်ဟု အယူအဆ ရှိကြသဖြင့်လည်းကောင်း၊ ထူးဆန်းသော လောဟာသတ္တုမျိုးဖြစ်သဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်မှ ခဲခဲယဉ်းယဉ်း ပင့်ဆောင်ခဲ့ရသဖြင့်လည်းကောင်း စသော အကြောင်းတို့ကြောင့် ကျော်ကြားထင်ရှားလေသည်။

ရွှေစာရံဘုရားမှာ စောမွန်လှမိဖုရား၏ အဖြစ်အပျက်နှင့် ဆက်နေလေ၍ ကျော်ကြားရလေသည်။ တစ်ဖန် ပွဲတော်ချိန်၌ ငါးများလာတတ်ကြလေသေးသည်။

ဤသို့လျှင် ရတနာ ၃ ပါးနှင့်စပ်သော ဓာတ်တော်မွေတော်စသည်အပြင် အန္တရာယ်ကင်းသည်၊ ဆုတောင်းပြည့်သည်၊ ဥစ္စာတိုးသည် စသော တပ်မက်ဖွယ်ရာများကြောင့် လည်းကောင်း၊ တည်ရာအရပ်ထူးဆန်းခြင်း သွားရာလမ်း ရှုမျှော်ခင်းကောင်းခြင်း တောကြီးတောင်ကြီး တောင်ထိပ်တောင်ကမ်းပါး မြစ်ဆိပ် ပင်လယ်စွန်းဖြစ်ခြင်း စသော အကြောင်းတို့ကြောင့် လည်းကောင်း စေတီများ၊ ဘုရားများ ကျော်စောကြကုန်သည်။

ယခု အလောင်းတော်ကဿပမှာလည်း အရှင်ကဿပနှင့် စပ်သည်ထက် အရပ်အနေ တည်နေရာကြောင့် ပိုမိုကျော်စောပုံ ရလေသည်။

တည်ရာအရပ်မှာ လူနေနှင့် အလွန်ဝေးလံ၍ တောတောင်အလွန်ကြီးမားသော အရပ်ဖြစ်လေသည်။ တောင်ခြေမှ အလောင်းတော်အရောက်၊ ခြေကျင်ခရီးသက်သက်ပင် ၁၇ မိုင်ကျော် အတက်အဆင်းခရီးဖြစ်လေသည်။ အတက်အဆင်းခရီးမှာ မြေပြင်လမ်းရိုးထက် အနည်းဆုံး ၃ ဆမျှ ပိုမိုပင်ပန်းသဖြင့် ထို ၁၇ မိုင်မျှခရီးကို လမ်းတွင် တစ်ည

အိပ်မှ တစ်နေ့ တစ်ည တစ်မနက် သွားကြရလေသည်။ ကျိုက်ထီးရိုး လမ်းမှာ ၇ မိုင်မျှဖြစ်၍ အလောင်းတော်လမ်းက ၃ ဆနီးပါး ရှိလေသည်။ လူသူမနီးသော တောကြီးတောင်ကြီးလမ်းဖြစ်၍ ပြောင် စိုင် ကျား သစ်ဆွဲဆင် စသော တောသားတို့၏ ဘေးလည်း အနည်းအပါးရှိ၏။ အလွန်ဝေးလံခြင်း၊ သွားရန်ခက်ခဲခြင်း၊ တစ်နှစ်လုံးမှ ပွဲတော်ချိန် ၃ လ ကျော်သာ သွားလာနိုင်ခြင်း ဤသို့သော အခက်အခဲတို့ကြောင့်ပင် ပိုမို ကျော်ကြားလေတော့သည်။

# အလောင်းတော်ကဿပ တည်ရာအရပ်နှင့် သွားရန်လမ်း

တစ်ဖက်တွင် ပြထားသော မြေပုံကြမ်းအတိုင်း မုံရွာအနောက်မြောက် မိုင် ၆၀ မျှအကွာ၊ တောင်ကြီးတို့၏အကြား၌ အလောင်းတော်တည်ရှိလေသည်။

သွားရန်ကား နှစ်လမ်းရှိ၏။ မုံရွာက တစ်လမ်း၊ ကနီက တစ်လမ်း၊ မုံရွာက အသွားများကြ၏။

## မုံရွာလမ်း

(၁) မုံရွာမှ နံနက် ၆ နာရီတွင် အနောက်ဘက်ကမ်းသို့ ကူးတို့နှင့်ကူး။


(၂) ယင်းမာပင်လမ်း မော်တော်ကား ကောက်စီး၊ နံနက် ၉ နာရီခန့်တွင် ၂၂မိုင်ဝေးသော ပုထိုးသာသို့ ရောက်၏။

(၃) လှည်းကောက်စီး၊ ညနေတွင် တောင်ခြေစခန်းဖြစ်သော ပွင့်ကြီးသို့ရောက်၊ တစ်ညအိပ်ရ၏။

(၄) နံနက်သလောက် (= မသလောက်)က ဖြတ်၍ တောင်တက်ကာ ခြေကျင်သွားရ၏။ လမ်းမှာ အစိုးရဖောက်ပေးထားသော ၆ ပေလမ်းဖြစ်၏။ ညနေ ချောင်းမကြီးစခန်းခေါ် မန်ကျည်းပင်စခန်းသို့ရောက်၍ ညအိပ်ရ၏။

(၅) နံနက်ထ၍ ဆက်သွား၊ နံနက် ၁၀ နာရီခန့်တွင် အလောင်းတော်သို့ရောက်၏။

မုံရွာလမ်းအရ ကားနှင့် လှည်းနှင့် တစ်နေ့တစ်ည၊ ခြေကျင် တစ်နေ့တစ်ည တစ်မနက် ပေါင်း နှစ်နေ့နှစ်ည တစ်မနက် ကြာ၏။




အလောင်းတော်ကဿပ
တည်ရာမြေပုံကြမ်း

ဤတွင် ယခုအခါ ကားလမ်းတစ်ဝက်မျှ ပေါက်သောကြောင့် ခရီးသက်သာ၏။ ရေးကမူ လှည်းခရီး ၂ ညအိပ်ရှိ၏။

ခြေကျင်လမ်းမှာလည်း မိန်းမများ ကလေးများပါ၍ ဖြည်းဖြည်းသွားလိုလျှင် ဂုညင်စခန်းတွင် တစ်ညထောက်၍ အိပ်နိုင်၏။ သို့ဖြစ်လျှင် ခြေကျင်လမ်းတွင် နှစ်ညအိပ်ရလိမ့်မည်။

## ကန္နီလမ်း

(၁) ကန္နီမှ နံနက် ၆ နာရီတွင် လှည်းနှင့်ထွက်။

(၂) တောင်ပေါက်တွင် နံနက် ထမင်းချက်စား။

(၃) မွန်းလွဲတွင် လှည်းဆက်မောင်း၊ ညနေ ၆ နာရီတွင် ညောင်ပင်လယ်ရွာသို့ ရောက်၏။ ဤတောင်ခြေစခန်းတွင် ညအိပ်ရ၏။

(၄) (က) မြေပုံတွင် ပြသည့်အတိုင်း ၅ မိုင်ခွဲကွာသော သလောက်သို့ လှည်းနှင့်သွား၍ သလောက်မှ ခြေကျင်လမ်းသို့ တက်လျှင်လည်းဖြစ်၏။ သို့ရာတွင် ဝေးသည်ဖြစ်၍ သွားခဲ၏။

(ခ) သို့ပေမင့် နံနက် ၆ နာရီတွင် ညောင်ပင်လယ်မှ ခြေကျင်လမ်း တောင်ပေါ်လမ်းသို့ တက်ရ၏။ ဤလမ်းမှာ ဖြတ်လမ်းဖြစ်၍ သလောက်ကတက်လာသော ၆ ပေလမ်းမကြီးသို့ သွား၍ဆုံ၏။

ဤဖြတ်လမ်း၌ နံနက် ၁၀ နာရီခွဲခန့်တွင် ကျောက်မြောင်းစခန်းတွင် နံနက် ထမင်းချက်စားရ၏။

(၅) နံနက်ထမင်းစားပြီး ဆက်သွားလျှင် မွန်းလွဲ ၁ နာရီခန့်တွင် ၆ ပေလမ်းမကြီးသို့ ရောက်လေသည်။ ၆ ပေ

လမ်းမဖြင့် သွားသော် ညနေ ချောင်းမကြီးစခန်း (= မန်ကျည်းပင်စခန်း)သို့ ရောက်၍ ညအိပ်ရ၏။

(၆) နံနက်ထသွား၊ ၁၀ နာရီခန့် အလောင်းတော်သို့ ရောက်၏။

ဤကန္နီလမ်းဖြင့်လည်း လှည်း တစ်နေ့တစ်ည၊ ခြေကျင် တစ်နေ့ တစ်ည တစ်မနက် ပေါင်း နှစ်နေ့နှစ်ည တစ်မနက် ကြာ၏။

## အထူးကား

မုံရွာလမ်းကဖြစ်စေ၊ ကန္နီလမ်းကဖြစ်စေ ဆန်၊ ဆား၊ ဆီ စသော စားနပ်ရိက္ခာကို အသွားအပြန်ခရီး ရက်တွက်၍ ယူသွားကြရ၏။ အထူးသဖြင့် ခြေကျင်ခရီး = တစ်နေ့ တစ်ည တစ်မနက်ခရီးမှာ၊ လူနေအိမ်ခြေ အလျဉ်းမရှိ၊ ဈေးဆိုင်ကနားဝေးစွ။ သို့ကြောင့် ကြာမည့်ရက်နှင့် လူအရေအတွက်ကို တွက်၍ စားနပ်ရိက္ခာ အသင့်ပါရ၏။ မိမိတို့ဘာသာ ချက်ပြုတ်စားရ၏။ စားနပ်ရိက္ခာ ဝန်စည်ထမ်းရန် လူငှားရနိုင်ပါ၏။

## ကျွန်ုပ်၏ခရီးစဉ်

ကျွန်ုပ်သော်ကား ကန္နီလမ်းကသွား၏။ သို့သွားသည်မှာ အခြားမဟုတ်၊ ထိုကန္နီနယ်တွင် အလွန်ကြီးမားသော ရေးကလူရိုးကြီးများ ကျောက်ဖြစ်လျက် ရှိနေသည်ကို တွေ့ရသည်ဟု သတင်းကြား၍ ရှေးအဟောင်း အမြင်းရာဇဝင်အတွက် ကြည့်ရှုမှတ်သားလိုသည်တစ်ကြောင်း။

ငင်းပြင်တစ်ရပ် ထိုကန္နီသား ဦးဘတင်ဆိုသူကို တွေ့လို၍လည်း တစ်ကြောင်း ဖြစ်ပါသည်။ ထိုဦးဘတင်မှာ နယ်နယ်ဦးဘတင် မဟုတ်ချေ။ လွန်ခဲ့သော ၁၈ နှစ်ခန့်က ကျွန်ုပ်တို့နှင့် သပိတ်မှောက်ဖက်

ဖြစ်သော သပိတ်မှောက် ကျောင်းသားခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်ပေသည်။ ထိုအခါက ဦးဘတင်မှာ ဘီအေအောင်ပြီးဖြစ်၍ ကောလိပ်တွင် ဥပဒေတန်း၌ ဆက်လက်သင်ကြားနေသူဖြစ်သည်။ ကျွန်ုပ်တို့ သပိတ်မှောက်သောအခါ သူ ဘီအေအောင်ပြီးဖြစ်၍ နေလိုက နေနိုင်ရာ၏။ သို့ရာတွင် မနေဘဲ သူ့ဥပဒေတန်းက မှောက်၍ ထွက်ခဲ့လေသည်။ ဗဟန်းတွင်ရှိကြစဉ်က သပိတ်မှောက်ကျောင်းသားများ စားသောက်စရာ သိမ်ကြီးဈေးသို့သွား၍ ဟင်းသီးဟင်းရွက်တောင်းခံ အလှူခံရသောသူ တစ်ယောက် ဖြစ်သည်။ ယခုအခါ သိမ်ကြီးဈေးသူဈေးသားများက "ဟော့ ဟိုစွပ်ကျယ်အင်္ကျီနဲ့ ပုဆိုးဒူးပေါ်ဝတ်လို့ ခုံဖိနပ်နဲ့ ကတုံးနဲ့ အညာသားကြီးဟာ ဘယ်ရောက်နေသလဲကွဲ့"ဟု မကြာမကြာ မေးတတ်ကြလေသည်။

ထိုဦးဘတင်သည် ယခုအခါ မြန်မာနိုင်ငံ အောက်လွှတ်တော်အမတ် ဖြစ်နေလေပြီ။ အဝတ်အစားကား မထူးလှ။

## မုံရွာမှ ကန္နီသို့

၁၂၉၉ ခု၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ (၁၉-၁-၃၈)နေ့ နံနက် ၅ နာရီတွင် မုံရွာမှ သင်္ဘောနှင့် ထွက်ခဲ့၏။ ကျွန်ုပ်သည် မုံရွာအထက်သို့ ရှေးက မရောက်ဖူးချေ။ ချင်းတွင်းမြစ်ကို ဆန်၍တက်ခြင်းမှာ ဤအကြိမ် ပထမဖြစ်သည်။

မြစ်လမ်းခရီးမှာ အလွန်သာယာ၏။ နံနက် ၈ နာရီလောက်တွင် နတ်လဘိုအရပ်သို့ရောက်သော် မြစ်အတန်ကျဉ်း၏။ ထိုမြစ်ကျဉ်းအငူ အရှေ့ဘက်ကမ်းရှိ နတ်တောင်ပေါ်တွင် စေတီဘုရားတစ်ဆူ တည်ထားရာ အလွန်ပဏာရ၍ ကြည်နူးကြည်ညိုဖွယ်ဖြစ်၏။

နံနက် ၉ နာရီတွင် ရွှေစာရေးသို့ရောက်၏။ ဤနေရာတွင် ကျောက်ဆောင်နှစ်ဖက်ညှပ်၍ မြစ်အလွန်ကျဉ်း၏။ ပေ ၁၅၀ ကျော်

လောက်သာ ရှိလိမ့်မည်။ ရေလည်း အလွန်ကြမ်း၏။ ထိုရွှေစာရေးဝဲမှာ အလွန်ကြမ်းတမ်း ကြောက်မက်ဖွယ်ကောင်း၍ မိုးအခါ သင်္ဘောများ ပေါ်သို့ပင် ရေလွှမ်းတတ်၏။ လှေဖောင်တို့မှာ အသက်ဆံဖျားထား၍ ကျော်ကြရ၏။ အများအားဖြင့် ဝဲသဘောကို သိကျွမ်းသော ထိုအရပ်သားတို့ကို ငွေကြေးပေး၍ ငှားပြီးမှ ကြိုးနှင့်ဆွဲ၍ ကူးကျော်ကြရ၏။

## အညာသူ

ရွှေစာရေးအထက် အိုင်တောင်သို့ရောက်သောအခါ သင်္ဘော နား၍ ထင်းတင်၏။

ထင်းသယ်သူ 'ကူလီ'တို့မှာ မိန်းမများဖြစ်၍ ငယ်ရွယ်သူ များစွာ ပါ၏။ ထိုမိန်းကလေးတို့မှာ ကျစ်လျစ်သန်မာကြ၍ အတန်ကြီးလေးသော ထင်းတုံးတို့ကို ထမ်းဆောင်သယ်ပိုးနိုင်ကြ၏။ ဤတောင့်တင်း မာချာသော အညာသူကလေးများကို မြင်ရသောအခါ အချို့ မိန်းမလျာနှင့်တူသော ကောလိပ်ကျောင်းသားတို့ကို ကျာပွတ်နှင့် ရိုက်ချင်၏။

မိန်းကလေးတို့မှာ အတန်ဆင်းရဲနွမ်းပါးပုံရ၏။ ဘာသာဘာဝ အလျှောက် များသောအားဖြင့် ကိုယ်ကျပ်လက်တို အတွင်းခံအင်္ကျီ ကလေးတစ်ထည်ကိုသာ ဝတ်ထားလေ့ရှိကြ၏။

ဤသို့ ဆင်းရဲနွမ်းပါးသော်လည်း ကျန်းမာသန်မာစွာနှင့် အပင် ပန်းခံ၍ ရိုးသားစွာ လုပ်ကိုင်စားသောက်ကြရသော အကြင် အညာသူ မိန်းကလေးတို့ကို သနားချည်တစ်လှည့် ချီးမွမ်းချည်တစ်လှည့်ဖြင့် ကြည့်နေရစဉ် လား လား မြို့ဟန်ခုတ်လာသော မချောတစ်ယောက် သင်္ဘောသို့ဆင်းလာ၏။ ထိုမချောကား ကတ္တီပါလုံချည် ပန်းရောင်၊ ကတ္တီပါကွတ်အင်္ကျီ၊ လေယာဉ်ပျံဘီးနှင့် ဘီးကျော်ပတ်နောက်ထုံး၊ မိုးကြိုးခြေကျင်း၊ ပုလဲတုပုတီး၊ ရွှေရောင်ဆွဲကြိုး၊ ကျောက်နီရင်ထိုး တို့နှင့် ဖြစ်၏။ ဘုရားဈေးက အရပ်ကဲ့သို့ အင်္ဂလိပ်မျက်နှာချေ ဖြူဖြူ

ဖွေးအောင် လိမ်းထားသောမျက်နှာကို ခပ်မော့မော့ပြု၍ ဟန်နှင့်ပန်နှင့် လာခဲ့၏။ အသားအရေ ပုံပန်းကား ထိုအရပ်သူနှင့်ပင် တူ၏။ ဆင်းလာသောအခါ တစ်သင်္ဘောလုံးဆိုသလို ဝိုင်း၍ကြည့်ကြရ၏။

ထင်းသယ်နေကြသော အပျိုအရွယ် မိန်းကလေးတို့သည်ကား ဝတ်ချင်စားချင်သော အရွယ်ဖြစ်ကြလေ၍ မိမိတို့အလုပ်ရပ်၍ ကြည့်ကြလေသည်။

ငါ့ညီမကောင်းများ အားမကျကြလေနှင့်၊ ရိုးရိုးတန်းတန်း ဝတ်ဆင်လုပ်ကိုင်စားသောက်ကြ။ ထိုမချောမှာ မြို့သို့ အကြိမ်ကြိမ်ရောက်ဖူးသူ ဖြစ်လိမ့်မည်။ ဤသို့ မြို့ရေဝခြင်း၌ အကျိုးထက် အပြစ်က ပိုလိမ့်မည်။

## အဘိဓမ္မာနှင့် ထမင်းစားရပုံ

ထိုအရပ်မှ သင်္ဘောသို့ဆင်း၍ ကြက်အရှင် ၃ ကောင် တစ်တွဲ တစ်ကျပ် ငါးမတ် စသည်ဖြင့် ရောင်းကြ၏။ မကြာမီ သေကြရမည့် သတ္တဝါတို့ကို သနားစိတ်နှင့် ကြည့်နေရ၏။

သို့နှင့် မနက်ထမင်းစားချိန်၌ စားပွဲထိုးက ကျွန်ုပ်အား ထမင်းစားပွဲပေးသောအခါ အတုံးကြီးနှင့် ကြက်သားဟင်း ပါလေသည်။ မကြာမီကလေးမှာပင် တကော်ကော် တဖျပ်ဖျပ်နှင့် အသက်ရှင်လျက်ရှိသော ကြက်တို့ကို မြင်နေရသဖြင့် မစားရက် မစားနိုင် မျိုမကျရှိရလေသည်။

သို့ရာတွင် အခြားဟင်းလည်း သင်္ဘောပေါ်တွင် မရှိတော့လေရကား၊ (ဤဟင်းခွက်အတွင်းရှိ ဟင်းဖတ်တို့မှာ ပရမတ်အလိုသော် ကြက်သတ္တဝါမဟုတ်တော့ပြီ၊ အရေကလာပ် အဖတ်ကလာပ်ဟု ဆိုအပ်သော ဥတုဇရုပ်ကြွင်းမျှသာဖြစ်သည်။ ဘူးသီး၊ ခရမ်းသီးတို့နှင့် သဘောတူပင် ဖြစ်တော့သည်။ ထိုဥတုဇရုပ်ကို သတ္တဝါဟု ထင်မြင်နေသော်

မိစ္ဆာဒိဋ္ဌိသဘောသို့ပင် သက်ရောက်ရန်ရှိသည်) ဘာသည် ညာသည် စသည်ဖြင့် အဘိဓမ္မာ ပရမတ်ဆန်ဆန် အတင်းတရားချကာ မျက်စိ မိုတ်၍ အတင်းမျိုချလိုက်ရလေသတည်း။

## ရွှေမြင်းဖြူနတ်နှင့် ဘုရား

မွန်းတည့်လောက်တွင် ကန္နီသို့ရောက်သည်။ ကန္နီတွင် မြင်းဖြူ ရှင်လည်းခေါ်သော ရွှေမြင်းဖြူနတ်နှင့် ရွှေမြင်းဖြူဘုရားတို့မှာ ချင်းတွင်း မြစ်ထိပ် တောင်ကုန်းမြင့်ပေါ်တွင် တည်ရှိ၍ အလွန်ထင်ရှားကျော်စော ၏။

ဤရွှေမြင်းဖြူနတ်အကြောင်းကား။ ။ မဇ္ဈိမမှ အဇာတသတ် ၏ အဆက်အနွယ်တစ်ပါးကို နှင်ထုတ်၊ ကလေးအရပ်သို့ရောက်၊ မြို့တည်၊ ဇာတိရာဇဂြိုဟ်နှင့်တူ၍ ရာဇဂြိုဟ်ဟု သမုတ်၍နေသည်။

နောင်အခါ ၎င်း၏မြေး (ဖိုးမင်းဖြူ)ကို အောက်ဘက် ကန္နီ အရပ်သို့လွှတ်၍ မြို့တည်ခိုင်းသဖြင့် ဖိုးမင်းဖြူသည် ထိုတောင်ထိပ် အပြင်၌ မြို့တည်နေသည်။

ပုဂံမင်းကကြား၍ လာတိုက်ရာ ပထမရှုံးသည်နှင့် လှည့်ပြန် ကြသည်ကို ဖိုးမင်းဖြူ မြို့သူမိန်းမတစ်ယောက်က ထိုတောင်ကုန်းပေါ် ကနေ၍ မခန့်မရန့်ပြုကာ ဖင်ကုန်းပြသည်ဆိုသည်။ ဤသည်ကို ပုဂံ စစ်သည်တို့က နိမိတ်ကောင်းသည်ဟု ယူဆ၍ ပြန်တိုက်ရာ ဖိုးမင်းဖြူ တို့ဘက်က အရေးနိမ့်လေတော့သည်။

ထိုအခါ ဖိုးမင်းဖြူသည် ရန်သူလက်သို့ မပါလိုသည်နှင့် မိမိ အခြွေအရံတို့နှင့်တကွ မြင်းများစီးကြ၍ မြင်းဦးခေါင်း မျက်စိတို့ကို မိမိတို့ဝတ်ထားသော ပုဆိုးအိတ်ထောင့်တို့နှင့် စွပ်ဖုံးပြီးလျှင် ထိုတောင် ကမ်းပါးထိပ်က ချင်းတွင်းမြစ်တွင်းသို့ မြင်းနှင့်တကွ ဒုန်းစိုင်းခုန်ချ လိုက်ကြလေသည်။ ဖိုးမင်းဖြူသေ၍ နတ်ဖြစ်သည်ဆိုသည်။

နောက် ပုဂံက မဏိစည်သူမင်း ဖောင်နှင့်လှည့်လည်လာရာ ထိုအရပ်သို့ရောက်ရှိ၊ ထိုတောင်ထိပ်မှ နတ်က မြင်းဖြူစီး၍ ကိုယ်ထင်ပြသသည်ကို မြင်ရသဖြင့် နတ်ကွန်းပေးထားခဲ့သည်။

ယခုအခါ ထိုတောင်ထိပ် နတ်ကွန်းအတွင်း၌ ဖိုးမင်းဖြူ နတ်ရုပ် မြင်းစီးလျက်ရှိ၏။ ဘေးနှစ်ဖက်တွင် အခြွေအရံ မြင်းစီးနတ်ရုပ်၊ အလွတ် နတ်ရုပ်များလည်း ရှိ၏။ ထိုနယ်ပယ်က ဖိုးမင်းဖြူနတ် (ဝါ) မြင်းဖြူရှင်နတ် (ဝါ) ရွှေမြင်းဖြူနတ် အမည်ဖြင့် အလွန်ရိုသေခဲ့ညား ကိုးစားကိုးကွယ်ကြ၏။

## နန်းမတော်မယ်နု အဆက်

ဘကြီးတော်ဘုရင် (၁၁၈၁–၁၁၉၉)၏ မိဖုရား၊ နန်းမတော် မယ်နု၏ လက်စွဲအပျိုတော်ကြီး မယ်ခွေးသည် မိမိ၏အရှင်မ အသတ်ခံရသောအခါ မိမိ၏သမက် ဦးပုရှိရာ ကနီသို့ လှေကလေးနှင့် ပြေးလာ၍ ကနီတွင်နေကြောင်း၊ ထိုမယ်ခွေးမှာ စုန်းပညာတတ်သည်ဟု ကျော်စောကြောင်း ကြားသိရသည်။

ထိုမယ်ခွေးမှတစ်ဆင့် ကြားသိကြရသည်ကား မယ်နု၏ဆရာမှာ ယိုးဒယားက ဆရာဂေါ်ဆိုသူဖြစ်ကြောင်း၊ ထိုဆရာသည် လောကီပညာ ယတြာများ များစွာတတ်ကြောင်း၊ မယ်နုအသတ်ခံရသောအခါ ထိုဆရာဂေါ်ပါ အသတ်ခံရကြောင်း သိရလေသည်။

## အလောင်းတော်ကဿပသို့ သွားခန်း

ကနီတွင် ဦးဘတင်၏ အကျွေးအမွေး အပြုအစုကိုခံ၍ ၃ ရက်မျှ နေပြီးနောက် ပြာသိုလဆုတ် ၇ ရက်နေ့တွင် (၂၂–၁–၃၈) ကနီမှ ထွက်၏။

ဦးဘတင်က ရိက္ခာအစုံနှင့် လမ်းပြ မောင်ကျော်လှကို ထည့်လိုက်၏။ ကိုယ်တိုင်လည်း လှည်းနှင့် ခရီးတစ်ဝက် လိုက်၍ပို့၏။ တောင်ပေါက်တွင် နံနက်ထမင်းချက်စား၊ ညနေတွင် တောင်ခြေဖြစ်သော ညောင်ပင်လယ်ရွာကလေးသို့ ရောက်၍ ညအိပ်ရ၏။

## ညောင်ပင်လယ်ရွာကလေး

ညောင်ပင်လယ်ရွာကလေးမှာ အိမ်ခြေ ၂၅ မျှရှိ၏။ လယ်ယာလုပ်ခြင်း၊ သစ်စေးထိုးခြင်း၊ အင်တွဲကောက်ခြင်း တို့ဖြင့် အသက်မွေးကြ၏။ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၍ ရှေးဘုန်းကြီးကျောင်းများအတိုင်း ကျောင်းသားကလေးများသည် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ လောကနီတိတို့လောက်ကိုသာ သင်ကြရ၏။ လောကဓာတ်ပညာ မသင်ကြရ။ မိန်းကလေးများအတွက် စာသင်ကျောင်းမရှိချေ။

မိန်းမပျိုကလေးအချို့တို့မှာ ဘာသာအလျှောက် ကိုယ်ကျပ်အင်္ကျီလက်တိုတစ်ထည်သာ ဝတ်၍လည်း နေတတ်ကြ၏။

ယက်ကန်းရက်၊ မောင်းထောင်း စသော အိမ်သူတို့ အတတ်ကိုတတ်ကြ၏။ ရိုးရိုးစား ရိုးရိုးနေကြသူများ ဖြစ်ကြသည်။

ကျွန်ုပ် တည်းခိုနေစဉ် ဓာတ်သီချင်းစက် ငှားဖွင့်သူတစ်ယောက်ရောက်လာသည်။ ရပ်ရွာက သီချင်းနားထောင်ချင်၍ ဈေးဆစ်ရာမတည့်နိုင်သည်နှင့် ကျွန်ုပ်ကဝင်၍ ဒကာခံလိုက်သည်။

ဓာတ်သီချင်းဖွင့်ရာသို့ ကျားမ ကြီးငယ် ၅၀ ကျော်မျှ လာရောက်နားထောင်ကြသည်။ ထိုသူတို့ကို သေချာစွာ ကြည့်ရှုဆင်ခြင်ခြင်းအားဖြင့် ရိုးရိုးသားသား နေတတ်ကြသူတို့၏ ဂုဏ်ကို အသင့်အတန်သိခဲ့ရသည်။

ကျွန်ုပ်သည် ကလေး ၃ ယောက်နှင့် သားသည်အမေတစ်ယောက်ကို ဂရုပြု၍ကြည့်မိ၏။ နို့စို့ကို ပိုက်ချီထားသည်။ နို့ညှာက

မိခင်၏ပေါင်တစ်ဖက်ကို ထောက်မှီ၍ အောက်က ကပ်ထိုင်သည်။ အကြီးက ဘေးတစ်ဖက်ကနေ၍ အမိ၏ကိုယ်ကို ကပ်မှီနေသည်။ ဤသို့ သန်မာထွားကျိုင်းသော သားငယ်တစ်ပြုံနှင့် ချစ်ခင်ယုယစွာ မှီတွယ်ပိုက်ထွေး၍ သိုက်သိုက်ဝန်းဝန်းနေသော သားသည်အမေကို မြင်ရသောအခါ ထိုအရပ်ဒေသမျိုးသို့ ဂျာမနီ ပဋိသန္ဓေတားဆေးတွေ မရောက်လာပါစေနှင့်ဟု စိတ်ထဲက ဆုတောင်းမိသည်။

အခြားသားသည်အမေတစ်ယောက်မှာလည်း သားငယ်ကို စောင်ဖြင့် ကျောတွင် လွယ်ပိုက်၍ ထားပြီးလျှင် ကျွန်ုပ်တို့ မီးဖိုနားတွင် မီးလှုံရင်း နားထောင်နေသည်။ မကြာမီ ၎င်း၏ခင်ပွန်း လင်ယောကျ်ားသည် ရောက်လာ၍ အနားတွင် ထိုကပ်အောင်ထိုင်ပြီးလျှင် လင်မယားနှစ်ယောက်သည် ကြင်နာချစ်ခင်စွာ တစ်ယောက်ကိုတစ်ယောက်မှီ၍ အများရှေ့တွင် နေကြသည်။ တစ်စုံတစ်ရာ ရှိုးတိုးရှန့်တန့် မရှိချေ။

အသက် ၂၀ ကျော် မိန်းမရွယ်ရွယ် တစ်ယောက်ကိုလည်း သတိပြု၍ ကြည့်မိသည်။ မြို့သူကတော်များကဲ့သို့ အငြိမ်းစား၊ ဖဲရိုက်၊ အညောင်းခံ၊ ပွဲလမ်းသဘင်လိုက်၍ နေသည်မဟုတ်ဘဲ မိမိချွေးနည်းစာဖြင့် လုပ်ကိုင် စားသောက်နေရသူဖြစ်၍ အလုံးအဖန်ကောင်းသည်၊ တောင့်တင်း မာချာသည်၊ စိုပြည်၍ ကြည်ရွှင်သည်၊ အဝတ်အစား မတောက်ပြောင်သည်ကား မှန်၏။ တောသူ၊ ဆင်းရဲသူဖြစ်၍ ကြမ်းတမ်းညစ်ထေးသော အဝတ်အစားနှင့်ဖြစ်၏။ သို့ကြောင့်လည်း မလှမပဟု ထင်ရသည်။ ကျွန်ုပ်သည်ကား ထိုအဝတ်အစား အဖြီးအလိမ်း အပြင်အဆင်မတတ်၍ ရုပ်ခေပုံရနေသော မိန်းမပျိုကို စိတ်ကူးဖြင့် တန်ဆာဆင်ကြည့်လိုက်သည်မှာ မြို့ကြီးသူတို့၏ အသုံးအနှုန်းအတိုင်း အဖိုးတန်အကောင်းစား လုပသော ထဘီ၊ ဝိုင်သားပိတ်ပါးအင်္ကျီတိုတို၊ ထဘီနှင့်အဆင်တူသော ပဝါနှ၊ ထိုထဘီ ပဝါတို့နှင့်အဆင်တူသော ပန်းနှင့်ခုံထူဖိနပ်၊ ခေတ်ဆန်ဆန်ဆံထုံး၊ စိန်ဘီး၊ စိန်ဆံထိုး၊ စိန်နားကပ်၊

စိန်လည်တုံ၊ ပုလဲပုတီး၊ စိန်လက်ကောက်၊ စိန်လက်ပတ်နာရီ၊ စီးကရက်ဆေးလိပ် စသော မြို့ကြီးသူတို့၏ တံထွာ၊ မလ္လိကာတန်းဆာ အစုံအလင်ဖြင့် အကုန်ဆင်ကြည့်လိုက်ရာ ထိုတောသူ အရိုး အအမကလေးသည် မည်မျှလောက် လှပသွားသနည်းဆိုသော် စကားရိုင်းသည်ဟုလည်းမအောက်မေ့ပါနှင့် ရှုနာရှိုက်ကုန်း၊ ညောင်နာနာ နှစ်ကော့တစ်ကုံး၊ ပိချပ်ပြား ငါးဖောင်ရိုးတည်းဟူသော မမြို့သူတို့မှာ မသာကို သနပ်ခါးလိမ်းထားသည်နှင့် တူသွားလေ၏။

တစ်ဖန် ကျွန်ုပ်သည် အထက်မြန်မာပြည် တောင်ရိုးတောင်ခြေသူတို့၏ လူမျိုး၊ ပုံသဏ္ဌာန်၊ မျက်နှာပေါက် အနေအထားတို့ကို သိလို၍ ထိုသူငယ်မ၏ မျက်နှာပေါက် အနေအထားကို စိုက်၍ကြည့်လိုက်ရာ ထိုသူငယ်မသည် တစ်စုံတစ်ရာ တွန့်ခြင်း၊ ရွံ့ခြင်း၊ လှုပ်ရှားခြင်းမရှိ ပကတိမျက်နှာဖြင့် ရဲရဲဝံ့ဝံ့ တည်တည်ကြည်ကြည် ပြန်ကြည့်နေလေသည်။ ထိုသူငယ်မမှာ ကျွန်ုပ်အား သို့မဟုတ် မည်သူ့အားမဆို ရဲရဲမကြည့်ဝံ့စရာ ဘာအကြောင်းမျှမရှိချေ။ သူ့မှာ သူတစ်ပါးမသိရအောင် ဖုံးကွယ်စရာ ဘာမျှမရှိချေ။ မျက်နှာထင်းထင်း မျက်လုံးကြီးအဝိုင်းသားနှင့် သနားချစ်ခင်စရာ ကြည်ညိုစရာ တည်ကြည်စွာသာ ကြည့်နေလေတော့သည်။

ယဉ်ကျေးသည်ဆိုသော မမြို့သူတို့မှာကား အများအားဖြင့် တစ်ယောက်ယောက်ကကြည့်လျှင် ရှက်သလိုလို ကြောက်သလိုလိုနှင့် မျက်နှာကို အောက်သို့ချလိုက်တတ်သည်။ သို့မဟုတ် မျက်လွှာကို ချလိုက်တတ်သည်။ သို့မဟုတ် ဘေးဘက်သို့ မျက်နှာလွှဲထားတတ်သည်။ ရဲရဲပြန်မကြည့်ဝံ့ချေ။ သို့ရာတွင် တစ်ချက်တစ်ချက် လှန်၍ကြည့်တတ်သည်။ သို့မဟုတ် ခပ်စောင်းစောင်းနေ၍ မျက်လုံးကလေး ထောင့်ကပ်ပြီးလျှင် အလစ်ကို ချောင်းကြည့်တတ်သည်။ ဤကား ခြားနားချက်တည်း။

## အထက်အညာနှင့်ဆိုင်သော ကဗျာများ

အထက်အညာဆီတွင် တောသူတို့သည် သူတို့ဘာသာဘာဝ အလျောက် လှပခင်မင်ဖွယ်ရှိပုံ၊ နေပုံထိုင်ပုံ၊ အစားအသောက် ဓလေ့ ထုံးစံတို့ကို ရေးကစာများတွင် တွေ့ရဖူးသည်။ ယခု ဤအရပ်ဒေသနှင့် အခြားအထက် တောနယ်ဆီသို့ ရောက်ရှိစုံစမ်းရာ ကိုယ်တွေ့မျက်မြင် သိရသဖြင့် ထိုစာတို့၏အရသာကို ပိုမိုခံစားနိုင်လေသည်။

ရင်းတိုက်ရွာ မြင်းစီးကြီးသား။ (ရွှေဘိုနယ်) သာဝတ္ထိရွာနေ၊ သိမ်ကြီးဒါယကာ၊ ပညာရှိ စာရေးဆရာကြီး ဦးကြီးသည် အထက်ရွှေဘို မြောက်ဘက်တစ်ခွင်ဆီ၌ နေထိုင်စားသောက် ဝတ်ဆင်ပုံ စသည်တို့ကို အောက်ပါအတိုင်း လွမ်းချင်းများ ရေးစပ်လေသည်။

ကောက်စိုက်ဆင်းသောအခါ၌ ထဘီအပြာ တိုတိုဝတ်ပုံ၊ အညာသူတို့ ခြေသလုံးလှပုံ၊ သူကြီးညီက ပလွေနှင့် ခွန်းစပုံတို့ကို ရေးလိုက်သည်မှာ

"ရွာအရှေ့မှာလ၊ ဓလေ့ယေ်ဘာသာ၊ ကောက်စိုက်တဲ့လာ၊ ချည် ဗလာ မဲပြာပိန်းရယ်နဲ့၊ အောက်သိမ်းလို့ ခပ်တိုတို၊ ထဘီကို ရေမရွှဲ အောင်ပ၊ ဝဲပေါက်တဲ့ သလုံးညိုကို၊ ပိုကရို လှမ်းတော့တယ်လေး။

သနပ်ခါးတစ်ကွက်၊ ရွှံ့တစ်စက်ကယ်နှင့် နှုတ်ထွက်တဲ့ သံညီ စိုက်လယ်ကွင်းဆီက၊ သီချင်းသံသီတော့၊ သူကြီးညီ မြတ်သာဒွန်းရယ် က၊ ပလွေတို သီချိုမွန်းလို့ရယ်၊ ခွန်းစတယ်လေး"

*

ကောက်စိုက်ကအပြန်၊ တောပန်းတောင်ပန်းတို့ကို ပန်ဆင်၍ ဝင့်လာပုံ၊ ညနေ ရေခပ်ဆင်းချိန်၌ သနပ်ခါးပါးကွက် နှင့် အနီရောင် အထက်ဆင်ပါသော အစိမ်းစင်းထဘီကြီးကို ပတ်ကာ အမူပါပါနှင့်လာပုံကို ရေးစပ်သည်မှာ

“လေပြေငယ်သုတ်ပါလို့၊ ရွှေဘုတ်ကအိုးအီ၊ အုံ့မိုးငယ်ရီသည်၊ နေမီအောင် တစ်ဖော်လှမ်းပါရ၊ ကောက်ငန်း သူ့ပြန်ပုံမှာ၊ ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့်၊ ခေါင်းဝင့်လို့ ရွာကိုဝင် အမြင်ဆန်းပါဘိတယ်လေး။

ညချမ်းရယ်နေရီ၊ ချိန်တော်မီ ကေသီပန်းနှင့်၊ ရေခပ်လမ်း စခန်းသင့်လို့၊ ထက်ဆင့်ငယ်မှ နီရောင်၊ ချည်စိမ်းပေါင်နှင့် ယဉ်အောင် တောသူ၊ သနပ်ခါးကိုလှ ကွက်ပါးမှာ ကူပြီးလျှင် အမူကြီးကမ်းကုန်ကို၊ ဘယ်မြို့ပုံ သာချင်သောရယ်လို့၊ ပြောကြမယ်လေး”

*

ထန်းရွက်မိုးအိမ်၊ နွားသားရေအခင်း ပလွေတို ချဉ်ပေါင်နှင့် ပုစွန်လုံးရောချက်၊ လယ်ကြွက်ကင် နေချင်ဖွယ် စားချင်ဖွယ်တို့ကို ရေးစပ်ပုံကား

“ပျော်ပုံက သစ်သနှင့်၊ ငယ်ချစ်ကယ်လိုက်ခဲ့တော့၊ အကြိုက်ကတဲ့ တို့တောရွာမှာ၊ မီးအကာ ပင်မြင့်ထက်ဆီက၊ ထန်းရွက်နှင့် ဆင်သည့်အိမ်၊ ခြံတင်းထိမ် နွားရေခင်းလို့၊ ညဦးတွင်းကို ပလွေကျော်နှင့် ဖျော်ပမယ်လေး။

ကိုက်ဖူးငယ် ညွန့်စိ၊ ချဉ်ပေါင်နီကို ရာသီလေ့၊ ပုစွန်လုံးကို ခွဲဖုံးထွေလို့ တောလေ့ငယ်တစ်ဆင်၊ လယ်ကြွက်ကင်နှင့်၊ တို့ခွင့်ဖရုံ အချိုချက်၊ ဟင်းဖက်စုံလှ၊ မင်းပုံထည်ထည်၊ နေစာပျို့ အစ်ကိုကို တည်ပမယ်၊ ဆောင်းနယ် ဝင့်သည့်ချိန်ကို ယစ်စည်းစိမ် အဆီဖိန်းလို့၊ မှိန်းစေ့မယ်လေး”

ယောက်ျားက မိန်းမကို အလည်အပတ်ခေါ်ပုံ၊ ထမင်းကျွေးမည့်ပုံတို့ကို ရေးစပ်ထားသည်မှာကား။

“မလွမ်းရှေ့သော်ကော့၊ ကျွန်းမော့မော့ မြောက်ခွင်၊ မူးရေယဉ် လက်ယာစီးငယ်နှင့်၊ မောင်ကြီးတို့ ပျော်တဲ့ရွာ၊ မြောက်ညာနှင့် တောင်စွယ်လက်ကယ်က၊ အင်းနှစ်ဖက်ကာကယ်လေး။

တစ်ခေါက်ကယ်လမ်းကြုံ၊ ရွာသဘောကို ပြောမယ့် ကြုံရင် ဝင်ခဲ့ပါလ နော်အဝေး၊ နမပြာဖြူ ရောက်တော်မူလျှင်၊ မပူချမ်းငြိမ်၊ အခြင်ရယ်မြေနီး ထန်းရွက်ကယ်စီးပါတဲ့၊ မောင်ကြီးအိမ်မှာ၊ စည်းစိမ်ကို ခံ၊ ဟင်းချဉ်ပေါင်ဖက်၊ ပြုတ်ဘူးရွက်နှင့် ပိချက်ရေရုံပြီးလျှင်၊ ဆန်ထမင်း ရဲကျော်ကို၊ ဝန်ကတော်ပုံလောက်ပြေးအောင် ကျွေးပမယ်လေး"

*

တောသူအပျိုတို့ မက်ဖွယ်အကြောင်းရေးပုံမှာ

"ခါတစ်ခေါက် ရွာရောက်ကယ်လှမ်းခဲ့ပ၊ သာတမ်းနှင့် ရှိစေ တော့၊ အမိတို့တောရွာအိမ်၊ သည်ချိန်ကို ပဲစင်အောက်၊ လပျောက် ဗိုင်းငင်၊ ရွှေရင်အင်္ကျီသိုင်းလို့ တစ်ပိုင်းပေါ် ပိုကရိုနှင့် အစ်ကိုကို ဗန်းပြ လိုက်မယ်လေး။

တစ်ဖက်ကယ်မှောင်ကာ၊ တစ်ခြမ်းဟာ နံ့သာလိမ်း ကွက်၊ လရောင်ပြက်မှာ၊ အသက်ကယ်နှင်းဆောင်၊ နွားခွံခင်းတဲ့ တလင်းပြောင် မှာ၊ ရိပ်ရောင်မထင်၊ လူခြေတိတ်ကိုမှ၊ ရွှေလိပ်ပြာ ရှင်စေ့မယ်၊ ဦးရင်တို့ မြို့သူလို၊ တို့တောမူ တယ်မကြမ်းပါဘု၊ ခြေရေကုန် လယ်ဆန်ကမ်းချိန်မှ ဖမ်းပမယ်လေး"

*

အညာတောအရပ်၌ ဆယ်အိမ်ခေါင်းများ စည်းစိမ်ကြီးပုံ စပ်ဆိုသည်ကား

"အခြေငယ်ကြီးပါဘိ၊ ရတ်သီးတောင့်ကိုင်၊ နှစ်ယောက်ငယ်ထိုင်။ ယှဉ်လက်ပြိုင် ကျယ်စပြစ်နှင့်၊ ဖွယ်သစ်မြေအင်ရံလို့၊ ဖွန်းမတန် ကန်

**ယောက်သွားငယ်နှင့်၊ ကြွက်နဖားရည်ကျို၊ အလိုစားပုံ တင့်ရန်ကော၊ ခေါင်းမင်းဆယ်အိမ်ပေမို့ သရေသိန် ကြီးပါဘိတယ်လေး။**

**စားသောက်ကယ်ဖွယ်ရာ ပြီးသောအခါ ချမ်းသာရိပ်ငြိမ်၊ အခြင်မြေသက်၊ ပင်ထန်းရွက်နှင့် ခေါင်ပျက်အိမ်တွင် စည်းစိမ်ကြီးရင်၊ ခြေလိမ်တင်လို့၊ ခတင်းကြမ်းပေါက် သုံးချောင်းထောက်မှာ မှောက်ချည်လှန်ချည်၊ အဆီရယ်ဖိန်းမှိန်းတော့သည်နှင့် မကြည်သန်းဝေ၊ ထည်မင်းပုံနေပြီးလျှင်၊ နွားရေပြန့်အပေါ်မှာ၊ ခေါင်းကတော် ကိုယ်တိုင်နှိပ်ခါမှ သူအိပ်တယ်လေး''**

အလည်လာရန် ဖိတ်ခေါ်ပုံ စပ်သည်မှာကား

''ခါတစ်လှည့်လာခဲ့ပ ကျုပ်တို့ရွာ၊ ဝေးမကွာ ပြေးလာလျှင်တာမထောက်ပါဘု၊ ရွာမြောက်က မန်ကျည်းစင်၊ ရွာဝင်မှာ ပင်စောင်ချမ်းငယ်နှင့် မြောက်လမ်းကွေ့ အနောက်ဆွယ်မှာ ကြောက်စရာမျက်နှာထားပါလို့၊ ရွာသားတွေ အာဏာကြို့ရ မင်းပြည်စိုးအိမ်အိုတောင်မှာ အခေါင်စောက်နှင့် တဲကိုလေး။

ဖျာမလွှန်–နွားခွံအခင်း၊ မြေတလင်းမှာ နေခင်းပျော်အင်၊ လိမ်းကျောက်ပျဉ်နှင့်၊ ဗိုင်းငင်ဝါဖန်၊ အိမ်လုံးသာ ညံတော့၊ သန်းယံချိန်ကျော်၊ သူငယ်ချင်းကိုလ၊ အပျင်းပြေဖျော်ရအောင် လုံးတော်ပု ပြောင်းဆန်ကို၊ ပေါင်းလန်အောင် အဖျော်ဟင်းငယ်နှင့်၊ ဦးရင်ရေမျိုကျဉ်းအောင် သွင်းစေ့မယ်လေး''

*

''ခါတစ်လှည့် လာခဲ့ပ ကျုပ်တို့ဆီ၊ ရာသီရောက်ကပေါ့၊ ဖားကင်ခြောက် ကျပ်တင်ဟာကို ငရုတ်ဝါ စပ်တူထောင်းပါလို့ ညှော်ကောင်းဖို့ တမင်ဆော်၊ တို့ကြီးတော် နွှေကလှန်းပါတဲ့၊

ခရမ်းခြောက်ကျိုပုံးရည်၊ တူနှစ်မည် ဆင်တဲ့ဟင်း၊ ထမင်းပုသိမ် ဆင်နှင့် ကိုရင် ကျွေးချင်လှတယ်လေး။

ပဲနောက်နှင့် ပြောင်းဆန်၊ ကောက်သားငယ်ရဲ ဝေဖန် နှောယှက်၊ ရောကာချက်လို့ ပြောဖက်ကယ်မပြင်၊ ဩဇာပြွမ်း တဲ့ သုံးလွန်းတင်ကို၊ ခင်မင်ဖွယ်ရာ သည်ချိန်ကိုသာ လာခဲ့ပ၊ တောရွာသူ့ခံ့ပုံကို အသားကုန် လက်ပြိုင်ဆွဲလို့ နွဲ့စေ့မယ်လေး”

## ဆူးပုပ်ဟင်းချို

“မိုးမသောက်ခင်က ခလောက်ကယ်ဂျောင်ဂျင်၊ လုပ်ငန်းငယ် ပြင်သည်၊ ချောင်းရေယဉ် သွင်သွင်စီးပါလို့၊ ကောက်ကြီးစပါးနံ့က သန်လှတယ်လေး။

သို့အရာမှု၊ တို့ရွာစရိုက်၊ ချွေးပြိုက်ပြိုက်ကယ်နှင့်၊ ကောက် စိုက်မဟန်၊ ထမခံမြေလုပ်၊ အင်စောင်းတုတ်လို့ ဆူးပုပ်ကယ် ရွက်ညို၊ ဆီမခတ်သော်လည်း၊ တလပ်ကယ်ချိုလှတယ်၊ မင်းပျိုတို့ ခုချိန်ခါကို စားစရာဝါမပြောပါဘူး၊ ပေါလှတယ်လေး”

## အမရပူရမြို့ ဘကြီးတော်လက်ထက် ဦးဆောင်းဆို ချဉ်ပေါင်ဟင်းဘွဲ့

“အရင်ရယ်ကြီးပါလည်း ဇနီးရယ်ပျော်လို၊ ဖျဉ်နားတိုတွင်၊ ချဉ်ပေါင်ညို ပေါ်စဖူးရယ်နှင့်၊ ငါးလူးရယ်မျှင်မျှင်၊ ကြေးမထင် ရေလုံ ပြုတ်ပါလို့ အင်ကုပ်ကယ် ကျယ်ကျယ်နှင့်၊ မင်းဖွယ်စိုးရလောက် ပေလေး။

လယ်ထွန်ပြန်၊ နွားကန်ပစ်ချ၊ ဆာမွတ်ချိန်ကျသော်ကြောင့် ဆံစရယ်လိပ်ခွေ၊ ဖားလျားဝေနှင့် အိမ်နေသူ့သက်ပန်၊ ချက်ပြောင်းဆန်

ကို၊ တစ်ပန်းကန်ကုန်အောင် တက်တက်သာပြောင်တော့ ကိုတောင်သူ့ အနေ၊ ဗိုက်ဝမ်းရေ ပတ်လည်ကျရယ်နှင့် ယဉ်လှတယ်လေး''

*

ငှင်းရေး လက်ပံပွင့်ကောက်ပုံ

''လာဟော့ ဒွါး၊ သွားကောက်ချေစို့၊ ပွင့်ခြောက်ကယ်အနားလန်၊ ဆက်ရက်ကယ်ညံ၊ ပင်လက်ပံကြွေချိန်ကျပြီမို့ မိဇ်လှ နင်လိုက်ဦးမလား၊ သုံးစိတ်ဝင် ထန်းလျှော်တောင်းရယ်နှင့်၊ ပေါင်းလန်မှ ပြန်ကြမယ်လေး။

အရိုးသာလုံး၊ ကြေးကိုင်တုန်းက၊ တို့အိမ်တောင် ကြန်စုံကုန်း၊ တစ်နေ့တုန်းက လဲကာသေ၊ သားရေနှင့် အမဲနံ၊ ကျူထရံရှိလေသေးစ၊ ဘေးကြီးသင့်အမဲ၊ လက်ပံနှင့် ချိုင်ရလျှင် ကျိုနိုင်ရင် မွမွပျောင်းတာမို့၊ ပြောင်းဆန်အို မျိုမကျရယ်နှင့် မြိန်လှတယ်လေး''

## စလေဦးပုညရေး၊ ယုန်ဖမ်း၍ ဟင်းချက်ပုံ

''တောင်ခါးပန်းငယ်နှင့်၊ ခင်တန်းငယ် ကုန်းမြှောင်၊ ကျော့ကွင်းငယ်ထောင်သည်၊ ခွေးညီနောင် တခင်ခင်နှင့်၊ ယုန်ရှင်ကို ဖမ်းခဲ့ပ၊ လေးထမ်းတဲ့သည်ဖေကို၊ တဲအိမ်နေကြင်သူက၊ တအူအူဟစ်ခေါ်လို့၊ အမှာတော်ပါးလိုက်ရှာတယ်လေး။

အိမ်ကိုပြန်လျှင် အကျွန်ကျွန်ပ်၊ ယုန်တစ်ထုပ်ကို၊ ခွာဆုတ်ရေလုန်၊ ကျပ်ခိုးခံလို့၊ ပရန္နဝါ၊ ရွက်နုညာကို၊ ဝါးပြာတဲ့ကျို၊ အိုးနားတိုနှင့်၊ ခပ်ချိုညစ်ထေ၊ ဆောင့်ကြောင့်ထိုင် မွှေလိုက်တယ်၊ ချိုပေစွဟင်းချိုကို၊ စလောင်းတိုအခြေပဲ့ရယ်နှင့်၊ အာခေါင်မှာ ပူအောင်ထည့်လို့၊ မျိုလှည့်ကွဲ့လေး''

## ပဒေသရာဇာဆို
## (နွေဦး–ထန်းတက်ဘွဲ့–တျာဘွဲ့)

"နွေဦးကာလ မြူထသောအခါ၊ ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုးလွယ်ကာ၊ ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့် ထန်းခိုင် ရှင်မြိုင်မြိုင်၊ ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။

ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ၊ စင်အောင်ခုတ်ထစ်၊ နမျှင်ငယ် ထန်းဦးရေ မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း၊ သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်၊ ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။

ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ၊ ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောအခါ၊ ပတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ၊ ငုံးကြက်ကယ် ဖွတ်မြွေ၊ ဝံပုလွေ မနေထွက်လာကြသည်တည့်လေး။

ဝမ်းသာအားရ၊ မယားကတစ်သွယ်၊ ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရောရှုလွယ်၊ လင်ကတစ်သွယ်၊ ယုန်ငယ်ကစ၊ တောသတ္တဝါတွေတိုင်းကိုသာ အိတ်မှသာယူ၍ ချသည်နှင့်လေး။

သို့နှင့်ရောက်က၊ ခဏအောက်လျှင်၊ တံစို့ထက်နှင့် ထန်းလျက်ဖိုမှာကင်၊ ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး၊ အိုးခင်းနှင့်လော် ရေနှင့်ကြော်၊ မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။

နီးဒေါင်းလန်းကြီး၊ ရူးပြီးသောခါ၊ သမီးနှင့် သား များလို့မဝင်သာ၊ ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်၊ သူ့ထက်ငါလေ၊ စားတော့မည်စေ ဝပေသာလှ အုန်းခွက်ကယ်နှင့်လေး။

ငုံ့လျက်ကိုယ်စီသာ၊ ဆုပ်ကာလွေးတော့သည်။ ပြီးလျှင် ရေမရှာ၊ ခွေးသာကျွေးတော့သည်။"

## ပဒေသရာဇာဆို
## (မိုးအခါ–လယ်ထွန်ဘွဲ့–တျာဘွဲ့)

"ဝသန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့်ဆွေငယ်လင်၊ လက်တွဲငယ် ခြေငင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအင်္ကျီစုတ်ပဲ့ပြီ၊ ချည်နီခေါင် ထွတ်ထွတ်ကယ်နှင့်လေး။

မိုးရေစွတ်လို့ အဝတ်ကယ်မပါ၊ သားသမီးကို ကိုယ်ထီး ပွေ့လို့သာ၊ ဆေးတံတစ်ထွာ၊ ကိုက်ကာထွန်ရင်း လယ်ကွက်ကယ် တစ်ခွင်၊ ထွန်ရေးငင်၊ ရေဝင်ပုစွန်တွင်းငယ်နှင့်လေး။

ဖားပေါင်စင်းကို၊ ခြင်းပလိုင်းဝယ်၊ ခရုပီလော ရောနှော၍သာလွယ်၊ ဟင်းရွက်ကယ်နနယ် တစ်သွယ်ကန်စွန်း၊ ဆူးပုပ်ကယ် ကင်းပုံအလုံးစုံ၊ ဘူးငုံသာရော၍ ပြွမ်းသည်နှင့်လေး။

ချိုလည်းချိုလွန်း၊ ရည်ရွှန်းများစွာ၊ ကြံ့ဟင်းကြွက်နားပေါင်းသောင်းပြောင်း ရော၍သာ၊ အိမ်သို့ရောက်ကာ၊ လျင်စွာ ချက်ပြုတ်၊ ထမင်းကပူ ဟင်းကပူ၊ ရှူရှူသာရှမ်း ငရုတ်ကယ် နှင့်လေး။

အလုတ်ကယ်ဇရော၊ ငုံ့ကာလွေးတော့သည်၊ မြေးငယ် မာချာဘယ်ညာထွေးတော့သည်။"

## ပဒေသရာဇာဆို
## (မိုးဦးကျ–တောင်ဘက်ပိန်းဝင်ဘွဲ့–တျာဘွဲ့)

"မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်၊ ပန်းလောင်ကြော မှာ၊ ပိန်းကောလှေငယ်ရှင်၊ တောင်ဘက်ကယ်တစ်ခွင်၊ ထွက်ဝင် ဖောက်ကား၊ ပဲ့ပါမည့်သူ၊ မပါလူ၊ ထိုးသူတစ်ယောက်သားငယ်နှင့်လေး။

ငါးပိဆားပြား၊ ဖောက်ကားရအောင်၊ ပဲလွှမ်းပဲကြီး၊ သီးသီးယူကြဉ်းဆောင်၊ တက်မကိုမြှောင်၊ ကွမ်းပေါင်နီကြောင်း၊ နားဘူးခတ်ညှိကိုင်းညွှတ်ယို၊ ပင်ကိုနီးသား ပေါင်းငယ်နှင့်လေး။

ခမောက်မှာကောင်း၊ အုပ်ဆောင်းငယ်မပါ၊ သိုးလည်း မစပ်၊ ဝါးဖတ်ကယ်တစေသား၊ ထိုးဝါးကိုယ်မှာ၊ ဘယ်ညာပခုံး၊ ခြေနှင့်ကျောက်ကန်၊ တွန်းလိုက်လှန်၊ အားအန်လွန်ကြီးဆုံးငယ်နှင့်လေး။

ခါးတောင်းကျိုက်လုံး၊ ပခုံးခဲတွေ၊ ချွေးကလည်းစီး၊ ဒီးဒီးကျသည့်ရေ၊ စားဖို့မှာပေ၊ ချက်လေထမင်း၊ မနပ်နိုင်ပြီတစီစီ၊ နန်းနီသာမီးအိုးခင်းငယ်နှင့်လေး။

ဝမ်းလိုင်တွင်းငယ်မှာ၊ သွတ်သွင်းမြပင်၊ အငွေ့နှင့်ချောင်းချောင်း စလောင်းနှင့်ငါးပိကင်၊ လေ့ဆိုက်တည့်လျှင်၊ ကြည်လင်နှင့် ကျင်း၊ ရိုးရွက်ကယ်ဖူးခေါင်၊ အားပါးကိုလောင်၊ ချဉ်ပေါင် ပူလှသည့်ဟင်းနှင့်လေး။

တစ်ယောက်ချင်းသည်၊ ထမင်းရူးသော်၊ တစ်ဆုပ်ကယ်နေ့တိုင်း၊ လမိုင်းရှိပူဖော်၊ သွေးသောက်ကယ်ခေါ်၊ အဖော်ပေါင်း ညှိ၊ ငုံ့ကာငုံ့ကာဝင်၍သာ၊ ဆုပ်ကာလွေးလိုက်ဘိသည်နှင့်လေး။

စားမိစားရာ၊ ဝမ်းမှာကျင့်တော့သည်၊ ပိန်းကောသူကြီးမှာ ချမ်းသာမြင့်တော့သည်။"

## ပဒေသရာဇာဆို
## (ဆောင်းအခါ–တောင်ပိုင်တက်–တျာဘွဲ့)

"ဆောင်းဦးကာလ၊ နှင်းကျသောအခါ တောင်ပိုင်ထဲကို၊ တက်မြန္ဒားတစ်ရာ၊ ဘဲတောင်နွားဝါ၊ နွားပြာချိုကုပ်၊ တင်ခြင်းငယ်ချောပြေ၊ အုံးသားရေ၊ ယင်းခွေသာနောက်မြီးသုတ်ကယ်နှင့်လေး။

တင်ချည်ထုပ်ကယ်မှာ၊ သုံးတောင်ထွာ၊ ခလောက်ကြိုးမှာ၊ ခွေးရိုးဖောင်းတန့်ကာ၊ ခြင်းအုံးတန်ဆာ အင်္ဂါစုံပေါင်း၊ အိုးသစ်ကယ်မာတင်၊ ဖျင်နီစင်၊ ရေငင်ကုလားတောင်းငယ်နှင့်လေး။

ဆား ငါးပိထောင်း၊ ပြောင်းရောဥကျယ်၊ ဆန်းကောင်း ပဲသွယ်သွယ်၊ ရောနှောစားဖွယ်၊ ဓားလွယ်ဓားမ၊ ပုဆိုးအင်္ကျီ၊ ချည်နီ တင်းထိမ်လှငယ်နှင့်လေး။

ဆေးကျပ်ကစ၊ မီးခတ်ကသံမာ၊ ယမ်းထိုးမှို့ နီတျာ၊ ခမောက်ဇရော၊ နေကာမိုးလွှတ်၊ သိုးနှင့်လဲဘူး၊ အထူးတောင်ဝါး ဖတ်ကယ်နှင့်လေး။

အဝတ်စုံညီလင် ပြင်ဆင်ပြီးတော့သည်။ တောင်မ တောင်ပိုင်ရှာ၊ တက်ခါနီးတော့သည်။

ပြင်ဆင်ပြီး၍၊ တက်နီးသောအခါ၊ ခြင်းအုံးဆင်တန်ဆာ၊ တင်ကာ စဉ်ကာ တံပြာလက်ဝါး၊ ခြောက်ကွင်းကြိုးခွေ၊ ဆိုရိုး ဗွေ၊ နွားပြေနွားကျစ်ကြားငယ်နှင့်လေး။

နွားပိုက်တင်နွား၊ စိတ်ထားယဉ်မှန်၊ မျက်ကြားဗွေ ကောင်း၊ မရောင်းတစ်သက်ပန်၊ ဗွေတံခွန်ကိုရှေ့စွန် ဆော်တက်၊ ခေါင်းလောင်းတင့်ခေါင်၊ ဆွဲနောင်နောင်၊ ရှေ့ဆောင်တစောင်းကွက်ကယ်သို့လေး။

အုတ်ကျက်ကယ် စဉ်ကာစီ၊ ညီညီတိုးတော့သည်။ စောင်းစောင်းဟစ်လှိုက်ကြော်၊ ဆော်သံနှိုးတော့သည်။

ဟစ်ဆော်နှိုးပါလို့၊ တက်တိုးချက်ကျ၊ ခဏခိုက်သာ၊ လွှတ်လိုက်ကျောင်းသည်။ နွားပေါင်းတင်တစ်ရာ၊ သွေးသောက်ညီညာ၊ စုကာထမင်း၊ ဆေးမစင်သည်၊ ကြည်လင်နက်နှင့် ကျင်းပါလို့လေး။

ကင်းပလင်းဟင်း၊ ဖွတ်ခြောက်ခတ်ကာ၊ မီးမှာဖုတ်သည်၊ ငရုတ်မိုးမျှော်သာ၊ ကြက်သွန်မပါ၊ ဆုံမှာထောင်းမှ၊ ထမင်းဟင်းပူ၊ ငရုတ်ဟူ၊ လူလူ အငွေ့ထသည်နှင့်လေး။

ရက္ခစိုးနတ်ကိုပင် တင်ရည်ထားတော့သည်။ တိုးဇေ့ သူ့ထက် ငါ၊ ဆုပ်ကာစားတော့သည်။

စားသောက်ပြီးလျှင်၊ အုံးကြီးသားရေ၊ လဲလျောင်းမှီကာနေ၊ အငွေ့ဝေဝေ၊ ရောတုတ်လောက်၊ ကြေးလုပ်ဆူးရုံ၊ ကန်တော့ခံသည်၊ ဆေးတံဆူလှယ်သောက်ပါလို့လေး။

အိမ်ရောက်တချို့နေ၊ တွေဝေမေးတော့သည်။ တချို့ လမ်း ကောင်းရာ၊ ရှာကာတွေးတော့သည်။

တစ်ရေးငံသည်၊ တစ်ဖန်ပျောက်ပြေ၊ အိပ်ကြလဲလျောင်းနေ တွက်ချက်ကြေးငွေ၊ ရှာဖွေဝယ်နီး၊ ပလောင်တကာ၊ ကြိုက်ရာရာ၊ ကြေးပါဆေးအိုးကြီးငယ်နှင့်လေး။

ဆေးတံ ကျွဲမြီး၊ ပုတီးခုနစ်တောင်၊ လက်စွပ်လက်ကောက်၊ ချက်ကျောက် တပြောင်ပြောင်၊ လက်ဖက်ရအောင် ရည်ဆောင်ငယ်မှ၊ လွှတ်ထားကျောင်းရာ၊ တစ်ခါတင်နွား ကပါလို့လေး။

ထ ထနှင်သောအခါ၊ အိပ်ရာမှန်းတော့သည်၊ ကျားလွတ် စည်း ကာရုံ၊ ခြံလို့သာဝန်းတော့သည်။"

## အိုင်ချင်း

### (ကောက်စိုက်စဉ် အချစ်ကိုလွမ်းပုံ)

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ် ကောင်းသည့်ယောင်းမ တို့လေ။

စိုက်ရေးငယ်မှ ကျင်းကျင်း၊ နှမကြီးမယ်သာစိုက်သည့် ကောက် ပင်ရင်းမှာ၊ ကင်းကိုဘယ်ကထားသလဲတော်၊

ညိုလှဲ့ငယ်မှ ရှင်းရှင်း၊ မောင်ကလေး မောင့်လည်ပင်းမှာ၊ ညှင်း ကို ဘယ်ကပွားသလဲတော်၊

စိုက်ရေးငယ်မှ ကျင်းကျင်း၊ နှမကြီး မယ်သာစိုက်တဲ့ ကောက်ပင်ရင်းမှာ၊ ကင်းကိုဘယ်ကထားသတဲ့၊

နေ့ကိုမပေး၊ ညဥ့်ကိုပေးသည့် ညှင်းသေးငယ်မှ ပြဲ့ပြဲ့ အစ်မကြီးငယ် မယ်တို့နေသည်၊ အိမ်ခြေဝင်းနှင့် ရွှေအင်းသူငယ်၊ မယ့်ညှင်းအုံကို အကုန်မပေး၊ ကြွင်းသေးငဲ့လေး၊ အပျိုဖြူငယ်ကကျွမ်းသည့် လွမ်းတုံ့တင်လေး''

## အိုင်ချင်း
## (ကောက်စိုက်စဥ် အချစ်ကိုလွမ်းပုံ)

''ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းရယ် ကောင်းသည့်ယောင်းမတို့လေ။

ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွာတောင်က ချောင်း၊ ရွာနောက်ပေါင်းကို၊ ထနောင်းကြောင်ချစ်၊ ဆူးရစ်ပွင့်ကာ၊ မိုးမရွာသည်၊ ရွာပါသော်လဲ မိုးမသဲ။

လယ်ပြင်ငယ်မှ ပတ်သန်း၊ ပျိုးကောက်ငန်းနှင့်၊ အလွမ်းငယ်မှ ဖျော်ရာ၊ နှမကြီးမယ်သာစိုက်တဲ့ ကောက်ငန်းတာကို၊ မောင်ကလေးငယ်၊ မောင်မလာသည်၊ မလာကတဲ၊ နှမကြီး ဝမ်းမနဲ။

ကောက်ငန်းငယ်မှ သွယ်ပိုက်၊ ကန်သင်းပေါ်က၊ မျှော်မိလိုက်တိုင်း၊ ပျိုကြိုက်တဲ့သူ၊ ပဝါထည်ကို၊ ထိပ်လယ်မှာပေါင်း၊ ဆံသွယ်ပျောင်းငယ်နှင့်၊ ပေါင်းကြော့လူကို၊ စိတ်တူနှောလို့၊ မပြောရလေ၊ ယင်းမာပန်လျက်၊ ကောက်စိုက်တက်ကို၊ လက်ခုပ်ပင်တောင်၊ ပညောင်ပင်လှ၊ နှောပင်ခွနှင့်၊ လမ်းမတိုးလျှို၊ ဆီးပင်ရိပ်မှာလ၊ တစ်ဆိတ်ကယ်နိုပြီးလျှင်၊ ချုံညိုဖွန်းမှာတဲ့၊ အလွမ်းပြေလေး''

## အိုင်ချင်း
## (လူကြီးသူမစကားကို နားမထောင်၍ အချစ်နှင့်ကွဲရပုံ)

“သူငယ်ချင်းကောင်း ယောင်းမတို့လေး၊ တိမ်ခိုးငယ်မှ ဝေဝေ၊ နှောပင်ကြီး နှောသီးကြွေ၊ လေပွေတိုက်လို့ ဝဲတတ်တယ်။

ဥသျှစ်သီး မြေကြီးမှာမြှုပ်၊ ပြာဖုံးအုပ်လို့၊ မီးဖုတ်လိုက်ရင်၊ သီးဖော်ရယ်မှ သီးဖက်၊ အပင်ထက်မှာ၊ တက်တက်စင်၊ မီးကင်သည့်နယ်၊ ကွဲတတ်တယ်။

စနေဂြိုဟ်စား ကြိမ်ခိုက်များမှာ၊ ချားရားသစ်ပင်၊ အိမ်လှေကားတွင်၊ စိုက်ထားလျှင်မူ၊ အင်ခွင်ဥစ္စာ နည်းတတ်တယ်။

တံစက်ရေနှင့် တွင်းရေမကူ၊ ရေကမိုး ရေချိုးသူ၊ ညှင်းဖြူချိုးပြောက်စွဲတတ်တယ်။

ပဝါပြောက် အထောက်ကယ်မှမတန်၊ မျက်နှာသစ်လို့ အညစ်ခံ၊ ဝက်ခြံမှည့်လို မည်းတတ်တယ်။

သနပ်ခါးကျောက်ပြားပေါ်တွင်၊ သောက်ရေအေးနှင့် ရောသွေးပါလျှင်၊ နံ့သာအပေါ် ကျဲတတ်တယ်။

မိုးချုပ်ကယ်မှနေဝင်၊ စားဖိုထဲ အမဲကင်၊ စုန်းမှင်နတ်တို့ ရဲတတ်တယ်။

ပန်းနီနီ မပန်လေနှင့်၊ အမယ်မှာ နတ်ပန်းပွင့်တဲ့၊ အတင့်မှငယ် ရဲချင်၊ ပျော်လိုအားနှင့် ခေါင်းဖျားတင်၊ အရင်လူနှင့် လွဲတတ်တယ်။

မိဘဘိုးဘွား၊ ဆိုစကားကို၊ နားမျှမဝင်၊ ထီမထင်ဘဲ၊ ကြို့ပင်ကြီးမြောက်၊ ပိတောက်ပင်တောင်၊ ညောင်ပင်ကြီးရင်း၊ ကောက်စိုက်ကယ်ပြန်၊ ထိန်ကန်တွင်းမှာ၊ လာရင်းမျက်မြင်၊ နေမလှန်းတဲ့၊ ပန်းလွင်လွင်ကို၊ ရွှင်လိုမြူးလို၊ ကစားလို၍၊ ဝါဆိုဦးက ပန်ဖူးတယ်။

အမယ်မင်း ဖြစ်ရလေခြင်း၊ ယင်းမာရယ်ပေါ်၊ တော်သလင်းနှင့်၊ မိုးတွင်းဝါဝင်၊ ဟိုဆောင်းဦးသို့ မကူးခင်က၊ အရင်လူနှင့်ကွဲရတယ်ရှင်၊ အပျိုစင် ငယ်ကကျွမ်းပါတဲ့၊ လွမ်းတုံ့တင်လေး။"

## အိုင်ချင်း
## (အညာသူများ ချစ်သူကို ခြင်ကိုက်မခံစေလိုပုံ)

"သူငယ်ချင်းငယ်ကောင်း ယောင်းမတို့လေ၊ နံနက်ကို လယ်ထွန်၊ နေ့မွန်ကျွဲကျောင်း၊ ညမောင်းထောင်းနှင့်၊ ညောင်းရှာလိမ့်နိုး၊ မြို့ပဲခိုးသို့၊ လေ့ထိုးလိုက်မယ်၊ အပျိုဖြူငယ်နမကို မှာခဲ့တယ်။

ချောင်းပတ်ရုံနှင့်၊ ရွှေဂုံမြောက်ပါး၊ မဲလည်ပင်နှင့် ဒန်းပင်နွဲ့နှောင်း၊ ယှက်ကာငယ်ပေါင်း၊ ကင်းချောင်းနားတွင်၊ ထိုးဝါးငယ်ဝယ်၊ တကယ်စုန်ဖြစ်မလားတော်။

စုန်မယ်ဆိုလည်း စုန်မယ့်ရက်ကို ဆက်ဆက်မဆို၊ ဆန်မယ်ဆိုလည်း ဆန်မယ့်ရက်ကို ဆက်ဆက်မဆို၊ တီးသည့်စောင်းနှင့် လောင်းသည့်ကြက်ကို၊ ဖက်ကာငယ်ငို၊ မောင့်ကို ကုန်သွားထည့်သလားတော်။

ဆီကိုဆယ့်လေး၊ ဆေးကိုဆယ့်ငါး၊ ဆားကိုဆယ့်ခြောက်၊ ကုန်ဈေးငယ်နာ၊ ကြာသနင့်တော်။

ပဲခူးသို့အဝင်၊ သန်လျင်သို့အဆိုက်၊ ပျို့မောင်ရင် ခြင်ပုန်းကိုက်လို့၊ ခြင်ရိုက်ကယ်မပါ၊ လေမလာလို့၊ သွေးသံစို့သည် ခြင်ဖို့ခြင်စာ၊ ဖြစ်လေရှာရှော့သလားတော်။

အပျိုဖြူငယ်၊ မယ်သာဆတ်ဆတ်၊ တရုတ်ယပ်နှင့်၊ ဖျပ်ဖျပ်လူးအောင်၊ သေမင်းငင်ခြင်၊ စုံလျှင်လျှင်ကို၊ မနှင်ပါရ၊ မောင်ကလေးအောက်သို့စုန်သည်၊ ရွှေဂုန်ကျွန်းက ဝေးလွန်းလှလေး။"

## အိုင်ချင်း
## (ရည်းစားအချစ်ထူးခြားပုံ)

"သူငယ်ချင်းငယ်ကောင်း ယောင်းမတို့လေ။

မိကိုလွမ်းလည်း၊ သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့် ပြေဘူးငယ့်ရှင်။

ဘကိုလွမ်းလည်း၊ သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့် ပြေဘူးငယ့်ရှင်။

မောင်ကလေး မောင့်ကို လွမ်းတော့၊ သောက်တော်ရေချမ်း စားတော်ကွမ်းနှင့်၊သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့် မပြေပါလို့၊ သောက်တော်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူငယ်နှမမှာလ ကြုံရတယ်လေး။"

## အိုင်ချင်း
## (အချစ်ကိုမှာပုံ)

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းငယ်ကောင်း ယောင်းမတို့လေ။ နှမထွေး မယ်တို့အိမ်ကို၊ သိလိုချင်မူ၊ အိမ်ရှေ့ကမူ၊ နတ်ခရိုင်နှင့် ဈေးဆိုင်နှင့်။ အိမ့်တောင် ကမူ၊ ကြက်သွန်ခင်းနှင့် ရေတွင်းနှင့်။ အိမ့်မြောက်ကမူ၊ စပါးလင်နှင့် ဒန်းပင်နှင့်။ အိမ့်နောက်ကမူ မိဿလင်နှင့် ချင်းပင်နှင့်။

မိဿလင်နှင့် ချင်းကိုလိုလျှင်၊ ဝါဆိုငယ်မှဝါဦး၊ မြေနူးနူးကို၊ တူးလှည့်ပါရှင်။ မိဿလင်နှင့် ချင်းကိုမလို၊ နှမထွေးမယ့်ကိုလိုလျှင်၊ တပေါင်းငယ်မှ တန်ခူး၊ ရွှေဖီဦးကို၊ ခူးပါလှည့်ရှင်၊ အလို အပျိုဖြူ သူနှင့်ဆုံသည်၊ ဂုံချိုကုံးငယ်နှင့် ဆောင်လုံးညီလေး။"

## အိုင်ချင်း
## (ကျဉ်းကျပ်စွာချစ်ရသော အချစ်)

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းငယ်ကောင်း ယောင်းမတို့လေ။ ငါ့ကိုလွယ် အမယ်ကြီးနှင့် ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေချလျက်၊ ဖျက်နဲ့ငယ်မှစေ့စုံ၊ လှေကားခုံမှာ၊ ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်။ လှေကားဦးမှာ၊ ဘီလူးမောင်ကြောင့် စောင့်တော့တယ်။ လှေကားခြေမှာ၊ ဆူးလေမောင့်ကြောင့် ကြဲတော့တယ်။ အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။ ထရံကြားမှာ၊ ဓားသွားမောင့်ကြောင့် ထားတော့တယ်။ အိမ်ကြမ်းကြားမှာ အပ်သွား မောင့်ကြောင့် စီတော့တယ်။ အိမ်မိုးခေါင်မှာ လုံထောင် မောင့်ကြောင့် စိုက်တော့တယ်။

မောင်ကလည်း ဘယ်ကတက်ပါ့မယ်၊ မယ်ကလည်း ဘယ်ကဆင်းရမယ်၊ ကြွက်ကဲ့အရောင်၊ ကြောင်ရဲ့အလား၊ ထုပ်နှင်လျှောက်ကို၊ ထိုးဖောက်သွားက၊ ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှပိုးထိုး၊ အလယ်ခေါင်မှာ၊ ဖောင်ဖောင်ကျိုးက၊ သူခိုးဆိုညွှန်း၊ မီးထင်းထွန်းလို့၊ ဝန်းကြသော့ခါ၊ ဆင်းချခုန်၊ လမ်းဆုံရောက်ပါလိမ့်မလားရှင်။ ညီမအထွေး၊ ရွှေတလေးကို၊ ပြေး၍ကြည့်ချေ၊ စေလသော့ခါ၊ အမယ်မမ၊ ကျွန်မခဲ့အို၊ ဖြင်ငဲ့ငါတို့၊ ရွာလယ်ကောင်တွင်၊ ခုတင်ကြီးမှာ၊ စောင်းတီးလို့လေး။"

## အိုင်ချင်း
## (စစ်မြေပြင်မှ အချစ်က စာပေးလိုက်ပုံ)

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောင်းမတို့လေ။ မြင်းမနီသား၊ မြင်းကျားခွာမည်း၊ တစ်လုံးတည်းနှင့်၊ အုံးလွှဲပစ်တင်၊ တိမ်မိုးမည်းနှင့်၊ ကသည်းစစ်သို့၊ နစ်မည်ဝင်သည်၊ သန်လျင်ကိုရောက်ပါဘူးစရှင်။ သန်လျင်ငယ်မှမက၊ မုတ္တမနှင့်၊ ဒလတစ်သွယ်၊ ထားဝယ်တခြား၊ ယိုးဒယားတစ်သိုက်၊ ကမန်မိုက်ကို တိုက်သောခါမူ၊ ဓားကိုသို့

ကိုင်၊ လှံကိုသို့နုတ်၊ စစ်မြေပြင်မှာ၊ ဝင်ကာခုတ်၍ တရုတ်ကယ်ရှမ်းပြေး၊ ထွားထွားငယ်ကျေး၊ အောင်လေပြီတဲ့၊ ဆီမလူးတဲ့ ပေဖူးစာနှင့်၊ မှာလိုက်ကယ့်ရှင်၊ အပျိုဖြူ မယ့်မှာကျွမ်း၊ လွမ်းတုံ့တင်လေး။"

## အိုင်ချင်း
## (အချစ်ကို လွှဲခဲ့ရပုံ)

"မဆင်သာသည်၊ ယင်းမာပျဉ်းဖြူ၊ အပင်ငယ်ပျပ်သည့်၊ ဇလပ်ဖြူကို၊ ချူလို့ပစ်ရတော့မလား။ မကြင်သာသည်၊ မင့်မှာသူနှင့်၊ အယူငယ်ကမ်းတဲ့၊ မလှမ်းသူကို၊ မြှူလို့ရစ်ရတော့မလား။

မပန်သာသည်၊ ယင်းမာခေါင်ရန်း၊ ဇလပ်ဖြူငယ်၊ တောင့်သူပန်းကို၊ နွမ်းလို့ပစ်ရချေတော့မယ်။ မချစ်သာသည်၊ မောင့်မှာရဟန်း၊ ကမ္မဝါနှင့် ရွှေစာထမ်း၊ ကျမ်းနှင့်ဖြစ်ပြန်ချေတော့တယ်။

မပန်သာ၊ ယင်းမာအကိုင်းအခက်နှင့်။ မကြံသာ မင့်မှာ အပေါင်းအဖက်နှင့်။

အလိုလေ့အိုင်၊ လူပျိုပုံမှာ၊ မယ်သာမှုန်းပါတဲ့၊ ခွင်လုံးပိုင်လေး။"

## အိုင်ချင်း
## (ချစ်သူချင်းတွေ့ရာ၌ လွမ်းပုံ)

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း ယောင်းမတို့လေ။

ရှင်လူထွက်သစ်၊ ၁၃ နှစ်က၊ ချစ်တဲ့သူကို၊ အယူတခြား၊ မိထွေးများက၊ ဆီးတားဆို၊ ရစ်ကိုထောင်ကာထားရတယ်။

နွမ်းနယ်တစ်စေ့၊ ရေးကပါ၊ ကြမ္မာငွေ့ကြောင့်၊ မတွေ့ရတာ၊ ကြာတောင်းကြာမှ၊ မျက်နှာတူရူ၊ သူလည်းအလာ၊ မယ်သာအမျှော်၊ နေဝင်ကျော် ထွေးတော်အိမ်ပါး၊ တောင်ဆီနားသို့၊ ယာသွားပို့ပြန်၊

စောင်းလျားခြံနှင့်၊ လက်ပံပင်ရှေ့၊ ကျဉ်းမြောင်းကွေ့မှာ၊ တွေ့သောအခါ၊ ပဝါရက်သစ်၊ မယ်ကပေးတဲ့၊ ပိုးသေးမဲပါ၊ ခေါင်းပေါင်းပြာ၊ လည်မှာရစ်လို့၊ ဖွင့်လှစ်ကယ်မဆို၊ ပခုံးဘယ်တင်၊ မယ်ကျောပြင်၊ လက်တင်ရပ်လို့၊ မတ်တတ်ကယ်ငို၊ မောင့်ကိုစိမ်းကား၊ မယ်နှမက ဆိုသလား၊ တို့ချစ်ချင်း၊ ကွင်းအောင်တစေ၊ နေ့တိုင်းမွေတဲ့၊ သက်ကြီးဝန်တို၊ မြင်တိုင်းမုန်းစရာ ဂုံးမအို၊ ရေလိုခန်းခြောက်ပါစေသား။''

*

ဘိုးတော်ဘုရားလက်ထက် ပခန်းမြို့ သေနတ်အမှုထမ်းတို့ မိုးနဲမြို့သို့ ချီရသည်တွင် ၎င်းမြို့ မင်္ဂလာတံခါးရပ် တပ်ပါသူ မောင်လွန်း၏ မယားက လူကြုံတွင် တပ်စခန်းသို့ ပေးလိုက်သော

## အညာပခန်းသူမ၏ မေတ္တာစာ

''အုတ်စတုရန်း၊ ချိုးခိုနန်းနှင့်၊ ရွှေခန်းမင်္ဂလာ၊ တံခါးသာက၊ ကြားမှာလိုက်ကဲ့ အလွန်းငယ်။

ဘုရားချစ်ရှင်၊ စည်သူရှင်မှာ၊ ပြန်လာစေကြောင်း၊ ညောင်ရေလောင်းသည်၊ တကောင်းဖလ်ပြာ၊ အနားဖွာလဲ၊ သုံးခါကွဲပေါ့ အလွန်းငယ်။

နတ်တော်ပြာသို၊ နှင်းစိုစိုကို၊ စောင်ကိုအတူခြုံရအောင်၊ မြန်မြန်ပြန်ခဲ့ပါ့ အလွန်းငယ်။''

## သွေးပျက်နေသော ခွေးညှွန့်

ကျွန်ုပ်သည် ထိုညောင်ပင်လယ်ရွာ သူကြီးဦးဖိုးလှိုင်၏ အိမ်တွင် တည်းခိုရ၏။ သူကြီးမှာ အသက် ၄၈ နှစ်ခန့်ရှိ၍ အလွန်ရိုးသား

စိတ်သဘောကောင်းရှာ၏။ ဗဟုသုတလည်း အတန်ရှိ၏။ အလောင်းတော်ကဿပနှင့်စပ်၍ ထိုသူကြီးပြောချက်ကို ဤစာအုပ်တစ်နေရာတွင် ထည့်ပြလိုက်ပါ၏။

အေးချမ်းသောရာသီဖြစ်၍ ကျွန်ုပ်တို့သည် သူကြီး၊ သူကြီးကတော်နှင့်တကွ မီးဖိုတွင် ဝိုင်းထိုင်စကားပြောနေကြရာ အလုံးအဖန် အသွေးအမွေးကောင်းသော ခွေးနီတစ်ကောင်သည် လူကြားထဲသို့ အတင်းတိုး၍ မီးလှုံလေသည်။ ကျွန်ုပ်မျက်နှာကို မကြာမကြာ မော့ကြည့်၍ ထိတ်လန့်တုန်လှုပ်သော အမူအရာကို မကြာမကြာ ပြလေသည်။ တစ်ယောက်ယောက်က ခပ်ဆတ်ဆတ် လှုပ်ရှားခြင်း၊ ပြင်းပြင်းချောင်းဆိုးခြင်း၊ ချေဆတ်ခြင်းကို ပြုလျှင်ပင်လည်း လန့်ထိတ်ဟန်ရှိလေသည်။ တစ်ခါလည်း မီးဖိုနှင့် မနီးမဝေးတွင် ကြက်နှစ်ကောင်ခွပ်သည်ကို ထိုခွေးသည် လန့်၍ ကတိုက်ကရိုက် ထွက်ပြေးလေသည်။ ထိုအခါ ကျွန်ုပ်သည် မသင်္ကာသည်နှင့် သူကြီးအားမေးရာ အောက်ပါအတိုင်း ပြောပြလေသည်။

“ဩော် ဒီခွေးလား၊ သူ့နာမည်က ညွှန့်တဲ့ဗျ၊ အရင်က အတော်အမဲလိုက်ကောင်းတဲ့ ခွေးပေါ့။ တစ်ခါတော့ ဂျီတစ်ကောင်ကို သူက ပြေးလိုက်တုန်းကို လမ်းက ကျားတစ်ကောင်က ဖြတ်ပြီး အဲဒီခွေးကို ခုန်အုပ်ကိုက်ပြီး ဆွဲသွားတယ်။ အဲဒါ လူသိလို့လိုက်ကယ်မှ ခွေးကို ပြန်ရခဲ့တယ်။ ကျားကိုက်တဲ့ဒဏ်ရာက သိပ်မပြင်းလို့ မသေရှာဘူး။ နို့ပေမယ့် အဲဒီကတည်းကစပြီး ခွေးသွေးပျက်နေတယ်ဗျ။ အခုတော့ တောထဲခေါ်ရင်လည်း မလိုက်ဘူး၊ အစပ်အနား လိုက်ပြန်ရင်လည်း ရှေ့က နောက်က ဘယ်တော့မှမလိုက်ဘူး၊ လူကြားထဲမှ တိုးဝှေ့လိုက်သဗျ၊ အဲ အခုလည်း မြင်တဲ့အတိုင်းပဲ သွေးပျက်လို့ ထိတ်ထိတ်လန့်လန့်ဖြစ်နေတာပေါ့”ဟု ခွေးဖြစ်အင်အကြောင်းကို ပြန်ပြောင်းကာ နတ်သံနှော၍ ပြောရှာလေသတည်း။

## ခြေကျင်လမ်း

ညောင်ပင်လယ်ရွာမှ အထမ်းသမားနှစ်ယောက်၊ ကျွန်ုပ်၊ ကျွန်ုပ်၏တပည့် မောင်လွင်၊ လမ်းပြ မောင်ကျော်လှ၊ ပေါင်း ၅ ယောက်သည် နံနက် ၅ နာရီတွင် ထွက်ကြလေသည်။

ရှေးဦးစွာ ပင်တောင်၊ မဟူတောင်တို့ကို ဖြတ်ကျော်၍သွားရ၏။ တောလမ်းတောင်လမ်း၊ တောင်ဆင်းတောင်တက်၊ ခြေကျင်ခရီးကြမ်းဖြစ်၍ အလွန်ပင်ပန်း၏။ ကျိုက်ထီးရိုးလမ်း စိုင်တမော့၊ ဘိုးပြန်တောင်တို့ထက် စောက်သော အတက်များရှိ၏။ သစ်တော ခြုံတော တိုးသွားရသည့် နေရာများလည်းရှိ၏။

ထိုလမ်းတွင် စိုင် ပြောင် ဝက်ဝံ ကျားများလည်း ရှိတတ်၍ သတိနှင့်သွားကြရ၏။ စိုင်ခြေရာ ပြောင်ခြေရာများ တွေ့ရ၏။ ကျားသို့မဟုတ် သစ်စားထားသော မျောက်မွေးများလည်း တွေ့ရ၏။ ကျွန်ုပ်တို့ကား ကံကောင်း၍လားမသိ တောသားတိရစ္ဆာန်တို့၏ဘေးမှ ကင်းခဲ့၏။

ကျောက်မြောင်းစခန်းတွင် နံနက် ထမင်းချက်စား၊ မွန်းတည့်တွင် ခပိုင် သလောက်တို့မှ တက်လာသော လမ်းရိုးလမ်းစဉ်ဖြစ်သော ခြောက်ပေလမ်းမကြီးသို့ ရောက်သွားလေ၏။ ထိုလမ်းမကြီးဖြင့်သွားရာ ညအိပ်ရန်ဖြစ်သော ချောင်းမကြီး (မန်ကျည်းပင်)စခန်းသို့ ညနေ ၄ နာရီတွင် ရောက်ခဲ့၏။ သို့စောစောရောက်သည်မှာ ဖြတ်လမ်းက လာခဲ့သဖြင့်လည်းကောင်း၊ ယောကျ်ားချည်း အားကောင်းတုန်းဖြစ်၍ လည်းကောင်း စောစောရောက်ခြင်း ဖြစ်၏။ သို့ကြောင့်လည်း အိပ်ရန်ကို မအိပ်ဘဲ အတင်းဆက်၍သွားရာ ၆ နာရီခွဲခန့်တွင် အလောင်းတော်ကဿပသို့ ရောက်လေ၏။ ဤသို့ တရားလွန် နေ့ချင်းပေါက် လာခဲ့လေသဖြင့် တည်းဇရပ်သို့ ရောက်သောအခါ ခြေကုန်လက်ပန်း မချိမဆန့် မလှုပ်နိုင် ပုံ၍ကျကြလေတော့၏။

## ပြာပုံတောင်ရှင်မ

လမ်းတွင် ဖြတ်ကျော်ခဲ့ရသည်မှာ ပင်တောင်၊ မဟူတောင်၊ ပြာပုံတောင်များဖြစ်၏။ မဟူတောင်က မဟူရာကျောက်များ ထွက်၏။ ပြာပုံတောင်တွင် မြေကြီးများမှာ ပြာသဏ္ဍာန် ပြာရောင်ရှိ၍ မြေပွတစ်မျိုး ဖြစ်၏။ ထိုတောင်တွင် အလွန်ထင်ရှားသော ပြာပုံရှင်မ နတ်စင်ရှိ၏။

ပြာပုံတောင်ရှင်မအကြောင်းကား ဗန့်ကျီတိုက် (ယင်းမာပင် အနောက်နားရှိ) ပြောင်းပြာရွာသူ မယ်ဖြူဖြစ်သည်။ မယ်ဖြူ၏အမိမှာ လင်ရှိသူမဟုတ် "ကျဉ်တုပ်"၍ (ခါချဉ်အနက်ကိုက်၍) သန္ဓေရှိသည် ဆိုသည်။ (စဏ္ဍပဇ္ဇောတမင်း၏ မယ်တော်မှာ ကင်းမြီးကောက်တက် ရာမှ သန္ဓေစွဲသည်သို့ ကျမ်းဂန်တွင်ဆိုသည်။)

ပြောင်းပြာရွာအနီး လက်တောင်ရွာနေ မောင်ဖြစ်သူက လင်မရှိ ဘဲ သန္ဓေတည်သည်ကို ရှက်၍ အခေါ်အပြောမရှိ ဖြတ်ထားလေသည်။

မယ်ဖြူကိုမွေးပြီး၍ ကင်ပွန်းတပ်မည်ရှိသောအခါ မယ်ဖြူ့အမေ က မောင်ကိုဖိတ်၏။ လာမည်ထင်၍ မုန့်များနှင့် လမ်းကသွားကြို၏။ သို့ရာတွင် မောင်မလာ၍ ဝမ်းနည်းစိတ်နာပြီး မုန့်တွေကို အနီးရှိချောင်း ထဲသို့ ပစ်ချလိုက်သည်။ ယခုတိုင် မုန့်ပစ်ချောင်း ခေါ်သည်။

မယ်ဖြူအရွယ်ရောက်သော်ကား အလွန်လှပသဖြင့် ဖြတ်ထား သော ဦးလေးကပင် ချစ်ခင်သဘောကျ၍ မိမိ၏သားနှင့် လက်ဆက်ရန် အကြောင်းကြားရာ နှမက စိတ်နာ၍ မပေးဘဲနေလေသည်။

မောင်ကစိတ်ဆိုး၍ မလိုသည်နှင့် ဘုရင်(ကျန်စစ်သား)ထံသွား ပြီး မိန်းမချောရှိကြောင်း လျှောက်လေသည်။ ဘုရင်ကကောက်မည်ရှိရာ မယ်ဖြူ့အမေက မင်းနှင့် မဆက်ဆံလို၍ အင်္ဂါမစုံလျှင် မင်းကောက် မည်မဟုတ်ဟု မယ်ဖြူ၏ လက်ညှိုးကို ကိုက်ဖြတ်လိုက်သည်ဆိုသည်။ ဘုရင်ကောက်သောအခါ အင်္ဂါမစုံ၍ အိမ်နိမ့်တွင်ထားရာ ကွမ်းရေတော် တစ်ယောက်နှင့် ထွက်ပြေးလေ၏။

ပြာပုံတောင်သို့ ပြေးခဲ့ကြ၏။ မယ်ဖြူသည် ယခု မယ်ဖြူဘဝသို့ မရောက်ခင်က ဤပြာပုံတောင်တွင် နတ်ဖြစ်ဖူးသည်ဆိုသည်။ အဖော်နတ်သမီးနှင့်နေသည်။ ဤတောင်နတ်သမီးတို့က လင်ယူသည်ကို မကြိုက်ဟုဆိုသည်။

မယ်ဖြူတို့ ထိုတောင်ဘက်သို့ ပြေးလာကြစဉ်က မယ်ဖြူ့လင်က ဤတောင် ဘာတောင်နည်းဟုမေးရာ မယ်ဖြူက မမေးပါနှင့် ရောက်တော့မှမေးပါဟု ဆိုသည်။ ရောက်၍ထပ်မေးသောအခါ မယ်ဖြူက

"အိုဘယ့်တောင်အို လင်မလို၊ အိုဘယ့်တောင်မ လင်မရ" ဟု ပြောလေ၏။ အဖော်ဖြစ်ခဲ့ဖူးသော နတ်သမီးက မယ်ဖြူ လင်ယူလာသည်ကိုမလို၍ လင်ကိုသတ်ပစ်သည်ဆိုသည်။ မယ်ဖြူလည်း မကြာမီ သေ၍ နတ်ဖြစ်ပြန်သည်ဆိုသည်။

မယ်ဖြူ အဝတ်တန်ဆာ ကောင်းစွာမဝတ်ရသည်ဖြစ်၍ ပုတီး လက်ကောက် နားတောင်း စသည် ဝတ်ဆင်သူတို့မှာ ထိုတောင်သို့ ရောက်လျှင် ချွတ်၍ ဆောင်ယူကြရသည်ဆိုသည်။ သို့မဟုတ် လေပြင်း မုန်တိုင်း၊ မိုင်းကြီးမှောင်ကြီးကျ၍ မူးဝေထိတ်လန့်တတ်သည် ဆိုသည်။

မြို့ကြီးပြောင်းပြာ အရပ်တို့မှာ မိမိတို့ဝတ်ဆင်သော ပုတီး နားတောင်းများကိုချွတ်၍ မယ်ဖြူ၏ နတ်ကွန်းတွင်ထားရသော ထုံးစံရှိသည်။

မယ်ဖြူသည် မိမိအဖြစ် မိမိရွာကို စိတ်နာ၍ ကျိန်ခဲ့သည့်အတိုင်း ပြောင်းပြာရွာတွင် တစ်နှစ်သုံးသီးစားရသော်လည်း ကြွေးမြီမကင်းကြဆိုသည်။ ၃ နှစ်လျှင် မိန်းမချောတစ်ယောက် ထွန်းသော်လည်း အရွယ်ရောက်လျှင် ကိုယ်ပျက်စီးသွားရသည် ဆိုသည်။

မယ်ဖြူပြေးရစဉ်က ငါပြန်လာမှ ကြီးရမည်ဟု ဓိဋ္ဌာန်၍ စိုက်သွားသော ပေပင်သည် ပြောင်းပြာရွာသူကြီး ဦးကျော်ဂေါင်၏ အိမ်ဦး၌ ၁၂၆၂ ခုနှစ်တွင် တွေ့ရသောအခါ ထိုပေပင် အတန်ကြီးမားနေပြီဖြစ်ကြောင်းကို ယခု ဖြူးမြို့ ပင်စင်စားဦးလူကလေး၏ ရေးသားချက်တွင် တွေ့ရသည်။

# အလောင်းတော် ကဿပ
# တည်နေပုံ


အလောင်းတော်ကဿပသို့ ရောက်ပြီးနောက် ရွှေသည်ကိုစံအုပ်၏ တဲဇရပ်တို့တွင် တည်းရသည်။ ကျွန်ုပ်ရောက်သည်မှာ ပြာသိုလဆုတ် ၈ ရက်နေ့ ပွဲတော်ချိန်၏အစကလေးမျှသာ ရှိသေး၍ ဘုရားဖူးများ မရောက်ကြသေးချေ။ ယောနယ်ဘက်က ယောတစ်သိုက်သာ ရောက်နှင့်သည်။

တည်းခိုရန် ဇရပ်တို့မှာ သုံးစုလောက်ရှိသည်။ အလောင်းတော်နားတွင် မဆောက်ရ၊ အတန်ကွာတွင် ဆောက်ကြရသည်။

အလောင်းတော်မှာ တောင်သုံးလုံးဆုံရာ၏ အကြား၊ အနိမ့်ကွက်လပ်တွင် တည်ရှိသည်။ တောင်များက နံရံကြီးများကဲ့သို့ မြင့်မတ်စွာ ဘေးကကာဝိုင်းလျက်ရှိသည်။ မွန်းတည့်နီး မွန်းတည့် မွန်းတိမ်းအချိန်တို့လောက်၌သာ နေကိုမြင်ကြရသည်။

အရှေ့တောင်ဘက်က မဟူတောင်၊ မြောက် အနောက်မြောက်နှင့် အနောက်တောင်က ခေါက်လောက်တောင်ရှိသည်။ ထိုခေါက်လောက်တောင်မှာ ပုံတောင်ပုံညာတောင်များ၏ အဆက်နှင့်တူသည်။ (အချို့က စိတ်ကူးနှင့် ထိုတောင်များကို ဝေပုလ္လ၊ ဝေဘာရ၊ ဂိဇ္ဈကုဋ်တောင်များဟူ၍ မဇ္ဈိမဒေသ၊ ရာဇဂြိုဟ်ကို ဝိုင်းနေသော တောင်တို့၏ အမည်ကိုယူ၍ ခေါ်ကြသည်။ နောက်မှရှင်းမည်။)

ထိုအလောင်းတော်တည်ရာ ကွက်လပ်ထိပ် အပြင်သည် အရှည်ဆုံးနေရာ၌ အလျားပေ ၁၀၀ ထက် မရှည်ချေ။ အနံ ပေ ၆၀ လောက်ရှိသည်။



အလောင်းတော်တန်ဆောင်းမှာ ၂ ဆောင်တွဲဖြစ်၍ အရှေ့မြောက်ဘက် အဆောင်တွင် အလောင်းတော်ရှိသည်။ အနောက်တောင်ဘက် အဆောင်မှာအာရုံခံဖြစ်သည်။ ထိုနှစ်ဆောင်တွဲကို အလယ်က မြက်ကွက်နံရံဖြင့် ခြားထားသည်။ ထိုနှစ်ဆောင်တွဲ တန်ဆောင်းမှာ အလျားပေ ၃၀၊ အနံ (၂ ဆောင်တွဲ) ၄၂ ပေရှိ၏။

အာရုံခံတန်ဆောင်းဘက်၌ ကြေးစည်ကြီးငယ်တို့ကို ဆွဲလှူထားသည်မှာ ၉၄ လုံးနှင့်နှင်ရှိ၏။ ရောက်သူတိုင်းမနေနိုင်၊ စေ့အောင်လိုက်၍ တီးကြရ၏။ အသံမျိုးစုံထွက်လေ၍ ကြည်နူးဖွယ်ဖြစ်လေသည်။ စည်ပျက်ကြီးတစ်လုံးလည်း ရှိလေသည်။ အာရုံခံတန်ဆောင်း အပြင်ဘက်တွင် ခေါင်းလောင်းသုံးလုံးရှိ၏။

အလောင်းတော်မှာ ရဟန္တာပုံဖြစ်၍ ရောင်တော်မပါ။ အုတ်ရိုးအင်္ဂတေ ရွှေချထားသည်။ အလျား ၁၅ ပေ (= ဆယ်တောင်)မျှရှိ၏။ လက်ယာနံတောင်းဖြင့် လျောင်း၍ လက်ယာလက်ကို ပက်လက်ဖြန့်ကာ ခေါင်းအုံးလျက် အနောက်မြောက်သို့ ဦးခေါင်းပြုထားသည်။

အလောင်းတော်ပုံနှင့် ကာထားသော မြက်ကွက်နံရံမှာ နီးကပ်နေသည်ဖြစ်၍ အလောင်းတော်တစ်ခုလုံးပါအောင် ဓာတ်ပုံရိုက်ရန်နေရာ မရှိချေ။ မြက်ကွက်အပေါက်ကြားမှ ရတာတ်သရွေ့ ဓာတ်ပုံရိုက်ယူရ၏။ အစုံအလင် ထင်ရှားစွာ မရနိုင်ပါ။ ရသမျှကို ဓာတ်ပုံတွင် ကြည့်ပါလေ။

သို့ကြောင့်လည်း ပုံတော်တစ်ခုလုံးအတွက် လက်ဖြင့် ပုံကြမ်းဆွဲခဲ့ရ၏။ ပုံကြမ်းကိုကြည့်ပါ။

လူအများ ပြောဆိုချက်အရကား ဤပုံတော်မှာ အတုမျှသာဖြစ်သည်။ ရှင်ကဿပ၏ အလောင်းတော်အစစ်ကား ထိုအတုပုံတော်၏ အောက်၊ မြေထဲကျောက်ဂူထဲတွင် ပိတ်လျက်ရှိသည်ဆိုသည်။ (နောက်မှရှင်းမည်။)

တန်ဆောင်းအတွင်း အလောင်းတော်၏ ခေါင်းရင်းဘက်ရှေ့နား က မတ်ရပ်တော်တစ်ဆူရှိ၏။ နောက်တိုးနှင့်တူသည်။ တန်ဆောင်း၏ ပြင်ဘက် အနောက်ဘက်နားတွင် အုတ်စေတီတစ်ဆူရှိသည်။

အလောင်းတော်၏ အနောက်မြောက်ယွန်း၊ အထက်စောင်းတန်း ကုန်းမြင့်ပေါ်တွင် မေတ္တာရေတွင်းရှိသည်။ စောက်ငါးတောင်ခန့်၊ ရေနေ တစ်တောင်ခန့်ရှိသည်။ ရေမပြတ်ထွက်နေ၍ သောက်ချိုးမကုန်ဖြစ်၏။

ဂိဇ္ဈကုဋ်ခေါ် မဟူတောင်တွင် ကျွန်းပင်မောင်နှမ လုံးပတ် အတောင်နှစ်ဆယ်ခန့်ရှိ၏။

ချောင်းမကြီးခေါ် တောင်ကြားချောင်း = ရေလျှင်ချောင်းသည် တောင်ဘက် (အနည်းငယ်အရှေ့ယွန်း)မှနေ၍ ထိုအလောင်းတော်တည် ရာ ကွက်ပြင်အောက်ဆီသို့ စီးဝင်ငုပ်သွားသည်။ မြောက်ဘက်ဆီသို့ ထွက်၍ နောက်ဆုံး၌ ချင်းတွင်းမြစ်သို့ ဝင်သွားသည်။

ထိုရေချောင်းဝင်ရာ (တောင်ဘက်)အဝကို အထက်ရေစပြစ် ခေါ်သည်။ ထွက်ရာ(မြောက်ဘက်)အဝကို အောက်ရေစပြစ်ခေါ်သည်။ ထိုအဝနှစ်ခုအတွင်း ချောင်းငုပ်နေသော အကွာကား ပေ ၁၅၀ ကျော် ၂၀၀ နီးပါးလောက် ရှိလိမ့်မည် ထင်သည်။

အထက်ရေစပြစ်အဝင်ဝ၏ အထက်အပေါ်တွင် ရှင်သူငယ်ပေါက် ဆိုသော ကျောက်ခေါင်းငယ်တစ်ခု ရှိသည်။ အတောင် ၂၀ ခန့် ဝင်မိ လျှင် ကျောက်သားပိတ်၍ တွင်းခေါင်းဆုံးနေလေသည်။

# အလောင်းတော် ကဿပ
# ရာဇဝင်

ကျွန်ုပ်တို့ရှိစဥ် အလောင်းတော် ကဿပသို့ ဘုရားဖူးတစ်စု ထပ်၍ရောက်လာသည်။ လူ ၉ ယောက်ခန့်တွင် အကြီးဆုံးခေါင်းဆောင် တစ်ဦးကား အသက် ၃၅ နှစ်ကျော် ၄၀ နီးပါးရှိ မိန်းမတစ်ယောက် ဖြစ်သည်။ လုံးကြီးပေါက်လှ ခန့်ခန့် ထွားထွားကြီးသည်။ ပုံပန်းသဏ္ဌာန် အနေအထိုင်၊ အပြောအဆိုတို့ကို ထောက်သော် အညာသူအပျိုကြီးနှင့် တူသည်။

တစ်နေ့၌ အလောင်းတော်တွင် အာရုံခံနေကြရာ ကျွန်ုပ်သည် တောကြီးခေါင်ခင်၌ တွေ့လာရသော အခြားသူတို့နှင့် အကျွမ်းဖွဲ့ချင်၊ စကားစမြည်ပြောချင်၍ ထိုအညာသူအပျိုကြီးအနီးသို့ ကပ်ကာ

"ဘယ်အရပ်က ဘုရားဖူးများပါလဲခင်ဗျာ"ဟု မေး၏။

ကျွန်ုပ်ကို ခြေဆုံးခေါင်းဆုံးကြည့်၍ ပကတိမျက်နှာထားဖြင့် "တော်တို့ကော ဘယ်ကတုံး"ဟု ပြန်မေးလေသည်။

"ကျွန်တော်တို့ အောက်အရပ်ကပါ"

"အောက်အရပ် ဘယ်မြို့၊ ဘယ်ရွာကတုံး"

ထိုအခါ ကျွန်ုပ်သည် ဤအပျိုကြီး၏ သချာပုံကို ရိပ်မိ၍ တစ်ခါတည်းပြီးစေတော့ဟု

"ရန်ကုန်၊ ကန်တော်ကလေး၊ ကာလဘတ်လမ်း၊ အိမ်နံပါတ် ၁၇၈၊ ဘောလုံးကွင်းနှင့်အနီး၊ ကျောက်ထိုးဆေးရုံနှင့် မျက်နှာချင်းဆိုင်၊ အောက်ကအုတ်ခံ၊ အပေါ်က သစ်သားအိမ်၊ အတွင်းက..."

"တော်ပါ၊ တော်ပါ၊ ဒီလောက်အတွန့်တက်ဖို့ မလိုပါဘူး"ဆို၍ စကားဆက်မပြောချေ။ ဆေးလိပ်သောက်နေသည်။ အတန်ကြာမှ ကျွန်ုပ်က စပြန်သည်ကား

"နေပါဦးဗျာ၊ ဒီအလောင်းတော် ကဿပဆိုတာ ဘယ်က ရှင်ကဿပရဲ့ အလောင်းတော်ပါလဲဗျ"

"အလို တော်တို့အောက်သားများ အတော်ခွကျပါကလားနော။ ဘုရားလက်ထက်က ရှင်မဟာကဿပကြီးလေ၊ တော်တို့မသိဘူးလား"

"ဪ ဟို ဓုတင် ၁၃ ပါးဆောင်တဲ့ ရှင်မဟာ ကဿပကြီး လား"

"ဟုတ်သမှ၊ ဟုတ် ဟုတ် နေသေးသာပ။ ဓုတင် ၁၃ ပါးကို အဆောင်နိုင်ဆုံးမို့ရဲ့၊ ဘုရားသခင်က ဧတဒဂ်ပေးထားတဲ့ တတိယ သာဝကကြီး၊ ပထမသင်္ဂါယနာတောင် တင်သွားသေးတဲ့ ရှင်မဟာ ကဿပကြီးပ။ အဲသည် ကဿပကြီးရဲ့အပြင် ဘယ်က ကဿပများ ရှိသေးလို့တုံးတော်ရဲ့" (ခပ်ကြွားကြွားပြောသည်။)

"ရှိပါပြီလားဗျာ၊ ကဿပတွေကို အများကြီးပဲ၊ ဟိုဒင်း အနည်း ဆုံး တစ်အင်္ဂါလောက်တော့ ရှိမှာပေါ့"

"ဘာ ဘယ့်နှယ်၊ တစ်အင်္ဂါဆိုတာ ဘယ်လောက်တုံး"

"တစ်အင်္ဂါဆိုတာ၊ ဘုန်းကြီးခေါ်ဗျ။ ကျမ်းစာရေးတဲ့ ပေ ၁၂ ရွက်ကို တစ်အင်္ဂါခေါ်တယ်"

"သဟာဖြင့် တော်ဟာ ဘုန်းကြီးလူထွက်ထင်ပါရဲ့" (ပြုံး၍ ပြောသည်။)

"ဟာ ခင်ဗျားကြီး၊ ကျုပ်ကို ဘုန်းကြီးလူထွက်မဆိုနဲ့ဗျာ၊ စိတ် အဆိုးဆုံးပဲ။ အဲဒီ ၁၂ ကို ကျုပ်တို့ရန်ကုန်ဆီမှာ ကုလားဆန်ဆန် တစ်ဒါဇင်လဲ ခေါ်တယ်ဗျ"

"ဒလဇင်တော့ ကျုပ် သိပါတယ်တော်။ ၁၂ ဒလဇင်ကို တကလွတ် ခေါ်သဟာတောင် ကျုပ်သိသေးရဲ့"

ဤကိုထောက်၍ ဤအပျိုကြီးသည် တောခေါင်ခေါင်ကမဟုတ် ကြောင်း သိရသည်။

"ဒီမှာ မဟိုဒင်းရဲ့"

"ဒီလူကြီးက ဘာတုံး။ လူကို နာမည်ခေါ်မှပ။ ဘယ့်နှယ် မဟိုဒင်းရယ်လို့"

"နာမည်ကို ပြောမှမပြောဘဲကိုဗျ"

"မေးမှမမေးဘဲကိုတော့ မယ်ထိန်တဲ့ နာမည်က"

"အဲ အဲ ဒီလိုပါ၊ ရှင်မယ်ထိန်ရယ်"

"တော့နာမည်ကကော"

"ငကျားတဲ့"

"ဟုတ်ကဲ့ ပြောပါဦး၊ ကိုရင်ငကျားရယ်"

ကျွန်ုပ်သည် ဤခေါ်ပုံကလေးကို အလွန်နှစ်သက် သဘောကျ သွား၏။ ကျွန်ုပ်ကဆက်၍

"ဒီလိုပါ ရှင်မယ်ထိန်ရယ်၊ သည့်ပြင် ကဿပတွေ အများကြီး ရှိတယ်။ ကိုင်း– အခု ရှင်ဂေါတမရဲ့ အရင်ပွင့်တဲ့ဘုရားက ကဿပ မဟုတ်လားလို့"

ထိုအခါမှ မျက်နှာချိုလာပြီး "အင်း ဟုတ်ပေသယ်၊ ကိုင်း အနို့ ဘုရားကဿပအပြင်ကော"

"ရှင်ဂေါတမလက်ထက်က ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့ကောဗျ။ သြော် ခင်ဗျား ဓိနတ္တပကာသနီကို ဖတ်ဖူးရဲ့ မဟုတ်လား"

"တော်က ကျုပ်ကို နလပိန်းတုံးကြီးမှတ်လို့လား။ ဟောသည် မယ် နားထောင်၊ လောကဓာတ် ခြောက်တန်းအောင်သယ်၊ ဓိနတ္တပကာသနီကို အလွတ်ရသယ်၊ တော်ပြောသဟာ ဟုတ်သယ်၊ အဲသည် ကဿပ ၃ ဦးရှိသဟာ မှတ်သယ်"

"ကိုင်းဗျာ ဒါဖြင့် ကျွန်တော်သိသမျှ ကဿပတွေ တစ်ခါတည်း စဉ်ပြောပါတော့မယ်၊ လက်ချိုးမှတ်ပေရော့

၁။ ဘုရားကဿပ၊

၂။ ဥရုဝေဠကဿပ၊

၃။ နဒီကဿပ၊

၄။ ဂယာကဿပ၊

၅။ မဟာကဿပ(ခင်ဗျားပြောတဲ့ ရှင်မဟာကဿပကြီးပေါ့)၊

၆။ စိတြကထိက ကုမာရကဿပ၊

၇။ သာမည ကုမာရကဿပ၊

၈။ သီဟိုဠ်မဟာကဿပ၊

၉။ ကိဋ္ဌိပူရကဿပ၊

၁၀။ ပေါင်လောင်ရှင် ကဿပ၊

၁၁။ ဘုန်းကြီး ဦးကဿပ၊

၁၂။ ကိုရင်ကဿပ

ကိုင်း ၁၂ ပါးရရောမဟုတ်လား"

ဤသို့ စုံစုံလင်လင်ကြားရသောအခါ ရှင်မယ်ထိန်သည် ကျွန်ုပ်အား အတန်ခံ့ညားလာပုံရသည်။ သို့ရာတွင် လေကား မပျော့လှချေ။

"အင်း အဲသည် ၁၂ ပါးရဲ့အကြောင်းကို နည်းနည်းပြောဦးမှပေါ့ ကိုရင် ငကျား‌ရဲ့"

"ဘုရားကဿပကတော့ အထင်ရှားသားပဲဗျ၊ ကျုပ်တို့ ဒီဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်မယ်ဆိုတဲ့အနက်က ကောက္ကုသံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ပွင့်ပြီးပြီလေ၊ အရိမေတ္တေယျ ကျန်သေးတယ်၊ အဲဒီတော့ ကျုပ်တို့ရှင်ဂေါတမရဲ့ အရင်ပွင့်တဲ့ တတိယမြောက် ကဿပဘုရားပေါ့။ နည်းနည်းချဲ့ပြောရရင်

အသက်နှစ်သောင်းတန်းမှာ ပွင့်တယ်။

အမျိုးက ပုဏ္ဏားမျိုး။

ပြာသာဒ်ယာဉ်ကိုစီးပြီး တောထွက်တယ်။

ဒုက္ကရစရိယာ ၇ ရက်ကျင့်ရတယ်။

ပညောင်ပင်မှာပွင့်တယ်။

ပလ္လင်အမြင့် တစ်ဆယ့်ငါးတောင်။
ကိုယ်တော်အရပ် အတောင်နှစ်ဆယ်။
ရောင်ခြည်တော် အမြဲမရှိ၊ အလိုရှိတိုင်း ထွန်းတောက်နိုင်တယ်။
ကျောင်းတော်က ၁၆ မင်းပယ်တာ ရှိတယ်"

"ကိုင်း ကိုင်း ဆရာကြီး၊ တော်ဦး၊ သည့်ပြင် ကဿပတွေကို ဆက်ပါတော့"

"၂-၃-၄ ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့က တော့ ကျုပ်တို့ရှင်ဂေါတမ ဘုရားဖြစ်တဲ့ ၁၀၃ ခုနှစ်မှာပဲ ဥရုဝေဠ တောအုပ်မှာ မြစ်ကွေ့တစ်ခုစီမှာ ရသေ့ အခြံအရံ ၅၀၀၊ ၃၀၀၊ ၂၀၀ စီနဲ့ အသီးသီးနေကြတယ်။ သူတို့အယူက ကိလေသာခန်းခြောက် လွင့်စဉ်အောင်ဆိုပြီး ရေချိုး၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် ကစားကြသတဲ့။ အင်မတန်ကြည်ညိုစရာပေါ့၊ ရှင်မယ်ထိန်တို့ သူတို့ကို မကိုးကွယ်ဘူး လား"

"တော်တော်စနေဘ် ကောင်းကောင်းပြောပါ"

"အဲဒီသူတို့ဆီကို ဘုရားသခင်ရောက်လာတော့ ဘုရားသခင် ဟာ ကြမ်းကြုတ်တဲ့ နဂါးကို နှိမ်နင်းနိုင်တာတွေ၊ စတုမဟာရာဇ်နတ် တွေ၊ သိကြားတွေ၊ ဗြဟ္မာတွေက လာခစားရတာတွေ မြောက်ကျွန်းမှာ ဆွမ်းခံစားနိုင်တာတွေ၊ ပံ့သကူသင်္ကန်း လျှော်ဖွပ်လှန်းဖို့ သိကြားတို့ နတ်တို့က ရေကန် ကျောက်ဖျာ ရေခံတက်ပင် ဖန်ဆင်းပေးတာတွေ၊ ဇမ္ဗူဒိပ်ကျွန်းဦးမှ ဇမ္ဗူသပြေသီး၊ သျှိသျှားသီး၊ ကြစုသီး၊ တာဝတိံသာ က ကသစ်ပွင့်တွေကိုဆောင်ယူလာနိုင်တာတွေ၊ ထင်းတုံးတို့ကို အလွယ် ဖြင့် ကွဲစေနိုင်တာတွေ ရေ ားမှ လွတ်နိုင်တာတွေ။ အဲဒါတွေကို တစ်ခုပြီးတစ်ခု မြင်ရတော့။ အင်း ရှင်ဂေါတမဟာ တန်ခိုးတော့ ကြီးပါရဲ့၊ ငါတို့လို ရဟန္တာမဟုတ်တာတစ်ခုပဲလို့ မြင်ရတိုင်း မြင်ရတိုင်း အကြံဖြစ်သတဲ့။ တိုတိုပြောကြစို့၊ နောက်ဆုံးကျကော့မှ သတိသံဝေဂ

ရပြီး ဘုရားအဆုံးအမကို ယူပြီး အဲဒီရသေ့အားလုံး အကျွတ်တရား ရကြတယ်။ ခင်ဗျားတို့ ပွဲထဲများကြည့်ရတဲ့ 'ရှင်တစ်ထောင်ချွတ်ခန်း' ဆိုတာပေါ့ဗျ''

''ဘယ်မယ်တစ်ထောင်ကလို့တုံး၊ အားလုံး တစ်ထောင်နဲ့ သုံးပါး ရှိမှာပ''ဟု ခပ်ပြုံးပြုံး ပြောလေသည်။

''အင်း ဟုတ်သားပဲ''ဟု လျှော့ပေးလိုက်ရလေ၏။

''အဲဒီ ဥရုဝေဠ၊ နဒီ၊ ဂယာ ကဿပ ၃ ပါးဟာ ကျုပ်တို့ ရှင်ဂေါတမဘုရားရဲ့ အသီတိမဟာသာဝက ဆိုတဲ့ ရှစ်ကျိပ်သော မဟာ သာဝကကြီးထဲမှာ ပါကြတယ်ဗျ''

''ပြီးတော့ နံပါတ် ၅၊ ရှင်မဟာကဿပကြီးကတော့ ရှင်မယ် ထိန် အသိဆုံးနေမှာပေါ့၊ ဒါကြောင့် ရှင်မယ်ထိန်ပြောဖို့ ထားခဲ့မယ်''

''နံပါတ် ၆ စိတြကထိက ကုမာရကဿပဆိုတာကလည်း အသီတိ မဟာသာဝကဆိုတဲ့ ရှစ်ကျိပ်သော မဟာသာဝကကြီးထဲမှာ တစ်ပါးပါတဲ့ ရှင်ကုမာရကဿပကို ဆိုလိုတယ်။ အဲဒီရှင်ကဿပဟာ သာမညမဟုတ်ဘူး၊ ပထမတန်း အကောင်းဆုံး အတော်ဆုံးဆိုတဲ့ 'ဧတဒဂ်' ဘွဲ့ကို ရတယ်ဗျ''

''ဘယ်လိုနေရာမျိုးမှာတုံး''

''တရားစကားကို အဆန်းတကြယ် တန်ဆာဆင်ပြီး သာယာ နာပျော်ဖွယ် ဟောတတ်တဲ့နေရာမှာ''

''သဟာဖြင့် ခုကာလ ဓမ္မကထိက ဘုန်းကြီးတချို့လို ကဗျာ လင်္ကာတွေ အချွဲတွေ အသောတွေနဲ့ အသံ နိမ့် မြင့်၊ ရှည်တိုလုပ်ပြီး ဟောသာမျိုး ထင်ပါရဲ့နော''

''အဲဒီလိုမဟုတ်ပါဘူး၊ ဘုရားလက်ထက်မှာ ဒါမျိုးတွေ ဘာလုပ် ဝံ့မလဲ၊ အဝေးကြီးပါ''

ကျွန်ုပ်က ဆက်ပြန်သည်ကား

"အဲဒီကုမာရကဿပရဲ့ အကြောင်းဟာ အဆန်းသားဗျ။ ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ ရှိနေတုန်းမှာ ရာဇဂြိုဟ်ပြည်က သူဌေးသမီးတစ်ယောက်ဟာ လင်အိမ်ကိုရောက်ပြီးမှ အခွင့်တောင်းပြီး ရဟန်းပြုတယ်။ ရဟန်းပြုတော့ အဆင်သင့်ရာ ရှင်ဒေဝဒတ်ရဲ့ အသင်းအပင်းပါ ရဟန်းမိန်းမတို့ထံမှာ ရဟန်းပြုရတယ်"

"ဒီသူဌေးသမီးဟာ လူ့အဖြစ်က သန္ဓေနေ့ ပါလာတာကို မသိရှာဘူးတဲ့၊ ဒါနဲ့ ရဟန်းဘဝကျတော့ တဖြည်းဖြည်း သန္ဓေရင့်ပြီး ထင်ရှားလာတာနဲ့ အုတ်အုတ်ကျက်ကျက်ဖြစ်ပြီး စစ်ဆေးကြတော့ ဘယ်လိုသန္ဓေစွဲသည်ကို မသိရပါ၊ ရဟန်းမိန်းမဘဝမှာဖြင့် သီလစင်ကြယ်ကြောင်း အစစ်ခံရှာသတဲ့"

"ဒီအကြောင်းကို ရှင်ဒေဝဒတ်ကြားတော့ အမျိုးမျိုးစိုးရိမ်တာနဲ့ တစ်စုံတစ်ရာ မစစ်ဆေးဘဲ လူထွက်ခိုင်းသတဲ့၊ ဒီတော့မှ ရဟန်းမိန်းမက အရှင်မတို့ အကျွန်ုပ်ဟာ ဒေဝဒတ်ဆီမှာ ရဟန်းမပြုပါ၊ ဒေဝဒတ်လည်း ဘုရားမဟုတ်ပါ၊ ဘုရားထံမှာသာ ရဟန်းပြုပါတယ်၊ ရဟန်းပြုရဖို့ အခွင့်ကိုလည်း အကြိမ်ကြိမ်တောင်းမှ ရခဲ့ပါတယ်။ ဒါကြောင့် အကျွန်ုပ်ကို အလျင်တဆော လူဝတ်မလဲပါနဲ့၊ ဘုရားသခင်ထံကို ပို့ပါဦးလို့ တောင်းပန်ရှာသတဲ့"

"အဲဒါနဲ့ သာဝတ္ထိပြည် ဘုရားထံရောက်တော့မှ မင်း သူဌေးစတဲ့ ပရိသတ်အလယ်မှာ ဘုရားသခင်က အရှင်ဥပါလိမှတစ်ဆင့် ဝိသာခါ ဒါယိကာမကြီးကို စုံစမ်းစေသတဲ့။ စုံစမ်းတော့မှ လူ့ဘဝက ပါခဲ့တဲ့ သန္ဓေဖြစ်ကြောင်း ထင်ရှားသိကြရသတဲ့"

"အဲဒါနဲ့ လူမထွက်ရဘဲ ရဟန်းမိန်းမအဖြစ်နဲ့ပဲ ဒီကလေးကို ဖွားရတယ်။ တစ်နေ့တော့ ပသေနဒီကောသလမင်း ကျောင်းနားက ဖြတ်သွား၊ ကလေးငိုသံကြား၊ ကျောင်းနဲ့မတော်ဆိုပြီး ကလေးကို ကချေသည်တို့ထံအပ်ပြီး ကောင်းစွာ စောင့်ရှောက်ကျွေးမွေးတော်မူသတဲ့"

"ခုနစ်နှစ်အရွယ် သာမဏေပြု၊ နှစ်ဆယ်ရွယ် ရဟန်းပြု၊ မကြာမီ အမိရောသားရော အရဟတ္တဖိုလ်ရောက်ကြသတဲ့။ အဲဒီရဟန်းပဲ စိတြကထိက ကုမာရ ကဿပရယ်လို့ ကျော်စောလာတာ"

"ဩော် ဩော် သတိရပြီ၊ တစ်ခါက ကျုပ်တို့အရပ်မှာ ကိုယ်တော်ကလေးတစ်ပါး တရားဟောသာ မှတ်မိပြီ။ ဟုတ်တယ်၊ အဲသဟာလို သားအမိနှစ်ယောက် ဘုရားသခင်ကိုမှီပြီး ချမ်းသာကြရသယ်ဆိုတဲ့ အကြောင်း၊ ရဟန်းတွေစုပြောနေသာကို ဘုရားသခင်ကြားတော့ ဟိုးရှေးကလည်း အဲသည်လိုပဲဆိုပြီး နိဂြောဓရွှေသမင်မင်းဇာတ်ကို ဟောသဟာ ကိုး။ အဲသည်ဇာတ်ကို ကိုယ်တော်ကလေး ဟောသဟာ အို သိပ်အလွမ်းကောင်းသာပဲ"

ထိုအခါ ကျွန်ုပ်က ပြုံး၍ "ရှင်မယ်ထိန် မျက်ရည်ထွက်တယ် မဟုတ်လား၊ မှန်မှန်ပြော"

ဘာမျှပြန်မပြောဘဲ ပြုံးစနဲ့နဲ့ လုပ်နေသည်။

"အဲဒီကိုယ်တော်ကလေးဆိုတာ ခပ်ချောချော လှလှမဟုတ်လား"

"သူ့ကုသိုလ်နဲ့သူ လှတာ ဘာဖြစ်သေးတုံး"

"ရွှေမျက်မှန်နဲ့မဟုတ်လား"


"ရွှေမျက်မှန် မတပ်ရဘူးလို့ ဘယ်ဘုရားကဟောတုံး"

"ပိုးသင်္ကန်းဝတ်လို့လား၊ ဖဲသင်္ကန်းဝတ်လို့လား"

"နှစ်မျိုးလုံးဝတ်သယ်၊ အို အသားနဲ့ သိပ်တော်ထားသဟာပ"

"တရားပွဲမှာ ပိုက်ဆံခံရရဲ့ မဟုတ်လား"

"ခံတယ်လေ၊ ဘာဖြစ်သေးတုံး။ အောင်မယ် သူ့ဟာက ခေတ်ဆန်ဆန်ပဲတော်ရဲ့။ တရားတစ်ဝက်မှာ ဟပ်ပတိုင်းဆိုလား ဘာဆိုလား အနားပေးသယ်တော့။ အဲသည်အချိန်မယ် ပိုက်ဆံခံသာပေါ့။ ကျုပ်တို့အရပ်က ပြန်သွားတော့ ပိုက်ဆံလဲ အတော်ရသယ်။ ထန်းလျက်တို့၊



လက်ဖြင့်ကူးယူရေးဆွဲထားသော အလောင်းတော်ကဿပပုံတော်

သကာတို့၊ ဆီတို့၊ ပဲတို့ အို အများကြီးပဲလှူလိုက်ကြတယ်။ ကျုပ် အမှူဝေပါသယ်တော် ကိုရင်ကျောကို''

''မယ်မင်းကြီးမ ရိုင်းတယ်လဲ မအောက်မေ့ပါနဲ့။ သည်းခံပါ၊ ခပ်ဖြည်းဖြည်းမှ သာစုခေါ်ပါရစေ''

''တော်တို့အောက်သားတွေဟာ သဟာမျိုးချည်းပဲ''ဟု မျက်စောင်းထိုး၍ ဆိုသည်။

အဘယ်ကိုရည်ရွယ်၍ ''အောက်သားတွေ''ဟု ပြောလေသနည်းဟု ကျွန်ုပ် အောက်မေ့လိုက်၏။

*

ပြီးမှ ကျွန်ုပ်က ဆက်သည်ကား

''ကိုင်း နံပါတ် ၇ သာမညကုမာရ ကဿပကတော့၊ အင်းသူလည်း ခပ်ဆန်းဆန်းပဲဗျ။ ကျုပ်တို့ဘုရားလက်ထက်မှာပဲ ရှင်ဥဒါယီဆိုတဲ့ ရဟန်းတစ်ပါးရှိတယ်။ သူ့မယားဟောင်းကလည်း ရဟန်းမိန်းမလုပ်နေတယ်။ အဲဒါနဲ့ ရှင်ဥဒါယီဟာ အဲဒီရဟန်းမိန်းမဆီမှာ နေ့တိုင်းမပြတ် ဆွမ်းစားလေ့ရှိသတဲ့။ တစ်နေ့တော့ ပြောရစေတော့ အဲဒီသူတို့နှစ်ဦး ရာဂစိတ်အားကြီးစွာနဲ့ကြည့်တော့ ရှင်ဥဒါယီ သုတ်လွှတ်ပြီး သင်္ကန်း၌ ပေရသည်ကို အဲဒီရဟန်းမိန်းမကိုပဲ သင်္ကန်းလျှော်ခိုင်းသတဲ့။ ရဟန်းမိန်းမကလည်း သင်္ကန်းကသုတ်ကို မိမိကိုယ်တွင်းသို့ သွင်းခြင်းကို ပြုသတဲ့။ အဲဒါနဲ့ သန္ဓေတည်ပြီး အဲ အခု နံပါတ် ၇ ရှင်ကုမာရကဿပကို မွေးတာတဲ့ဗျ''

''အဲဒီကစပြီး ဘုရားသခင်က 'ရဟန်းများဟာ ဆွေမျိုးမတော်တဲ့ ရဟန်းမိန်းမကို သင်္ကန်းဟောင်းများ မဖွပ်မခိုင်းရ အဆိုးအနယ် မခိုင်းရဘူး'တဲ့။ ခိုင်းရင် (နိသဂ္ဂိယ) ပါစိတ်အာပတ်သင့်စေလို့ ပညတ်တော်မူသတဲ့ဗျ''

ထိုအခါ ရှင်မယ်ထိန်သည် "အင်း လောကကြီးဟာ တယ် ထူးဆန်းသဟာပဲနော"ဟု ဆိုမြည်၍ သက်မကြီး ချလိုက်လေ၏။

"ကိုင်း နံပါတ် ၈ သီဟိုဠ်က မဟာကဿပ ရောက်လာပြီဗျ။ ကျုပ်တို့ ပုဂံက ၅၃၆ ခုမှာ နန်းတက်တဲ့ နရပတိစည်သူနဲ့ နန်းပြိုင်၊ သီဟိုဠ်မှာ သာသနာ ၁၇၀၀ ကျော်လောက်မှာ အုပ်စိုးတဲ့ ပထမ သီရိမဟာ ပရက္ကမ ဗာဟုမင်းလက်ထက်၊ သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင် မဟာဝိဟာရ ဝါသီကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ ရှင်မဟာကဿပရယ်လို့ ရှိတယ်။ ပညာကျမ်းပြု ပုဂ္ဂိုလ်ကြီးတစ်ပါး ဖြစ်တယ်။ အဘိဓမ္မာဂဏ္ဌိပုဒ် စတဲ့ကျမ်းများကို ပြုတော်မူတယ်"

"ဩော် ပြီးတော့၊ ဟို သာရတ္ထဒီပနီဋီကာ၊ တေရသကဏ္ဍဋီကာ၊ အင်္ဂုတ္တရနိကာယ် ၁၁ ကျမ်းဋီကာ စတဲ့ ကျမ်းပေါင်းများစွာကိုပြုတဲ့ ရှင်သာရိပုတ္တရာဆိုတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီရှင်မဟာကဿပရဲ့ တပည့် ကြီးပဲဗျ။ ရှင်သာရိပုတ္တရာဟာ ရှင်သာရိပုတ္တရာ၊ ရှင်သာရိတနုဇ၊ ရှင် မဟာသာမိပါဒရယ်လို့ ၃ မည်တောင်ရတယ်။ သီဟိုဠ် ဗုဒ္ဓဒါသမင်းရဲ့ သားတော်ပေါ့ဗျ"

*

"နံပါတ် ၉၊ ကိဉ္စိပူရ ကဿပကတော့ အခု အိန္ဒိယပြည်၊ မဒရပ်နယ်ထဲမှာပါတဲ့ ရှေးက စောဠတိုင်းဆိုတာ ရှိတယ်။ အဲဒီ စောဠတိုင်း၊ ကိဉ္စိပူရမြို့နေ ကျမ်းပြုပုဂ္ဂိုလ်တစ်ပါး ဖြစ်တယ်။ သာသနာ တော် ၁၈၀၀ လောက်က ဆိုပါတော့ဗျာ။ (ဝိမတိဝိနောဒနီဋီကာ)၊ အဘိဓမ္မာလက်သန်း အဋ္ဌကထာတို့မှာ (မောဟဝိစ္ဆေဒနီ အဋ္ဌကထာ) စတဲ့ ကျမ်းများကို ပြုစုတော်မူတယ်ဗျ"

ကျွန်ုပ်သည် စကားဖြတ်၍ ဆေးလိပ်ညှိသောက်၏။

ရှင်မယ်ထိန်သည် ကျွန်ုပ်အား အတန်ကြာ စိုက်ကြည့်နေပြီးမှ "နေပါဦး၊ အခုပြောသွားတဲ့ အဋ္ဌကထာတွေ၊ ဋီကာတွေ၊ ဂဏ္ဌိတွေဟာ တော်ဘုန်းကြီးတုန်းက သင်ခဲ့တာတွေလား"ဟု ပြုံး၍မေးပြန်သည်။

"ရှင်မယ်ထိန်နော် ဒါပဲ၊ ကျုပ်ကို အဲဒါနဲ့ မကျီစားနဲ့။ နောက်တော့ ဒါပဲ"

"ကိုင်း အနို့ရင်လဲ အဲဒီကျမ်းတွေကို ကိုရင်ကျား သင်ကြားဖူးသလား"

မြန်မာနိုင်ငံလွှတ်တော်တွင် မေးခွန်းအချို့ကြောင့် ဝန်ကြီးချုပ်များ ဘေးကျိုးသွားသကဲ့သို့ ကျွန်ုပ်လည်း ဘေးကျိုးသွား၏။ အတန်စဉ်းစားပြီးမှ ထိုဝန်ကြီးချုပ်များ ဝေ့လည်ကြောင်ပတ် ဖြေသလိုဖြေမှ နေရာကျလိမ့်မည်ဟု အောက်မေ့ကာ

"သင်ဖူးတယ်ဆိုလည်း အခက်၊ မသင်ဖူးဘူးဆိုလည်းအခက်၊ ရှင်မယ်ထိန် နှက်မှာကို ကြောက်တာနဲ့ အဲဒီအမေးကို မဖြေဝံ့ဘူးဗျာ"

"အင်း အင်း တော်တို့အောက်သားတွေ တယ်စကားတတ်သယ်နော၊ အလွန်တော်တဲ့ယောကျ်ားတွေကပဲ နော"

ထိုအခါ ကျွန်ုပ်သည် အဘယ်ကိုရည်၍ 'အောက်သားတွေ' ဆိုသော စကားကို သုံးလိုက်လေသနည်းဟု စိတ်က တွေးလိုက်မိပြန်၏။

*

"နံပါတ် ၁၀ ပေါင်လောင်ရှင်ကဿပကတော့ အခု ဒီ အလောင်းတော်ကဿပနဲ့ ဆိုင်တယ်လို့ ကျွန်တော်က ယူထားတယ်။ ဒါကြောင့် နောက်ဆုံးမှပြောမယ်"

"နံပါတ် ၁၁ နဲ့ ၁၂ ဘုန်းကြီးကဿပ၊ ကိုရင်ကဿပတို့ ဆိုတာက ခုကာလ ဘုန်းကြီးတွေ ကိုရင်တွေလည်း ကဿပဆိုတဲ့ အမည်ကို မှည့်ခေါ်ကြောင်း ပြောလိုတာပေါ့ဗျ။ ဥပမာဗျာ၊ ကျုပ်တို့

ရန်ကုန်တောရကျောင်းတိုက် ဦးကဿပ။ ပြီးတော့ မင်္ဂလာစံကျောင်း ဦးတိဿရဲ့တပည့် ကိုရင်ကဿပ၊ အဲ သူတို့အကြောင်းကတော့…''

''နေပါဦး၊ အဲဒီ ဦးကဿပတို့ ကိုရင်ကဿပတို့ ပျံတော်မူကြပြီလား''

''ဟင့်အင်း ပျံတော်မမူကြသေးဘူး။ အခု မာမာချာချာနဲ့ ရှိကြသားပဲ''

''အဲသည်လို အသက်ရှင်နေကြရက်သားနဲ့ ဒီအလောင်းတော် ကဿပ ဖြစ်နိုင်ပါ့မလား။ တော်လည်း အတော်ခက်တဲ့လူကြီးပဲ''

''အေးလေ၊ ဆိုင်မဆိုင်ကို နောက်တော့ရှင်းယူတာပေါ့။ ကဿပ ဆိုတဲ့ နာမည်ပါတာတွေ လျှောက်ပြောရတာကိုဗျ''

''ကိုင်းပါလေ တော်ပါ၊ ဆိုင်သဟာလောက်ကို ပြောစမ်းပါ''

''ကောင်းပြီလေ အခုပြောခဲ့တဲ့အတိုင်း

၁။ ဘုရားကဿပ၊

၂။ ဥရုဝေဠကဿပ၊

၃။ နဒီကဿပ၊

၄။ ဂယာကဿပ၊

၅။ မဟာကဿပ၊

၆။ စိတြကထိက ကုမာရကဿပ၊

၇။ သာမဏကုမာရကဿပ၊

အဲဒီ ၇ ပါးက မဇ္ဈိမကဖြစ်တယ်။ ဘုရား ကဿပကလွဲလို့ အားလုံး ရှင်ဂေါတမဘုရားလက်ထက်မှာချည်း ဖြစ်တယ်။

၈။ သီဟိုဠ် မဟာကဿပ၊

၉။ စောဠတိုင်း ကိဋ္ဌိပုရမြို့ ရှင်ကဿပ၊

အဲဒီနှစ်ပါးက သီဟိုဠ်နဲ့ မဒရပ်နယ်ကဖြစ်တယ်။

သာသနာတော် ၁၇၀၀–၁၈၀၀ လောက်ဆီက ဖြစ်ကြတယ်။

၁၀။ ပေါင်လောင်ရှင်ကဿပ

အဲဒါက မြန်မာနိုင်ငံ ပုဂံကဖြစ်တယ်။ သက္ကရာဇ် ၅၀၀ ကျော် ၆၀၀ အတွင်းကဖြစ်တယ်။

၁၁။ ဘုန်းကြီးကဿပ၊

၁၂။ ကိုရင်ကဿပ။

အဲဒီနှစ်ပါးက ရန်ကုန်ကဖြစ်တယ်၊ မပျံလွန်ကြသေးဘူး။

"ကိုင်း ကဿပ ၁၂ မျိုးရှိတယ်၊ ဘာလုပ်မလဲ"

ရှင်မယ်ထိန်က တွေး၍ပြောသည်မှာ "ဘုရားကဿပရဲ့အလောင်းတော်တော့ မဟုတ်နိုင်ပါဘူး၊ ကာလကြာလွန်းပါတယ်။ အခု အဲသည်အလောင်းတော်ပုံမှာလည်း ရောင်တော်မပါဘူး၊ ရဟန္တာပုံတော်ဖြစ်တယ်။ သဟာကြောင့် ဘုရားကဿပတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး"

"ပြီးတော့ ရှင်ဂေါတမလက်ထက်က ဉရုဝေဠ၊ နဒီ၊ ဂယာကဿပဆိုတဲ့ ၃ ပါးလည်း အစဉ်အဆက် ဘယ်သူမျှမပြောကြဘူး။ သီဟိုဠ်တို့၊ စောဠတိုင်းတို့က ကျမ်းပြုဆရာ ရှင်ကဿပတွေလည်း မဟုတ်တန်ရာပါဘူး။ ကျုပ်ဖြင့် အခုမှပဲ ကြားဖူးသဟာကိုး"

"တော်တို့ရန်ကုန်က ဘုန်းကြီးနဲ့ ကိုရင်လည်း အသက်နဲ့ငုတ်တုတ် ရှိနေကြသေးတော့ ဘယ်ဟုတ်နိုင်မှာလဲ ကိုရင်ကျားရဲ့၊ တော်ဟာသက်သက် အရွဲ့တိုက်ပြီး ထည့်ပြောသာလို့ ထင်သယ်။ အဲဒီတော့ ကျုပ်ကတော့ နံပါတ် ၅ ရှင်မဟာကဿပကြီးလို့ ဆိုချင်တယ်။ တော်က နံပါတ် ၁၀ ပေါင်လောင်ရှင်ကဿပ ဖြစ်သင့်တယ် ဆိုသာကတော့ ကျုပ်နားထောင်ချင်ပါသေးရဲ့"

"အဲ ဟုတ်လှပြီ၊ ခင်ဗျားက ခင်ဗျားထင်တဲ့ ရှင်မဟာကဿပကြီးရဲ့အကြောင်းကို အရင်ပြော။ ကျုပ်က ကျုပ်ထင်တဲ့ ပေါင်လောင်ရှင် ကဿပရဲ့အကြောင်းကို နောက်ပြောမယ်။ ကိုင်း စကားရပ်ကြဦးစို့ရဲ့"

ဤတွင် နေနည်းပြီဖြစ်၍ တည်းခိုသောဇရပ်သို့ ပြန်ကြ၏။

## အောက်သား

ညထမင်း ချက်ပြုတ်စားသောက်ပြီး၍ အတန်ကြာသောအခါ ရှင်မယ်ထိန်ထံမှ သူငယ်မတစ်ယောက်ကိုလွှတ်၍ လက်ဖက်အုပ် ပို့လာ၏။

အလောင်းတော်ကဿပအရပ်တွင် အလွန်ရှားပါးသည်ဖြစ်ရကား လက်ဖက်သို့သော အစားအစာကို သာမညလူ မစားနိုင်ချေ။ မစားရချေ။ အလွန်ဝမ်းမြောက် ကျေးဇူးတင်စွာ ခံယူလိုက်၏။

ပို့လာသူ သူငယ်မမှာ ၁၃ နှစ် ၁၄ နှစ်ရွယ်၊ ရိုးရိုးကလေးပင် ဖြစ်သည်။ ရှင်မယ်ထိန်အကြောင်းကို စုံစမ်းရန် အကွက်ဆိုက်ပြီဟု

"ဩော် ဟဲ့ မိန်းကလေး၊ ခဏနေပါဦးကွယ်။ မင်းရန်ကုန်ကို ရောက်ဖူးသလား"

"မရောက်ဖူးဘူး အစ်ကိုကြီးရဲ့"

"ဟာ သိပ်ပျော်ဖို့ကောင်းတာပဲ၊ ငါပြောပြမယ်၊ ခဏနေဦး"

သူငယ်မလေး ထိုင်လေသည်။

"ဒီမှာလေ၊ ဩော် ရန်ကုန်အကြောင်းထားပါဦး၊ မင်းတို့ ဘယ်အရပ်ကလဲကွဲ့"

"အကျွန်တို့က ဟိုချင်းတွင်းမြစ်နားက ရွာကပဲ။ အမကြီးထိန်က အကျွန့်အစ်မဝမ်းကွဲတော်သယ်၊ အစ်မကြီးရဲ့အဖေက ရွာသူကြီး၊ ဘကြီးတုတ်လို့ခေါ်သယ်"

"နို့ မင်းအစ်မကြီးရဲ့ယောက်ျားက ဘာလုပ်သလဲကွဲ့"

(အကြံနှင့် မေးသည်။)

"ဟာ အစ်မကြီးမှာ လင်မရှိပါဘူး၊ အပျိုကြီးပါ"

"ဩော် ဟုက်ကလား၊ မသိလို့ပါကွယ်၊ နေပါဦး မင့်အစ်မကြီးက တယ်ထန်ပါကလား"

"ခါတိုင်းဆိုရင် မထန်ပါဘူး အစ်ကိုကြီးရယ်၊ အခုတော့ ဟုတ်သယ် နည်းနည်းထန်နေသယ်။ ဟို အစ်ကိုကြီးတို့ ရန်ကုန်ကဆိုတဲ့ လူတစ်ယောက်ကို စိတ်နာနေလို့ သိရဲ့လား"

"ဟယ် အကျိုးနည်းကုန်ပဟယ်"ဟု ကျွန်ုပ် လွှတ်ခနဲ ထွက်သွားလေသည်။

"ဘယ့်နှယ်နာပုံလဲ၊ ပြောပါဦးကွဲ့"

"ဟို မိုးနှောင်းလောက်တုန်းက ရန်ကုန်ကတဲ့ ကုန်သည်ပွဲစားဆိုပဲ အစ်ကိုကြီးရဲ့။ အဲသာ အညာကုန်ကူးချင်လို့တဲ့ ဘကြီးတုတ်တို့အိမ်ကို ရောက်လာသယ်။ လူကလှသယ် အစ်ကိုကြီးရဲ့ အစ်ကိုကြီးတို့ထက် အပုံကြီးလှတယ်"

ကျွန်ုပ်သည် အံကြိတ်၍ခံနေရ၏။

"အစ်ကိုကြီးတို့လို ဆံပင်ရှည်နဲ့မဟုတ်ဘူး၊ ကုလားဦးစွန်းဖုတ်နဲ့။ အောင်မယ် အသည်မယ် အစ်ကိုကြီး၊ သူ့လိမ်းတဲ့ဆီကလေ အရေမဟုတ်ဘူး။ အခဲအတောင့်ကြီး၊ ဖယောင်းတိုင်လိုပဲ သိပ်မွှေးသာ အစ်ကိုကြီးရဲ့။ ပြီးတော့လေ ရွှေမျက်မှန်ကြီးနဲ့ သိလား၊ စက္ကူဆေးလိပ်ဖြူတွေကိုလေ သံဘူးနဲ့ထည့်သောက်သယ် အစ်ကိုကြီးရဲ့"

"အင်း ပြောစမ်းပါဦးကွယ်၊ ဒီလူလှရဲ့အကြောင်းကို"

"ပြီးတော့လေ အထဲခံအင်္ကျီကလေ လည်ပင်းကလည်း အမာကြီး၊ လက်ဖျားကလည်း အမာကြီး သိရဲ့လား။ စိန်ကြယ်သီးတွေ အစုံတပ်လို့ အစ်ကိုကြီးရဲ့။ စကလပ်လုံချည်တွေ ဖဲလုံချည်တွေ အိုအများကြီးပါပဲ၊ ဘွတ်ခြေနင်းကို အမြဲစီးသယ်၊ မော်ဇာတွေကလည်း အမျိုးစုံပါပဲ အစ်ကိုကြီးရယ်"

"လူကတော့ ပိန်ပိန်ပျော့ပျော့ မဟုတ်လား"

"ဟုတ်သယ် အစ်ကိုကြီးရေ့ ဟုတ်သယ်၊ ပါးပါးနွဲ့နွဲ့ကလေးရယ်။ မိန်းကလေးလိုပဲ နူးကနူးညံ့နဲ့၊ လမ်းများလျှောက်သွားရင်လေ နောက်ကကြည့်ရင် မိန်းကလေးလို့ထင်ရသယ်။ သိပ်ယဉ်ကျေးသာ"

"နေပါဦး လည်ပင်းမှာ အနာရွတ်တွေမရှိဘူးလား"

"ရှိသယ်ထင်ပါရဲ့ အစ်ကိုကြီးရယ်၊ ကောင်းကောင်းမမြင်ရဘူး။ အမြဲလိုလိုပဲ လည်ပတ် ပတ်ထားသယ်"

ထိုအခါ ကျွန်ုပ်သည် မျက်စိမျက်နှာ အတော်နီနေလေပြီ။ ဤသို့သော ယောကျ်ားချေးဖျက်တို့ကို ထားဝယ်ကြိမ်ကောင်းကောင်းနှင့် နှံချင်သောစိတ်တွေ တဖွားဖွားဖြစ်ပေါ်နေလေ၏။

"အေး အဲဒါဘာဖြစ်သလဲ၊ မြန်မြန်ပြောစမ်းပါကွယ်"

"ဟင် အစ်ကိုကြီးကလဲ စိတ်တိုလိုက်သဟာ၊ အဲသည်လိုနဲ့ အိမ်မှာ ၂ လလောက်ကြာသယ်။ အစ်မကြီးနဲ့လည်း ခင်မင်ကြသယ်"

"ရှင်းရှင်းပြောစမ်းပါဟယ်၊ ချစ်ကြကြိုက်ကြတာလား"

"အို အသည်လိုမဟုတ်ပါဘူး၊ ဟိုလူက သူ မကြာခင်ပြန်လာမယ် ဆိုသဟာ အခုအထိ ပြန်မလာလို့ အစ်မကြီးက စိတ်ဆိုးနေသာ"

"နှင့်မေးရတာ ဝေ့လည်လည်ရှိလိုက်တာဟယ်။ ပြန်မလာလို့ စိတ်ဆိုးတယ်ဆိုတာ သမီးရည်းစားမှ စိတ်ဆိုးရတယ်ခင်ဗျ"ဟု ကျွန်ုပ်သည် စိတ်တွေမာန်တွေနှင့် အရမ်းတွေကို ပြောမိလေ၏။

"မဟုတ်ပါဘူး အစ်ကိုကြီးရဲ့၊ အစ်မကြီးက စကားမတည်သူကို စိတ်ဆိုးတတ်သယ်၊ ရွာထဲမှာလည်း အဲသည်လိုပါပဲ။ ဘယ်သူဖြစ်ဖြစ် သူ့ကို မဟုတ်သဟာကိုပြောရင် တစ်ခါထဲ မှတ်ထားရော သိရဲ့လား"

"ဪ ဒီလိုလား၊ ဒါဖြင့် တော်သေးရဲ့"

"ဘာတော်သာလဲ အစ်ကိုကြီး"

"ဟာ ဟိုဒင်း၊ ဒီလိုလေ ဟို မင်းအစ်မကြီးဟာ လိမ်တတ်တဲ့ လူကိုမုန်းတာဟာ တော်တယ်လို့ ဆိုတာပါကွယ်"ဟု ထစ်ငေါ့ငေါ့နှင့် ပြောလိုက်ရလေသတည်း။

ကလေးမလည်း ပြန်လေ၏။ မကြာမီ "ဟဲ့ ကြာလှချည်လား၊ လာဦး သည်အခန်းထဲကို မှတ်ကလား မှတ်ကလား"ဟု ရှင်မယ်ထိန်

၏ အသံကို ကြားလိုက်ရ၏။ ဗုန်းဗုန်းဒိုင်းဒိုင်း ရိုက်သံကိုကား မကြားရပါ။ ပေါင်တွင်းကြောကို ဆွဲလိမ်ဟန်တူ၏။

ဤသို့မှ ရှင်မယ်ထိန်သည် "တော်တို့အောက်သားတွေ"ဟု မကြာမကြာ ရော၍ကြိမ်းသည်ကို နားလည်ရပေတော့သည်။

## ရှင်မဟာကဿပကြီး

နံနက် လက်ဖက်ရည်သောက်ပြီးကြသော် ကျွန်ုပ်တို့ နှစ်ယောက်ဆုံ၍ အလောင်းတော် တန်ဆောင်းသို့ လာခဲ့ကြပြန်၏။

"ကိုင်း ရှင်မယ်ထိန်၊ ဒီအလောင်းတော်ဟာ ရှင်မဟာကဿပကြီးရဲ့အလောင်းတော်လို့ ခင်ဗျားတို့ယူထားတဲ့အတိုင်း ရှင်မဟာကဿပရဲ့ရာဇဝင်ကို ခင်းပေတော့"

"ခင်းရမယ် ခင်းရမယ်၊ ကျုပ်က ညက်ညက်ကြေနေတာ သိရဲ့လား။ အဲဒီ ကျုပ်တို့ရဲ့ ရှင်မဟာကဿပကြီးဟာ လူ့ဘဝတုန်းက လူနာမည်က ပိပ္ပလိလုင်တဲ့ သိရဲ့လား၊ သူကလည်း ဆုတောင်းနဲ့ကလားတော့"

## ပဒုမုတ္တိုရ်ရ ဘုရားလက်ထက်

"အခု ရှင်ဂေါတမ မပွင့်ခင် ကမ္ဘာတစ်သိန်းက ပဒုမုတ္တိုရ်ရ ဘုရားလက်ထက်မှာ ရှင်မဟာကဿပ အလောင်းက ဝေဒေဟဆိုတဲ့ သူကြွယ် ဖြစ်တယ်။ တစ်နေ့တော့ ပဒုမုတ္တိုရ်ရ ဘုရားရဲ့တပည့်၊ အင်မတန်အကျင့်ကောင်းပြီး ဓုတင် ၁၃ ပါးကို ရိုရိုသေသေကျင့်တဲ့၊ မဟာနိသဘဆိုတဲ့ ရဟန်းတော်ကို တွေ့မြင်ရတော့ အင်မတန်ကြည်ညို အားကျသာနဲ့ ကုသိုလ်အမျိုးမျိုးပြုပြီး နောင် ဘုရားရှင်တို့ထံမှာ အဲသည် ရှင်မဟာနိသဘလို ဓုတင် ၁၃ ပါးကို ဆောင်နိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ လို့ ဆုတောင်းသတဲ့"

"ဘုရားသခင်ကလည်း နောင်ကမ္ဘာတစ်သိန်းမြောက် ဖြစ်တဲ့ ဘဒ္ဒကမ္ဘာမှာ ရှင်ဂေါတမဘုရား လက်ထက်မှာ ရှင်ကဿပအမည်နဲ့ ရှုတင် ၁၃ ပါးကိုဆောင်တဲ့ တတိယသာဝကကြီး ဖြစ်လိမ့်မယ်လို့ ဗျာဒိတ်ကြားတော်မူသတဲ့"

## ဝိပဿီဘုရားလက်ထက်

"အဲသည်နောက် လူပြည် နတ်ပြည် စုန်ဆန်ပြီး ဝိပဿီဘုရား လက်ထက်ကျတော့ ဗန္ဓုမတီတိုင်းပြည်မှာ ဆင်းရဲတဲ့ပုဏ္ဏားမျိုးမှာ လာဖြစ်သတဲ့။ ဟင်းရွက်ခူး ထင်းခွေပြီး အသက်မွေးရရှာသတဲ့။ ဘယ်လောက်များဆင်းရဲလဲဆိုတော့ လင်မယားနှစ်ယောက်မှာ ကိုယ်ဝတ်တစ်ထည်စီသာရှိပြီး အပေါ်ရုံအဝတ်ကတော့ နှစ်ယောက်မှ တစ်ထည်တည်း။ အဲဒီ ၃ ထည်သာရှိသတဲ့။ ဖြစ်ရပုံကိုပြောဦးမယ်။ လင်က အစည်းအဝေးတို့ဘာတို့ သွားရင် မယားမှာ ကိုယ်ဝတ်သာကျန်ခဲ့လို့ ပြင်ကို မထွက်ဝံ့ဘူးတဲ့၊ မယားသွားရင်လည်း လင်မထွက်ဝံ့ဘူးတဲ့။ အဲသဟာကြောင့် (ဧကသာဋက)ရယ်လို့ အမည်တွင်သယ်၊ အဝတ်တစ်ထည်သမားဆိုပါတော့"

"တစ်ခါတော့ ဝိပဿီဘုရား တရားဟောရာမှာ အဲသည်ပုဏ္ဏား တရားဝင်နာတော့ အလွန်နှစ်သက်ဝမ်းမြောက်ပြီး သူ့မှာရှိတဲ့ အပေါ်ရုံ တစ်ထည်ကို လှူမလို့ကြံလိုက်၊ နမြောလိုက်နဲ့၊ ချီတုံချတုံဖြစ်နေသဟာ ညဦးက သန်းခေါင်၊ သန်းခေါင်က သန်းခေါင်ကျော်ကျတော့မှ လှူမယ်ဆိုတဲ့စိတ်က အနိုင်ရပြီး ကပျာကယာ သူ့အပေါ်တင်အဝတ်ကလေးကို ဘုရားခြေရင်းတော်မှာ ပုံချပြီး လက်ခမောင်းခတ်ကာ အောင်ပြီ အောင်ပြီ အောင်ပြီလို့ ၃ ကြိမ်အော်ဟစ်လိုက်သတဲ့တော့"

"အဲသဟာကို အနားမှာရှိတဲ့ ဗန္ဓုမမင်းကြီးက အလုံးစုံအဖြစ်အပျက်ကို ကြားသိရတော့ ဝမ်းမြောက်ပြီး ပုဆိုးတစ်စုံ ပေးတော်မူ

သတဲ့။ ဧကသာဋကလည်း ဘုရားကျေးဇူးကြောင့် ရတယ်ဆိုပြီး ရတဲ့ ပုဆိုးတစ်စုံကို ဘုရားကိုလှူသတဲ့၊ မင်းကြီးက သိပြန်တော့ တစ်ဆတိုးပြီး နှစ်စုံပေးသတဲ့၊ အကုန်လှူပစ်ပြန်လို့ လေးစုံပေးပြန်တော့ အကုန်လှူပစ်ပြန်တယ်။ ၁၆ စုံ ပေးတော်မူပြန်သတဲ့၊ အဲသည် ၁၆ စုံကျတော့ နှစ်ဆရမှန်းသိလို့ လှူပစ်သယ်လို့ ပြောစရာဖြစ်မှာကြောင့် သူဖို့တစ်စုံ၊ သူ့မယားဖို့တစ်စုံ အဲသည်နှစ်စုံကိုထားပြီး အကျန်ကို အကုန်လှူလိုက်သတဲ့"

"နောက်လည်း မင်းကြီးက အသပြာတစ်သိန်းထိုက်တဲ့ကမ္ဗလာတစ်စုံပေးလိုက်ပြန်တော့ ဘုရားသခင်အတွက် အခင်းတစ်ခု၊ မျက်နှာကြက်တစ်ခု လုပ်ပြီး လှူလိုက်သယ်။ မင်းကြီးလာတော့ ဘုရားသခင်ရဲ့ ရောင်ခြည်တော်နဲ့ ကမ္ဗလာရောင်တို့ဟာ အင်မတန် ပနံရပြီး ကြည်ညိုဖွယ်ဖြစ်နေသဟာကို မြင်ရတော့ ဧကသာဋကကို ရွာ၊ ရထား၊ ကညာ၊ ပြာသာဒ်၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်ဖြင့် ရှစ်ဦးစီ ပေးတော်မူသတဲ့"

## ကောဏာဂုံဘုရားနှင့် ကဿပဘုရားအကြား

"အဲသည်ဘဝက အနိစ္စရောက်တော့ လူ့ပြည်နတ်ပြည်ကျင်လည်ပြီး ကျုပ်တို့ရဲ့ ဘဒ္ဒကမ္ဘာမယ် ကောဏာဂုံဘုရားနဲ့ ကဿပဘုရားအကြား ဗာရာဏသီပြည်မယ် သူကြွယ်အမျိုးမှာ ဖြစ်လာပြန်သယ်"

"တစ်ခါတော့ ပစ္စေကဗုဒ္ဓါတို့ကို သင်္ကန်းအနားပတ်ချုပ်ဖို့ သူ့ပုဆိုးက ဖြတ်လှူပြီး ဖြစ်လေရာမှာ တောင့်တတိုင်း ပြည့်စုံရပါလို၏လို့ ဆုတောင်းသတဲ့"

"သူ့မယားမှာလည်း ယောက္ခမနဲ့ ရန်ဖြစ်တော့ ယောက္ခမက ပစ္စေကဗုဒ္ဓါတစ်ပါးကို ဆွမ်းလှူပြီး သည်မိန်းမမျိုးနဲ့ ဖြစ်လေရာမှာ ဝေးပါစေလို့ ဆုတောင်းသတဲ့။ အဲသဟာကို ဆွမ်းကိုမစားဖြစ်အောင်

ဆိုပြီး မယားက သပိတ်ကိုလိုက်ယူပြီး ဆွမ်းတွေသွန်ပစ်ပြီး ရွှံ့ညွန်တွေကို ထည့်ပေးလိုက်သတဲ့။ အဲသဟာကို ယောက္ခမကမြင်လို့ ဆိုမြည်တော့မှ သတိရပြီး တစ်ခါ ရွှံ့ညွှန်တွေကို သွန်ပစ်ဆေးကြောပြီးမှ စတုမဓုအပြည့် ထည့်လှူပြီးတော့ ဖြစ်လေရာဘဝမယ် ရှုလို့မဝအောင် လှပါစေလို့ ဆုတောင်းလိုက်သတဲ့"

"အင်း မိန်းမများ တယ်လှချင်ကြတယ်နော်"

"လှချင်သယ် လှချင်သယ် လှချင်သယ်၊ ဘာဖြစ်သတုံး"

"အင်း ခင်ဗျားသတိထား ဒေါသကြီးတဲ့လူဟာ အရုပ်ဆိုးတတ်သတဲ့၊ နောင်ဘဝမှာ ခုဘဝလို မလှဘဲဖြစ်နေဦးမယ်"

ထိုအခါ ရှင်မယ်ထိန်သည် အတန်မျက်နှာချိုလာလေ၏။

## ကဿပဘုရားလက်ထက်

"အဲဒီလင်မယား သေကြပြီးတော့ နတ်ပြည်မယ် ဖြစ်သယ်၊ ကဿပဘုရားလက်ထက်ကျတော့ လူ့ပြည် ဗာရာဏသီမယ် သူဌေးသူကြွယ်ရဲ့ သားသမီးများ ဖြစ်လာကြသတဲ့။ သူတို့နှစ်ယောက် ရေစက်ပါလို့ ညားကြတော့ ဟောမိန်းမမှာ ရှေးက စတုမဓုလှူဖူးလို့ အဆင်းတော့ လှပါရဲ့၊ ရွှံ့ညွှန်ထည့်ဖူးလို့ အပုပ်နံ့ထွက်နေသာနဲ့ ဘယ်သူမှ အနားကို မကပ်နိုင်ဘူးတဲ့။ အဲသာနဲ့ လင်က စွန့်ပစ်လိုက်ရရောတဲ့။ နောက်ထပ် လင် ၆ ယောက်ရသာလဲ သည်လိုချည်းပဲ စွန့်ပစ်သွားကြသယ်တဲ့"

ထိုအခါ ကျွန်ုပ်သည် ပြုံးလိုက်မိသည်ဖြစ်ရာ

"ဘာလဲ တော်က ဘာပြုံးရသာတုံး။ တော်ပြီ မပြောတော့ဘူး" ဆို၍ မျက်နှာလွှဲနေလေသည်။

"အို တခြားဟာတွေးပြုံးတာပါဗျာ။ ပြောပါ ပြောပါ။ အဲဒီလို စိတ်လုပ်ရင် အလှပျက်တတ်တယ် သိရဲ့လား"

"သူ့မယ်သဟာပဲတတ်သယ်။ ကိုင်းပါ၊ နားထောင်ပါ၊ နောက်တော့ ကဿပဘုရား ပရိနိဗ္ဗာန်စံတော့ ဓာတ်တော်ကို စေတီတည်ရာမယ်၊ အုတ်အလှူလှူကြာ အမွှေးရည်တို့နဲ့ ပူဇော်ပြီး ယခုကစပြီး ဖြစ်ရာဘဝမယ် ကိုယ်လုံးမွှေးပါစေလို့ ဆုတောင်းသတဲ့။ အဲသည်ကစပြီး သူ့အပုပ်နံ့တွေဟာ ပျောက်ပြီး မွှေးကြိုင်တဲ့အနံ့တွေ ထွက်လာရောတဲ့တော့"

"နောက်မကြာခင်ပဲ သူ့ပထမလင်ယောကျ်ားက ပြန်ခေါ်ပေါင်းသင်းပြီး စုတေကြလို့ နတ်ပြည်မယ် ဖြစ်လာရောတဲ့"

## ဘဝသစ်

"နတ်ပြည်က စုတေပြန်တော့၊ ဗာရာဏသီက တစ်ယူဇနာဝေးတဲ့ ရွာတစ်ရွာမယ် အမတ်ကြီးသား ဖြစ်လာသယ်၊ နာမည်က နန္ဒိယတဲ့၊ မယားကတော့ ဗာရာဏသီမင်းရဲ့သမီး ဖြစ်လာသယ်၊ နာမည်က ဘဒ္ဒသာတဲ့"

"နန္ဒိယဟာ သူ့မိဘဆီမယ် ပုဆိုးတောင်းတော့၊ တစ်သောင်းတန်အထိ တက်ပေးပေးသိ ကြမ်းသယ်ဆိုပြီး ပုဆိုးအဝတ်ကောင်းရာရအောင် ထွက်လာခဲ့သတဲ့"

"ဗာရာဏသီရောက်လာတော့ ဥယျာဉ်ထဲမယ် အိပ်နေသယ်။ ဗာရာဏသီမင်း နတ်ရွာစံလို့ သမီးသာကျန်သာနဲ့ ဖုတ်သွင်းရထားလွှတ်လို့ အဲသည်နန္ဒိယကိုရမှ သမီးတော်နဲ့လက်ထပ်ပြီး ဘုရင်ဖြစ်ရသယ်"

"ဘုရင်ဖြစ်တော့မှ တိုင်းပြည်မှာ အကောင်းဆုံး တစ်သိန်းတန်ပုဆိုးကိုတောင် ကြမ်းသယ်ဆိုပြီး သူ့ကုသိုလ်တွေကို တိုင်တည်ပြီး ရေသွန်းဖျန်းလိုက်တော့ တစ်ခါထဲ ပုဆိုးပဒေသာပင်ကြီး ၃၂ ပင်တောင် ပေါက်လာသတဲ့။ အဲသည်ပုဆိုးတွေကတော့ အဖိုးအတိုင်းမသိထိုက်တဲ့ နတ်ပုဆိုးတွေဆိုပဲ"

"နေပါဦး၊ နတ်ပုဆိုးမှာ ဘယ်လိုနေသလဲ၊ ရှင်မယ်ထိန်မြင်ဖူးသလား"

"အင်း မြင်ဖူးသားပ"

"ဘယ်မှာလဲ"

"နတ်ရုပ်တွေမယ်"

နှစ်ယောက်သား ရယ်ကြရလေ၏။

"အဲသာဟာနဲ့ နောက်ဆုံးတော့ သူတို့နှစ်ယောက်လုံး ရဟန်းပြုပြီး စုတေကြဲတော့ ဗြဟ္မပြည်မယ် ဖြစ်ကြသယ်" ဆို၍ ရှင်မယ်ထိန်က အဆုံးသတ်လိုက်လေ၏။

## ရှင်ဂေါတမဘုရားလက်ထက်

"ကိုင်း ကျုပ်တို့ဘုရားလက်ထက်ရောက်လာပြီ၊ ဗြဟ္မာ့ပြည်က စုတေတော့ မဂဓရာဇ်တိုင်း၊ မဟာမိတ္တဆိုတဲ့ ပုဏ္ဏားရွာမယ် လူလာဖြစ်သယ်။ အဖပုဏ္ဏားရဲ့အနွယ်က ကဿပ တဲ့၊ အမည်ကတော့ ကပိလတဲ့။ အဲသည်သားဟာ ချစ်စရာကောင်းလို့ ပိပ္ပလိလို့ မှည့်သယ်။ မယားကတော့ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့၊ ကောသိယဆိုတဲ့ မင်းပုဏ္ဏားရဲ့မိဖုရားကြီးဝမ်းမယ် လာဖြစ်တယ်။ တင့်တယ်တဲ့ အဆင်း အရောင်ရှိလို့ ဘဒ္ဒကာပိလာနီလို့ မှည့်သယ်"

"သူတို့အရွယ်ရောက်တော့ မိဘက ပိပ္ပလိလုင်ကို မိန်းမပေးစားမယ်လုပ်တော့ မိန်းမမလိုချင်သာနဲ့ ရွှေရုပ်တစ်ခုလုပ်ပြီး အဲသည်ရွှေရုပ်လိုလှတဲ့ မိန်းမကိုရမှ ယူမယ်လို့ မရနိုင်ဘူးထင်ပြီး ပြောလိုက်ဆိုကိုးတော့။ အဲသည်ယောကျ်ားများ တယ်တော်သယ်နော၊ မိန်းမတွေဘာတွေမလိုချင်ဘူး"

"ဘာတော်ရမှာလဲဗျ။ ယောကျ်ားဆိုတာ မိန်းမယူရမယ်ဆိုတဲ့ ဓမ္မတာကိုဆန့်ကျင်လို့ ဘာကောင်းမလဲ"ဟု ကျွန်ုပ်က ထောက်လိုက်ရ၏။

"အဲသာနဲ့ ဟိုကုသနဲ့ ပဘာဝတီတို့လိုပဲ ရွှေရုပ်နဲ့တူတဲ့ ဘဒ္ဒကာပိလာနီကို တွေ့သာပ။ ထူးသာက မိဘနှစ်ဦးက သဘောတူပါရဲ့။ အနို့ပေသိ အိမ်ယာမထောင်ချင်တဲ့ ယောကျ်ားနဲ့ မိန်းမ ဖြစ်နေကြသာကိုး။"

"ယောကျ်ားက စာရေးဆိုပဲ၊ဘဒ္ဒကာပိလာနီတဲ့ မိဘက အတင်းပေးစားရင်တော့ ယူရမှာပဲ၊ နို့ပေသိ မကြာခင်တောထွက်သွားမှာမို့ မင်း တစ်ခုလပ်ဖြစ်ကျန်ရစ်မယ်။ အဲသည်တော့ တခြားယောကျ်ားကို ရှာယူပါလို့ စာပေးဆိုကိုး"

"မိန်းမကလည်း အဲသည်လိုပဲ၊ တခြားမိန်းမကိုရှာယူ၊ ကျုပ်တော့ မကြာခင်တောထွက်မှာပဲလို့ ရေးသတဲ့။ စာယူလာသူနှစ်ယောက် လမ်းမှာဆုံကြလို့ ဖွင့်ကြည့်ကြတော့မှ ဖြစ်ရလေသယ်ဆိုပြီး အမြန်ချစ်ကြိုက် ညားကြဖို့ စာတွေပြင်ရေးပြီးမှ ပို့လိုက်ကြသာပ"

"မကြာခင်ပဲ မိဘများက ပေးစားလို့ ပထမညမယ် ပန်းကုံးတစ်ကုံးစီယူခဲ့ပြီး သူတို့နှစ်ယောက်ကြားကချပြီး ပန်းကုံးညှိုးသူဘက်က ရာဂစိတ်ရှိလို့ပဲ၊ စွန့်ခွာစတမ်းလို့ ကတိထားကြပြီးမှ ယောကျ်ားက လက်ယာနံတောင်းဖြင့် မိန်းမက လက်ဝဲနံတောင်းဖြင့် စောင်းပြီး ညအိပ်ကြသတဲ့"

"ဒါဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး အိပ်ကြတာပေါ့"

"ဟော လုပ်ပြီး ကျောချင်းခိုင်းပြီး အိပ်ကြတာဘုရာ့"

"တယ်ခက်တာကို၊ ရှင်မယ်ထိန်ကလဲ၊ ဒီမှာကြည့် ကျွန်ုပ်က ဟောဒီလို ညာဘက်စောင်းအိပ်တယ်ဆိုပါတော့။ ကိုင်း ခင်ဗျားက ခဏကလေး ဘယ်ဘက်စောင်းအိပ်ကြည့် မျက်နှာချင်းဆိုင်လဲ ဖြစ်နိုင်တယ်မဟုတ်လား"

လျာထား၍ကြည့်ရာ မျက်နှာချင်းဆိုင်လည်း ဖြစ်နိုင်သည်ကို တွေ့မှ ရှင်မယ်ထိန်က

"တကယ်အိပ်ကြည့်မှ မဟုတ်ပါဘူး၊ လျာထားကြည့်ရင်လည်း သိနိုင်ပါတယ်။ ဟုတ်သယ် မျက်နှာချင်းဆိုင်လည်း ဖြစ်နိုင်သယ်၊ ကျောချင်းခိုင်းလည်း ဖြစ်နိုင်သယ်၊ နို့ပေသိ ကျောခိုင်းအိပ်ကြသာပါ"

"နေပါဦး တစ်ညလုံး တစ်ဖက်တည်း စောင်းအိပ်နိုင်ပါ့မလား၊ ညောင်းမှာပေါ့၊ တစ်ခါတလေတော့ လှည့်အိပ်မိမှာပေါ့"

"တော် တော် မရှည်နဲ့၊ အဲသည်လိုချည်း မောင်နှမလို နေသွားကြသာ ကာလကြာတော့ ယောကျာ်းက သူ့လယ်မှာ လယ်ထွန်တော့ ပေါ်တဲပိုးရှု သတ္တဝါတို့ကို ကျီးစွန်တွေ စားသာကိုမြင်တော့ အဲသည် သတ္တဝါတွေ သေကြရသာဟာ ငါလယ်ရှင် ဝန်မကင်းဘူးလို့ သံဝေဂ ဖြစ်သတဲ့"

"မယားကလည်း သူ့နှမ်းခင်းက ပိုးတွေ သေကျေရတာကို နည်းတူ သံဝေဂရသတဲ့၊ အဲသာနဲ့ နှစ်ယောက်သား တိုင်ပင်ပြီး ရှိသမျှ ဥစ္စာပစ္စည်းတွေကို အကုန်စွန့်ပြီး ဖန်ရည်စွန်းတဲ့ အဝတ်ကို ဝတ်ပြီး တောထွက်ကြသတဲ့"

"ပိပ္ပလိလုလင်ဟာ မြတ်စွာဘုရားထံ ရောက်သွားပြီး ရဟန်းပြုသယ်၊ ဘုရားက ပိပ္ပလိလုလင်ရဲ့ အနွယ်မည်ကိုစွဲပြီး ကဿပလို့ မှည့်ခေါ်တော်မူသယ်။ ဩော် အဲသည်တော့လေ ဘုရားနဲ့ ရှင်မဟာ ကဿပကြီးနဲ့ သင်္ကန်းချင်းလဲကြဆိုပဲ"

"ဘယ်လိုလဲကြသလဲ"

"ရှင်မဟာကဿပရဲ့ ဒုကုဋ်သင်္ကန်းက သိပ်ကောင်းဆိုပဲ၊ အသပြာတစ်ထောင်တန်သတဲ့၊ အဲသာကို လေးခေါက်ခေါက်ပြီး ဘုရားသခင် ထိုင်တော်မူဖို့ ခင်းသတဲ့၊ ဘုရားက လက်တော်နှင့် သပ်ကြည့်ပြီး တယ်နူးညံ့ပါကလားလို့ ချီးမွမ်းတော်မူသတဲ့။ သည်တော့ ရှင်မဟာ ကဿပက ဘုရားနှစ်သက်တော်မူသယ်လို့ အယူရှိပြီး ဘုရားကိုလှူ သတဲ့။ သည်တော့ ဘုရားက သည်သင်္ကန်းကြီးကိုလှူရင် အသင့်မယ်

အဘယ်ကို သုံးဆောင်မတုံးလို့ မေးတော်မူတော့ အရှင်ဘုရားရဲ့သင်းပိုင်ကို သနားတော်မူပါလို့ လျှောက်သတဲ့။ ဘုရားကတော့ ပခုံးပေါ်မယ်ပါတဲ့ ဒုကုဋ်တော်ကို ပေးတော်မူသတဲ့"

"နေပါဦး ဘုရားသခင်ရဲ့ ဒုကုဋ်တော်ကတော့ ဘယ်လောက်အဖိုးတန်သတဲ့လဲ"

"ဟာ ဘုရားရဲ့သင်္ကန်းက ပိုက်ဆံလျှော်နဲ့ရက်ထားတဲ့ သင်္ကန်းအကြမ်းကြီးပါ၊ ပြီးတော့လည်း တစ်ပတ်နွမ်း အဟောင်းကြီး အသပြာအဖိုးနဲ့ဆိုရင် ဘာတန်မှာတုံး"

"ဒါဖြင့် သင်္ကန်းချင်းလဲကြတာ ရှင်မဟာကဿပကြီးက နာတာပေါ့"

"လုပ်ပြီး တော်တို့အောက်သားတွေဟာ ပိုက်ဆံလောက်သာအဖိုးတန်ထားသာကို။ သည်မယ် ကိုရင်ငကျားရဲ့ နားထောင်၊ ဘုရားရဲ့ ဒုကုဋ်တော်က အဖိုးတန်ပုံ ရှိသေးတယ်။ ဒုကုဋ်ကိုပေးတော့ ဘုရားသခင်က ချစ်သား ကဿပတဲ့ သည်သင်္ကန်းအကြမ်းကြီး အဟောင်းကြီးဟာ အလွန်မြတ်သယ်။ ငါ ပုံ့သကူသင်္ကန်းအဖြစ်နဲ့ ကောက်စဉ်ကကမ္ဘာမြေကြီးပင် တုန်လှုပ်ပြီး နတ်ဗြဟ္မာတွေတောင် ကောင်းချီးပေးကြရသယ်။ သည်အဖိုးတန် ဒုကုဋ်ဟာ သီလသမာဓိ သေးငယ်တဲ့ပုဂ္ဂိုလ်နဲ့ မထိုက်မတန်၊ သင်ချစ်သားနဲ့သာ ထိုက်တန်ပေသယ်လို့မိန့်ဆိုပြီးမှ ပေးသဟာ ကိုရင်ငကျားရဲ့။ တစ်မျိုးစီ အဖိုးတန်ကြသဟာသိရဲ့လား။ တကယ့် တကယ် တရားနဲ့ဆိုတော့ ဘုရားရဲ့သင်္ကန်းကအပုံကြီးသာသဟာပ"

"ဒါဖြင့် ဘုရားကရှုံးတာပေါ့"

"ဟော လာပြန်ပြီ၊ သည်အရိယာ အာသဝေါကုန်ပြီးသားတွေမယ် တော်တို့လောဘသားတွေလို အရှုံးအမြတ်ကို ဂရုစိုက်ကြသာမဟုတ်ဘူး ကိုရင်ရဲ့"

"နို့ ရှင်မယ်ထိန်ကော၊ အာသဝေါကုန်ပြီလား"

ထိုအခါ ရှင်မယ်ထိန်သည် မျက်နှာနီလာပြီး အတော်စိတ်ထပုံရ၏။

"ဟင်းနော် မစနဲ့၊ ကျုပ် အာသဝေါကုန်ကုန် မကုန်ကုန်တော့အပူမဟုတ်ဘူး။ ကုန်ရင်ဘာတုံး၊ မကုန်ရင်ကောဘာတုံး၊ ဘာပြောချင်လို့တုံး"

"ဩော် အာသဝေါကုန်ရင် သာစုခေါ်မလို့ပါ"

"တော်ပါ၊ ဆက်ပြောရပါဦးမယ်၊ အဲသာနဲ့ ဘုရားက ဓုတင် ၁၃ ပါးကိုဟောတော့ ဟိုအရင်ဘဝတုန်းက ဆုတောင်းပါရမီရှိသာနဲ့ ဓုတင် ၁၃ ပါးကို အလွန်အလေးအမြတ်ပြုပြီး ဆောင်တော်မူသတဲ့။ ဓုတင်ဆောင်တဲ့နေရာမှာ ရှင်မဟာကဿပကို လွန်တဲ့ပုဂ္ဂိုလ်မရှိဘူးတဲ့။ သဟာကြောင့်လည်း ပထမတန်းဖြစ်တဲ့ ဧတဒဂ်ဆိုတဲ့ ဘွဲ့ထူးကြီးကို ဘုရားသခင်က ပေးသနားတော်မူသာပ"

"နေပါဦး၊ ဓုတင် ၁၃ ပါးဆိုတာက ဘယ်လိုဟာတွေ ဆောင်ရပါသလဲ"

ထိုအခါ ရှင်မယ်ထိန်သည် ကေသနိက် ပတ္တပိဏ် စသော ဓုတင် ၁၃ ပါးအမည်ကို ပါဠိဘာသာဖြင့် မြင်းကောင်းပြေးသကဲ့သို့ ရွတ်ဆို၍ပြ၏။ ဆုံးလျှင် ကျွန်ုပ်က

"အဲဒါတွေ ခင်ဗျား မယ်သီလရင်ဘဝက ရခဲ့တာလား"

"ဟောသည်မယ်နော်၊ ပေါက်လိုက်မယ်၊ သိလား"ဆို၍ ကွမ်းညှပ်ကို ထောင်၍ပြ၏။

"မနေ့က ကျုပ်က တစ်အင်္ဂါဆိုတဲ့ စကားပြောတော့၊ ပြီးတော့ အဋ္ဌကထာ ဋီကာတွေရဲ့အမည်ကို ပြောပြတော့ ခင်ဗျားက ကျုပ်ကို ဘုန်းကြီးဘဝက ရခဲ့တာတွေလားလို့ မေးတာကို မှတ်မိသေးရဲ့မဟုတ်လား။ အဲ အခုကျေရော"

ထိုအခါ အာသဝေါမကုန်သေးသော ရှင်မယ်ထိန်သည် ပြုံး၍ လာလေတော့၏။

ကျွန်ုပ်က ဆက်၍ "အဲဒီဓုတင် ၁၃ ပါးကို ဗမာလို ခပ်တိုတို ပြောစမ်းပါဗျာ"

"ဪ ဒီလိုလေ

၁။ ဧကာသနိက်ဓုတင် က — တစ်နေရာတည်းမှာသာ စားတဲ့ အကျင့်။

၂။ ပတ္တပိဏ် က — တစ်ခွက်တည်းမှာသာ စားတဲ့ အကျင့်။

၃။ ပိဏ္ဍပါတ် က — ခံဆွမ်းကိုသာစားသာ။

၄။ သပဒါနစာရိက က — အနည်းအများ အကောင်းအဆိုး မရွေး အိမ်စဉ်မပျက် လမ်းစဉ် မပျက် ရွာစဉ်မပျက် ဆွမ်းခံသာ။

၅။ ပံ့သကူ က — လမ်းဝ သုသာန် စသည့်နေရာတို့မှ ကောက်ယူတဲ့ ပံ့သကူသင်္ကန်းကိုသာ သုံးဆောင်သာ။

၆။ ခလုပစ္ဆာ က — ဆွမ်းစားနေတုန်း၊ စားဖွယ် တစ်စုံတစ်ခု နောက်ထပ်ကပ် လာတဲ့အခါ ငါမစားလိုပြီလို့ ပယ်မိရင် အဲသည်နေရာကထ ပြီးနောက် အတိရိက်ဝိနည်းကံ ပြုပြီး စားအပ်သော်လည်း မည် သည့်စားဖွယ်ကိုမျှ မစားဘဲနေ သာ။

၇။ ယထာသန္ထာတိ က — နေရာထိုင်ခင်းမလုပ်ဘဲ၊ ထေရ် စဉ်အတိုင်း ချပေးရာမှာနေသော။
၈။ ရုက္ခမူ က — သစ်ပင်အောက်မှာသာနေသော။
၉။ အဗ္ဘောကာသိက က — လွင်တီးခေါင် လွင်ပြင်မှာသာ နေသော။
၁၀။ နိသဇ် က — ဦးခေါင်းချပြီး မအိပ်ဘဲနေသော။
၁၁။ တိစီဝရိတ် က — သင်းပိုင်၊ ဧကသီ၊ ဒုကုဋ် (ခါး ဝတ်၊ ကိုယ်ဝတ်၊ အပေါ်တင်) အဲသည်သင်္ကန်း ၃ ထည်ကိုသာ ဝတ်ရုံသော။
၁၂။ အရညကင် က — တောထဲမှာချည်းနေသော။
၁၃။ သုသာန် က — သုသာန်မှာချည်းနေသော။

အဲသည် ၁၃ ပါးပါပဲ''

မိန်းမဖြစ်လျက် အတန်ဗဟုသုတနှင့် ပြည့်စုံပါပေသည်ဟု ကျွန်ုပ်သည် ကြည်ကြည်ညိုညိုဖြင့် သာဓုသုံးကြိမ်ခေါ်လိုက်၏။

''သြော် ရှင်မယ်ထိန်၊ ခင်ဗျားတို့ရဲ့ ဓမ္မကထိက ကိုယ်တော် သုလုကလေးကို ခင်ဗျားက ပိုက်ဆံတို့ဘာတို့ လှူလိုက်တာကို မနေ့က အမျှဝေတော့ ကျုပ်အင်တင်တင် လုပ်နေတယ်မဟုတ်လား၊ ဟော အခု ဓူတင် ၁၃ ပါးကို ခင်ဗျား ရွတ်ဆို ရေတွက်ပြတာကိုတော့ ကျွန်တော်ဟာ နှစ်နှစ်ခြိုက်ခြိုက် သာဓု ၃ ကြိမ်ခေါ်ပါတယ်။ မနေ့က ဘိုကုသိုလ်ကို သာဓုမခေါ်ရတဲ့အစား အခု ဓူတင်ကုသိုလ်ကိုပဲ နောက် ထပ် ၃ ကြိမ် ပေါင်း ၆ ကြိမ် ခေါ်ပါတယ်ခင်ဗျား''

ရှင်မယ်ထိန်သည် ဝမ်းသာရမလိုလို စိတ်ဆိုးရမလိုလိုဖြစ်သွား လေ၏။

ကျွန်ုပ်က ''နို့ ရှင်မဟာကဿပရဲ့ ဒကာမဟောင်း ဘဒ္ဒကာ ပိလာနီကကော ဘာဖြစ်သွားသလဲ''ဟု မေး၏။

"ဩော် သူလည်းပဲ ခွဲထွက်လာပြီး အဲသည်အခါက ဘိက္ခုနီမ ပြုဖို့ ဘုရားက ခွင့်မပြုသေးတဲ့အခါဖြစ်လို့ တစ်နေရာမယ် ကျောင်းတိုက် တစ်ခုမယ် ပရိဗိုဇ်မ လုပ်နေရသယ်။ နောက် ဘုရားရဲ့ မိထွေးတော် မဟာပဇာပတိ ဂေါတမီက ခွင့်တောင်းလို့ ဘိက္ခုနီမ ပြုလုပ်နိုင်ခွင့် ရကြတော့မှ အဲသည် ရှင်ဂေါတမီ ဘိက္ခုနီမကြီးထံမယ်ပဲ ဘိက္ခုနီမ ပြုလုပ်ရသယ်။ နောက် မကြာခင်မှာပဲ အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာ ဖြစ်သယ်။ ဩော် အဲသည် ဘဒ္ဒကာပိလာနီဟာလည်း သာမညမဟုတ် ဘူး။ ဧတဒဂ်ဘွဲ့ရသယ်၊ သူကတော့ ရှေးကအဖြစ်အပျက် ပြန်ပြီးမြင်သိ နိုင်တဲ့ ပုဗ္ဗေနိဝါသဆိုတဲ့ ဉာဏ်သတ္တိအရာမယ် အလွန်ကဲဆုံးဖြစ်လို့ အဲသည်နေရာမှာ ဧတဒဂ်ရသယ်"

"ဒါဖြင့် သူတို့နှစ်ယောက်လုံး ရဟန္တာဖြစ်ကုန်တာပေါ့"

"ဟုတ်သယ်"

"ကျုပ်လည်း တောထွက်ချင်တယ်ဗျာ"

"သာဓုတော် သာဓု"ဆို၍ မိမိအထုပ်ထဲ တောင်းထဲမှ ပိတ်စ တစ်ထည်၊ အခင်းတစ်ခု၊ မျက်နှာသုတ်ပဝါတစ်ခု၊ ပုတီးတစ်ကုံး၊ ဖယောင်းတိုင် ၂ ထုပ်၊ မီးခြစ်တစ်လုံး၊ ထန်းလျက် ၃-၄ ခဲတို့ကို ထုတ်ယူ၍ ဗန်းငယ်တစ်ခုတွင် စုကာ ထည့်နေ၏။

"ဒါတွေ ဘာလုပ်မလို့လဲ"

"တော် တောထွက်မယ်ဆိုလို့ တတ်နိုင်သမျှလှူလိုက်မလို့"ဟု မချိမချဉ်နှင့် ပြောလေသည်။

"ဟာ နေပါဦး၊ ခုမှ စိတ်ကူးတုန်းရှိသေးတာ၊ တကယ်ထွက် တော့ အကြောင်းကြားပါ့မယ်"

ထိုအခါ ရှင်မယ်ထိန်သည် အသံထွက်အောင်ရယ်၍ "တော ထွက်မယ့်ရုပ်မျိုးလည်း ကျုပ်မြင်ဖူးပါတယ်"ဆိုကာ အစသတ်လိုက် လေသတည်း။

"ကိုင်း ရှင်မယ်ထိန်၊ ဆက်ပါဦး ဒီမှာ ပရိနိဗ္ဗာန်ပြုတယ်ဆို တာအထိ ပြောရလိမ့်မယ်"

"ပြောမှာပေါ့၊ ဘာလောနေရသာတုံး။ အရေးကြီးတဲ့အပိုင်း ရောက်လာပြီ သိရဲ့လား။ ဘုရားသခင် ကုသိနာရုံပြည်မယ် ပရိနိဗ္ဗာန် စံတော့ ရှင်မဟာကဿပကြီးဟာ ပါဝါပြည်မယ် ရှိနေတော်မူသယ်။ ပရိနိဗ္ဗာန်စံလို့ ၇ ရက်မြောက်တဲ့နေ့မှ ရှင်မဟာကဿပဟာ တပည့် ၅၀၀ နဲ့ ဘုရားဖူးမြော်ရအောင်ရယ်လို့ ကုသိနာရုံပြည် ကြွလာကြ သတဲ့။ လမ်းမယ် နေပူသာနဲ့ သစ်ပင်ရိပ်မယ် နားနေတုန်း တက္ကတွန်း တစ်ယောက်ဆီက ဘုရားပရိနိဗ္ဗာန်ပြုတာ ၇ ရက်ရှိပြီဖြစ်ကြောင်း ကြားကြရသတဲ့"

"အဲသည်အခါမယ် ရှင်ကဿပနဲ့ ပါလာတဲ့ ပုထုဇဉ်ရဟန်းတွေ က များစွာငိုကြွေးကြသတဲ့။ သြော် ပြောရဦးမယ်၊ အဲသည်လို ငိုကြ တော့ တောထွက်ရဟန်းကြီး ရှင်သုဘဒ်က ဝင်တဲ့ပြီး ငါ့ရှင်တို့ ဘာ့ ကြောင့် ငိုကြသတုံး၊ မငိုကြနဲ့ အခုမှလွတ်လပ်ပြီ၊ ရှင်ဂေါတမ မရှိရင် ဟိုသင်းမလုပ်ကောင်းဘူး၊ သည်သင်းမလုပ်ကောင်းဘူးနဲ့ သူ့ပညတ်ချက် ချည်းပဲ၊ ငါတို့ အင်မတန် ကျဉ်းကျဉ်းကျပ်ကျပ်နေရသယ်လို့ ဝင်ပြော သတဲ့"

"သူက ဘာအချက်ရှိလို့လဲ"

"အင်း အကြောင်းရှိသယ်၊ သုဘဒ်ရဟန်းကြီးက ဘုရားကို ငြိုး ထားသာရှိသယ်။ တစ်ခါက အဲသည်သုဘဒ်ရဟန်းကြီးနေတဲ့ အာတုမ ပြည်ကို ဘုရားသခင် သံဃာများစွာနဲ့ ကြွလာတော့ သူက ယာဂုဆွမ်း လှူသတဲ့၊ သူ့ယာဂုဆွမ်းက သည်လိုကိုး။ သူဟာ လူ့ဘဝက ဆတ္တာ သည်ဖြစ်ဖူးလို့ သူ့သား သာမဏေငယ် ၂ ယောက်ကို ဆတ္တာသည် အလုပ်နဲ့ လူကုံထံတွေဆီမှာ လိုက်ပြီး အလုပ်လုပ်စေသယ်၊ လုပ်တဲ့ အခါမယ် ဘုရားကို ယာဂုဆွမ်းလှူလိုလို့ပါလို့ ပြောပြတော့ လူတွေက

အခရယ်မဟုတ်ဘူး လိုသမျှကို ပေးကြကမ်းကြသတဲ့။ ပြီးတော့လည်း ရတဲ့ပစ္စည်းတွေကို သုဘဒ်ရဟန်းကြီးကိုယ်တိုင် တစ်ညလုံး ချက်ကျို သတဲ့"

"မနက်ကျလို့ ဘုရား စသည်ကိုလှူတော့ တရားသဖြင့်ရတဲ့ ပစ္စည်းမဟုတ်၊ မစင်ကြယ်တဲ့ပစ္စည်း၊ မအပ်တဲ့ပစ္စည်းဖြစ်တယ်ဆိုပြီး အလှူခံတော်မမူဘူးတဲ့။ အဲသည်တော့ အင်မတန်များပြားတဲ့ ပစ္စည်းတွေ ယာဂုတွေ အလဟဿဖြစ်ကုန် ပင်ပန်းကျိုးလဲမနပ်တော့ တစ်ခါထဲ ဘုရားကိုစိတ်နာပြီး အဲသည်ကတည်းက အငြိုးထားခဲ့သာကိုး၊ ဘုရား ရှိတုန်းကတော့ အရှိန်အစော်ကြီးလို့ ဘာမှမပြောဝံ့ဘဲ ငြိမ်ခံနေခဲ့ရသာ ကိုး။ အခု ဘုရားမရှိပြီကြားတော့ ဘုရားနဲ့လွတ်ပြီရယ်လို့ ပြောထုတ်သာ ကိုး"

"အဲသည် သုဘဒ်ရဟန်းကြီး ပြောစကားကို သတိသံဝေဂရပြီး နောက်တော့ ရှင်မဟာကဿပကြီးက ပထမသင်္ဂါယနာ တင်သာပ။ အဲသဟာကို နောက်မှပြောမယ်"

"အဲသည်လို ရှင်မဟာကဿပကြီး လမ်းမယ်ရှိနေတုန်း ဘုရား သခင် အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြသာ မီးမစွဲဘူးတဲ့တော့။ အဲသဟာကို ရှင်အနုရုဒ္ဓါမထေရ်ကြီးကို မေးလျှောက်ကြတော့ ဘုရားရဲ့ သာဝတပည့်ကြီး ရှင်မဟာကဿပ အခုလာနေတော်မူသယ်။ အရှင် ကဿပကြီး အလောင်းတော်ကို ရှိခိုးပူဇော်ခြင်းမပြုရမီ မီးမလောင်စေ သတည်းလို့ နတ်တွေက ခိဋ္ဌာန်ထားသယ်။ သဟာကြောင့် ရှင်မဟာ ကဿပ အလာကို စောင့်ရမယ်လို့ မိန့်တော်မူသယ်"

"အဲသည်တော့ လူတွေက ဩော် နတ်နဲ့တကွ အလောင်းတော် ပါ စောင့်ရအောင် အရေးကြီးတဲ့ ရှင်မဟာကဿပဆိုသာ ဘယ်လို နေပါလိမ့်မလဲလို့ စောင့်ကြည့်နေကြသယ်ဆိုကိုး"

"ရောက်လာတော့ သဲသဲရတ်ရတ် ဝိုင်းပြီးရှိခိုးပူဇော်ကြသတဲ့၊ ပြီးတော့ ရှင်မဟာကဿပကြီးက ထင်းတလားပုံထက်မှာရှိတဲ့ အလောင်း

တော်ရဲ့ ခြေရင်းဘက်ကနေပြီး နောက်ဆုံးရှိခိုးခြင်းဖြင့် ရှိခိုးပူဇော်ခြင်းကို ပြုတော်မူသတဲ့”

“အဲသည်တော့ ထူးထူးဆန်းဆန်း ဖြစ်ပုံက ဘုရားသခင့် အလောင်းတော်ရဲ့ ခြေတော်အစုံဟာ ထုပ်ပတ်ထားတဲ့ အဝတ်တွေနဲ့ ခေါင်းတော်ကို ထွင်းဖောက်ထွက်ခွာပြီး ရှင်မဟာကဿပကြီးရဲ့ဦးခေါင်းပေါ်မှာ တည်လာသတဲ့။ သည်တော့မှ ရှင်မဟာကဿပလည်း ခြေတော်စုံကို ရိုသေမြတ်နိုးစွာ ဖက်ကိုင်ပြီး ဦးခေါင်းထက်မှာပဲ ရှိခိုးပူဇော်ခြင်းပြုသတဲ့။ ပြီးလျှင် ခြေတော်အစုံဟာ အလိုအလျောက် ပြန်ဝင်ပျောက်ကွယ်သွားရောတဲ့”

“အဲသည် အံ့ဖွယ်သရဲကို မြင်ကြရတော့ ရှင်ရှင်လူလူပဲ အုတ်အော်သောင်းသဲ ဟစ်အော်ပူဇော်ကြသတဲ့။ လူတွေလည်း ဆောက်တည်ရာမရ လူးလဲပြီး ငိုယိုကြသတဲ့”

“အဲသည်လိုလည်း ပူဇော်ပြီးရော အလောင်းတော်လည်း လူတို့ မီးမရှို့ရဘဲ အလိုအလျောက် တေဇောဓာတ် လောင်ကျွမ်းသွားလေသတဲ့”

*

## ပထမ သင်္ဂါယနာတင်ပုံ

“ကျုပ်ပြောခဲ့တဲ့ သုဘဒ်ရဟန်းကြီးရဲ့ ပြောပုံဆိုပုံကို ရှင်မဟာကဿပကြီးက သတိသံဝေဂရပြီး ဘုရားကိုယ်တော်တိုင် မရှိသော်လည်း ဟောတော်မူခဲ့တဲ့ တရားတော်တွေ တည်ရှိနေသမျှ ဘုရားရှိသယ်လို့ ယူရမယ်ဆိုပြီး ရှင်မဟာကဿပက ကြီးမှူးကာ ဘုရားပရိနိဗ္ဗာန်စံပြီးလို့ ၃ လတိတိအကြာ ရာဇဂြိုဟ်ပြည်မယ် ဘုရင်အဇာတသတ်ကို အမှီပြုပြီး သံဃာတော် ၅၀၀ နဲ့ သင်္ဂါယနာတင်တော်မူသတဲ့”

“သင်္ဂါယနာတင်ဆိုတာ ဘာလဲ”

"ဘုရားဟောတဲ့ သုတ် ဝိနည်း အဘိဓမ္မာ ပိဋကတ်တော်တွေကို စုဆောင်း စစ်ဆေး သန့်ရှင်းပြီး သံဃာတော်တွေစုပြီး ရွတ်ဆိုအတည်ပြုတော်မူကြသာကို ခေါ်သယ်။ တစ်ခါတလေလည်း ရွတ်ဆိုပြီး အက္ခရာလည်း တင်တော်မူကြသာကို ခေါ်သယ်"

"အို ဒါဖြင့် အကြာကြီးတင်ရမှာပေါ့"

"ဟုတ်သယ် ၇ လတောင် ကြာသယ်"

*

## ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုခန်း

ရှင်မယ်ထိန်က ဆက်၍ပြောသည်မှာကား

"ဘုရား ပရိနိဗ္ဗာန်စံသာဟာ မဟာသက္ကရာဇ် ၁၄၈ ခုမယ်ဖြစ်သယ်။ အဲသာကို ရှင်မဟာကဿပကြီးက သက္ကရာဇ်နဲ့ သာသနာတော် တညီတည်းရှိအောင်ဆိုပြီး အဇာတသတ်မင်းနဲ့ တိုင်ပင်ကာ အဲသည် ၁၄၈ နှစ်ကို အကုန်ဖြိုပစ်ပြီး အဲသည် ပရိနိဗ္ဗာန်စံတဲ့နှစ်က စပြီး သာသနာနှစ်လို့ စပြီးရေတွက်ခဲ့သတဲ့။ အခု သက္ကရာဇ် ၁၂၉၉ ခုမယ်ဆိုရင် သာသနာတော် ၂၄၈၁ နှစ် ရှိသွားပြီ ကိုရင်ကျားရဲ့၊ သာသနာတစ်ဝက်နင်းပေါ့"

"အဲသည်နောက် အဇာတသတ်မင်းနဲ့ ရှင်မဟာကဿပကြီး တိုင်ပင်ပြီးဘုရားဓာတ်တော်တွေကိုစုပြီး ဘုရားတည်ခဲ့ကြသယ်။ နောက် အနှစ် ၂၀၀ ကျော်ကျော်ကြီးရှိတော့ သီရိဓမ္မာသောကမင်းကြီးက အဲသည်ဓာတ်တော်တွေကို ဖော်ယူပြီး စေတီအနှံ့အပြားတည်ကာ သာသနာ ပြုစုတော်မူသယ်"

"အဲသည်လို အဇာတသတ်မင်းနဲ့အတူ စေတီတည်ခြင်းကိစ္စ ပြီးတဲ့နောက် မကြာခင်ပဲ ရှင်မဟာကဿပကြီး ပရိနိဗ္ဗာန်ပြုတော်မူပါ ရော"

"ဘယ်မှာပြုသလဲ"ဟု ကျွန်ုပ်က ထောက်လိုက်၏။

"အခု သည်အလောင်းတော် ကဿပ ရှိတဲ့နေရာမယ်ပ"

"ဟင် ဌာနချင်း ဝေးလှပါကလားဗျ။ ကဲ ကဲ ပြီးတော့မှ ရှင်းတာပေါ့။ ခင်ဗျားမှတ်သားပုံကိုပဲ ပြောပါဦး"

"သူ့ဟာက သည်လိုတဲ့ အရှင်မဟာကဿပကြီး ပရိနိဗ္ဗာန် ပြုခါနီးမယ် သူ့ဒါယကာ အဇာတသတ်မင်းကို အကြောင်းကြားမယ်လို့ နန်းတော်ကို လာခဲ့တော့ အဇာတသတ်မင်း စက်တော်ခေါ်နေလို့ မပြောကြားခဲ့ရဘူးတဲ့။ အဲသာနဲ့ ဟောသည် အခုနေရာကို ကြွလာခဲ့ပြီး တောင်သုံးလုံးကြားမယ် ပရိနိဗ္ဗာန်ပြုသဟာပဲ။ နောက်မှ အဇာတသတ် မင်းကြားလို့ ကပျာကယာလိုက်လာတော့ ပရိနိဗ္ဗာန်ပြုပြီးသားအလောင်း တော်ကိုသာ တွေ့တော့သတဲ့။ အဲသာနဲ့ ဝမ်းနည်းပက်လက်ဖြစ်ကာ အလောင်းတော်ကို ကြီးစွာပူဇော်ပြီး အလောင်းတော်ကို ဟောအခု မြေအောက် ကျောက်ဂူအတွင်းမှာ လုံခြုံစွာပိတ်ထားခဲ့ပြီး ပြန်တော်မူ သတဲ့"

ကျွန်ုပ်သည် ပြုံး၍နားထောင်နေရာ ရှင်မယ်ထိန်က "ဘာတုံး သည်လူကြီး ပြုံးစိစိနဲ့ မယုံဘူးလား"ဟု မေးလေသည်။

"ခင်ဗျားပြောလာခဲ့တာ ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုတယ် ဆိုတာအထိ ကျမ်းဂန်အတိုင်း အမှန်ချည်းပဲ။ ဟို မဇ္ဈိမဒေသက ကျုပ်တို့ မြန်မာပြည်ဘက် အခု သည်နေရာမှာလာပြီး ပရိနိဗ္ဗာန်ပြုတယ် ဆိုတာ ကစပြီးတော့ အင်း ယုံဖို့ အကျပ်သားပဲ။ ဘာပဲဖြစ်ဖြစ် ရှင်းရလိမ့်မယ်။ ကိုင်း ခင်ဗျားအားကိုးတဲ့ ဓိနတ္ထပကာသနီက ဘယ်မှာ ပရိနိဗ္ဗာန်ပြု တယ်လို့ ဆိုသလဲ"

"ဓိနတ္ထပကာသနီမယ် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်နဲ့ ဘုရားတည်ပြီးနောက် ရှင်မဟာကဿပ ပရိနိဗ္ဗာန်ပြုတယ်လို့သာ တွေ့ရသယ်။ သေသေချာချာ နေရာမပါဘူး"

"ဘုရားတည်ပြီးဆိုတဲ့ စကားနဲ့ ဆက်ပြီး သဘောကိုယူရင် ရာဇဂြိုဟ်မှာပဲ ပရိနိဗ္ဗာန်ပြုတယ် ဆိုရမှာပေါ့"

"ဘုရားတည်ကြသာကတော့ ရာဇဂြိုဟ်မယ်ပဲ။ ပရိနိဗ္ဗာန်ပြုသာကတော့ ရာဇဂြိုဟ်မယ်လည်း ဖြစ်နိုင်သယ်၊ သည့်ပြင်နေရာမှာလည်း ဖြစ်နိုင်သယ်လို့ ယူနိုင်သယ်ထင်တာပဲ"

"ခင်ဗျားကြီး ဇွဲလည်ကြောင်ပတ်မလုပ်နဲ့။ ရာဇဂြိုဟ်မှာပဲ ပရိနိဗ္ဗာန်စံတယ်လို့ အဓိပ္ပာယ်ရောက်နေတယ်။ ဒါ့ထက် သေချာတာက ကဿပသံယုတ် အဋ္ဌကထာမှာ ဆိုထားတာက ဒီလိုတဲ့။ ရာဇဂြိုဟ်ပြည်ကို (၁) အရှေ့မြောက်ယွန်းက ပဏ္ဍဝတောင်။ (၂) မြောက်အရပ်က ဣသိဂီလိတောင်။ (၃) အနောက်မြောက်က ဝေပုလ္လတောင်။ (၄) အနောက်တောင်က ဂိဇ္ဈကုဋ်တောင်။ (၅) အရှေ့တောင်က ဝေဘာရတောင်။ အဲဒီတောင်ငါးလုံး ရံလျက်ရှိကြောင်း ဝေဘာရတောင်စရည်းပင်ရောက်ရာ လိုဏ်ဝမှာ ရှင်မဟာကဿပ ပထမသင်္ဂါယနာတင်ကြောင်း။ ထိုဝေဘာရတောင်မှာပင် ပရိနိဗ္ဗာန်ပြုကြောင်းကို ဆိုထားတယ်"

"ပြီးတော့လည်း ဝံသာတိ လင်္ကာရစဇ မဟာဓမ္မရာဇာ ဓိရာဇာဂုရုတံဆိပ်တော်ရ မုံတိုင်ပင်ဆရာတော်ကြီး ရေးသားတော်မူတဲ့ သုံးပုံအိတ်ထောင့်ကျမ်းမှာလဲ ဝေဘာရတောင်၊ အလယ်ကောင်၊ ထွန်းပြောင်ကဿပထေရ်နေရာ ရယ်လို့ဆိုတယ်"

"ပြီးတော့ ခင်ဗျားတို့အညာသူတွေ အားကြီးရွတ်တဲ့ သေလေးပါး ရှင်လေးပါး ဘုရားရှိခိုးမှာလည်း နှစ်ကြာကာလ၊ သာဝကစစ်၊ သားတော်ဖြစ်သား၊ ရင်နှစ်ပမာ၊ မဟာကဿပ မြတ်ထေရ်လှမူ ဝေဘာရ

တောင်၊ မြတ်ခေါင်သာဝှန်း၊ ရောင်ခြည်ထွန်းသား၊ မြဝန်းကမ္ဘလာ၊ ကျောက်နေရာထက်၊ ခန္ဓာကြွေပြတ် လောင်းတော်နတ်လျှင်၊ လျှံပတ်ဝင်းညီ၊ သို့စင်ရှိ၏ ရယ်လို့ ဆိုတယ်မဟုတ်လား''

''ဩော် ဟုတ်သယ်၊ ဝေဘာရတောင်မှာ ပရိနိဗ္ဗာန်ပြုကြောင်း အလောင်းတော် ကဿပ ဘုရားရှိခိုးမှာလည်း ပါသယ်''

''အဲ အဲ ဆိုပြစမ်းပါဗျာ။ အသံနေ အသံထားနဲ့ဆိုနော် ခင်ဗျား အသံက အင်မတန် သာတာနဲ့တော့ သိပ်နားထောင်ကောင်းမှာပဲ''

''တော်ပါ၊ မမြှောက်ပါနဲ့၊ ကျုပ်ဆိုပြပါ့မယ်''ဆို၍ အသံ တိုရှည် နိမ့်မြင့်နှင့် သာတောင့်သာယာဆိုကာ ပြသည်ကား အောက်ပါအတိုင်း ပင်တည်း။

''ဩကာသ၊ ဩကာသ၊ လောင်းတော်မြတ်လှ၊ ကဿပသည်၊ ရှေးကသောခါ၊ ကျေးသူဝါဟု၊ သေရှာအကောင်၊ စိမ်းမြရောင်က၊ မောင်ရှင်သာဝက၊ မိတေးယကို၊ စိတ်ကသာကြည်၊ သင်္ဂြိုဟ်မည်ဟု၊ ကြံစည်ရကား၊ ပြာသာဒ်များနှင့်၊ လုပ်ငြားသည်တွင်၊ ဖိုခွင်အောက်ဖိ၊ ဝှက်မိသောအား၊ ခံငြားဝိပါက်၊ စဥ်မပျက်သည်၊ ခုထက်တိုင်အောင်၊ ဝေဘာတောင်မှာ၊ လိုဏ်ချောင်ဥမင်၊ အထဲတွင်၌၊ မြတ်ရှင်ကဿပ၊ ရှိဖို့ရ၏။ တေဇထွန်းတောက်၊ တန်ခိုးပေါက်သည်၊ အနောက်မြောက်ဟု၊ ဦးခေါင်းပြု၍၊ ရွှေရောင်ထွက်၊ ညာတော်လက်ကို၊ မပျက်ခေါင်းတော်၊ တင်ပြီးသော်မှ၊ ဘယ်တော်လက်ဝါး၊ မြတ်တင်ပါးကို၊ တင်ထားပြီးကာ၊ ဒက္ခိဏာနှင့်၊ မျက်နှာရှေးရှု၊ လျောင်းတော်မူ၍၊ မြင်သူဝမ်းနည်း၊ ကြေကွဲကြရှာ၊ ရှစ်မျက်နှာက၊ ဖူးလာအများ၊ လျှုကြငြားသည်၊ ကုက္ကား တံခွန်၊ ပန်းမန်သစ်သီး၊ ရွှေထီးပြောင်ပြောင်၊ အဆောင်ဆောင်နှင့်၊ တော တောင်မြိုင်ခြေ၊ ကိန်းဝပ်နေသည်။ ရေလည်းဦးခိုက်၊ သုံးကြိမ်တိုက်၍၊ ခန်းတိုက်ဥမင်၊ ရေသွင်သွင်နှင့်၊ မြင်လျှင်မဆုံး၊ တောင်သုံးလုံးတို့၊ ညွှတ်ရုံးဖိကာ၊ ဝိပါက်ပါ၍၊ ခံရှာတို့ရ၊ မြင်သမျှသူ၊ စီးကျမျက်ရည်၊

ကြည်ထွေစုံမက်၊ တသက်သက်နှင့်၊ တ လျက်ကြေကွဲ၊ ရှင်တော်ပွဲမှာ၊ ထဲကညည်၊ တောဟေမာန်၌၊ သံချိုသာညောင်း၊ ဆုပန်တောင်းသည်၊ လျှင်ကြောင်းပြည့်ပါစေသော၊ မြတ်ရှင်စော၊ ဩကာသ၊ ဩကာသ"

ဆုံးသောအခါ အကယ်ပင် ကြည်နူးကြည်ညိုခြင်းဖြစ်သည်နှင့် ကျွန်ုပ်သည် သာဓု ၃ ကြိမ်ခေါ်မိ၏။ ပြီးမှ ကျွန်ုပ်က ဆိုသည်ကား

"သိပ်ကောင်းတာပဲဗျာ၊ ကျုပ် သိပ်ကြိုက်တာပဲ"

"ဘာကိုကြိုက်သဟာတုံး ကိုရင်"

"အို အဲဒီဘုရားရှိခိုးနဲ့ အသံရော ဆိုပုံကိုရော ကြိုက်တာပါဗျာ။ အဲ အဲ ဒီဘုရားရှိခိုးထဲမှာလည်း ဝေဘာရတောင်မှာ ပရိနိဗ္ဗာန်ပြုတယ်ဆိုတာပဲ။ ဩော် နေပါဦး၊ ခင်ဗျား ဘုရားရှိခိုးအစနားက ဘယ့်နှယ် ကျေးသူဝါကို ဘာဖြစ်တယ်"

"ဩော် ဩော် ရှင်ကဿပ ဟိုရှေးနစဥ်ဘဝက ကျေးကလေး တစ်ကောင် သေတဲ့ဟာကို ပြာသာဒ်တလားနဲ့ ကောင်းကောင်းသင်္ဂြိုဟ်မယ်လို့ ကြံစည်ပြီး မသင်္ဂြိုဟ်ခင် ခံအောက်ကြားမယ်သွင်းပြီး ဝှက်ထားမိသတဲ့။ အဲသည်ဝဋ်ကြောင့် အခု ရှင်ကဿပဘဝမယ် အလောင်းတော်ဟာ တောင်ကြားထဲမယ် အသွင်းအပိတ်ခံနေရရှာသတဲ့။ ကျေးသူငယ်ကို နောင်တော့ ပြာသာဒ်တလားနဲ့ ကောင်းစွာသင်္ဂြိုဟ်ရတဲ့ အကျိုးကြောင့် ဟိုနောင်အခါ အရိမေတ္တေယျ ဘုရားပွင့်တော့ကာ သာဝက အပေါင်းနဲ့ ကြွလာပြီး သင်္ဂြိုဟ်တော်မူလိမ့်မတဲ့တော့"

"ခင်ဗျားဟာက လက်တန်းနဲ့ တူလိုက်တာ၊ အသက်မရှိတဲ့ အလောင်းကောင်ကိုတောင် ဝဋ်လိုက်တာ ကြောက်စရာကြီးပဲနော်။ ဒါထက်ပဲဗျာ အရိမေတ္တေယျဘုရားပွင့်အောင် စောင့်နေရမှာ သိပ်မွန်းပြီး ဒုက္ခရောက်ရှာမှာပဲ"

"ဟုတ်သယ် ဟုတ်သယ်၊ တော်တို့လည်းသတိထား၊ သူတစ်ပါးကို စိတ်ညစ်အောင် စိတ်နာအောင် မလုပ်ရဘူး၊ ဝဋ်လိုက်တတ်သယ် သိရဲ့လား"

"ဟောတော်မူတဲ့အတိုင်းပါ"

"တော်ပါ၊ သည်လူကြီးက ပြောင်ချော်ချော်နဲ့"

"ကိုင်း ဒါဖြင့် ရှင်မဟာကဿပကြီးဟာ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်မှာ ပရိနိဗ္ဗာန်ပြုတာတော့ သေချာပြီဗျ"

"အေးလေ သည်တော့ကာ အခု အလောင်းတော် ကဿပတည်နေရာမှာလည်း ဝေဘာရ ဝေပုလ္လ ဂိဇ္ဈကုဋ်ကယ်လို့ တောင်သုံးလုံးဆုံနေသယ်မဟုတ်လား"

"ဟာ ဒီတောင်တွေဟာ ဝေဘာရ ဝေပုလ္လ ဂိဇ္ဈကုဋ်တောင်အစစ်တွေရယ်လို့ ခင်ဗျားကို ဘယ်သူကပြောသလဲ"

"ဘယ်သူက ပြောမတုံးတော့၊ အဲသည်လိုခေါ်နေကြသာဟာအယူသချေ်ကြီးကပဲ"

"အယူသချေ်ကြီးလေ့ ဘာလေ့နဲ့၊ လုပ်မနေနဲ့ ရှင်မယ်ထိန်၊ ကျုပ်တစ်ခုမေးမယ်။ ကျုပ်တို့မြန်မာပြည် ရန်ကုန်–မန္တလေး မီးရထားလမ်း၊ တောင်ငူကြားနဲ့ ပျဉ်းမနားကြားမှာရှိတဲ့ (သာဝတ္ထိ)ဆိုတာ၊ ပြီးတော့ ခင်ဗျားတို့အထက် ရွှေဘိုအနောက်မြောက်နားက (သာဝတ္ထိ) ဆိုတာတွေဟာ ဟိုအိန္ဒိယမဇ္ဈိမဒေသမှာ ရှိတဲ့ ဇေတဝန်ကျောင်းရှိတဲ့ ဘုရားနေတဲ့ သာဝတ္ထိပြည်အစစ်လား"

"မဟုတ်ဘူး၊ သည်ကဟာက အတုယူမှည့်သာဖြစ်မှာပ"

"အထက်မြန်မာပြည်က မိတ္ထီလာကော"

"သဟာလဲ အတုယူမှည့်သာပဲ"

"မြန်မာပြည်က စမ္မာနဂိုရ်ကော"

"သဟာလဲ အတုပဲ"

"ကိုင်း ဒါဖြင့် အခု ခင်ဗျားတို့ ချင်းတွင်းက ကလေးဝမြို့အနီးက ရာဇဂြိုဟ်ကော မဇ္ဈိမက ဝေဠုဝန်ကျောင်းရှိတဲ့ ဘုရားနေတဲ့၊ ဗိမ္ဗိသာရတို့ အဇာတသတ်တို့နေတဲ့ ရာဇဂြိုဟ်အစစ်လား"

ရှင်မယ်ထိန်သည် အတန်ကြာကြာတွေးနေပြီးမှ "အင်း ရာဇဂြိုဟ်ပထမရင်းအစစ်တော့ မဟုတ်ဘူး။ နောက်မှ နာမည်ဆင်တူ ယူမှည့်သာနဲ့တူတယ်။ ဩော် ဟုတ်တယ် တမြန်မနှစ်က ကျုပ်တို့အရပ်က အရီးကျင်တို့ ဒွေးလေးခါတို့ ဗောဓိပင်ကို ဘုရားဖူးသွားကြတုန်းက အဲသည်သာဝတ္ထိအစစ်၊ ရာဇဂြိုဟ်အစစ်နေရာတွေကို ရောက်ခဲ့ကြတယ်"

"ကိုင်း ဒါဖြင့် အခုလည်း ဟိုရာဇဂြိုဟ်အစစ်ကို ဝိုင်းရံနေတဲ့ တောင်တွေရဲ့အမည်ကို အတုယူပြီး အခု ဒီမှာရှိတဲ့ တောင်တွေကို ဝေဘာရ ဝေပုလ္လ ဂိဇ္ဈကုဋ်ကယ်လို့ မှည့်ခေါ်ကြတာ ထင်ရှားတာပေါ့ဗျ"

ရှင်မယ်ထိန်သည် ဘာမျှပြန်မပြောဘဲ ကျွန်ုပ်ကို စိုက်၍ကြည့်နေသည်။

"ဒီမှာ ထပ်ပြောဦးမယ်။ ဟိုရာဇဂြိုဟ်အစစ်ကို အဲဒီတောင်တွေဝိုင်းနေတယ်ဆိုတာက အဝေးကြီး အကျယ်ကြီးကနေပြီး ဝိုင်းရံနေကြတာဗျ။ ရာဇဂြိုဟ်ပြည်ကြီးဟာ အလျား အနံ အချင်း ၃ ဂါဝုတ် (တစ်ယူဇနာခွဲနီးပါး)ရှိတယ်။ မြို့တွင်း အိမ်ခြေ ၉ ကုဋေ၊ မြို့ပြင် ၉ ကုဋေ၊ တံခါးကြီး ၃၂၊ မလွယ်တံခါးငယ် ၆၄ ခုရှိတယ်လို့ သုတ်မဟာဝါ ပါဠိတော်မှာ လာတယ်။ ကိုင်း သည်ကလောက်ကြီးကျယ်တဲ့ မြို့တော်ကြီးကို တောင်တွေ ဘေးကပတ်ဝိုင်းပြီး ရံနေကြတာ။ အဝေးကြီး အကျယ်ကြီးက ဖြစ်တော့မပေါ့။ အခု ဒီမှာကြည့်စမ်းပါဦး။ ဒီ အလောင်းတော် ကဿပတည်ရာ နေရာကွက်လပ်ကလေးဟာ အိမ်ကြီးတစ်လုံး ဆောက်ရုံလောက်သာ ကျယ်တယ်။ တောင် ၃ လုံး ဝိုင်းနေတာဟာ ပိပိကျဉ်းကျဉ်းကလေး ဖြစ်နေတယ်။ ဘယ်မှာ ရာဇဂြိုဟ်ဝေးလို့ အိမ်ကြီးကြီးတစ်လုံး ဝင်းနဲ့ ခြံနဲ့တောင် မဆောက်လောက်ဘူး၊ ခင်ဗျားမျက်မြင်ပဲ"

"ပြီးတော့ ဝေပုလ္လတောင်က မြို့ရဲ့အနောက်မြောက်မှာ ရှိတယ်။ ဝေဘာရတောင်က မြို့ရဲ့ အရှေ့တောင်မှာရှိတယ်။ ဂိဇ္ဈကုဋ်က မြို့ရဲ့

အနောက်တောင်က ရှိတယ်ဆိုတယ်။ ဘယ့်နှယ် ၃ ခုဆုံနိုင်မလဲ။ ဝေပုလ္လနဲ့ ဂိဇ္ဈကုဋ် ၂ လုံး တွေ့ဆုံနိုင်တယ်။ ဝေဘာရနဲ့ ဂိဇ္ဈကုဋ် ၂ လုံး တွေ့နိုင်တယ်။ ၃ ခုလုံးတော့ မဆုံနိုင်ဘူး''

''ဒါကြောင့်မို့ အခုဒီကတောင်နာမည်တွေဟာ နောက် အတုယူမှည့်တဲ့ အတုတွေသာဖြစ်တယ် ရှင်မယ်ထိန်ရဲ့''

''အနို့ ဘယ်တုန်းက ဘယ်သူက အဲသည်လို အတုယူမှည့်သွားသာတုံး''

''အဲ ဟုတ်ကပြီ၊ သည်လိုမေးတတ်ရမယ်၊ (ကျွန်ုပ်၏တပည့်ဘက်သို့လှည့်၍) ဟေ့ တရည့် ရွှေသည် ကိုစံအုပ်ကို ခဏခေါ်လိုက်စမ်းကွယ်''

(ကိုစံအုပ်မှာ အလောင်းတော်နယ်ပယ်အနီးရှိ ပုလဲမြို့နယ် မရင်းရွာသားဖြစ်သည်။ နှစ်စဉ် အလောင်းတော်ပွဲတော်ချိန်၌ တဲဇရပ်များထိုး၍ ရွှေ စသည် ရောင်းချသော ရွှေသည် ကုန်သည်ဖြစ်သည်။ ထိုဒေသ၌ ကျွမ်းသောသူဖြစ်သည်။)

ကိုစံအုပ်ရောက်လာသောအခါ

''ကိုင်း ကိုစံအုပ်၊ အခုဒီမှာဝိုင်း နေတဲ့ တောင်တွေကို ဒီအရပ်က နာမည်ရင်းနဲ့ ဘယ့်နှယ်ခေါ်ကြသလဲ၊ ဟိုစာထဲမှာပါတဲ့ နာမည်တွေ၊ ဘုရားရှိခိုးထဲမှာပါတဲ့ နာမည်တွေမဟုတ်ဘူးနော်။ ဒီအရပ်က မိမွေးတိုင်း ဖမွေးတိုင်းခေါ်တဲ့ နာမည်ရင်းကို မေးတာ''

ကိုစံအုပ်က

''အဲ အခု ဂိဇ္ဈကုဋ်ခေါ်နေတဲ့ အနောက်တောင်ဘက်က တောင်ကို မဟူတောင်လို့ခေါ်ကြသယ်။ အနောက်နဲ့ အနောက်မြောက်မှာရှိတဲ့ တောင်ကို ပုံတောင်ပုံညာတောင်လို့ ခေါ်သယ်။ အခု အလောင်းတော် နားကပ်နေတဲ့ တောင်ကတော့ ပုံတောင်ပုံညာရဲ့အဆက် ခေါက်လောက်တောင်ခေါ်သယ်''

ကျွန်ုပ်က ဝင်၍ပြောသည်ကား

"ဟုတ်တယ်။ အဲဒီ မဟူတောင်၊ ပုံတောင်ပုံညာ၊ ခေါက်လောက်တောင် ဆိုတာတွေဟာ နာမည်ရင်း အစစ်အမှန်တွေပဲ။ အခုထက်ထိလည်း အနီးအနားက ဒီနာမည်အတိုင်း ခေါ်နေရက်ပဲ"

"ဆက်ပြောဦးမယ်။ ဒီလို ဝေပုလ္လ–ဝေဘာရ နာမည်ကို အတုယူမှည့်တာ မြန်မာပြည်မှာ သည့်ပြင် ၂ နေရာရှိသေးတယ်။ ပထမနေရာက ကျောက်ဆည်မြို့ သာလျောင်းတောင်ရဲ့ အရှေ့ဘက်မှာ ကပ်နေတဲ့တောင်ကို ပတ္တမြားရတနာ များစွာရှိတယ်လို့ ဝေပုလ္လလို့ မှည့်ခေါ်လိုက်ကြတယ်။ အဲဒီဝေပုလ္လတောင်ရဲ့ အရှေ့ဘက်က ကပ်နေတဲ့တောင်ကို ဝေဘာရတောင်လို့ မှည့်ခေါ်ကြတယ်"

"ဒုတိယကတော့ အထက်ချင်းတွင်း ကလေး ရာဇဂြိုဟ်နားက တောင်တွေကို ပုဂံအလောင်းစည်သူ ၅၄၅ ခု ဖောင်နဲ့ဆန်ရောက်လာတော့ ရာဇဂြိုဟ်အစစ်က တောင်ငါးလုံးနဲ့ တူတယ်ဆိုပြီး ဆင်တူနာမည်တွေ ပေးသွားတယ်"

"ကျောက်ဆည်နားက ဝေပုလ္လ ဝေဘာရတောင်ဆိုတာက အနော်ရထာလက်ထက် လွန်ခဲ့တဲ့ အနှစ် ၈၀၀ လောက်ဆီက တပ်ခဲ့တဲ့ နာမည်နဲ့တူတယ်။ ကလေး ရာဇဂြိုဟ်နားကဟာကတော့ အလောင်းစည်သူလက်ထက် လွန်ခဲ့တဲ့ ၇၀၀ ကျော်လောက်က မှည့်တာနဲ့တူတယ်"

"ဒီအလောင်းတော်ကဿပနားက နာမည်တွေကတော့ ဘိုးတော်လက်ထက် လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃၀ ကျော်လောက်ကမှ မှည့်ခေါ်တာနဲ့ တူတယ်။ ဘာပြုလို့လဲဆိုတော့ ဘိုးတော်ဘုရားရဲ့ ၁၁၆၄ ခု စစ်တမ်းမှာ အဲဒီအလောင်းတော်ကဿပနဲ့စပ်လို့ စစ်တမ်းမှာ အဲဒီ ဝေပုလ္လ ဝေဘာရတို့ မပါဘူး။ တောင်သုံးလုံးတို့၏အကြား ဆိုတာလောက်သာ ပါတယ်" (ဘိုးတော်စစ်တမ်းကို ဤစာအုပ်နောက်ပိုင်းဆီတွင် အစုံထည့်ပြထားသည်။)

ရှင်မယ်ထိန်က

"သဟာဖြင့် ရှင်မဟာကဿပကြီး ပရိနိဗ္ဗာန်စံတာ သည်မယ် မဟုတ်ဘူး။ ဟိုမစ္ဆိမ ရာဇဂြိုဟ်နားက ဝေဘာရတောင် အစစ်မယ်ပေါ့"

"ဟုတ်တယ်"

"အနို့၊ အခုအလောင်းနားဆီမယ် မြင်းဇက်ပုံချောင်းလို့ ချောင်းတစ်ခု ရှိသယ်။ အဇာတသတ်မင်းကိုယ်တိုင် လိုက်လာပြီး မြင်းဇက်ကို ချွတ်ပုံခဲ့လို့ မြင်းဇက်ပုံချောင်းခေါ်သယ်။ အဲသည်မြင်းဇက်တွေလည်း အခု ကျောက်ဖြစ်နေလို့ အဲဒီချောင်းထဲမယ် ရှိနေသယ်။ သဟာတွေက တော့ ဘယ့်နှယ်လုပ်မတုံး"

"အဲဒါက ယုံတမ်းစကားလိုဟာမျိုးတွေ မမရဲ့။ အဲဒီကျောက် မြင်းဇက်ဆိုတဲ့ နေရာကို ကျုပ်ကိုယ်တိုင်ရောက်ပြီး သေသေချာချာ ကြည့်ပြီးပြီ။ တစ်ချက်ကမှ မြင်းဇက်နဲ့မတူဘူး။ ကျောက်ပြင် ကျောက် ကျော ကျောက်တန်း ကျောက်စွန်းတွေကို ချောင်းရေစားထားလို့ ကွေ့ကွေ့ကောက်ကောက် မြင်းဇက်လိုလို ဘာလိုလို ပုံအမျိုးမျိုးဖြစ်နေ တာတွေခင်ဗျ။ ဟိုမစ္ဆိမက ဒီမြန်မာပြည်ဘက်ကို အဇာတသတ် လာရမှာ ကလည်း ကြည့်ပါဦး ဘယ့်လောက်ဝေးသလဲ၊ ဘယ်လောက်ခက်သလဲ၊ ခင်ဗျားလည်း လောကဓာတ် ၆ တန်းအောင်ပြီးကပဲ စဉ်းစားကြည့်ပါဦး"

"တော်ပြောတာကို မကျေနပ်သေးပေါင်၊ အခုမြင်ရတဲ့ အဲသည် မြေပေါ်က အလောင်းတော်ရဲ့ပုံတော် အောက်က မြေကြီးထဲ ကျောက်ဂူ ထဲမယ် အလောင်းတော်အစစ် ကျောက်ဖြစ်နေသာရှိသယ် သိရဲ့လား"

"အဲဒါ တောင်ကိုထွင်းဖောက်ပြီး ဘယ်သူမှကြည့်နိုင်တာမဟုတ် တော့ အလောင်းတော်ရှိမရှိ အမှန်ဘယ်ပြောနိုင်မလဲ၊ ရှိဦးတော့ မဟာ ကဿပကြီးရဲ့ အလောင်းမဟုတ်နိုင်ဘူး"

"သည်မယ် ထူးဆန်းသာတစ်ခု ရှိသေးတယ် ကိုရင်ကျားရဲ့။ အခု အလောင်းတော်ရှိရာ တောင်ခေါင်းထဲကို ချောင်းငုပ်ပြီး ဝင်သွား

သယ်။ အထဲမှာ ဦး ၃ ကြိမ်တိုက်ပြီးမှ တစ်ဖက်ကို ထွက်သွားသယ်။ ကျုပ် အခုနက ရွတ်ပြတဲ့ ဘုရားရှိခိုးထဲမယ် (တော်တောင်မြိုင်ခြေ၊ ကိန်းဝပ်နေသည်၊ ရေလည်ဦးခိုက်၊ သုံးကြိမ်တိုက်၍၊ ခန်းတိုက်ဥမင်၊ ရေသွင်သွင်နှင့်)လို့ ဆိုထားသယ်''

''ပြီးတော့ အဝင်ဝကနေပြီး စားဖွယ်သောက်ဖွယ် လှူစရာ တန်းစရာကို ရေပေါ်တဲ့ခွက်တစ်ခုထဲထည့်ပြီး မျှောလိုက်ရင် ဟိုတစ်ဖက် ချောင်းအထွက်အဝကို ခွက်ချည်းသာ ရောက်လာတော့သယ်။ လှူစရာ တန်းစရာတွေ ပါမလာတော့ဘူး သိရဲ့လား''

ထိုအခါ ကျွန်ုပ်က ပြုံးရယ်၍ ပြောသည်မှာ ''အဲဒီငုပ်သွား တယ်ဆိုတဲ့ ချောင်းအကြောင်းကိုလည်း ကျုပ်စုံစမ်းပြီးပြီ မဟိုဒင်းရဲ့၊ အဲလေ ရှင်မယ်ထိန်ရဲ့၊ အဝင်ဝမှာ ရေထဲကိုဆင်းကြည့်ပြီးပြီ အေးလွန်း လို့ ပြန်တက်ခဲ့ရတာ၊ ကိုင်း တစ်ခုစီပြောပြမယ်''

''တောင်အောက်ကို ရေဝင်သွားတယ်ဆိုတာက အလောင်းတော် အောက်တည့်တည့်မဟုတ်ဘူး၊ ဘေးနားတွင်ပဲရောက်တယ်။ အမှန်က ဒီချောင်းဟာ တောင်ကြားချောင်းဖြစ်လို့ အင်မတန်စောက်နက်တယ်။ အခု မဟူတောင်ဘက်နဲ့ အလောင်းတော်ကုန်းဘက် ၂ ခုကို အဲဒီ ချောင်းအပေါ်က ကျောက်တို့၊ မြေတို့ ဖို့အုပ်ပြီး ပေါင်းကူးမြေဖို့ ထားလိုက်တယ်။ ချောင်းပိတ်သွားတာတော့မဟုတ်ဘူး။ ချောင်းက ဥမင်လို ဟိုအောက်ထဲမှာ စီးသွားလျက်ပဲ။ ဒါကြောင့်လည်း အခု အပေါ်က ကုန်းမြေတစ်ဆက်တည်းလို ဖြစ်နေပြီ။ ချောင်းကတော့ အောက်အထဲရောက်သွားပြီး မမြင်ရ ဖြစ်သွားတယ်''

''အဲသည် အလောင်းတော်ကဿပ လမ်း ၆ လမ်းကို ဖောက်ထွင် ကြည့်ရှုရတဲ့ တောခေါင်းနဲ့ အဲသည်တစ်ဝိုက် အရပ်ကလူတွေဆီက ကြားသိခဲ့ရာမှာတော့ အင်္ဂလိပ် သက္ကရာဇ် ၁၉၂၀၊ မြန်မာသက္ကရာဇ် ၁၂၈၂ ခုလောက်အထိ အဲဒီငုပ်နေတယ်ဆိုတဲ့ ချောင်းထဲကို သစ်တော

ဘက်က သစ်ငယ် တုံးငယ်များ မျှောသေးတယ်တဲ့။ အေး လွယ်လွယ် ကူကူတော့ မဟုတ်ဘူး။ ချောင်းကျဉ်း ချောင်းကောက်ဖြစ်လို့ ခဲခဲ ယဉ်းယဉ်းပဲတဲ့။ သက္ကရာဇ် ၁၂၉၁ (1929) လောက်ကမှ အခုအနေ ရောက်အောင် တစ်ခါ မြေတွေ ကျောက်တွေ အပေါ်က ထပ်ဖို့လိုက် ကြလို့ အခု အဲဒီချောင်းပေါ်မှာ လမ်းကူးကောင်းကောင်းချောချော ဖြစ်နေတာတဲ့ဗျ"


"ဟော မြေပုံကြမ်းကိုကြည့်"

"မြေအောက် တောင်အောက် ချောင်းဝင်သွားပုံမှာ အထက် ရေစပြစ်နဲ့ အောက်ရေစပြစ်အကြား မျဉ်းစက်သားထားတဲ့အတိုင်းပဲ ၃ ကွေ့ ဘုရားဘက်ကို တိုက်တာမှန်တယ်။ အကွေ့ ၃ ခုမှာ ထူးအိုင် ဖြစ်နေတယ်။ ထူးအိုင်တစ်ခုကို ၁၅ ပေ၊ ပေ ၂၀ လောက်စီရှိတယ်။ အဲဒီ ထူး ၂ ခုဟာ ရေနက်တယ်၊ လူမထောက်မီဘူး။ ကိုယ်ဖော့ပြီး ရေကူးသွားရတယ်၊ သည့်ပြင်နေရာတွေကတော့ ထောက်မီတယ်။ ဒူး လောက် ပေါင်လောက် တစ်ခါတလေ ခါးလောက်ရှိတယ်။ နွေအခါ မှာ..."

"နေပါဦး သလောက် သေသေချာချာသိရအောင်က ဘယ်သူ ဆင်းကြည့်လို့တုံး" ဟု ရှင်မယ်ထိန်က ထောက်လိုက်၏။

ထိုအခါ ကျွန်ုပ်သည် ကိုစံအုပ်ကို ခေါ်ရပြန်ချေ၏။ ကိုစံအုပ် ပြောပြသည်မှာ

"ဟုတ်ပါသယ်၊ နှစ်စဉ်ဆိုသလိုပဲ ဒီချောင်းထဲဆင်းပြီး ဟိုဘက် သည်ဘက် ပေါက်သွားချင်တဲ့ လူတွေကို ကျွန်တော်ကပဲ ခေါ်ဆောင်ပြီး ပို့ရပါသယ်။ ဟိုဘက်သည်ဘက် ထုတ်ချင်းပေါက် လူဆင်းသွားနိုင် သယ်၊ မနှစ်ကလည်း ဆင်းကူးပြီး ပြရပါသယ်။ မိန်းမတစ်ယောက် တောင် ပါပါသယ်။ အထဲမယ် အတန်မှောင်သယ်။ အဲဒီမှောင်ထဲကျ တော့ ချောင်းဘေး ချောင်းပေါ်က ကျောက်တွေမယ် ပြောင်ပြောင်




အလောင်းတော်ကဿပတည်ရာ ကုန်းမြင့်နှင့် ဆက်စပ်နေသော
တောင်များ ချောင်းများ ပုံကြမ်း

လက်လက်တွေ မြင်ရပါသယ်။ ချောင်းက တောင်ကြားချောင်းဖြစ်လို့ အထက်မယ် အမြင့်ကြီးပဲ ချောင်းအကျယ်ကတော့ အကျဉ်းဆုံးနေရာမယ် ၅ လှမ်း ၆ လှမ်း (၁၀ ပေခန့်)လောက်တော့ ရှိပါသယ်။ ရေကတော့ အင်မတန်အေးသယ်၊ ရေခဲထက်ပဲ အေးသယ်လို့ထင်ပါသယ်၊ အဲ ထူး ၂ ချက်မယ်တော့ ရေနက်လို့ မထောက်မိဘူး ကိုယ်ဖော့ပြီး ရေကူးသွားရပါသယ်။ ခင်ဗျားတို့ကူးချင်ရင်လည်း ကျွန်တော်ခေါ်ဆောင်ပါ့မယ်၊ လာပါ''

ထိုအခါ ကျွန်ုပ်က

''ကိုင်း ရှင်မယ်ထိန် လာ ဖြတ်ကူးကြရအောင်''

''အမယ် မလုပ်ပါနဲ့တော် မလိုက်ဝံ့ပါဘူး။ အနို့ နေပါဦး လှျုစရာတန်းစရာတွေကို ခွက်ထဲထည့်ပြီး အထက်ဘက်ကမျှောလိုက်ရင် အောက်အထွက်ကျတော့ ခွက်ချည်းသာ ရောက်လာသယ်ဆိုသာကကော''

ထိုအခါ ကျွန်ုပ်က ပြောသည်မှာ

''အဲဒါလည်း အထဲမှာ အလောင်းတော်ဖို့ ရှင်သာမဏေတစ်ပါးက စောင့်ပြီး သိမ်းနေသလိုလို နတ်တွေက သိမ်းနေသလိုလို ခပ်ဆန်းဆန်းဖြစ်အောင် ပြောနေကြတာခင်ဗျားရဲ့။ ကိုစံအုပ် ခင်ဗျားတို့ နှစ်စဉ်ဖြတ်ကူးနေတာ သာမဏေတို့ နတ်တို့ တွေ့ရဲ့လားဗျ''

ကိုစံအုပ်က ရယ်၍

''မတွေ့ပါဘူးဗျာ၊ မရှိပါဘူး၊ ချောင်းအတိုင်းပါပဲ''ဟု ပြောလေသည်။

ကျွန်ုပ်က

''ဒီမှာ ရှင်မယ်ထိန်ရဲ့ ချောင်းကိုကြည့်၊ ရေတဟောဟောနဲ့ ခပ်သန်သန်စီးနေတဲ့ တောင်ကျရေဗျ။ အထဲမှာလည်း အကွေ့အကောက်တွေ အများကြီး၊ အစွန်းတွေအစတွေ တိုက်ခိုက်စရာတွေလည်း အများ

ကြီး၊ ရေအဆင်းတွေလည်း ရှိတယ်။ ဘယ်မှာ ခင်ဗျားမျှောလိုက်တဲ့ ခွက် ခံနိုင်မလဲ၊ တစ်နေရာမှာ တိမ်းစောင်းမှောက်မှာပေါ့။ ပါတဲ့ဟာတွေ ရေထဲမှာ ကျကျန်ရစ်ပြီး ရေပေါ်တဲ့ခွက်ချည်းသာ အောက်ဘက်မှာ လာထွက်တာပေါ့ဗျ''

''တော်ဖြင့် အထူးအဆန်းတွေကို အကုန်လုံးလိုက်ဖျက်နေသာပဲ။ ကိုင်း အနို့၊ ရှင်သူငယ်ပေါက်ဆိုသာက ဘယ်လိုတုံး''

''အဲဒီရှင်သူငယ်ပေါက်ဆိုတာက အထက်ရေစပြစ် အထက်နားမှာ ကျောက်ခေါင်းတစ်ခုရှိတယ်။ အဲဒါဝင်သွားရင် ၁၅ တောင် အတောင် ၂၀ လောက်မှာ ကျောက်ခေါင်းဆုံးပြီး ကျောက်သားပိတ်နေတယ်။ အဲဒီပိတ်နေတဲ့အထဲမှာပဲ အလောင်းတော်အစစ်ရှိတယ်လို့ ပြောကြတာပေါ့''

''လူတွေပြောကြတာက တစ်ခါက ဘုန်းကြီးတစ်ပါးနဲ့သာမဏေ တစ်ပါး ချောင်းဝက ဖောင်ဖွဲ့ပြီး ဝင်သွားကြသတဲ့၊ အခု ကိုစံအုပ်တို့ ဝင်တဲ့ချောင်းကိုဆိုတာ ဟိုရှေးက ရေများပြီး အတန်ကျယ်ပုံ နက်ပုံပဲ။ အဲဒါနဲ့ အတွင်းရောက်ကြတော့ ကျောက်မျက်ရတနာတွေမြင်တော့ လိုချင်တပ်မက်တဲ့စိတ် ဖြစ်ပေါ်ပြီး ယူငင်တော့ ကျောက်တံခါးပိတ်ပြီး ဘုန်းကြီးမထွက်နိုင် ပျောက်ကွယ်ပျောက်ဆုံးသွားရောတဲ့။ အတွင်းက သာမဏေတစ်ပါးက ဆီးပြီး ဝင်လာတဲ့ သာမဏေကို လှူစရာပါရဲ့လား မေးသတဲ့၊ ဒကာ့ဋ္ဌသင်္ကန်းပါတယ်ဆိုတော့ လှူခဲ့ဆိုပြီး လှမ်းယူပြီး သည်ဥမင်ပေါက်က ထွက်ပေရှော့ဆိုသတဲ့။ အဲဒီညွှန်ပြတဲ့အပေါက်က ထွက်လာခဲ့မှ အပြင်ပြန်ရောက်ပြီး သာမဏေငယ် အသက်ချမ်းသာ သတဲ့။ အဲဒီအပေါက်ပေါ့၊ အခု ရှင်သူငယ်ပေါက်လို့ ခေါ်နေကြတာ''

''အနို့ အဲသဟာ မထူးဘူးလား''

''အင်း နည်းနည်းအထူးသားပဲ။ ကေန္တာ ဒီဘုန်းကြီးဟာ တောင် ခေါင်းထဲ မှောင်ထဲမှာ အခု ကိုစံအုပ်တို့မြင်ရတဲ့ ဓာတ်သဘာဝ

အလျှောက် တောက်တောက်ပြောင်ပြောင် ဝိုးဝိုးဝင်းဝင်းတွေကို မြင်လို့ လိုက်လံပြီးကြည့်ရာ ယူရာမှာ အကြိုအကြားရောက်ပြီး ပြန်မထွက်တတ်၊ မထွက်နိုင်နဲ့ ပျက်စီးရပုံပေါ်တယ်။ သာမဏေကတော့ အဆင်သင့် အပေါက်တွေ့လို့ ပြန်ထွက်နိုင်တာနဲ့တူတယ်''

''လုပ်ပြန်ပြီ၊ သဟာဖြင့် အထက်စောင်းတန်းနားက ကုန်းမြင့်ပေါ်က မေတ္တာရေတွင်းဟာကော တိမ်တိမ်ကလေးနဲ့ ဘယ်တော့မှ ရေမကုန်နိုင် ရေမခန်းနိုင်ဘူး''

''အို ရှင်မယ်ထိန်ကလဲ၊ လောကဓာတ် ၆ တန်းတောင်အအောင်ဖူးသားနဲ့ ဒါမျိုးကို အဆန်းလုပ်ပြောသလားဗျ၊ စမ်းတွင်းပေါ့ဗျ။ ကျောက်စမ်းတွင်းကလေးဟာ ရေကြောကျပြီး အဆင်သင့်နေတော့ ရေအမြဲလာနေတာပေါ့။ ရေခပ်လိုက်တိုင်း အထဲကနေပြီး ဖြည့်လိုက်ရင်းပေါ့ဗျ''

''ကိုင်းတော် သဟာဖြင့် ကျောက်ကျီးကန်းတစ်ကောင်ဟာ ဘုရားဖူးတွေလာရင် လမ်းတစ်ဝက်လောက်ကနေပြီး ကြိုပြီးတော့ လမ်းပြတယ်ဆိုသာက ဘယ်လိုတုံး''

ထိုအခါ ကျွန်ုပ်သည် ရင်ဘတ်ကို ဂျိုင်းခနဲတီးပြီး

''ဖြစ်ရလေ ရှင်မယ်ထိန်ရယ်၊ အသက်မရှိတဲ့ ကျောက်ကျီးကန်းက ဘယ့်နှယ်လုပ်ပြီး''

''အဲအဲ ကျောက်ကျီးကန်းမဟုတ်ဘူး၊ ကျီးကန်းအရှင်တစ်ကောင်ကို ဆိုသာ''ဟု ရယ်၍ပြင်လေသည်။

''ရှင်မယ်ထိန် ရန်ကုန်ကိုရောက်ဖူးသလား''

''၂ ခေါက်တောင်ရှိပြီ''

''ဒါဖြင့် တိရစ္ဆာန်ရုံကို သွားကြည့်တော့ မျောက်တွေ ဝက်ဝံတွေ သမင်တွေ သူတို့ကိုကာထားတဲ့ သံဇကာနားအထိ ခင်ဗျားကို လာမကြိုဘူးလား''

"အင်း လာသယ်၊ သဟာကတော့ အစာတောင်းရအောင် လာကြသာပ"

"အဲ ရှင်မယ်ထိန် တော်လာပြီ။ ပြီးတော့ ဟိုမန္တလေးက ရွှေစာရံဘုရားပွဲတော်ချိန်မှာ ငါးကြီးတွေ အမြဲလာတယ်ဆိုတာကော"

"သဟာလည်း စားရသောက်ရမှန်းသိလို့ပ၊ ကိုရင်ရဲ့"

"ဒါဖြင့် ရှင်မယ်ထိန်ရယ်၊ ကျုပ် အကျယ်ရှင်းမနေပါရစေနဲ့ ကျီးကန်းများ ဘုရားဖူးတွေလာရင် စားရသောက်ရမှန်းသိလို့ ခပ်လှမ်းလှမ်းမှာပဲ အားရပါးရနဲ့ အော်မြည်ပြီး ဘုရားဘက် ဇရပ်ဘက်ကို တဖြည်းဖြည်း ပျံသွားကြတာပေါ့၊ ကျီးကန်းဆိုတာလည်း လူနေရှိရာ ဇရပ်တို့ ဘာတို့ ရှိတဲ့ဘက်ကို ပျံနေကျကို ရှင်မယ်ထိန်ရဲ့"

"ပြီးတော့လည်း ဒီကျီးကန်း လာကြိုတယ်ဆိုတာလည်း တစ်ခါတလေ တစ်ဦးတစ်ယောက်က တွေ့ဖူးတာက အစဉ်အမြဲလို လုပ်ပြောနေတာနဲ့ တူပါတယ်ဗျာ။ ရှင်မယ်ထိန်လာတုန်းက ကျီးကန်း လာကြိုရဲ့လား"

"ဟင့်အင်း"

"ကိုစံအုပ်ကော"

"ဟင့်အင်း"

"ဟိုဘက်နားက ဘုရားဖူးတွေကောဗျို့၊ ခင်ဗျားတို့လာတုန်းက ကျီးကန်း လာကြိုသေးသလား"

"မကြိုပါဘူး"

"ကျုပ်တို့လာတုန်းကလည်း မတွေ့ရပါဘူးဗျာ"

"တော်ကဖြင့် အထူးအဆန်းဆိုသမျှကို အကုန်လိုက်ဖျက်နေတာပဲ၊ ဟုတ်စ"

"ဒီလိုလည်း မဟုတ်ရပါဘူး ရှင်မယ်ထိန်ရယ်၊ တောနေပုံ တောင်နေပုံ၊ ချောင်းနေပုံ အင်မတန် ထူးဆန်းအံ့ဩစရာကြီးပဲ။ သည့်

လောက် ကြီးမားတဲ့တောကြီး တောင်ကြီး သစ်ကြီး ဝါးကြီး ကျုပ်တို့ မြင်ဖူးပါဘူး။ သစ်ပင်ပုံပန်း သဏ္ဌာန်တွေဟာ ခပ်ဆန်းဆန်း ထူးထူးတွေပဲ။ အံ့သြစရာ ကြည်နူးစရာပါပေပဲ။ ချောင်းမကြီးစခန်းအလွန်မှာ ပြီးတော့ ဆန်တိုက်နားမှာ ကျုပ်တို့တွေ့ခဲ့ရတဲ့ ကျောက်ကမ်းပါးကြီး တွေဟာ ပြောတောင်မပြတတ်ဘူး၊ ကျုပ်တို့အိမ်ရိုးရိုး ၆ လုံး ၇ လုံးစာ လောက် မြင့်မယ်ထင်တယ်။ ကျောက်တွေကလည်း အထပ်ထပ်နဲ့ တချို့များ လမ်းဘက်ကိုကိုင်းပြီး မိုးနေတာပဲ။ ချောင်းတွေမှာလည်း ကျောက်ကြိုကျောက်ကြားမှာစီးပြီး ထူးအိုင်ဖြစ်တဲ့နေရာမှာဖြစ်၊ ရေတံခွန် ငယ် ဖြစ်ရာမှာဖြစ် ဆိုသလို မတွေ့ဖူး မကြုံဖူး အထူးအဆန်းချည်း ပါပဲ။ အလောင်းတော်တည်ရာကိုကလည်း လူသူမနီးတဲ့ တောကြီး တောင်ကြီးအကြားမှာ ရှိတယ်။ ၂၁ မိုင်လောက်အတွင်းမှာ လူနေအိမ် ခြေမရှိ။ တစ်နှစ်လုံးမှ ၃ လလောက်သာ လူသွားလာနိုင်တဲ့ နေရာ ကလားဗျ၊ အင်မတန် အံ့သြစရာပေပေါ့။ အထူးအဆန်း မရှိဘူးလို့ ကျုပ် မဆိုလိုပါဘူး။ နို့ပေမဲ့ မှန်သလောက်ကို ဉာဏ်နဲ့ချင့်ချိန်ပြီး ယူရမယ်လို့ ဆိုလိုတာပါ”

“သဟာဖြင့် အခုအလောင်းတော်ဟာ ရှင်မဟာကဿပကြီးရဲ့ အလောင်းတော် မဟုတ်ဘူးပေါ့”

“ဒီလိုယူရမှာပဲ”

“ကျုပ်တော့ လုံးလုံးမပယ်နိုင်သေးဘူး၊ တော်ပြောမယ့် ပေါင် လောင်ရှင်ကဿပဆိုတာကို နားထောင်ကြည့်ရဦးမယ်။ ပြောဖို့ပြင်ပေ တော့”

“ဟုတ်ကဲ့ ပြောပါ့မယ်ဗျာ၊ ကိုင်း ခဏနားကြဦးစို့ရဲ့”

*

# ပေါင်လောင်ရှင်ကဿပ

ကျွန်ုပ်တို့သည် အောက်ပါအတိုင်း ဆက်လက်ပြောကြ၏။

"ကျုပ်ဆိုချင်တာက ဒီအလောင်းတော်ကဿပနေရာမှာ မြန်မာနိုင်ငံက ပေါင်လောင်ရှင်ကဿပ ပရိနိဗ္ဗာန်ပြုတယ်။ ဒကာများက သင်္ဂြိုဟ်ပြီး သည်နေရာမှာပဲ အထိမ်းအမှတ် သာလျှောင်းပုံ အလောင်းတော်ပုံ တည်ထားကြတယ်လို့ ဆိုချင်တယ်။ အဲဒါလဲ မကြာသေးဘူး၊ သက္ကရာဇ် ၅၃၆ ခုက ၅၇၃ ခုအထိ ပုဂံမှာမင်းပြုတဲ့ နရပတိစည်သူရဲ့ လက်ထက်ကဖြစ်တယ်။ လွန်ခဲ့တဲ့ အနှစ် ၇၀၀ ကျော်လောက်ကပေါ့ဗျာ။ အဲဒီပေါင်လောင်ရှင်ကဿပ ဆိုတာလည်း အတော်တန်ခိုးကြီးထူးဆန်းတယ်ဗျ"

"အင်း တော်ပြောမယ့် ထူးဆန်းတာတွေကိုလည်း ကျုပ်ကဖျက်ပြရဦးမှာပ"ဟု ရယ်၍ ပြောလိုက်လေသည်။

"အဲဒီ နရပတိစည်သူရဲ့လက်ထက်မှာ ကျုပ်တို့ချင်းတွင်းမြစ်ကြီးရဲ့အနောက်၊ အခု ပခန်းကြီးခေါ်တဲ့ ကူးခန်းမြို့အပါ အရှေ့ခွင်ရောဝတီနဲ့ ချင်းတွင်းမြစ်ဆုံအနီး ကူနီ-နဝင်းရပ်* ဆိုတာရှိတယ်။ အဲဒီ ကူနီ-နဝင်းအရပ်ကို ယောနယ်ဘက်က ပေါင်လောင်ရှမ်းတွေကလာလာပြီး တိုက်ခိုက်ဖျက်ဆီး၊ ပစ္စည်း ကျွဲ နွား လူသူတို့ကိုပါ ဖမ်းပြီးယူသွားတတ်ကြသတဲ့"

"ဟို ဩသျှုဂ္ဂ မော်ကွန်းမှာ 'ပလောင်တောတိုး၊ ယောလူမျိုးတို့' ရယ်လို့ ဆိုထားတယ်။"

"တစ်ခါတော့ အဲဒီ ကူနီ-နဝင်းရပ်က ရှင်ကဿပရဲ့ အမိအဖတို့လည်း ပေါင်လောင်ရှမ်းတွေ ဖမ်းတဲ့အထဲ ပါသွားသတဲ့။ ပါတော့ကာ ရှင်ကဿပ မမွေးသေးဘူး။ သန္ဓေအရင့်အမာနဲ့သာ ရှိသေးသတဲ့။

---

* အချို့မူများ၌ 'ကူနီ-နေဝင်ရပ်'ဟု ပါနေသည်။

"မကြာခင်ပဲ အဖ လွတ်ထွက်လာပြီး သူ့ဇနီးဟာ သန္ဓေနဲ့ဖြစ်လို့ ရှမ်းတွေယူမသွားတန်ရာဘူးရယ်လို့ လိုက်ရှာတော့ တောစပ်မှာ သူ့ဇနီးရဲ့ အလောင်းကိုသာ တွေ့တော့သတဲ့။ သန္ဓေနဲ့မို့ ရှမ်းတွေက ထားပစ်ခဲ့တော့ အဲဒီတောစပ်မှာ သားငယ်ကိုဖွားပြီး သေတာနဲ့တူတယ်။ ထူးတာက အဲဒီသားငယ်ကလေးဟာ အမိရဲ့အလောင်းကိုဖက်ကပ်ပြီး နို့စို့လျက်သား တွေ့ရသတဲ့ဗျ"

"ဩော် သနားစရာပဲနော၊ ကလေးဆိုတော့ အသေရယ် အရှင်ရယ် ဘယ်သိတော့မှာတုံး"

"အင်း ဟုတ်တယ်။ ဒါနဲ့ပဲ အဖက ဇနီးရဲ့အလောင်းကို သင်္ဂြိုဟ်၊ ကလေးကိုယူခဲ့၊ ကျောင်းမှာအပ်၊ နောက်ဆုံး ရဟန်းဖြစ်သွားတယ်၊ ရှင်ကဿပတဲ့။"

"နောက်တစ်ခါ ပေါင်လောင်ရှမ်းတွေလာတိုက် ရပ်ရွာပျက်စီး ငတ်မွတ်ကြတာနဲ့ အဲဒီရှင်ကဿပတို့ သားအဖဟာ ယောနယ် ပေါင်လောင်ရှမ်းတွေရဲ့ အရပ်ကို သွားရောက်ခိုဝင်ကြသတဲ့။"

"နောက် မြန်မာကုန်သည်တွေ ရောက်လာကြတော့ သံဃာကို ပြစ်မှားလို့ အနာရတဲ့အကြောင်း၊ ရှမ်းများ နတ်ကို ကိုးကွယ်သလို မြန်မာများလည်း သံဃာကို နတ်လိုကိုးကွယ်ကြောင်း၊ ဒါကြောင့် ရှမ်းတွေကလည်း နတ်လိုပဲဖြစ်ဖြစ် ကိုးကွယ်သင့်ကြောင်း ပြောကြတော့ ရှမ်းတွေက သူတို့ဘာသာ ကြက်ရိုးထိုးကြည့်သတဲ့၊ မြန်မာများပြောသလို ကိုးကွယ်သင့်ကြောင်း ထွက်တာနဲ့ အဲဒီတော့မှ ရှင်ကဿပကို ကိုးကွယ်ကြတာကိုး။ သားများကိုလည်း အပ်ပြီး ပညာသင်စေသတဲ့ဗျ။"

"ကာလအတန်ကြာလို့ ရှင်ကဿပတို့ ပြန်လာတော့ ပလောင်ငယ် ၂ ယောက်ကို တပည့်အဖြစ်နဲ့ ထည့်လိုက်ကြတယ်၊ အဲဒီပလောင်ငယ် ၂ ယောက် အမြဲနောက်ကပါနေတော့မှ အဲဒီအခါကစပြီး (ပေါင်လောင်ရှင် ကဿပ)ရယ်လို့ တွင်သတဲ့ဗျ"

"ဩော် ပေါင်လောင်နယ်ရောက်ဖူးလို့ ပေါင်လောင်ငယ်တို့ရဲ့ ဆရာအဖြစ်ကြောင့်မို့ထင်ရဲ့၊ ပေါင်လောင် ကဿပ ခေါ်တာကိုနော"

"ဟုတ်တယ် ရှင်မယ်ထိန်ရဲ့"

"အင်း ရှေ့ဆက်ပါဦး"

"အဲဒီယောနယ်က ပြန်ပြီးနောက် ပုဂံရွှေမြို့တော်ကြီးကိုကြွလာပြီး သီတင်းသုံးနေတော်မူတယ်။ အဲဒီပုဂံမှာ ပုံသကူ ငစွယ်ရှင်ရယ်၊ ဒိန်ကျောင်းရှင် သုမေဓာရယ်၊ ပေါင်လောင်ရှင် ကဿပရယ်၊ အဲဒီ ၃ ပါး တစ်နေ့တော့ သကၤန်းချုပ်နေကြသတဲ့"

"နေပါဦး ပုံသကူ ငစွယ်ရှင်ဆိုတဲ့ နာမည်က ခပ်ဆန်းဆန်း ပါကလား၊ ဘယ်လိုဟာတုံး"

"ပုံသကူ ဆိုတာကတော့ ပုံသကူရွတင်ဆောက်တည်တဲ့ ပုဂ္ဂိုလ်မို့ ခေါ်တာပဲ၊ နောက်တော့ အကျင့်မြတ်တဲ့ ထေရ်ကြီးဝါကြီးတွေကိုလည်း ပုံသကူထေရ်ရယ်လို့ ခေါ်ကြပုံရတယ်။ ငစွယ်ရှင်ဆိုတာက အဲဒီပုံသကူထေရ်ဟာ ပုံသကူရွတင်အရ တစပြင်မှာ သူကောင်လွှမ်းတဲ့ အဝတ်ပုဆိုးကို ကောက်ယူသုံးဆောင်တော်မူလေ့ ရှိသတဲ့။ တစ်နေ့တော့ ငစွယ်ဆိုတဲ့ သူငယ်တစ်ယောက်က သူ့သူငယ်ချင်းများကို ဆိုသတဲ့ သူငယ်ချင်းများတို့ ငါလည်း ကုသိုလ်ဖြစ်အောင်၊ မင်းတို့လည်း ကုသိုလ်ဖြစ်အောင် ငါသေယောင်ဆောင်နေမယ်၊ ငါ့အပေါ်မှာ အဝတ်လွှမ်းထားပြီး ပုံသကူအရှင်ထံ ပုံသကူကောက်တော်မူပါလို့ သွားလျှောက်ကြချေလို့ ဆိုသတဲ့။ အားလုံးသဘောတူကြလို့ စီမံတဲ့အတိုင်းပဲ ပုံသကူမထေရ်က လာကောက်ပြီး ပြန်လည်သွားရော သေယောင်ဆောင်တဲ့ ငစွယ်ဟာ အသက်မရှိ အဟုတ်သေနေရောတဲ့ဗျ။ လူကြီးမိဘတွေကြားတော့မှ ကပျာကယာ ပုံသကူအရှင်ကို လျှောက်ကြားလို့ ပုံသကူအရှင်က ပရိမေတ္တာပြုတော့မှ ငစွယ် ရှင်ပြန်သတဲ့။ အဲသည်တော့ မိဘများက ငစွယ်ကို ၂စ်ခါတည်း ပုံသကူအရှင်ကို လှူတယ်။ သည်တွင်မှ

ငွေ့စွယ်ရှင် ပုံသကူမထေရ်ရယ်လို့ တွင်တာကိုးဗျ။ ဘွဲ့နာမည်ရင်းက တော့ ရှင်သီလဂုမ်ိတဲ့ဗျ"

"ဪ် သဟာကြောင့်၊ ပုံသကူငွေ့စွယ်ရှင် ခေါ်သကိုးနော်။ အင်း ဆက်ပါဦး"

"အဲ ပုံသကူငွေ့စွယ်ရှင်၊ ရှင်သုမေဓာ၊ ပေါင်လောင်ရှင် ကဿပ တို့ သက်န်းချုပ်နေကြတုန်း၊ ဪ် ရှင်သုမေဓာက တခြားမဟုတ်ဘူး။ ပေါင်လောင်ရှင် ကဿပရဲ့ တူတော်တယ်။ အဲဒီ ရှင်သုမေဓာက အလိုလို ရယ်လိုက်သတဲ့။ ဒီတော့ ရှင်ကဿပက ငါ့တူ ရွှင်ပြုံးထင်တယ် လို့ မိန့်တော့၊ တပည့်တော် မရွှင်ပါ၊ ဟို(ပုဂံနယ်)ငမ္ဗျောင်တောင်အရပ် မှာ နွားမတစ်ကောင် ကမ်းနားမှာ မြက်စားနေရင်း ခြေချော်ပြီးကျတာ ကို မြင်လို့ ရယ်ပါတယ်လို့ လျှောက်သတဲ့"

"သည်ပုံဖြင့် ရှင်သုမေဓာက ဈာန်တန်ခိုးရနေလို့ သည်လို အဝေးကြီးမှာဖြစ်နေသာကို မြင်ရသာပနော့"

"ဟုတ်တယ်၊ ဒီရှင်သုမေဓာဟာ ဟိုရွှေဘိုနယ် ဟလင်းကြီးမြို့ ရဲ့ တောင်ဘက်မှာ မုက်ထီးသရိုင်ရွာရှိတယ်။ အဲဒီသရိုင်ရွာရဲ့ အရှေ့ တောင်ယွန်းမှာ ဒိန်ကျောင်းလို့ ရှေးကရှိတယ်။ အဲဒီကျောင်းမှာနေလို့ ဒိန်ကျောင်း သုမေဓာလို့ ခေါ်တာဗျ။ သူလည်း ပုံသကူဆောင်လေ့ရှိ တယ်။ အကျင့်သီလ ပြည့်စုံလို့ ဈာန်အဘိညာဉ်ရတယ်လို့ ကျော်စော တာကိုး။

"ဒီတော့ ရှင်ကဿပက ငါ့တူ ဈာန်အဘိညာဉ်ရနေပြီ။ ကိုင်း ဒါဖြင့် ငါ့မယ်တော် အနိစ္စရောက်သွားတာဟာ အခု ဘယ်မှာရှိတယ် ဆိုတာ ကြည့်ပေးပါလို့ ဆိုသတဲ့။

"ကြည့်တော့ ငမ္ဗျောင်တောင်အရပ်မှာ နွားမဖြစ်နေကြောင်း မြင်သတဲ့။ ဘယ်လိုသိရသလဲလို့မေးတော့ အဲဒီအရပ်က သူကြွယ်မအိမ် မှာ နွားပေါင်းများစွာအနက် ရှေ့ဆုံးက ရှေ့ဆောင်နွားမဟာ အရှင့်

မိခင် အဟောင်းပါပဲ။ အရှင် လေညာကရပ်ပြီး လက်ပြပြီးခေါ်ရင် နွားဘာသာ မြည်တွန်၍ လာပါလိမ့်မယ်လို့ လျှောက်သတဲ့။"

"ပြောတဲ့အတိုင်း ခေါ်လို့ရောက်တော့ လက်ကိုနမ်းပြီး လက်ဝါးပေါ်မှာ နို့ရည်ညှစ်ချသတဲ့"

"ဩော် မိခင်များဟာ ဘဝခြားသာတောင် အင်မတန်ချစ်ခင်ကြင်နာပေသယ်"

"ဟုတ်တယ် ရှင်မယ်ထိန်ရဲ့၊ အဲသည်တော့ ရှင်ကဿပက သူကြွယ်မဆီမှာ နွားမကို ငွေနဲ့ရွေးယူပါရစေဆိုတော့ မယ်တော်မှန်ရင် မရွေးပါနဲ့ လှူပါ့မယ်ဆိုပြီး သူကြွယ်မက လှူလိုက်သတဲ့။"

"လှူလိုက်လို့ ကျောက်ရစ်အရပ်ရောက်တော့ အဲဒီနွားမကြီး သေပြန်ရောတဲ့"

"ဟင် တယ်ကံခေတဲ့ နွားမကြီးပါကလား"

"အေး သေပြန်တော့ ရှင်ကဿပက ပုဂံမှာ သုမေဓာကို ထပ်မေးပြန်တယ်။ ဟိုမြေတူးရပ်မှာ အိုးထိန်းသည်အိမ်မှာ ကျွန်မတို့ရဲ့ အကြီးအကဲဖြစ်နေတယ်လို့ ပြောဟောတော့ လိုက်သွားပြီး ရွေးပြန်တော့ အိုးထိန်းသည်က မိခင်မှန်ရင် လှူပါတယ်ဆိုသတဲ့။ အဲသည်တော့ ကိုယ်ဖိုးပေးရွေးမယ့် ငွေခွက်တစ်ထောင်ကို မယ်တော့ကိုယ်စား ဘုရားတည်တော်မူသတဲ့။ အဲ အခုမြေတူးက ရွှေပေါင်လောင်ဘုရားဟာ ဒီဘုရားပေါ့" (သမိုင်းလက်ာတွင် အိုးထိန်းသည်က ရောင်းလည်းမရောင်း၊ လှူလည်းမလှူဟု ဆိုသည်။)

"ဩော် မိခင် ကျွတ်ပါလွတ်ပါစေလို့ ကုသိုလ်ပြုပြီး ကယ်ဆယ်တဲ့သဘောပေပနော"

"ကယ်ဆယ်ပေမယ့် မရသေးဘူးဗျ။ မကြာခင်ပဲ အဲသည်မိန်းမ သေပြန်ရောတဲ့။ ဒီတော့ ရှင်ကဿပက ဩော် ငါ့တစ်ဘဝတည်းမှာပင် ငါ့မိခင်ဟာ လူမိန်းမ၊ နွားမ၊ လူမိန်းမရယ်လို့ ၃ ကြိမ် ၃ ဖန် သေကျေ

ပျက်စီးရတယ်။ အင်မတန် သံဝေဂရဖွယ် ကောင်းပါကလား။ ငါ့မိခင်ကျွတ်လွတ်ပြီး ဖြစ်လေရာမှာ ချမ်းသာလေအောင် ငါ သီဟိုဠ်ကူးပြီး ဘုရားဖူးမြော်ပူဇော်ကာ အမျှအတန်းဝေမှပဲလို့ စိတ်ကူးပြီးတော့ သီဟိုဠ်ကိုကြွမလို့ တောလမ်းကလာခဲ့တော့ တောလမ်းမှာ ကျားနဲ့တွေ့သတဲ့"

"အမယ် ဘုရားရေ၊ ကျားမကိုက်ပါစေနဲ့တော်"

"အို ကိုက်မလို့မဟုတ်ပါဘူး။ ကျားက နိဗ္ဗာန်ကူးတို့ပို့တဲ့သဘောနဲ့ ကျောက်ကုန်းဖြင့် ခံလင့်တော့၊ ကျားကိုစီးပြီး ကြွခဲ့သတဲ့"

"ဩော် အင်း အတော်တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ပဲနော။ ကျုပ်ဖြင့်ကျားဆိုတော့ ထိတ်လန့်သွားသပ"ဟု ခပ်စောင်းစောင်းပြောသည်နှင့်။

"ကျားဆိုပေမယ့် သူတော်ကောင်းကျားပါဗျ၊ ကျားက စိတ်သဘောလည်းကောင်း၊ ချောလည်းချော"

"တော်ပါ ဆိုင်သာလောက်ကို ပြောပါ"ဟု ငေါက်လိုက်လေ၏။

"နောက် ရေဆိပ်က သီဟိုဠ်ကို ကူးလိုက်ခဲ့တော့ ပင်လယ်ပြင်မှာ သင်္ဘောမသွား ရပ်နေသတဲ့၊ ထုံးစံအတိုင်း စာရေးတံမဲချတော့ ရှင်ကဿပချည်းပဲ ၃ ကြိမ်ထပ်ကျသတဲ့။ သည်တော့ ရှင်ကဿပက ကိုင်း ငါတစ်ယောက်အတွက် အခြားသူတွေ ချမ်းသာပါစေဆိုပြီး ရေကို အချခံသတဲ့"

"ရေချချင်း မိကျောင်းတစ်ကောင်ပေါ်ပြီး ကိုယ်တော်ကို ကျောက်ကုန်းဖြင့် ခံလင့်ပြီး တစ်ခါတည်း သီဟိုဠ်အရောက် ဆောင်သွားသတဲ့"

"အဲသည်လို ကုန်းသွားရင် ကျားစီး၊ ရေသွားရင် မိကျောင်းစီးသွားရတဲ့ တန်ခိုးရှိလို့ အထိမ်းအမှတ်လုပ်ထားတဲ့ နေရာတွေရှိတယ်"

"ဟော အခု ပခုက္ကူနဲ့ ပေါက်နဲ့သွားတဲ့ မော်တော်ကားလမ်းမကြီးအတိုင်း ပခုက္ကူကနေပြီး အနောက်ကို မိုင် ၂၀ (အညာခေါ် ခရီးတစ်သောင်း)အကွာမှာ ကျောက်စရစ်ကုန်းဆိုတာရှိတယ်။ ပေါက်မြို့

ဘက်ကဆိုရင် ပေါက်မြို့ အရှေ့ ၁၁ မိုင်လောက်အကွာမှာ ရှိတယ်။ အဲဒီကျောက်စရစ်ကုန်းမှာ သီရိဓမ္မာသောကမင်း တည်ခဲ့တယ်ဆိုတဲ့ ရွှေမုဋ္ဌောဘုရားကို ပုဂံနရပတိစည်သူမင်းက အုပ်မိုးပြီး ဘုရားတည်ထားတာ ရှိတယ်။ အဲဒီရွှေမုဋ္ဌောအနောက်ဘက်နားမှာ ပေါင်လောင်ရှင်ကဿပက မယ်တော့်ကိုယ်စားတည်ထားတဲ့ ပေါင်လောင်ရှင် ဆုတောင်းပြည့်ဘုရားရယ်လို့ ရှိတယ်။ ကုန်းမှာ ကျားစီးရတဲ့အကြောင်း အထိမ်းအမှတ်ဖြစ်ဖို့ မင်းကြီးက ရှင်ကဿပရဲ့ကိုယ်လေး ရွှေစင်ကို ရှင်ကဿပအရုပ် သွန်းလုပ်စေပြီး ပဉ္စလောဟာကို သွန်းလုပ်တဲ့ ကျားရုပ်ပေါ်မှာ ထက်ဝက်လွှဲစီးစေတယ်။ အဲဒီရှင်ကဿပ ကျားစီးနေတဲ့ရုပ်ပုံကို အဲဒီပေါင်လောင်ရှင် ဆုတောင်းပြည့်ဘုရား လိုဏ်ဝမှာ ထားစေသတဲ့''

''ရေဖြင့်ကူးရာအရုပ်ကတော့ အခု ပခုက္ကူမြို့ အရှေ့စွန်း ရွာဦးကျောင်းမှာရှိတယ်။ အဲဒီမှာ ရှင်ကဿပ မိကျောင်းစီးနေတဲ့ ရုပ်ပုံရှိတယ်။ ရှေးက အဲဒီရေဆိပ်ကို ပေါင်လောင်ရှင်ဆိပ်လို့ ခေါ်နေကြတယ်။ အခုတော့ ပေါင်းလောင်ရှင်ရုပ်လို့ ခေါ်နေကြတယ်။ ဒီနေရာမှာ ရှေးက ရေဆိပ်အမှတ် စေတီဟောင်းရာ ဖြစ်ပုံရတယ်။ ရွာဦးကျောင်းက ဆယ်လံကွာလောက် ရေဆိပ်ကမ်းမှာ ကျောက်ပြားကျောက်တုံးတွေ စုပုံနေတဲ့ နေရာဟာ ရေထဲထိုးထွက်၊ နောက် ကမ်းဘက်က ပြတ်သွားတော့ ကျွန်းကလေးလို ဖြစ်နေတယ်။ အဲဒီကျွန်းကလေးလိုနေရာမှာ ထီးပျက်တွေ၊ ရုပ်တုအကျိုးတွေ တွေ့ရတယ်။ မိကျောင်းစီးနေတဲ့ ရှင်ကဿပရုပ်ဟာ ဒီနေရာကရတယ်လို့ ပြောကြတယ်။ ပြီးတော့ အဲဒီကျွန်းသောင်ခုံကလေးမှာ ဟို ၁၂၉၀ ပြည့်နှစ်ကုန်လောက်က ကျောက်ထပ်စေတီငယ်ကလေးတစ်ဆူ တည်ထွန်းဖြစ်ပေါ်လာပြီး ဆုထူးပန်စေတီရယ်လို့ အတော်စည်ကားလိုက်သေးတယ်ဗျ''

*

“ပြီးတော့ကျောက်ရစ်က ပေါင်လောင်ရှင်စေတီမှာ ရှင်ကဿပ ကျားစီးတဲ့အရုပ်က တောင်ဘက်က၊ မိကျောင်းစီးတဲ့အရုပ်က မြောက်ဘက်က ရှိသတဲ့ဗျ။ အရုပ်သူ အရုပ်သားတွေကတော့ ‘ရှင်သူငယ်ရဲ့ ပုံတော်’လို့ ပြောတတ်ကြတယ်”

## သီဟိုဠ်တွင်

“ရှင်ကဿပ သီဟိုဠ်ရောက်ပြီးနောက် သင်္ဘောသားတို့ ထပ်ရောက်လာတော့ သင်္ဘောစီးတို့က ရှင်ကဿပကို မြင်ရတော့ တချို့က သူ ပင်လယ်ပြင်မှာ သင်္ဘောပေါ်က ချခဲ့တဲ့ရဟန်းပဲ၊ တချို့က မဟုတ်ဘူးလို့ ငြင်းခုံကြပြီး သားမယားတိုင်အောင် အလောင်းအစား ပြုကြပြီး ရှင်ကဿပထံကို လာရောက်မေးလျှောက်ကြသတဲ့”

“ရှင်ကဿပက သင်တို့အလောင်းအစား ကြီးလှတယ်၊ ဖြေကြမှ ငါပြောမယ်ဆိုလို့ ဒကာတွေက အလောင်းအစားကို ဖြေကြမှ ရေချခံရတဲ့ရဟန်းဖြစ်ကြောင်း ဖွင့်ပြောတယ်တဲ့။ ဒီတော့မှ လူတွေလည်း အင်မတန်ကြည်ညိုပြီး များစွာလှူဒါန်းပူဇော်ကြသတဲ့”

“သီဟိုဠ်က ရဟန်းတွေက ရှင်ကဿပကို သူတို့နဲ့ပေါင်းချင်ရင် သီဟိုဠ်ရဟန်းတွေအထဲမှာ သိက္ခာထပ်ရမယ်ဆိုတော့ ရှင်ကဿပက ညအခါ အိပ်မက်ယူအိပ်သတဲ့။ မိမိထိပ်တွင် သံမှိုနှက်ထားရာမှာ နောက်ထပ် သံမှိုနှက်လို့ မဝင်ဘူးလို့ မြင်မက်တဲ့အတိုင်း သိက္ခာမထပ်ဘူးတဲ့”

“ဒီအကြောင်းကို သီဟိုဠ်ဘုန်းကြီးတွေက သီဟိုဠ်မင်းထံ အကြောင်းကြားတော့ မင်းက ရှင်ကဿပကို လူသားစားတဲ့ ဘီလူးတွေရှိရာအရပ်ကို ပို့စေသတဲ့”

“ရှင်ကဿပရောက်တော့ သီလတော် တန်ခိုးတော်ကြောင့် ဘီလူးတွေ ပြေးကုန်ရောတဲ့။ ကလေး ၂ ယောက်နဲ့ ဘီလူးမတစ်ယောက်တော့ မပြေးတာနဲ့ မေးတော့၊ သူ့သား ၂ ယောက် မွေးကတည်းက

မျက်စိကန်းနေလို့ ဒုက္ခကြီးတာနဲ့ မပြေးနေကြောင်း လျှောက်သတဲ့။ ရှင်ကဿပက မေတ္တာခံပြီးကုသပေးတာနဲ့ ကလေး ၂ ယောက် မျက်စိမြင်ရောတဲ့။ အမိက ကျေးဇူးတင်တာနဲ့ သား ၂ ယောက်ကို တစ်ခါတည်း လှူလိုက်တယ်။ ရှင်ကဿပ ပုဂံကိုပြန်လာတော့ အဲဒီဘီလူးကလေး ၂ ယောက်ကို ခေါ်လာခဲ့တယ်။ နာမည်က ငရေမန်နဲ့ ငတင်ကျည်းတဲ့"

"ဘီလူးတောရောက်လို့ အတန်ကြာတော့ သီဟိုဠ်မင်းက အကြည့်ခိုင်းတယ်၊ ရှင်ကဿပမှာ ဘာမှဘေးမဖြစ်တာကို ကြားသိရတော့ ကြည်ညို၊ ပြန်ပင့်၊ တောင်းပန်ကန်တော့ ပူဇော်သတဲ့"

"အဲသည် ရှင်ကဿပဟာ ကျားလည်းမကိုက်၊ မိကျောင်းလည်းမကိုက်၊ ဘီလူးလည်းမစား အတော်တန်ခိုးကြီးသယ်နော်"

"ဟုတ်မှာပေါ့ ရှင်မယ်ထိန်ရယ်၊ သီလ မေတ္တာရဲ့ တန်ခိုးဟာ အင်မတန် ကြီးမားတာကလား"

"အဲဒါနဲ့ သီဟိုဠ်မင်းရဲ့ဆရာ ဒေါနပုဏ္ဏားက ပစ္စည်း ၄ ပါး ဒါယကာခံပြီး ကိုးကွယ်ထားသတဲ့"

"နောက် ကာလကြာတော့မှ ရှင်ကဿပ ပုဂံကိုပြန်ခဲ့တယ်။ အဲဟိုဘီလူးကလေး ၂ ယောက်ကိုလည်း ခေါ်ခဲ့တယ်"

## ပုဂံတွင်

"ပုဂံပြည်ရောက်တော့ ရှင်ကဿပဟာ ပုဂံမြို့ တောင်ငယ်တစ်ခုပေါ်မှာ ကြံ့စာပင်ရင်းမှာ ထီးအုပ်ပြီး သီတင်းသုံးနေသတဲ့။ အဲဒါကို လူတွေကမြင်တော့ ဆင်ဖြူတော်သဏ္ဍာန် မြင်ရတာနဲ့ ဘုရင်ကို လျှောက်တော့ နရပတိစည်သူက မင်းနန်သူကို အစုံစမ်းခိုင်းလိုက်တယ်"

"မင်းနန်သူလည်း ဆင်ဖြူတော် ကြံ့စာခက်ကို ချိုးစားနေတာ ထင်ထင်ရှားရှားမြင်လို့ ဝင်ဖမ်းတော့ လား လား ရဟန်းဖြစ်နေတာကိုး၊ မင်းနန်သူလည်း အင်မတန်ကြည်ညိုပြီး ပစ္စည်းလေးပါး ဖိတ်လှူသတဲ့"

"ဘုရင်ကြားတော့ ပင့်၊ ကြည်ညို၊ ဆွမ်းဖိတ်တော့ မင်းနန်သူက ဦးနေကြောင်း၊ ဝိနည်းတရားအတိုင်း မျက်နှာမလိုက်ဘဲ မိန့်သတဲ့။ သည်တော့မှ မင်းနန်သူဆီက ခွင့်တောင်းရမှ မင်းရဲ့ဆွမ်းကို လက်ခံတော်မူတယ်"

"တစ်ခါတော့ မင်းနန်သူဟာ သူ့ကို ရှင်ကဿပက (လှူတဲ့ပစ္စည်းဟာ ဓမ္မိယလဒ္ဓ စင်ကြယ်မှကောင်းတယ်လို့) မိန့်ဖူးတာကို သတိရလို့၊ မြင်းကပါသူဌေးကို အကြောင်းကြားတော့ သူဌေးကပေးတဲ့ ပတ္တမြားတစ်လက်ခုပ်ကို အသပြာတစ်ထောင်နဲ့ ရောင်းပြီး အဲဒီရတဲ့ ပစ္စည်း စင်ကြယ်မစင်ကြယ် သိရအောင် ညောင်ဦးကမ်းပါးကနေပြီး စင်ကြယ်ရင် ပြန်ရပါစေလို့ ဓိဋ္ဌာန်ပြီး မြစ်ထဲချလိုက်သတဲ့"

"ငါးမျို၊ တံငါလာရောင်း၊ ဖောက်ကြည့်၊ ဥစ္စာကို ပြန်ရ၊ ဝမ်းမြောက်စွာနဲ့ ကျောင်းဆောက်လှူတယ်။

"ငါးကိုခွဲပြီး အူဖောက်ကြည့်တဲ့နေရာမှာ ဘုရားတည်ထားတာ၊ ငါးအူဖောက်ဘုရားလို့ ခေါ်တယ်။ ခင်ဗျား ပုဂံရောက်ရင် အခု ဗူးဘုရားရဲ့တောင်ဘက် ပေ ၄၀၀ လောက်အကွာမှာ အခု မှန်ကြို့ရပ်ဆိုတဲ့အရပ်၊ မင်းနန်သူရဲ့ ဝင်းနေရာမှာကပ်ပြီး အဲဒီဘုရားရှိတယ်။ အခုတော့ ငါးအူသင်ရာဘုရားလို့လည်း ခေါ်ကြတယ်"

"ဆောက်တဲ့ကျောင်းကတော့ မင်းနန်သူကျောင်းခေါ်တယ်။ ပုဂံအရှေ့တောင် ၃ မိုင်ကွာ၊ လေးထောင့်ကန်နဲ့ ကပ်နေတဲ့ ကျောင်းတိုက်ကြီးပဲ။ အခုတော့ ပျက်စီးယိုယွင်းနေပါပြီ။ အဲဒီကျောင်းတိုက်ရဲ့ အနောက်နားက မင်းနန်သူရဲ့ကောင်းမှု လေးမျက်နှာဘုရားရှိတယ်"

"ဒီမင်းနန်သူဟာ ရာဇဝင်မှာ အတန်ထင်ရှားတယ်၊ ပုဂံအရှေ့ အားမနာရွာသား။ အဲဒီရွာကို တောင်ဘက်ပြောင်းပြီး တည်တယ်။ လေးထောင့်ကန်ကြီးရဲ့ တောင်ဘက်ကရှိတဲ့ အခု မင်းနန်သူရွာပေါ့ ရှင်မယ်ထိန်ကြီးရဲ့"

"ဟုတ်ကဲ့ ကိုရင်ကျေးကလေးရဲ့"

"တစ်ခါတော့ နရပတိစည်သူမင်းကြီးက စူဠာမဏိစေတီကို တည်တယ်။ စေတီပြီးတော့ ဘိသိက်မြှောက် အနေကဇာတင်ပွဲ ကျင်းပမယ်လို့ မင်းကြီးက ရှင်ကဿပကိုပင့်တော့ ဒီလိုလူတွေကို ဒုက္ခပေးတဲ့ လုပ်ငန်းဟာ ငရဲသွားဖို့ပဲလို့၊ အလိုတော်မကျတာနဲ့ မကြွမသွားဘူးတဲ့ဗျ။ ဒါတွင်မကဘူး လှူမြဲရပြီး ဆွမ်းကိုတောင် စွန့်တော်မူသတဲ့"

"အဲဒီတော့ ဘုရင်ကစိတ်ဆိုးပြီး ကိုင်း နေလိုရာနေပေစေလို့ ဆိုလိုက်သတဲ့"

"သည်တော့ ရှင်ကဿပလည်း သူ့မယ်တော် ၂ ဘဝမြှောက် နွားမဖြစ်ရာ ကျောက်ရစ်ကို ထွက်ကြွသွားရောတဲ့"

"ကြွတယ်ဆိုရင်ပဲ သီဟိုဠ်ကပါလာတဲ့ ဟိုဘီလူးကလေး ၂ ယောက် ငရမန်နဲ့ ငတင်ကျည်းတို့က မြို့တော်မှာ ချောက်ချားထိတ်လန့်အောင် လုပ်ကရောတဲ့"

"ဘုရင်က ပညာရှိတွေကိုမေးတော့ ရှင်ကဿပကို ပြစ်မှားလို့ ဖြစ်ကြောင်း လျှောက်တော့မှ လိုက်ပင့်စေတယ်။ ၂ ကြိမ်တိုင် မလိုက်ဘူး။ တတိယအကြိမ် သူ့ဒကာရင်းမင်းနန်သူကို ပင့်စေတော့မှ လိုက်လာသတဲ့။ ဘီးလူးခြောက်တဲ့ ဘေးရန်လည်း ပျောက်ကရောတဲ့"

"ဩော် အဲသည်ဘီလူးကလေး ၂ ယောက်က သူတို့အရှင်ကို ထိလို့ မခံချင်သာပ။ အနို့ အဲသည်ဘီလူး ၂ ယောက် နောက်တော့ ဘာဖြစ်သွားတုံး"

"ကျုပ်ပြောခဲ့တဲ့ ကျောက်စရစ်ကုန်း ရွှေမုဋ္ဌောနားက ရွှေပေါင်လောင် ဆုတောင်းပြည့်ဘုရားမှာ အစောင့်အရှောက် အမြဲခန့်ထားလိုက်သတဲ့ဗျ"

"အင်း ဆက်ပါဦး"

"ရှင်ကဿပ ရောက်လာတော့ မင်းက တောင်းပန်ပြီး ထီးဖြူနဲ့ မင်းမြှောက်တန်ဆာတို့ကို လှူတော့ ရှင်ကဿပက ငါတို့ရဟန်းနဲ့

မဆိုင်။ လှူလိုရင် မြေလှူပါ၊ ငါဘုရားတည်လိုတယ်လို့ ဆိုလို့ အဲဒီကျောက်ရစ်မှာ မြေလှူတယ်။ မြေရတော့မှ ရှင်ကဿပက သူ့မယ်တော်အတွက် ကိုယ်စားဘုရားတည်တယ်။ သမထီးဘုရားလို့လည်း ခေါ်သဗျ"

"အဲဒီ ကျောက်ရစ်ပေါင်လောင်ရှင်စေတီမှာ ရှင်ကဿပရဲ့ရုပ်ပုံ ၂ ခုရှိတယ်။ တောင်ဘက်က ပုံတော်က ကျားစီးလို့၊ မြောက်ဘက်က ပုံတော်က မိကျောင်းစီးလို့ ရှိတယ်ဗျ။ အဲဒီအရုပ်က လူတွေကတော့ 'ရှင်သူငယ်ရဲ့ပုံတော်'လို့ ပြောတတ်ကြတယ်"

"နေပါဦး၊ ကျုပ်တို့ကြားဖူးသာက နရပတိစည်သူ စူဠာမဏိဘုရားတည်မယ်လို့ နေရာကို ချောက်ကြီးကို အပြင်းအပြ ဖို့စေသယ်။ ငစွယ်ရှင် ပုံ့သကူကြီးက ပြည်သူဆင်းရဲတယ်ဆိုပြီး ဘုရင့်ဆွမ်းကို သပိတ်မှောက်တော့ ဘုရင်က ငါ့ဆွမ်းမစားလိုရင် ငါ့ပြည်မှာ မနေမှဘဲဖြစ်မယ်ဆိုတာနဲ့ သီဟိုဠ်ကို ကြွမယ်သွားလို့ လမ်းရောက်ရုံရှိသေး၊ သရပါတံခါးစောင့်ဘီလူးက မင်းကြီးထွက်တော်မူတော့ တံခါးဝက ကားယားရပ်ပြီး မဖယ်ဘူးတဲ့။ ပညာရှိတွေက အရှင်မြတ်ကို ပြစ်မှားလို့ အဲသည်လိုဖြစ်ရသယ် လျှောက်ကြတော့မှ ကြံဖန်ပြီး ပြန်ပင့်ရသယ်ဆိုပဲ။ အခု တော်ပြောသလိုတော့ ပေါင်လောင်ရှင်ကဿပ ဖြစ်နေပါမင့်ကလား"

"ကျုပ်လည်း ကြားဖူးပါတယ်။ ပေါင်လောင်ရှင် သမိုင်းလင်္ကာမှာလည်း ဒီလိုပဲ ဆိုလိုတယ်။ ဒီလိုယူရအောင်လေ။ ပုံ့သကူကြီးအရေးက နေရာဖို့တဲ့ကိစ္စနဲ့စပ်လို့၊ ဘုရားတည် မပြီးခင်က ဖြစ်လိမ့်မယ်။ ပေါင်လောင်ရှင်ကဿပ အရေးက ဘုရားတည်ပြီးမှ ဖြစ်လိမ့်မယ်။ တခြားစီလို့ ထင်တာပဲ။ အဖြစ်ချင်းတော့ ခပ်ဆင်ဆင်ပဲဗျ"

"ရှင်ကဿပ သီဟိုဠ်က ပြန်တုန်းက ဓာတ်တော် ၃၇ ဆူနဲ့ မေးရိုးတော် ယူခဲ့တယ်ဆိုတာ။ ကျောက်ရစ်ဘုရားမှာ ဓာတ်တော် ၂ ဆူနဲ့ မေးရိုးတော်ကို ဌာပနာတယ်။ ကျောက်စရစ်ကုန်းဘုရားမှာ

၂ ဆူဌာပနာတယ်။ ကျန်တဲ့ ဓာတ်တော်တွေကိုလည်း အထက်တစ်ခွင်မှာ ဘုရားတွေ အနှံ့အပြား တည်တော်မူတယ်"

"ဘယ်နေရာတွေမယ်ပါလိမ့်"

"ပုဂံ မင်းနန်သူကျောင်းတိုက်ထဲမှာ တစ်ဆူ၊ ရွှေစည်းခုံတံတိုင်းအတွင်းတစ်ဆူ၊ ခြောက်ဘုရားလှတစ်ဆူ၊ ကန်စွန်းအိုဘုရားတစ်ဆူ၊ သိကြားတောင်ဘုရားတစ်ဆူ၊ ပြီးတော့ စာကြို၊ ရွာမှိုင်း၊ ကျောက်မြေရွာ၊ မြစ်ကိုင်းရွာ၊ မြင်းဝန်း၊ စလင်း၊ ပခန်း၊ အနိမ့်၊ အမြင့်၊ မြင်းမူ၊ ဆားတောင်မ၊ မြေတူး၊ ဒီပဲယင်း၊ ဖိုင်တောကျောင်း၊ ထိန်တောကျောင်း၊ အဲဒီအရပ်တွေမှာလည်း တည်တော်မူတယ်ဗျ။

"ပြီးတော့ အဲဒီဘုရားရှိတဲ့ အရပ်တွေမှာ ရှင်မဟာကဿပလှည့်လည်ပြီး သီတင်းသုံးတော်မူတယ်။ မကြာ မကြာလည်း ယောနယ်ဘက်ကို သာသနာပြု ကြွတော်မူတယ်။"

## ပရိနိဗ္ဗာန်ပြုခန်း

"အဲဒီလို သီတင်းသုံးနေတော်မူရာက တစ်ခါတော့ မြင်းမူတောကျောင်းမှ အမြင့်တောကျောင်း တုံတောကျောင်းများက ဖြတ်ပြီး ယောနယ်ဘက်ကို သာသနာပြုကြွအသွား လမ်းမှာပဲ အဲအခု ပုံတောင်ပုံညာနဲ့ မဟူတောင်ဆိုတဲ့နေရာ အခု အလောင်းတော်နေရာမှာပေါ့ ပရိနိဗ္ဗာန်ပြုရှာသတဲ့"

"အနီးအနားရွာသားများ ကိုးကွယ်သူ ဒါယကာများက ကောင်းစွာသင်္ဂြိုဟ်ကြပြီး အထိမ်းအမှတ်သဘောနဲ့ ကိုယ်စားပုံတော် လောင်းတော်မူ အလောင်းတော်သဏ္ဌာန် တည်ထားကိုးကွယ်ကြတာပေါ့"

"အေး အဲဒီလိုတန်ခိုးကြီးမားတဲ့ အရှင်ပင် ဖြစ်သော်လည်း အကြောင်းမသင့်တာနဲ့ ဒီလမ်းခရီးခုလတ်မှာပဲ ပျံလွန်တော်မူရရှာတယ်"

ရှင်မယ်ထိန်သည် တရားရသော မျက်နှာငယ်ဖြင့် လက်တွင် ရှိသော ပုတီးကို စိုက်၍ကြည့်နေလေသတည်း။

## လူနေများ

"ဒီအလောင်းတော် တောင်ပေါ်အနီးအနားတစ်ဝိုက်မှာ အရင်ကတော့ လူနေအိမ်ခြေ အသင့်အတန်ရှိတယ်။ ရှေးမင်းများလက်ထက်ဆီက အလောင်းတော်ကို ကြည့်ရှု စောင့်ရှောက် ပြုစုရတဲ့လူများနဲ့ တူတယ်ဗျ။ မြန်မာပြည်ကို ကုလားမင်းများ သိမ်းစကတောင် တောင်ပေါ်လေးရွာ ခေါ်တဲ့ ကျောက်ရှော၊ ကျောက်ဖလ၊ ဖက်ဖယ်အင်း၊ မြောင်းကြီးရွာ ဆိုတာတွေ ရှိသေးတယ်။ အခု ဖြူးမြို့ အငြိမ်းစားတရားမ ဝန်ထောက် မင်း ဦးလူကလေးဟာ ၁၂၅၇ ခု (1895)မှာ ကန္နီမြို့အုပ်ရုံးမှာ စာရေး လုပ်နေစဉ်က တောင်ပေါ်ရောက်တော့ အဲဒီရွာစုကိုတွေ့ရသေးကြောင်း။ နောက်မှ အင်္ဂလိပ်မင်းများကပင် တောင်ကို ကြိုးဝိုင်းတော့ အဲဒီရွာများ အနေအစားကျပ်ကြလို့ တောင်အောက်ကို ပြောင်းရွှေ့လာရောက်ကြ ကြောင်း ကျုပ်ကို ပြောပြဖူးတယ်ဗျ။ ကဗြူ၊ ကပိုင်၊ ချောင်းကောက်၊ (မ)သလောက် ဆိုတဲ့ အခုတောင်ခြေဆီက အရပ်တွေမှာ အဲဒီတောင် ပေါ်ရွာက ဆင်းလာတဲ့လူတွေရဲ့ အဆက်အနွယ်တွေလို့ပြောကြတယ်ဗျ"

"အဲဒီရွာတွေနဲ့ပတ်သက်လို့ ညောင်ပင်လယ်သူကြီး ဦးဘိုးလှိုင် ပြောဖူးတာက ဒီလိုဗျ"

"အရင်က အလောင်းတော်ရဲ့ အနောက်နားမှာ အကြည်လယ်မ ဆိုတဲ့ ရွာငယ်များလည်း ရှိသတဲ့။ နောင်တော်ကြီးလက်ထက် (၁၁၂၂-၁၁၂၅)မှာ ဘုရားကိုပြုပြင်တော့။ အင်္ဂတေစပ်ဖို့၊ ကျွဲရေကော်ထက်၊ ဖွတ်ရေကော်က ကောင်းတယ်လို့ လျှောက်ကြတာနဲ့ ဖွတ်အရှာခိုင်း သတဲ့"

"အလောင်းတော် အနောက်ဘက်ဆီမှာ ဖွတ်တွေပေါလို့ အဲဒီ အကြည် လယ်မက လူတွေကို မင်းလုလင်များက အပြင်းအပြ ဖွတ် အရှာခိုင်းသတဲ့။ ဒီတော့ အဲဒီရွာသားတွေက အကုသိုလ်အမှု မပြုချင်ကြတာနဲ့ သူတို့ဟာ အလောင်းတော်ကို ပြုစုနေတဲ့လူတွေဖြစ်လို့ အထက်က မင်းတိုင်း မင်းမှုလွတ်ပါကြောင်း၊ မယုံရင် ယောပြည်စိုး (ယောသူကြီး)ကို မေးပါဆိုတဲ့အကြောင်း။ ယောပြည်စိုးကိုပဲ ပိုက်ဆံကြေးငွေ ပေးပြီး ရှေ့ဆောင်လုပ်ပြီး လျှောက်စေသတဲ့"

"ဘုရင်က ယောပြည်စိုးကိုမေးတော့ သူတို့ပြောလို့တော့ ကြားဖူးပါတယ်လို့ ရိသဲ့သဲ့ လျှောက်သတဲ့။ ဒီတော့ ဘုရင်က ငါ့ကို လှည့်ဖျားရမလားလို့ အမျက်ရှိပြီး အဲဒီရွာသားတွေကို အလောင်းတော် ကဿပကို လှူသတဲ့။ အလောင်းတော်ရဲ့ အရပ်လေးမျက်နှာ ကြက်တစ်တွန်အကျယ်ရှိ မြေကို အခွန်လွတ် လုပ်ကိုင်စားသောက်စေလို့လည်း အမိန့်ပေးသတဲ့"

"အဲ သူတို့လုပ်စားကြတော့ အလောင်းတော် မြောက်ဘက်က ဆယ်ရွာသူကြီးများက သူတို့ပိုင်နက်အတွင်း ကျနေလို့ အခွန်တော်တောင်းကြရောတဲ့။ ဒီတော့မှ အကြည်လယ်မ ထောင်မှူးအကြီးအကဲက ခေါင်းဆောင်ကာ ဘုရင့်ထံ ကိုယ်တိုင်လာပြီး စဉ်းတီတုံးနဲ့အဆင်သင့် ဘုရင်အထွက်က စောင့်နေသတဲ့။ ဘုရင် ဆင်စီးထွက်လာတော့ အဲဒီထောင်မှူးကရှိခိုးပြီး ပေးသနားတော်မူတဲ့မြေမှာ လုပ်ကိုင်စားသောက်ကြရာမှာ ဆယ်ရွာသူကြီးများက အခွန်တောင်းပါသဖြင့် လုပ်မစားရလို့ ငတ်သေမယ့်အတူတူ ဘုရင်မင်းမြတ်ကိုယ်တိုင် လည်ကိုဖြတ်တော်မူပါလို့ လျှောက်ပြီး စဉ်းတီတုံးပေါ်မှာ လည်ကို တင်ထားသတဲ့ဗျ"

"ဒီတော့မှ ဘုရင်က အခွန်လွတ်စေဆိုတဲ့အပြင် အလောင်းတော်ရဲ့ လေးမျက်နှာ ကြက်တစ်တွန်မက အပိုင်းအခြားမရှိ အလိုရှိရာမှာ လုပ်ကိုင်စားသောက်စေလို့ ထပ်ပြီး အမိန့်ပေးသတဲ့"

"အဲဒါကြောင့်လည်း အခု တောင်ခြေမှာ အနှံ့အပြားရောက်နေကြသတဲ့ဗျ"

"အဲဒီတောင်ပေါ်က ဆင်းလာတဲ့ လူတွေဟာ အစဉ်ထုံးစံအတိုင်း နှစ်စဉ် အလောင်းတော်ကို ရွှေချပူဇော်ရအောင် လာကြရသတဲ့။ အခုတော့ အလောင်းတော်ကို မရောက်နိုင်တဲ့အစား တောင်ခြေနားရှိ ခပိုင်မှာ အကျော်ဇေယျ စေတီရယ်လို့ ရှိတာမှာ စက္ကူထီး နှစ်စဉ် တင်ကြရသတဲ့ဗျ။ ခပိုင်၊ သီးကုန်း၊ လက်ကပြားဆိုတဲ့ အရပ်ကလူတွေတဲ့ဗျ။ သူတို့ယုံကြည်ကြတာက ဒီလိုအထိမ်းအမှတ်မပြုရင် ကျားကိုက်တတ်တယ်လို့ အယူရှိကြသတဲ့"

*

## ကျောက်စာနှင့် ဘိုးတော်စစ်တမ်း

"အရင်က ကျောက်စာတွေရှိတယ်လို့ကြားရတယ်၊ တချို့လည်း အလိုလိုပျက်စီးကုန်ပြီတဲ့။ တချို့လည်း ဘုရားကိုအလှူခံရတဲ့လူတွေက သူတို့နာမည်ပါနေလို့ ဖျက်ဆီးပစ်သတဲ့"

"ဩော် ကျောက်စာဆိုလို့ အလောင်းတော်ရဲ့ နောက် နားမယ်၊ ကျောက်စာတိုင်တစ်ခုရှိတယ်၊ လာသွားကြည့်ရအောင်"

"ဟုတ်တယ်၊ ကျုပ်လည်း သတိထားမိတယ်၊ ဖတ်မယ်လို့ပဲ၊ လာလေ သွားတာပေါ့"

နှစ်ယောက်သား ကျောက်စာတိုင်သို့ ရောက်ကြ၏။ ရှေးက အုတ်ဂူနှင့်ထားဟန်ရှိ၏။ ယခုမူကား ဂူပြိုနေ၍ ဟင်းလင်းဖြစ်နေသည်။ ကျောက်စာတိုင်၏ အောက်ပိုင်းမှာ မြေဖုံး အတန်မြုပ်နေ၏။ အပေါ်ပိုင်းက စာများလည်း အချို့မှာ ကြာ၍ စာလုံးမှိန်ပျောက်နေသည်။

အချို့မှာလည်း လူ၏လက်ဖြင့် ခြစ်ဖျက်ထားဟန်တူသည်။ သို့ကြောင့် ရကား အပြည့်အစုံ ဖတ်မရတော့ချေ။

“ကိုင်း ရှင်မယ်ထိန်၊ အောက်ဘက်ကစာကြောင်းတချို့ မြေထဲမြုပ်နေတယ်။ ရတတ်သမျှ တူးယက်ကြည့်ရအောင် နည်းနည်းကူစမ်းပါလေ”

ရှင်မယ်ထိန်သည် စာလုံးထင်ရှားလာအောင် ကျောက်စာမျက်နှာပြင်ကို စိတ်အားထက်သန်စွာနှင့် ပွတ်တိုက်၏။ ၎င်းနောက် သစ်စွန်းဝါးစွန်းနှင့် ခြေရင်းကိုရတတ်သမျှ တူးယက်ခြင်းကို ပြု၏။

ရှင်မယ်ထိန်သည် ဤသို့ ချွေးများပင်ထွက်လာအောင် ကြိုးစားကူညီသည်ကို ကျွန်ုပ်သည် အလွန်ပင် ဝမ်းမြောက်ကျေးဇူးတင်သည်နှင့်

“ကြိုးစားပါ ရှင်မယ်ထိန်ရယ်၊ ဘုရားလည်းဖူးရင်း ကျောက်စာလည်း တူးရင်းပေါ့”ဟု ကျွန်ုပ်က ဆိုမိရာ၊ ဆတ်ခနဲ ခေါင်းထောင်၍ မျက်နှာထားနှင့် “ဘာပြောသာတုံး”ဟု ကျွန်ုပ်အား မေးလေ၏။

“သြော် ဘုရားလည်းဖူးရင်း ကျောက်စာလည်း တူးရင်းပေါ့လို့ ပြောတာပါ”

“အဲသဟာကို ဆိုသယ်ဆိုသဟာ တော့ကိုဘုရားစူး”

ထိုအခါ ကျွန်ုပ်သည် အဘယ်စကားများ လွန်မိလေသနည်းဟု စဉ်းစားတွေးတောရာ လွန်သည့်အချက် တစ်စုံတစ်ရာကိုမျှ မတွေ့ရပါ။ သို့ကြောင့်လည်း

“ဘာဖြစ်တာလဲ ရှင်မယ်ထိန်ရဲ့။ အခု ဘုရားဖူးလာရင်း ကျောက်စာကိုလည်း တူးပြီး ဖတ်ရအောင်လို့ ဆိုတာပါ၊ ဘာများလွန်လို့လဲဗျ။ သိပ်ခက်တာပဲ”

“မဟုတ်ဘူး၊ တော့်စိတ်ထဲက ပြောချင်သာတစ်မျိုး၊ ပါးစပ်က ပြောထုတ်တော့ တစ်မျိုး၊ ဘာလဲ အမယ် ဘာရမလဲ၊ တော်ပြီ မတူးဘူး” ဆို၍ ဆောင့်ဆောင့်နှင့် ထသွားပြီး မနီးမဝေးရှိ တရုတ်စကားပင်အောက်

တွင် ခြေဆင်းလဲလူ ထိုင်တော်မူပြီးလျှင် ခပ်စူစူမျက်နှာပေါက်ဖြင့် စိတ်ကောက်၍ နေတော်မူလေသတည်း။

ကျွန်ုပ်မှာလည်း ပါးစပ်အဟောင်းသားနှင့် မိမိစကား အဘယ်နေရာ၌ မှားသွားလေသနည်း၊ လွန်သွားလေသနည်းဟု အနုလုံ ပဋိလုံ အကုန်စဉ်းစားကြည့်ရာ ဘာကမှ ထူးထူးခြားခြား မတွေ့ရသဖြင့် ရှင်မယ်ထိန်နောက်လိုက်ပြီး ခပ်လှမ်းလှမ်း ဘေးနားကနေ၍ "ရှင်မယ်ထိန်၊ ကျုပ် အဟုတ်ကိုပဲ ဘယ်နေရာမှာ ဘာလွန်သွားတယ်လို့ ကျုပ်စဉ်းစားမရဘူး၊ လွန်တာရှိရင် ဖွင့်ပြောပါ၊ ကျုပ်တောင်းပန်ပါ့မယ်"

ထိုအခါ ရှင်မယ်ထိန်သည် ကျွန်ုပ်ကို လှည့်မကြည့်ဘဲ ပြောသည်ကား

"ဘာမသိရသာတုံး၊ ဟိုစကားပုံလို တော်ဆိုမလို့ဟာ အဖျားနားကျမှ လွှဲချသွားသာဟာ အောင်မယ် မသိဘူးမှတ်လို့လား"

ထိုအခါမှ ကျွန်ုပ်သည် ဖျတ်ခနဲ သတိရ၍ ရင်ဘတ်ကို ဂျိုင်းခနဲတီးပြီး

"အမယ်မင်း ရှင်မယ်ထိန်ရယ်၊ ဖြစ်မှဖြစ်ရလေတယ်။ ဟို(ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း)ဆိုတဲ့ စကားပုံကို မတွေးမိရိုး မရည်ရွယ်ရိုးမှန်ပါတယ် ဟာ ကြာတယ်ဗျာ၊ ဘုရားရှေ့မှာ တစ်ခါတည်းတိုင်တည်ပြမယ်"ဆို၍ အလောင်းတော်ဘက်သို့ လှည့်ကာ ထိုင်၍ ရှိသေစွာ ရှိခိုးပြီးသော်

"တပည့်တော်သည် ဟိုဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုတဲ့ စကားပုံကို မတွေးမိပါ မဆိုလိုပါ။ ဤတပည့်တော်၏ သစ္စာစကားမှန်သော် ရှင်မယ်ထိန်သည် စိတ်ဆိုးပြေ၍ ကျောက်စာတိုင်ကို ပြန်လာပြီး ကူညီတူးပါစေသော်ဝ်၊ အလောင်းတော်နှင့်တကွ နတ်များဒေဝါ ကူညီဝိုင်းလို့၊ မှိုင်းမတော်မူကြပါ"ဟု ရှင်မယ်ထိန်ကြားလောက်အောင် ခပ်ကျယ်ကျယ် သစ္စာပြုလိုက်လေ၏။

ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါ၍ တုန်လှုပ်ခြင်း။

မိုးအခါမဟုတ်ဘဲ တိမ်ခဲတိမ်လိပ်တို့သည် မည်းရိပ်ညိုမှောင်တောင်မျှတရှိ တအိအိတက်လတ်၍ ကြောက်ဖွယ်ကျည်းကျည်း မြည်ဟည်း ထစ်ကြိုးခြင်း။

မရပ်မနား များပြားဝင်းထိန်သော လျှပ်စစ်နွယ်တို့သည် ကောင်းကင်နယ်အထက်၌ ပြက်၍ ပြက်၍ပြခြင်း။

တောနေသတ္တဝါ များစွာသော တိရစ္ဆာန်တို့သည် အသံကုန်မြည်ဟစ်၍ ထစ်ထစ်ချုန်းချုန်း၊ ဝုန်းဝုန်းဝေါက်ဝေါက်၊ ကြောက်မက်ဖွယ် လန့်ဖွယ်၊ များကယ်ဖြောဖြော၊ သောသောရုတ်ရုတ်၊ တုန်လှုပ်ချောက်ချားခြင်း။

အပြောကျယ်စွာ မဟာသမုဒ္ဒရာကအစပြု၍ သေးငယ်သောချောင်းငယ် အိုင်ငယ်အထိ ကြီးဘိသော လှိုင်းတံပိုးထ၍ ကမ္ဘာပျက်လေကျသကဲ့သို့ တုန်တုန်လှုပ်လှုပ်၊ အုတ်အုတ်ကျက်ကျက်ဖြစ်ကာရေနေသတ္တဝါအပေါင်းတို့လည်း လှုပ်ရှားချောက်ချားခြင်း။

ကောင်းကင်ကျက်စား ငှက်အများလည်း တည်နားရာမရသကဲ့သို့ ထိုမှဤမှ ပျံခုန်လူးလာ မြူးတူးကာဖြင့် ဘာသာဘာဝ တွန်မြည်ကြွေးကြော် အော်ဟစ်ဆူညံကြခြင်း။

တောတောင်ပြိုကွဲ၊ မြေအထဲမှ၊ သဲသဲသန်းသန်း၊ ရေပန်းရေညှောင့်၊ ပေါ်ပေါက်၍လာကြခြင်း။

ဥပါပျံခြင်း၊ တော်လဲခြင်း...

စသော ကြီးမြတ်သော သတ္တာအဓိဋ္ဌာန်ပြုသောအခါ၌ ဖြစ်ပေါ်တတ်သော ထူးခြားဆန်းကြယ်သော အခြင်းအရာ အံ့ဖွယ်သရဲတို့သည် ဤယခု ကျွန်ုပ်သစ္စာပြုသောအခါ၌ တစ်စုံတစ်ရာ ဘာမျှမဖြစ်ပါ။ အနည်းငယ်မျှပင် တုန်လှုပ်ခြင်း၊ ထူးခြားခြင်း မဖြစ်ပါ။ တုတ်တုတ်မျှ

မလှုပ်ပါ။ ခါတိုင်းလိုပင် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြစ်နေသောဟူ၏။

ဤသို့ ငြိမ်သက်စွာ ကိုယ့်စိတ်ကူးနှင့်ကိုယ် နေကြ၍ ကွမ်းတစ်ရာညက်လောက်ကြာသောအခါ သစ္စာတန်ခိုးကြောင့်ပင် ဖြစ်မည်။ သို့မဟုတ် အခြားအကြောင်းကြောင့်ပင် ဖြစ်မည်ကို အတည်တကျမသိရ။ ရှင်မယ်ထိန်သည် စိတ်ဆိုးပြေ၍ သူ့ဟာသူ ထလာပြီးလျှင် ကျွန်ုပ်မျက်နှာကို လက်ညှိုးနှင့် ကောက်ကောက်ထိုးကာ "ဒါပဲ၊ နောက်ကို စကားပြောရင် သတိထားပြောပါ"ဆို၍ ကျောက်တိုင်သို့ ပြန်ပြီးတူးမြဲတူးနေလေတော့သည်။

အတန်ကြာ ကြိုးစားကြပြီးနောက် ဖတ်၍ရတတ်သမျှတို့ကို ကျွန်ုပ်က ဖတ်၍ ရှင်မယ်ထိန်အား ရေးမှတ်စေရာ အောက်ပါတို့ကိုသာ ရပါတော့သည်။

....တုလွတ်ဘုံကျော်ကျောင်း....

....မုဆိုးဘိုကို ကုန်းဘောင်....

....သောကြာသားမင်း....

....သားတော်ကြီး ဆင်ဖြူရှင်ရွှေနန်းတက်....

....တော်အကြီး သီရိမင်္ဂလာမဟာဒေဝီ....

....၁၁၄၄ ခု....

....၁၁၅၄ ခု၊ တပေါင်းလ အလောင်းတော်....

....ကဿပသို့ အတုလဆရာတော်....

ဤမျှလောက်သာ အပြတ် အပြတ် ဖတ်၍ရတော့သည်။

"ကိုင်း ရှင်မယ်ထိန်၊ အခုတွေ့သလောက်နဲ့ဆိုရင် ဘယ်လိုလဲ"

"ဥ-ညြ-အော်-မြည်၊ ကုန်းဘောင်တည်ဆိုတဲ့အတိုင်း၊ ၁၁၁၅ ခုမယ်၊ အလောင်းဘုရားက မုဆိုးဘိုကို ကုန်းဘောင်လို့ သမုတ်ပြီးတည်တော်မူသယ်။ အဲသာကိုရည်ပြီး မုတ်ဆိုးဘိုကို ကုန်းဘောင်လို့

ဆိုသာနဲ့တူသယ်။ သည့်ပြင်ဟာတွေက သားတော်အမည်တွေ၊ မိဖုရား အမည်တွေ၊ ဆရာတော်အမည်တွေနဲ့ တူသယ်။ သေသေချာချာတော့ မသိဘူး''

''အင်း သောကြာသားမင်းက အလောင်းဘုရားကို ဆိုတယ်။ သူက သောကြာသားကိုဗျ။ အလောင်းဘုရားနောက်ကို သားတော်ကြီး ဖြစ်တဲ့ နောင်တော်ကြီးဘုရင်ဟာ ၁၁၂၂ ခုက ၁၁၂၅ ခုအထိ အုပ်စိုး တယ်။ နောက် ဒုတိယသားတော် အဲအခုဒီမှာ နာမည်တွေ့တဲ့ (ဆင်ဖြူ ရှင်)က ၁၁၂၅ ခုက ၁၁၃၈ ခုအထိ ဘုရင်ဖြစ်တယ်။ (အတုလဆရာ တော်)ကတော့ အလောင်းဘုရားလက်ထက်ကစပြီး မင်းဆရာတော် ကြီးပေါ့၊ ဦးပန်းထွေးလို့လည်း ခေါ်တယ်။ ဘိုးတော်လက်ထက်ကျအောင် ရှိတယ်။ သက္ကရာဇ် ၁၁၄၄–၁၁၅၄ ဆိုတော့ ဘိုးတော်လက်ထက်ကျ တယ်။ ဘာပြုလို့လဲဆိုတော့ ဘိုးတော်ဟာ ၁၁၄၃ ခုက ၁၁၈၁ ခုအထိ ၃၈ နှစ်တောင် မင်းပြုတာကိုး။ အတုလဆရာတော် ရောက်လာတဲ့ အကြောင်းလည်း သိရတာပေါ့''

''အတိုချုပ်ကတော့ အလောင်းဘုရား၊ နောင်တော်ကြီး၊ ဆင်ဖြူ ရှင်၊ စဉ့်ကူးမင်း၊ ဖောင်းကားစားမောင်မောင်၊ ဘိုးတော်ဦးဝိုင်း၊ သည်မင်း ၆ ဆက်အတွင်းမှာ အထူးသဖြင့် ဘိုးတော်လက်ထက် ၁၁၄၃ ခုက ၁၁၅၄ ခုအတွင်းမှာဖြစ်ဖြစ်၊ ၁၁၅၄ ခုမှာပဲဖြစ်ဖြစ် အလောင်းတော်ကို ပြင်ဆင်ခြင်း၊ တန်ဆောင်းဆောက်ခြင်း တစ်ကြိမ်ပြုဟန်တူတယ်။ အတုလဆရာတော်ကိုယ်တိုင် ရောက်ရှိ၊ ကြီးကြပ်ပြင်ဆင်ဆောက်တည် ရတာနဲ့ တူတယ်၊ စာကလည်း မစုံတော့ ဒါလောက်ပဲ တွေးတောတာ ပဲဗျ''

''ကျောက်စာရဲ့ စာလုံးအနေအထား၊ ပုံပန်းသဏ္ဍာန်၊ သတ်ပုံ သတ်ညွှန်းကြည့်တော့လည်း အဲဒီဘိုးတော်တို့ လက်ထက်ဆီလောက်က ပဲ ဖြစ်တယ်''

## ဘိုးတော်စစ်တမ်း

"ဘိုးတော်လက်ထက်မှာ အလောင်းတော်နဲ့တကွ တန်ဆောင်းတော်တို့ကို ပြုပြင်တည်ဆောက်တယ်ဆိုတာ အမှန်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီ ဘိုးတော်ရဲ့ ၁၁၆၄ ခု စစ်တမ်းမှာ ဆိုထားတာက ....ထိုအလောင်းတော်အပေါ် ကျောင်းတော်နှစ်ထပ်၊ ဇရပ်အမိုး၊ အပြောက်အမွှန်း၊ မှန်ကင်း၊ စိန်ပွင့်နှင့် ဘုရားရွှေလက်ထက်တော် (ဘိုးတော်ဘုရားလက်ထက်တော်) ကိုယ်စားတော်စား ကုသိုလ်တော်ပွား၊ ရွှေလွှတ်တော်က စာချွန်တော်ပေးအပ်၍၊ တည်ထားဆောက်လုပ်ရပါသည်လို့ ဆိုထားတယ်"

"ကိုင်းရော့– ဘိုးတော်ရဲ့ ၁၁၆၄ ခု စစ်တမ်းအကုန်ကို ဖတ်စမ်းပါ"ဆို၍ ကျွန်ုပ်၏ လွယ်အိတ်မှ လက်ရေးစက္ကူစာအုပ်ကို ထုတ်ပေးလိုက်ပါ၏။

ရှင်မယ်ထိန်သည် ကျယ်လောင် ပြတ်သား အထစ်အငေါ့မရှိ အောက်ပါအတိုင်း ဖတ်လေ၏။

"ဓေယျတု။ ။ သက္ကရာဇ် ၁၁၆၄ ခု၊ တန်ခူးလဆန်း ၁၅ ရက်နေ့တွင် ရှင်မဟာကဿပ အရာမ်စောင့်၊ ကပိုင်ရွာ အကြီးထောင်မှူး ငမြက်သူ၊ နံ ၆၊ အသက် ၃၆။ မြောင်းကြီးရွာသူကြီး ငစံသူ၊ နံ ၄၊ အသက် ၄၅ သူတို့ကို မေးသော် ထွက်ဆိုချက်။

"ကျွန်တော်တို့ စောင့်ထိန်းသည့် ပထမသင်္ဂါယနာတင် ရှင်မဟာကဿပမထေရ်သည် ဘုရားမရှိသည်နောက် ပရိနိဗ္ဗာန် စံလွန်ခါနီးလျှင် ကြီးစွာသော တောင်သုံးလုံးတို့၏ အမြတ်အထွတ် ညွှတ်လျက်စပ်ကာ လေးမျက်နှာအရပ်၊ ထူထပ်သောမြိုင်ညိုတောင်ကမ်း ဖုံးလွှမ်းပတ်လည်ဝန်းရံတည်သောကြောင့် နေရောင်ခြည်သည် တောင်သုံးလုံးအတွင်း အလျှံအစွန်း မွန်းတည့်မွန်းယိမ်းရှိမှ တစ်ခဏသာ နေရောင်ရောက်၍

တောက်ထွန်းနိုင်သော တောင်သုံးလုံး၏အတွင်း အနောက်တောင်ခြေ ခါးပန်း ကမ်းယံဂူလိုဏ်အောက်၊ အခါမပြတ် တစ်ခဲနက်၊ တောင်မျက်နှာအရပ်မှ တောင်ခြေရင်းကို ခွေရစ်၍ဆင်းကျသော ရေဟုန်သည် အသူတစ်ရာနက်သော နရက်ချောက်ကဲ့သို့ဖြစ်၍ တောင်ကမ်း တုန်ရိုက်ရှိမျှ မြည်သံအချိန်နှင့် သုံးလုံးတောင်ခြေရင်းသို့ ဆင်းလာ၍ ယှက်ဆုံကြသည်''

''မြေကြီးအောက် ဖောက်ထွင်းငုပ်လျှိုး စီးဝင်ရာ တာလေးဆယ်ကျော်တွင် ရေပေါ်၍ အလောင်းတော်ရှိသည့် ဂူလိုဏ်၏အတွင်း နတ်တို့ စီမံဖန်ဆင်းအပ်သော သလွန်၊ ညောင်စောင်းဝယ် လဲလျောင်း ပရိနိဗ္ဗာန်စံတော်မူသည်''

''အလောင်းတော်ကို အဇာတသတ်မင်းသည် ရွှေငွေရတနာမျိုး၊ ကိုးမည်သော ကျောက်မျက်၊ နဝရတ်အတိပြီးသော ဆီမီးတန်ဆောင်၊ ဖယောင်းတိုင်၊ ပန်းခိုင်၊ ပန်းတီးတံခွန်၊ ကုက္ကား၊ မလေးပွား၊ ရွှေငွေအတိ ပန်းပေါက်ပေါက်တို့ဖြင့် ကြဲမြှောက်ပူဇော် သွင်းထား၍ ဂူလိုဏ်အနီးရှိ ခရီးရှေ့နောက် တောင်မြောက်ငါးတိုင်ကွာ၊ တာနိမိတ်သတ်သည့်အတွင်း ယောကျ်ားမိန်းမ ကာလအရှည် ရွာတည်၍ အနီးမနေစေရ၊ တောင်ကမ်းတောအတိ ဖြစ်စေသတည်းဟု နတ်တို့အား ဗလိနတ်စာပေး၍ တိုင်တန်းမိဋ္ဌာန်ပြီးလျှင် ကျောက်တံခါးရွက်ကို လက်တော်ဖြင့် မပိတ်ဘဲ ပိတ်ဖုံးခြင်း စသည်ဖြင့်ဖြစ်ရာ ရတနာမျိုးအပေါင်းနှင့် အလောင်းတော်ကို နောင်ကာလ မိစ္ဆာမှောင်ထု လူအရိုင်းတို့ ဖျက်ဆီးယူဆောင်အံ့သည်များကြောင့် မယိုမယွင်း သန့်ရှင်းစွာ သာသနာငါးထောင် တည်စေသတည်းဟု အဇာတသတ်မင်းသည် အမတ် မသာသမ္ဗိဝနှင့်တကွ မိန်းမငါးရာ၊ ယောကျ်ားငါးရာကို နေရပ်သင့်ရာအရပ်က အစောင့်အနေထားခဲ့ကြောင်း၊ အလောင်းတော်လည်း ထိုဂူလိုဏ်၏ တံခါးရွက်အတွင်း၌ ရှိကြောင်းကို သမုတ်ပြောပရာပြု၍ ယခုတိုင်

စဉ်ဆက် ဥဒါန်းဖြစ်ပါသည်။ ထိုကာလပေထက် အက္ခရာစာမတင်၊ တိပိဋက ဝါစုဂ္ဂတ္ထဖြစ်၍ ကျောက်စာ မထွက်မရှိပါ''

''အလောင်းတော်ရှိသည်ဆိုသော ဂူလိုဏ်၏အတွင်း ရဲဝံ့စွမ်းသန် လျင်မြန်သော သတ္တိရှိသူတို့ ကျောက်ဆူးကျောက်စွန်းထွက်ရာ ကြိုးပမ်း ကပ်ရပ်၍ ဆွဲဝင်ရောက်လျှင် ဂူလိုဏ်ပေါက်၏အထက် ပူးယှက်သည့် ပေါင်းကူးအမိုးတွင် ခေါက်ထိုးတွဲလျား၊ စီ၍ထားသော ငွေကြယ်လုံးကဲ့ သို့ များစွာသောကျောက်တို့၏ အထွတ်ထဲမှ ထကွဲတွဲကျရာ သုံးတာခန့် ဝင်မိလျှင် မကျဉ်းမကျယ် အပေါက်နှင့် ကျောက်တံခါးပိတ် တားဆီး ဆို၍ မသွားမဝင်နိုင် ရှိပါသည်''

''၎င်းဂူလိုဏ်၏ အထက်မှ လေးတာခန့်ကွာ၊ မြောက်မျက်နှာ တောင်ခါးပန်း၊ ထူးဆန်းတင့်တယ်သော ကျောက်ဖျာအပြင်၊ အကျယ် ငါးတာတွင် ပလ္လင်တော်အမြင့် သုံးထောင်နှင့် ကိုယ်စားတော်စား ပရိနိဗ္ဗာန်စံတော်မူဟန် အနောက်မြောက်ထောင့်သို့ ဦးခေါင်းပြု၍ သာလျောင်းရုပ်တု ပမာဏရှိပါသည်''

''ထိုအလောင်းတော်အပေါ် ကျောင်းတော်နှစ်ထပ် ဇရပ်အမိုး၊ အပြောက်အမွှန်း၊ မှန်ကင်းစိန်ပွင့်နှင့် ဘုရားရွှေလက်ထက်တော် ကိုယ် စားတော်စား ကုသိုလ်တော်ပွား ရွှေလွှတ်တော်က စာချွန်တော်ပေး၍ တည်ထားဆောက်လုပ်ရပါသည်''

''အဖူးအမြော် လာရောက်သူ ရှင်လူပရိသတ်အပေါင်းတို့ အလောင်းတော်ရှိရာ တောင်သုံးလုံးအတွင်း ဆင်းသွားသည့် စောင်းတန်း လမ်းနှစ်သွယ်ထားရှိပါသည်။

''ထို့ပြင် ပတ်လည်အရပ်မှာ ဝန်းရံရစ်ဆိုင်း တံတိုင်းပမာ၊ ဖီလာတောင်ကမ်း၊ ကပ်ရပ်တောင်ထရံ၊ အတန်တန်အဆင့်ဆင့်၊ ကြီးမြင့် စည်ပင်စွာသော သစ်ဝါးကြိမ်နွယ်များ ရှိပါသည်။ ပန်းပင်အပေါင်းတို့၌ အပွင့်အဖူးတို့သည် တောလုံးလှိုင်လျက် သာယာဆန်းကြယ်စွာ အသံမျိုး

ပြွမ်းသော သားငှက်အပေါင်းတို့သည် ထိုတောဥ္စရောက်၍ ဆီးနှင်း တဖြောက်ဖြောက်ကျလျက် ချိန်ခါမရွေး အေးချမ်းစိမ့်ခြင်း ရှိပါသည်”

“အဖူးအမြော် လေးမျက်နှာမှ လာရောက်သူ ရှင်လူအပေါင်းတို့ အလောင်းတော်၏အနီး ညအိပ်နေ့နေ တည်ခိုးလျှင် အလိုတော်မရှိ။ မသန့်မရှင်း အညစ်အကြေးဖြစ်အံ့သည်မှ ဖဲစေခြင်းငှာ နတ်ရဲ ဘီလူးရဲ တို့က လေကြီးမုန်တိုင်းအယောင်၊ တောင်ကမ်းကျိုးပဲ့သံ၊ မြေကြီးကြည်း သံကဲ့သို့ ရံဖန် မရှေးမနှောင်း ညဥ့်နေ့မဆို ခြိမ်းခြောက်ပါသည်”

“ထို့ကြောင့် အဖူးအမြော် လာရောက်သူ ရှင်လူအပေါင်းတို့သည် အနီးအပါး၌ တည်းခိုခြင်းကို မပြုဝံ့။ အလောင်းတော်ရှိရာမှ ဂါဝုတ်ခွဲ ကွာ အရပ်တွင် ဇရပ်ဆောက်လုပ် တည်းခိုဖူးမြော်ကြပါသည် တွက်ဆို ကြသည်”

ရှင်မယ်ထိန်ဖတ်၍ ဆုံးသောအခါ ကျွန်ုပ်က “အေး အဲဒီ စစ်တမ်းကို ကျောက်စာထိုးပြီးတော့ အခု မန္တလေး မဟာမုနိတံတိုင်း အတွင်းမှာထားတယ်။ ရောက်တဲ့အခါ ရှာဖွေဖတ်ပေရော့၊ အခု ဒီမှာ လိုချင်ရင်လည်း ကူးယူပါ”

“အခု ဒီစစ်တမ်းမှာ ပထမသင်္ဂါယနာတင် ရှင်မဟာကဿပ ကြီးလို့ ပါပါကလား ကိုရင်ကျား၊ရဲ့”

“ပြော ရှင်မယ်ထိန်ရယ်၊ ဒါက အစဉ်အဆက်ပြောကြတာကို အစစ်ခံတာပဲ။ အလယ်ဆီမှာ စဉ်ဆက်ဥဒါန်းဖြစ်ပါသည်။ ထိုကာလ ပေထက်အက္ခရာစာမတင်၊ တိပိဋကက ဝါစုဂ္ဂတဖြစ်၍ ကျောက်စာမထွက် မရှိပါလို့ ဆိုသေးသားပဲ။ အမိုင်အမာ မဟုတ်ဘူးကွဲ့”

“အရင်ပြောခဲ့ဖူးတဲ့ ရှင်မဟာကဿပကြီးတစ်ပါးပါတဲ့ သေ လေးပါးရှင်လေးပါးဆိုတဲ့ စကားရပ်များဟာ ကျမ်းကြီးကျမ်းခိုင်မှာ မပါမရှိ၊ စာငယ်စာတမ်းများမှာသာ ပါတယ်လို့ မုံတိုင်ပင်ဆရာတော် ဘုရား မိန့်ဆိုဆုံးဖြတ်ထားတော်မူတယ်”

"ပြီးတော့လည်း ကျေးဇူးရှင် လုံးတော်ဆရာတော်ဘုရားကြီးကလည်း မိမိရဲ့ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်းမှာ သေလေးပါးအဝင်၊ အရှင်မဟာကဿပ အလောင်းတော် အဘယ်မှာရှိသနည်း မေးလျှောက်သည်မှာ ငါတို့မြန်မာနိုင်ငံတွင် ရတနာပုဏ္ဏ ရာဇဌာနီ မင်းနေပြည်ကြီးမှ အနောက်မြောက်ထောင့် ခပ်ယွန်းယွန်း၊ ခရီး ခုနစ်သောင်းကျော်ခန့် အကွာ ကန္နီမြို့နယ်အတွင်း ဝေပုလ္လ၊ ဝေဘာရ၊ ဂိဇ္ဈကုဋ္ဌ်ဟူ၍ တောင်သုံးလုံးတို့တွင် ဝေဘာရတောင်၌ အရှင်မဟာကဿပ အလောင်းရှိကြောင်းကို အစဉ်စကားပြောကြ၏။ အဘယ်မင်း သွင်းထားခဲ့သည် မေးလျှောက်သည်မှာ ကျမ်းလာစကား မဟုတ်လေရကား ခွဲခြား၍မဆိုသာ ဖြစ်သည်။ မေတ္တေယျဘုရားရှင်လက်ထက် လက်တော်၌ တင်ထား၍ သင်္ဂြိုဟ်မည်ဆိုသော စကားကို ကျမ်းဂန်လာမလာ မေးလျှောက်သည်မှာ အရင်းလဲလျှင် အဖျားထင်းဖြစ်သည်ဆိုသကဲ့သို့ အရင်းစကားကပင် ဧကန်မုချ မမှန်ချေက နောက်ထပ်မံ၍ မေးရန်မရှိလို့ ဖြေဆိုတော်မူတယ်"

"အေး ဒါကြောင့်၊ ရှင်မဟာကဿပကြီးရဲ့ အလောင်းတော်ဆိုတာက နာမည်တူလို့ အစဉ်အလာပြောကြတာနဲ့ တူတယ်။ ပုဂံက ပေါင်လောင်ရှင်ကဿပနဲ့ အလောင်းတော်ရာ ဆိုတာကတော့ အတန်လည်း ထင်ရှားတယ်။ ယုတ္တိလည်းရှိတယ်။ ဒီလိုပဲ မှတ်ဖို့ကောင်းတယ်။ ရှင်မယ်ထိန်ရဲ့"

"အနို့ နေစမ်းပါဦး၊ အရှင်မဟာကဿပကြီး ဟိုမရှိမ ရာဇဂြိုဟ်အနီးက ဝေဘာရတောင်အစစ်မှာ ပရိနိဗ္ဗာန်ပြုသယ် ထားပါဦး၊ အဲသည်အရပ် အဲသည်နေရာမယ် ရှင်မဟာကဿပကြီးကို ရည်စူးပြီး ရှင်မဟာကဿပကြီးရဲ့ အလောင်းတော်ပုံတည်ပြီး ကိုးကွယ်သာကော မဖြစ်နိုင်ဘူးလား"

"အနို့ပြီး အခု မြန်မာပြည်က ကလေး–ရာဇဂြိုဟ်နဲ့လည်း တယ်မဝေးလှဘူး။ အဲသည်တော့ ရာဇဂြိုဟ်အတုနားမှာ ဝေဘာရတောင်

အတုနဲ့ ရှင်မဟာကဿပအတု တည်ထားကိုးကွယ်တာကော မဖြစ်နိုင်ဘူးလား''

''အေး အဲဒီအမေးကောင်းတယ်။ ဖြစ်နိုင်တယ်။ ရှင်ဂေါတမဟာ ကုသိနာရုံမှာ ပရိနိဗ္ဗာန်ပြုတယ်။ ရှင်ဂေါတမရဲ့ အလောင်းတော်ပုံ ဘုရားတွေ မြန်မာပြည်မှာ အပုံပဲ။ မင်းဘူးက စက်တော်ရာကျော်စောတာနဲ့ ဟော ပုသိမ်မှာ စက်တော်ရာပုံအတု လုပ်ထားတာ တခမ်းတနားပဲ။ ကျိုက်ထိုနားက ကျိုက်ထီးရိုးဘုရား ထင်ရှားတာနဲ့ ဟော– ကျုပ်တို့ရန်ကုန်က ရွှေတိဂုံရဲ့ ရာဟုထောင့်မှာ ကျိုက်ထီးရိုးအတုတစ်ဆူ တည်ထားတယ်။ အဲဒါတွေထောက်တော့ ရှင်ကဿပရဲ့ အလောင်းတော်ပုံကို မြန်မာပြည်မှာတည်ပြီး ကိုးကွယ်ဖို့ ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ရုံမကဘူး။ ဒီရှင်မဟာကဿပကြီးရဲ့ ပုံတော်ကို တကယ်ကိုးကွယ်ထားတာ မြန်မာပြည်မှာ ရှိနေတယ် မအညာသူရဲ့''

''ဘယ်မယ်တုံး ကိုအောက်သားရဲ့''

''ဟောဒီမှာ ရာဇဝင်နဲ့ချီပြောမယ်။ ပုဂံမှာ ၄၇၄ ခုက ၅၂၆ ခုအထိ အုပ်စိုးတဲ့ အင်မတန်ထင်ရှားတဲ့ အလောင်းစည်သူမင်းဟာ အနောက်မဇ္ဈိမဘက် သမုဒ္ဒရာကို လှည့်လည်တော်မူစဉ်က ဇမ္ဗူသပြေပင်ရင်းရှိ ဘုရားရှင်တို့ သီတင်းသုံးတော်မူရာ ကျောက်ဖျာ၏ သက္ကဒန်ဦးကို သိကြားက ဘုရားရှင်ရုပ်တု ပြုလုပ်ပြီး မင်းကြီးကို ပေးအပ်တယ်ဆိုတဲ့ ရှင်ဖြူဘုရားတစ်ဆူ၊ ဇမ္ဗူသပြေရဲ့တောင်ဘက်ကိုင်းကို ဘုရားရုပ်တု ပြုလုပ်ပြီး မင်းကြီးကိုအပ်ပေးတယ်ဆိုတဲ့ ရှင်လှဘုရားတစ်ဆူ၊ ပြီးတော့ သီဟိုဠ်မင်းက ပေးဆက်တဲ့ သူတို့သီဟိုဠ်မင်းများ အစဉ်အဆက် ကိုးကွယ်တဲ့ ရဟန္တာ ရှင်မဟာကဿပကြီး ရှုတင်ကျင့်တော်မူဟန် ရှင်မဟာကဿပ ရုပ်တုတော်တစ်ဆူ၊ အဲဒီဘုရား ၂ ဆူ၊ ရှင်မဟာကဿပပုံတော် ၁ ဆူ၊ ပေါင်းသုံးဆူကို အလောင်းစည်သူ ရတော်မူခဲ့တယ်''

"အဲဒါနဲ့ ရုပ်တုတော်တွေကို နန်းတော်မှာထားပြီး ကိုးကွယ်ရင်းက လူအများကိုးကွယ်နိုင်ဖို့ စေတီတည်မယ်ဆိုပြီး အဲအခု စစ်ကိုင်းတောင်ရိုးမှာရှိတဲ့ ရှင်ဖြူ ရှင်လှ ဂူစေတီဘုရား တည်ထားခဲ့တယ်။ နောက်တော့မှ ကုန်းဘောင်မင်းများ အဆက်ဆက်ပင့်ဆောင်ပြီး နန်းတော်ဦးမှာ ပူဇော်ကိုးကွယ်တော်မူကြတယ်။ ရှင်မဟာကဿပ ရုပ်တုတော်ကိုတော့ ကဿပချောင်မှာ ဂူတည်ထားခဲ့ရာက ၁၂၄၇ ခု၊ မြန်မာနိုင်ငံပျက်ပြီး ကုလားမင်းလက်ထဲရောက်တော့ ရှင်ဖြူ ရှင်လှ ရှင်ကဿပ သုံးဆူလုံးကို အခု မန္တလေးမြို့၊ အနောက်ပြင် ရွှေကျီးမြင့်ဘုရားအရာမ်တွင်းမှာ ပြောင်းရွှေ့ သိမ်းဆည်းထားပြီး ပြည်သူတို့ ပူဇော်ကိုးကွယ်ကြရတယ်။ ဘုရား ၂ ဆူက ဉာဏ်တော် တစ်တောင် နှစ်မိုက် လေးသစ်၊ ရဟန္တာ ရှင်ကဿပပုံတော်က နှစ်မိုက် လေးသစ် ရှိကြတယ်ဗျ။

"ဒါကြောင့် ခင်ဗျား မန္တလေးကိုရောက်ရင် သီဟိုဠ်က အလောင်းစည်သူ ပင့်ခဲ့တဲ့ ရှင်မဟာကဿပကြီးရဲ့ ရုပ်တုတော်ကို ဆက်ဆက်ဝင်ဖူးပေတော့"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါသယ်တော်။ ကျုပ်တော့ အခု ဟောသည်က တစ်ဆက်တည်း မန္တလေးကို သွားပစ်လိုက်မှာ အိမ်ကိုမပြန်သေးဘူး၊ ကျုပ်က ရှင်မဟာကဿပကြီးကိုတော့ သိပ်ကြည်ညိုထားသာကလား"

"အေး သာဓု သာဓု၊ အဲ ခုနက စကားဆက်လို့ ရှင်မဟာကဿပရဲ့ပုံတော် မြန်မာပြည်မှာ ရှိနိုင်ရုံမကဘူး ရှိတောင် ရှိနေတယ်။ သို့ပေမယ့် အခု သည်နေရာမှာတော့ ပေါင်လောင်ရှင်ကဿပ ပျံလွန်တဲ့နေရာမှာ အလောင်းတော်ပုံ တည်ထားတာကတော့ အမှန်ပဲ၊ နာမည်တူတာနဲ့ ရှင်မဟာကဿပကြီးရယ်လို့လည်း တချို့က ပြောကြတာနဲ့ တူတယ်"

''ဘယ့်နှယ်ပြောပြော ရှင်မဟာကဿပကြီးလောက်တော့ နှစ်နှစ်ကာကာ ကြည်ညိုလို့ မဖြစ်နိုင်ဘူး။ အဲသည်တော့ ရှင်မဟာကဿပကြီးအနေနဲ့ပဲ ကြည်ညိုမှာပဲ''

''အေးလေ၊ ကြည်ညိုတဲ့အရာမှာတော့ ရှင်မဟာကဿပကြီးတောင်မဟုတ်ဘူး။ ရှင်ဂေါတမပဲထားထား ဂုဏ်တော်ထင်လာအောင်စိတ်ထား ကြည်ညို ရှိခိုးပါ။ ကုသိုလ်ရဖို့ကတော့ ဟုတ်ပါတယ်။ အကြောင်းအမှန်အတွက်သာ ကျုပ်ကပြောတာပါဗျ''

''ပြီးတော့၊ ပေါင်လောင်ရှင် ကဿပလည်း သာမညပုဂ္ဂိုလ်မဟုတ်ဘူး။ ဈာန်တန်ခိုးအဘိညာဉ်ရတဲ့ ရဟန္တာလို့ ကျော်စောပါတယ်။ တန်ခိုးကြီးပုံတွေကိုလည်း ခင်ဗျားကြားရပြီမဟုတ်လား။ သာသနာပြုကိုယ်တော်လည်း မှန်တယ်။ ပိဋကတ်စာပေလည်း တတ်မြောက်တော်မူတယ်''

''ကျုပ်တို့ ရမတ္ထဗိန္ဒုဋီကာကျမ်းကို ပေါင်လောင်ရှင် ကဿပစီရင်တော်မူတယ်။ ပြီးတော့ မဟာဗောဓိဝင်ဋီကာလို့လည်း ခေါ်တယ်။ သဟာဿရုံသိဋီကာလို့လည်း ခေါ်တယ်။ အဲဒီဋီကာကိုလည်း စီရင်တော်မူတယ်။ အဲဒီဋီကာကို နရပတိစည်သူ နန်းစံ ၃ နှစ်၊ ၅၃၉ ခုမှာ ရှင်ကဿပ ပုဂံမြို့တောင် ခရီးတစ်တိုင်ကျော်ကွာ တောရကျောင်းမှာ သီတင်းသုံးစဉ် ရေးတော်မူတယ်လို့ ပိဋကတ်သမိုင်းမှာဆိုတယ်။ အဲဒီဗောဓိပင်ဋီကာရဲ့ နိဂုံးဂါထာ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ တို့ အလိုမှာတော့ သာသနာတော် ၁၇၄၇၊ မြန်မာသက္ကရာဇ် ၅၆၅ ခု၊ မာဃနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်၊ ပြုဗ္ဗါသန်နက္ခတ်နှင့်ယှဉ်သော ဗုဒ္ဓဟူးနေ့၊ ကန်လက်အချိန်နာရီ၌ နရပတိစည်သူ၏ သားတော် သီခဝိဇယမင်းသည် (ဇေယသီခမင်းသည်) ဤဗောဓိပင်ဋီကာကျမ်းကို ပေထက်အက္ခရာ ရေးတင်လေသည်လို့ ဆိုတယ်။

''အဲ နိဂုံးမှာ သမ္ဗုဏ္ဏဝတ္တုကာမတ္တာ စသည်ဖြင့် ပုဂံမြို့တော်ကြီး ကြီးကျယ် စည်ကား ပေါများချမ်းသာပုံ၊ အပြည်ပြည်အမြို့မြို့က

ကျို့ရပုံ၊ စေတီပုထိုး ပြာသာဒ်အမျိုးမျိုးဖြင့် တန်ဆာဆင်ပုံမှစပြီး ပုဂံမြို့တော်ကြီးရဲ့ဂုဏ်ကို စုံစုံလင်လင် ထင်ထင်ပြက်ပြက် ရေးလျက် ပြတော်မူတယ်။ အင်မတန် ကြည်နူးစရာပဲ"

"အဲဒီတော့ စေတနာထားတတ် မြတ်ဆိုတာလို အမှန်လည်းဖြစ်၊ စေတနာလည်းထားတတ်ရင်တော့ အတိုင်းထက်အလွန်ပေါ့ ရှင်မယ်ထိန်ရဲ့"

"ဟုတ်ကဲ့ ကြိုးစားရသေးသပ၊ ကိုရင်ကျားရဲ့"

ဤတွင် စကားတစ်ရပ် အပြီးသတ်၏။

*

## ရှင်မယ်ထိန်ကို ခေါ်ပုံ

နောက်တစ်နေ့မနက် ကုန်းတော်၌ ဆုံကြပြန်သည်။ ကျွန်ုပ်က စလိုက်သည်မှာ

"ဩော် ရှင်မယ်ထိန်၊ ကျုပ်တို့ရန်ကုန်ကို လိုက်ခဲ့ပါလား"

"တော်က ကျုပ်ကို လှေကြုံစီးမှတ်လို့လား"

"ဘုရားဖူး အလည်အပတ်ခေါ်တာပါဗျ။ ဘာတွေတွေးနေသလဲ"

"ကျုပ်တွေးနေသာ၊ ဘာရယ်လို့တော့မပြောပါဘူး၊ နို့ပေသိ၊ တော်နဲ့တော့ ဘာမှမဆိုင်ပါဘူး။ ရှင်းရဲ့မဟုတ်လား"

"အင်း အရှင်းသားပဲ"ဟု ပြုံးချလိုက်ရလေ၏။

"နို့ ခင်ဗျားတို့ဆီကော ကျုပ်မလိုက်ရဘူးလား"

အတန်ကြာ တွေးနေပြီးမှ

"လိုက်ချင်လိုက်ပါလား၊ နို့ပေသိ၊ ကျုပ်တို့အိမ်မယ် တည်းလို့မဖြစ်ဘူး"

"ကျုပ်က ဟိုလူလိုမဟုတ်ပါဘူးဗျ"

"တော် တိတ် မပြောနဲ့၊ မကြားချင်ဘူး၊ ကျုပ်နေတဲ့အိမ်မှာ မတည်းရပေမယ့် တစ်ရွာလုံး ကျုပ်အမျိုးချည်းပဲ၊ တည်းစရာတွေ ပေါလွန်းလို့"

"ခင်ဗျားနေတဲ့အိမ်မှာမှ မတည်းရရင် မလိုက်တော့ပါဘူးဗျာ" ဆို၍ ကျွန်ုပ်သည် စိတ်လုပ်ကာ တရုတ်စကားပင်အောက်သို့ လာ၍ နေလေ၏။

ရှင်မယ်ထိန် လာမချော့ချေ။

အချိန်ကုန်သဖြင့် ဇရပ်သို့ အသီးသီးပြန်ကြ၏။

*

## ခွဲခွာရေး

ကျွန်ုပ်တို့သည် အလောင်းတော်၌ တစ်ပတ်မျှနေပြီးနောက် ပြန်ရတော့မည်ရှိရာ တစ်ညနေ၌ နောက်ဆုံးစကား ပြောရ၏။

"ရှင်မယ်ထိန်၊ ကျုပ် နက်ဖြန်ပြန်တော့မယ်"

"အင်း" (မျက်နှာကို တစ်ဖက်သို့ ခပ်လွှဲလွှဲထားသည်။)

"ခင်ဗျားတို့ကော မပြန်သေးဘူးလား"

"ဟင့်အင်း"

"ဒီမှာ တော်တော်ကြာဦးမလား"

"အင်း ဟင့်အင်း"

"နောက်အဆင်သင့်တဲ့အခါ ရန်ကုန်လာရင် စာပေးနှင့်ပါ"

"အင်း"

"မကြာခင်လာဖြစ်မယ် ထင်သလား"

"အင်း ဟင့်အင်း"

"မြန်မြန် ဆက်ဆက် လာနိုင်အောင်ကြိုးစားပါ"

"အင်း"

"ကျုပ် နေ့တိုင်းမျှော်နေမယ်"

"ဟင့်အင်း"

"အို စကားပြောပါဦး၊ အင်းနဲ့ ဟင့်အင်းချည်းပဲ"

"ဟင့်အင်း"

"မကြာခင် ပြန်လာမယ်ဆိုတဲ့ ရန်ကုန်သားကို လွမ်းသေးသလား"

"ဟင့်အင်း ဟင့်အင်း ဟင့်အင်း"

"လွမ်းသေးရင်လည်း သူ့လိပ်စာကို ကျုပ်ကိုပေးလိုက်၊ ကျုပ်ရှာဖွေပြီး ခင်ဗျားဆီကို လွှတ်လိုက်မယ်"

"ဟင့်အင်း ဟင့်အင်း ဟင့်အင်း ဟင့်အင်း"

"ခင်ဗျားရဲ့ဟင့်အင်းက ဟန်လုပ်တဲ့ဟင့်အင်း ထင်ပါရဲ့"

"ဟင့်အင်း ဟင့်အင်း ဟင့်အင်း ဟင့်အင်း ဟင့်အင်း"

"ကျုပ်တော့ ခင်ဗျားကို အမြဲသတိရနေမှာပဲ၊ စာပေးမယ်နော်"

"အင်း"

"ခင်ဗျားကလည်း စာပြန်မယ်မဟုတ်လား"

"အင်း"

"အခု ဒီကအပြန်ကို အတူတူပြန်ရအောင်၊ တောင်ခြေကျမှခွဲတာပေါ့"

"အင်း ဟင့်အင်း"

"ခင်ဗျားတို့အညာသူများ သိပ်ရက်စက်တာပဲ"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ ခင်ဗျားတို့ကိုတော့ စိတ်နာပါရဲ့"

"ဟင့်အင်း"

"တော်ပါဗျာ၊ ခင်ဗျားစကားလဲမပြောဘူး၊ ကျုပ် အိပ်တော့မယ်"

"ဟင့်အင်း အင်း"

ကျွန်ုပ်သည် ထ၍လာကာ အိပ်ရာသို့ဝင်လေ၏။ ကျွန်ုပ်သည် အိပ်ရာမှ ရှင်မယ်ထိန်ဆီသို့ မကြာမကြာ ခေါင်းထောင်၍ ကြည့်မိ၏။ ငုတ်တုတ်ထိုင်နေသည်ကိုသာ တွေ့ရ၏။ ၁၀ နာရီ၊ ၁၁ နာရီ၊ ၁၂ နာရီ၊ နာရီပြန် ၁ ချက်၊ ၂ ချက်၊ ၃ ချက်အထိ ထိုင်လျက်ပင်ရှိ၏။ ထို ၃ ချက်တွင် ကျွန်ုပ်ကား မောပန်းပြီးဖြစ်၍ အိပ်ပျော်သွားလေ၏။

နံနက်ကျ၍ ကျွန်ုပ်တို့ပြန်တော့မည်ဟု နှုတ်ဆက်ရန်လာခဲ့ရာ ရှင်မယ်ထိန်သည် ခေါင်းမြီးကျပ်ကျပ်ခြုံ၍ အိပ်နေသည်ကို တွေ့ရ၏။ သူ့ညီမ လက်ဖက်လာပို့သူကို အနှိုးခိုင်း၏။

ထိုအခါ ကလေးမသည် အစ်မကြီး၊ အစ်မကြီးဆို၍ လှုပ်၍နှိုး၏။ မလှုပ်ချေ။ အိပ်ပျော်သည်မဟုတ်၊ ဖွဲခတ်နေကြောင်း သိရသည်နှင့် "ကိုင်း ကလေးမ၊ နှိုးမရလည်း နေပါစေ၊ တို့ပြန်ပြီ မင့်အစ်မကြီးနိုးတော့သာ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါကွယ်"ဆို၍ ကျွန်ုပ်တို့သည် ခြေလေးလေးဖြင့် ထွက်ခဲ့ကြကုန်၏။

*

ကျွန်ုပ်သည် လမ်းတွင် ၁၅ ခါ ခလုတ်တိုက်၏။ စကားမကြာမကြာမှား၏။ ကန္ဒီရောက်သော် ဦးဘတင်က ဆီး၍ "ခင်ဗျား ခရီးပန်းလို့ထင်ပါရဲ့၊ အတော်ချောင်ကျသွားတယ်"ဟု နှုတ်ဆက်လင့်၏။ ကန္ဒီက မုံရွာသင်္ဘောပေါ်တွင် နံနက် ၁၁ နာရီကျော်၌ စားပွဲထိုးထံတွင် မနက်ထမင်းတောင်းရာ ၉ နာရီကပင် ကျွန်ုပ်စားပြီးပြီဖြစ်ကြောင်း ပြန်ပြောပြ၏။ မုံရွာက ရန်ကုန်မီးရထားပေါ်၌ နေ့ရော ညရော အိပ်၏။ ပျော်ကား မပျော်ချေ။

*

ရန်ကုန်ပြန်ရောက်၍ တစ်လလောက်အကြာတွင် အညာသူ ရှင်မယ်ထိန်ထံမှ စာတစ်စောင်ရောက်လာ၏။ စာကို အမြန်ဖောက်၍ ဖတ်ကြည့်ရာ လျှောက်လွှာစက္ကူနှင့် ငါးမျက်နှာနှင့် ခြောက်ကြောင်းနှင့် တစ်ဝက်သာသာရှိ၏။ စာကို ရှစ်ခေါက် ပြန်၍ဖတ်ရ၏။

စာတွင် ဘာပါသည်ကို စာဖတ်သူမိတ်ဆွေတို့ သိလိုကြပေလိမ့်မည်။ သို့သော်လည်း သည်းခံပါမိတ်ဆွေ၊ စာကို မပြနိုင်ပါ။ ဤတွင်ပင် ရှင်မယ်ထိန် ခေါ်နေကျအမည်ဖြင့် လက်မှတ်ထိုး၍ အဆုံးသတ်လိုက်ရပါတော့သတည်း။

ကိုရင်ကျား

# နောက်ဆက်တွဲ

(မြင်းမူ)ရွှေပေါင်လောင်သမိုင်း လင်္ကာသည် အတန်ကောင်းမွန်ပြည့်စုံ၍ ရှားလည်းရှားလေသည်။

ဖြူးမြို့ အငြိမ်းစား တရားမဝန်ထောက်မင်း ဦးလူကလေးသည် မြင်းမူ ရွှေပေါင်လောင်တောကျောင်း ဘုန်းတော်ကြီး၏ ပေမူမှ ၁၂၉၁ ခု၊ နတ်တော်လဆုတ် ၇ ရက် (၂၂-၁၂-၂၉)တနင်္ဂနွေနေ့တွင် ကူးယူပါသည်။

သို့ကူးယူသောအခါ နောက်ဆုံးပေတစ်ချပ် ပျောက်နေ၍ အဆုံးမရလိုက်ပါ။ နိဂုံးကိုလည်း မရတော့သဖြင့် ရေးသူ၊ ရေးသောသက္ကရာဇ်တို့ကို မသိလိုက်ရတော့ပါ။

ကျန်ရှိသမျှ ရတတ်သမျှ လင်္ကာတို့ နောက်ထပ် မပျောက်ပျက်နိုင်စေရန် ယခု ဤစာအုပ်တွင် နောက်ဆက်တွဲအနေဖြင့် ထည့်သွင်း ပုံနှိပ်လိုက်ပါကြောင်း။

*

# (မြင်းမူ)
# ရွှေပေါင်လောင်သမိုင်း
# လင်္ကာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

(၁) ကြားသိမှတ်နာ၊ မျိုးလေးဖြာတို့၊ ဘုန်းဝါပြောင်ပြောင်၊ ရွှေပေါင်လောင်ဟု၊ ခေါ်ဆောင်သညာ၊ ဘွဲ့တော်သာသည်၊ ခြောက်ဖြာရောင်လင်း၊ ဓာတ်ရင်းကို၊ မကျဉ်းမကျယ်၊ အခ်ိပ္ပာယ်၌၊ သိလွယ်မှတ်ရာ၊ ဖြစ်ကြောင်းရှာ၍၊ ရာဇဝင်သမိုင်း၊ ထွက်ရှိတိုင်းကို၊ နှိုင်းညှိကာလျှင်၊ မော်ကွန်းတင်ပိမ့်၊ အဋ္ဌင်္ဂမာ၊ မင်္ဂဖိုလ်ရှာသည့်၊ ရဟန္တာထွေး၊ ဆိုကြရေးနှင့်၊ ပတ်လေးလီမှာ၊ လှိုင်ပျံ့ကာလျှင်၊ တေဇာပြောင်ရွှင်၊ ပေါင်လောင်ရှင်ဟု၊ မည်တွင်စမှတ်၊ ဣဒ္ဓိပတ်နှင့်၊ ဘုန်းမြတ်ကြီးစွာ၊ ဝင်းဝင်းဖြာအောင်၊ မဟာကဿပ၊ ဘွဲ့တော်ရသည်။ ။ သီလဖြူစင်သန့်ရှင်းတည်း။

(၂) သီလသတင်း၊ ဂုဏ်ရောင်လင်းသား၊ ဝင်းဝင်းပြောင်ရွှင်၊ ပေါင်လောင်ရှင်ဟု၊ သခင်မယ်တော်၊ ခမည်းတော်တို့၊ နေတော်မူရာ၊ ရပ်ခန်းဝါကား၊ သီတာရံဆို့၊ မြလှျံပျို့သည်၊ မြို့ပခန်းဝင်၊ ရှေ့ရပ်ခွင်က၊ ရှင်လူခိုမှီး၊ ပျော်မငြီးအောင်၊ မြစ်ကြီးနှစ်လီ၊ ယှက်ဆုံမှီလျက်၊ ကူနီ–နဝင်း၊ ခေါ်ကြခြင်းနှင့်၊ ရင်းသည့်ဂါမာ၊ ရပ်ဒီသာတွင်၊ မတာမယ်ရှင်၊ မြတ်သခင်ကို၊ ကျွမ်းဝင်ဓာတ်၊ ရင့်မာဘိသား၊ ရှိသည်နှစ်သာ၊ ကြံ့ဆဲခါဝယ်၊ ဖမ်းယူသွားရာ မိမာတာသော်၊ ပူဆာဒုက္ခိ၊ နှမ်းနယ်ဘိလိုက်၊ မချိအောင်ပင်၊ မြတ်သခင်ကို၊ ဝမ်းတွင်ပိုက်ကာ၊ လိုက်ရှာသည်။ ။ ကြမ္မာဝိပါက်မကင်းတည်း။

(၃) ရှမ်းပလောင်လူ၊ များရန်သူတို့၊ အူအူတက်မျှ၊ လာရောက်ကြသော်၊ မွေးဘပီတာ၊ လွတ်ကြောင်းရှာ၍၊ ရောင်ကာနေငြား၊ ပလောင်များတို့၊ ပြန်သွားကြကာ၊ ဘရိယာကို၊ ရှာသော်မတွေ့၊ ဖြစ်ချေ၍လျှင်၊ အောက်မေ့စိတ်ထား၊ ငါမြောက်သားကို၊ ရောက်ငြားရန်သူ၊ ခေါ်ဆောင်ယူလည်း၊ ကြည်ဖြူလုံ့လ၊ မဟုတ်စွတည့်၊ ဒုက္ခပန်းရိ၊ လေးလံဘိလျက်၊ ဇာတိရင့်ငြား၊ ဖြစ်သည်များကြောင့်၊ ပစ်ထားခဲ့မည်၊ နှစ်လုံးရည်နှင့်မှတ်တည်စိတ်ထား၊ ပလောင်များတို့၊ ပြန်သွားကြောင်းရာ လိုက်လံရှာသည်။ ။ ဗျာပါသောက ဝမ်းတွင်းတည်း။

(၄) ဝမ်းတွင်းပူဆာ၊ မနေသာ၍၊ ကွေ့ပါလိုအား၊ ရှာဖွေငြားသော်၊ မြောက်သားကြင်ရာ၊ သားပုတ္တာကို၊ မျက်နှာမြင်ရှင်း၊ ဇာတိလင်း၍၊ ပျက်ကင်းခန္ဓာ၊ စုတိကွာသား၊ ရုပါရုံခေါ်၊ အလောင်းပေါ်တွင်၊ ရွှင်ပျော်နှစ်လို၊ မိခင်နို့ကို၊ သောက်စို့အာရုံ၊ မဝတုံလည်း၊ ငုံကာနေငြား၊ မိနှင့်သားကို၊ ယောကျ်ားဖခင်၊ တပ်ရာမြင်သော်၊ ပူပင်လန့်ထိတ်၊ ဒုက္ခစိတ်ကို၊ ဆို့ပိတ်အေးရွှင်၊ မွေးမိခင်ကို၊ ကုန်စင်ကိစ္စ၊ ဈာပနဖြင့်၊ လုံ့လမငဲ့၊ သင်္ဂြိုဟ်ခဲ့၍၊ ရှုဖွယ့်မူရာ၊ သားပုတ္တာကို၊ ပျူငှာယဉ်ကျေး၊ ယူဆောင်မွေး၍၊ လူရေးလူရာ၊ ကြီးမြောက်ပါသော်၊ သာသနာထမ်းမှု၊ ရဟန်းပြုသည်။ ။ ကောင်းမှုမြတ်ရာ ဆောင်သွင်းတည်း။

(၅) ကောင်းမှုကုသိုလ်၊ မြတ်ရာကိုလျှင်၊ အလိုရှိငြား၊ ဖခင်အားသော်၊ သားကိုရွက်ဆောင်၊ ရဟန်းဘောင်သို့၊ ရောက်အောင်ကိစ္စ၊ ပြုပြီးမှလျှင်၊ ပစ္စယဒါယကာ၊ ထောက်ပံ့ပါလျက်၊ မကွာမကင်း၊ လုပ်ကျွေးခြင်းကို၊ဝမ်းတွင်းကြည်ညွတ်၊ ပြုရောဝတ်နှင့်၊ ကောင်းမြတ်စေတနာ၊ နေကြစွာကို၊ ကာလဖောက်ပြား၊ ငတ်မွတ်ရှား၍၊ ပေါများရေစာ၊ ပလောင်ရွာသို့၊ ပီတာဖရှင်၊ သားသခင်တို့၊ ရောက်ဝင်နေငြား၊ ပလောင်များသော်၊ ပြစ်မှားကြချင်၊ မြတ်သခင်ကို၊ ကျွမ်းဝင်ထိပါး၊ ပြုမိမှားကြောင့်၊ ယားယံပေါက်ပြ၊ ရှိလေကြမူ၊ ပြောပြမြန်မာ၊ တို့ကသာလျှင်၊

ပိလာဖရိး၊ နတ်ကိုကိုးဟု၊ ကျိုးကြောင်းစကား၊ ထုတ်ဖော်ကြားသည်။ ချိုနားမှတ်ဖွယ်ခံတွင်းတည်း။

(၆) မြန်မာတို့အား၊ ထိုစကားကို၊ နာကြားမွေးကြူ၊ ပလောင်လူတို့၊ ကြည်ဖြူစိတ်နေ၊ မွန်မြတ်ပေလျက်၊ စေ့ရေစောင့်သုံး၊ နှလုံးသွင်း၍၊ ချင်းတို့ကြက်ရိုး၊ မိဋ္ဌာန်ထိုးပြီး၊ ကောင်းကျိုးသိမြင်၊ မြတ်သခင်ကို၊ ဝမ်းဝင်စိတ်ယူ၊ ဇောစိတ်ဖြူနှင့်၊ ပူဇဝန္တ၊ ပြုပြီးကြသော်၊ ပုတ္တရင်သား၊ ရှိသည်များကို၊ အပ်ထားကြကာ၊ ရှိသေစွာနှင့်၊ ပညာသင်ကြား၊ ပြုစေငြားလျက်၊ ပြန်သွားမည်ကာ၊ မြတ်ဆရာကို၊ မေတ္တာဆောင်ပို့၊ ပလောင်တို့က၊ နှစ်လို့စေအောင်၊ လှူလက်ဆောင်နှင့်၊ ပလောင်ငယ်သူ၊ နှစ်ယောက်လူကို၊ လှူလိုက်ပေငြား၊ ကိုယ်တော်ပါးက၊ သွားတိုင်းမကွာ၊ ပါဘိစွာကြောင့်၊ သွားရာတိုင်းပင်၊ ပလောင်ရှင်ဟု၊ ခေါ်တွင်ကြမြောက်၊ ဂုဏ်ရောင်တောက်သည်။ ။ ဖြိုးမောက်တေဇာ ပွင့်လင်းတည်း။

(၇) သည်တွင်တစ်ထောက်၊ ဓိပ္ပာယ်ကောက်၍၊ နောက်ဝယ်စေ့စုံ၊ ဆိုရန်ပုံကို၊ အာရုံပျော်မြူး၊ တက်ပြန်ဦးအံ့၊ ဝေးကျူးမြေတာ၊ ပလောင်ရွာက၊ ကြွလာရောက်သော်၊ ခမည်းတော်နှင့်၊ မယ်တော်ဌာနေ၊ ဇာတိမြေတွင်၊ တည်နေမကျ၊ တိုင်းတမွဟု၊ ဌာနမင်းစံ၊ မြို့ပုဂံတွင်၊ စီမံလုပ၊ ဝိဟာရနှင့်၊ ဓမ္မကုသိုလ်၊ ဆောက်တည်ခိုလျက်၊ မင်ဖိုလ်ဖွေရှာ၊ နေဆဲခါတွင်၊ သညာမည်တွင်၊ ငစွယ်ရှင်ဟု၊ သခင်တစ်ကြောင်း၊ မွန်မြတ်ကောင်းသည်၊ ဒိန်ကျောင်းဆရာ၊ သုမေဓာနှင့်၊ မဟာကဿပ၊ ဘွဲ့တော်ရသည်၊ သီလဖြူထွား၊ မြတ်သုံးပါးတို့၊ စိတ်ထားရွှင်လန်း၊ ဖန်ရည်ဖျန်းသား၊ သင်္ကန်းချုပ်ရာ၊ သုမေဓာဟု၊ ထေရ်ဝါသခင်၊ ပြိုးရယ်ရွှင်သော်၊ အရှင်ကဿပ၊ ဘွဲ့တော်ရက၊ ချိုမြမြွက်ဖော်၊ ငါ့တူတော်လျှင်၊ ယွင်းချော်စိတ်ထား၊ ရှူးသည်လားဟု၊ စကားမွေးကြူ၊ မေးတော်မူသည်။ ။ ရှင်ဖြူထေရ်မြတ် မဟာတည်း။

(၈) မေးသော်မူမြောက်၊ စကားနောက်ကို၊ မောက်ထန်ပညာ၊ သုမေဓာဟု၊ သညာမည်ခေါ်၊ ရဟန်းတော်မူ၊ ထုတ်ဖော်စကား၊ ကျွန်ုပ်အားသော်၊ ရှုးပြောရှိသော၊ မဟုတ်ပါတည့်၊ ရွာငမျှောင်တောင်၊ ထိုရပ်ဘောင်တွင်၊ ရှက်ဆောင်ကြည့်ရှု၊ သက်မွေးမှုနှင့်၊ တစ်ခုသောနွား၊ ချောင်းရေနားမှာ၊ မြက်စားနေလျက်၊ ကမ်းပါးထက်က၊ ပက်လက်လန်ကာ၊ ကျစ္စာဘိကြောင့်၊ ရယ်ပါသည်ဟူ၊ မိန့်တော်မူသော်၊ ငါ့တူရှင်ဝါ၊ သုမေဓာမူ၊ မှန်စွာမုချ၊ ဈာန်ကိုရဟု၊ တပ်စွသိသာ၊ ရှိသောခါမှ၊ ရှင်မဟာကဿပ၊ ဘွဲ့တော်ရက၊ မြွက်ဟာထုတ်ဖော်၊ ငါမယ်တော်လျှင်၊ ခုသော်ဘယ်မှာ၊ ဖြစ်လိမ့်ရှာဟု၊ သုမေဓာတွင်၊ ဈာန်သခင်ကို၊ ချီလွင်သံအေး၊ သိလိုမေးသည်။ ။ မွေးသည့်မိခင် ခြင်းရာတည်း။

(၉) မွေးမိမယ်လှ၊ ကြောင်းခြင်းတကို၊ ချီမြသာယာ၊ မေးသည့်ခါမူ၊ သုမေဓာတွင်၊ မထေရ်ရှင်ကား၊ ဉာဏ်ပညာပြည့်၊ ဈာန်ဖြင့်ကြည့်၍၊ ဖြောင့်တည့်မှန်အောင်၊ ငမျှောင်တောင်ဟု၊ ခေါ်ဆောင်သညာ၊ အရပ်မှာ၌၊ ဂေါနာနွားမ၊ ဖြစ်ခြင်းတကို၊ မြွက်ဟစကား၊ ပြန်လျှောက်ကြားသော်၊ နွားဖြစ်သည်မှာ၊ ဘယ်ခြင်းရာနှင့်၊ သိရပါမည်၊ မေးပြန်သည်တွင်၊ ထေရ်သုမေဓာ၊ ထပ်ဆင့်ကာဖြင့်၊ ရွာငမျှောင်တောင်၊ ထိုရပ်ဘောင်မှာ၊ ထွန်းပြောင်ပြောဝ၊ သူကြွယ်မ၌၊ ခြံမှလွှတ်ရာ၊ နွားတို့မှာမူ၊ သီတာမြစ်၌၊ နွားဦးဆိုက်လည်း၊ နောက်လိုက်ခြံနွား၊ မကုန်ပြောတည့်၊ အားလုံးခေါင်ထီး၊ နွားမကြီးကား၊ မှန်းပြီးမချော်၊ ရှင့်မယ်တော်သည်။ ။ ထင်ပေါ်တကွ မယွင်းတည်း။

(၁၀) မယ်တော်ဟုတ်ဘိ၊ မဟုတ်ဘိကို၊ သိတော်မူရာ၊ ထိုရပ်ရွာသို့၊ ရောက်ပါစိမ့်ဟူ၊ ကြွတော်မူ၍၊ သူတော်မယ်ဘွား၊ ဖြစ်သည့်နွားကို၊ နီးပါးခိုဝင်၊ လေညာခွင်က၊ သခင်ဘုန်းလူ၊ နေတော်မူ၍၊ ပျူငှာစိတ်ထား၊ ထိုသည့်နွားကို၊ လက်ဝါးတော်လှ၊ ဖြန့်ကာပြ၍၊ ချီမြအေးကြည်၊ ရင်နို့ရည်ကို၊ ညှစ်လည်လားဟူ၊ ခေါ်တော်မူသော်၊ ကြည်ဖြူ

စိတ်ထား၊ ရှေးဖြစ်သားကို၊ ချစ်အားမချို့၊ နှစ်ပွားလို့လျက်၊ နွားတို့ဘာသာ၊ မြည်တမ်းကာနှင့်၊ မကွာထံပါး၊ လာသည့်နွားကို၊ ဖြစ်လားအကြောင်း၊ မယ်တော်ဟောင်းဟု၊ ကောင်းမြတ်စိတ်ယူ၊ မှတ်တော်မူလော့၊တူတော်ရှင်ဝါ၊ သုမေဓာ၏၊ ဆိုရာစကား၊ အမှတ်ထား၍၊ ရှစ်ပါးပရိက္ခရာ၊ ပြည့်စုံစွာနှင့်၊ ရှင်မဟာကဿပ၊ ထွက်လာကြသည်။ ။ နွားမမယ်တော် ဖြစ်ရာတည်း။

(၁၁) မွေးမိမြထွား၊ ဘဝခြား၍၊ နွားအဖြစ်မှာ၊ ကျင်လည်ရာဝယ်၊ ရှင်မဟာကဿပ၊ တွေ့မြင်ရက၊ နွားမဖြစ်ငြား၊ ခေါ်တည်အားကို၊ လက်ဝါးတော်လှ၊ ဖြန့်ကာပြမူ၊ သားလှဝမ်းဝင်၊ မြတ်သခင်ကို၊ မြင်သော်မြန်စွာ၊ ဆောဆောလာ၍၊ ဖျာပါကြီးမား၊ ရင်သွေးသား၏၊ လက်ဝါးပေါ်ထက်၊ နို့ရည်စက်ကို၊ ရိထွက်ဖြာဖြာ၊ ညှစ်ချရှာက၊ မှန်စွာမသွေ၊ ငါ့မွေးမေဟု၊ စိတ်နေဖြောင့်မူ၊ သိတော်မူသော်၊ လူနွား ရှင်မ၊ အစိုးရကို၊ ငါ့မယ်တော်စစ်၊ နွားမဖြစ်၍၊ ချစ်နှစ်သက်စွာ၊ သင့်ခြိမှာ၌၊ ရွေးပါရစေ၊ မိန့်ဆိုပေသော်၊ မသွေမလှန်၊ မယ်တော်မှန်က၊ မြန်မြန်ခုမူ၊ ယူတော်မူဟု၊ ကြည်ဖြူစိတ်နေ၊ လှူလိုက်ပေသည်။ မွေးမေလက်ရောက်ပါလာတည်း။

(၁၂) နွားအဖြစ်ဝင်၊ ရှေးမိခင်ကို၊ အရှင်ထေရ်ဝါ၊ ဆောင်ယူလာသော်၊ ရွာကျောက်ရစ်နား၊ ဘဝခြား၍၊ နွားမမယ်တော်၊ စုတိသော်လျှင်၊ လျော်စွာဖန်တီး၊ သင်္ဂြိုဟ်ပြီးမှ၊ ခရီးရပ်မြေ၊ ပြန်ကြွပေလျက်၊ နေတော်မူရာ၊ အတန်ကြာသော်၊ သုမေဓာအား၊ မေးလိုငြားကြောင့်၊ သွားတော်မူရာ၊ သုမေဓာလည်း၊ တေဇာပြန့်လှိုင်၊ ဘုန်းတော်ကြိုင်သည်၊ သရိုင်ဌာန၊ စေတီလှကို၊ တည်ရလိုပေ၊ ဝတီမြေသို့၊ တက်လေပြီးကာ၊ ဝတီသာတွင်၊ စူဠမူဏီ၊ အမည်ရှိသား၊ နံ့သိထင်ပေါ်၊ ပုထိုးတော်ကို၊ ဖူးမြော်ရှုနိုင်း၊ ချည်ဖြင့်တိုင်း၍၊ ကသိဏ်းပုံကျ၊ ပြန်သည်ကနှင့်၊ တွေ့ကြပေစွာ၊ သုမေဓာကို၊ မှန်စွာမချော်၊ ငါ့မယ်တော်ကား၊ ခုသော်

ဘယ်မှာ၊ ဖြစ်လိမ့်ရှာဟု၊ ရှင်မဟာကဿပ မြွက်ဖော်ဟသည်။ ။ မယ်လှကျေးဇူးရှင်ပါတည်း။

(၁၃) မိခင်မယ်လျှ၊ နွားဖြစ်ကဒ္ဒြ၊ ဘဝယွင်းကွာ၊ ဘယ်ဆီမှာလျှင်၊ ဖြစ်ရှာလိမ့်ဟူ၊ မေးတော်မူသော်၊ တူတော်ဗျာန်ရှင်၊ ကြည့်ရှုမြင်၍၊ ရင်ခွင်ဝေကျူး၊ မြို့မြေတူးသို့၊ ကူးရောက်လှည့်လည်၊ အိုးထိန်းသည်တွင်၊ လူရည်နွမ်းညစ်၊ ကျွန်မ ဖြစ်၍၊ မလစ်မကွာ၊ ထိုအိမ်မှာလျှင်၊ လယ်ယာလုပ်ငြား၊ ကျွန်မများတွင်၊ အားလုံးခေါင်ထီး၊ ကျွန်မကြီးကား၊ မှန်ပြီးမချော်၊ ရှင့်မယ်တော်ဟု၊ ပြန်ဖော်ပေဖို့၊ မြေတူးမြို့ကို၊ နှစ်လိုခုံမင်၊ ကြွရောက်ဝင်၍၊ သခင်ကဿပ၊ ကြည့်ရှုကလျှင်၊ တပ်စွာကြောင်းရာ၊ သိတုံပါက၊ ဒကာမတွင်၊ ငါ့မိခင်ကို၊ ရွေးချင်ပါလို၊ မိန့်ဖော်ဆိုသော်၊ ထိုအိုးထိန်းသည်၊ မသာကြည်ဖြင့်၊ ထုတ်ဆိုဖွင့်လျက်၊ အရှင့်မိခင်၊ မိန်းမလျှင်မှု၊ ကျွန်တွင်မရှိ၊ လွဲရှောင်ဘိသည်။ ။ မွေးမိမယ်မင်းခေါင်ချားတည်း။

(၁၄) လွဲရှောင်ဆိုငြား၊ ထိုစကားကို၊ မှတ်သားကာလျှင်၊ မြတ်သခင်ကား၊ သင်ဒကာမ၊ အိမ်ဂေဟတွင်၊ များလှလုပ်ငြား၊ မိန်းမများ၌၊ အားလုံးခေါင်တွင်၊ ကျွန်မ လျှင်မှု၊ မြပင်မှန်သော်၊ ငါ့မယ်တော်တည်း၊ ယွင်းချော်မကွက်၊ ချိန်လေးစက်၍၊ ခွက်သက်တစ်ထောင်၊ ငွေဖြူရောင်နှင့်၊ ရွေးဆောင်ဘိပါ၊ ယူ၍သာလျှင်၊ လွတ်ပါမည်ရေး၊ တောင်းပန်ပေးထည်း၊ ကြေးမယူလို၊ လှူပါဆိုလည်း၊ အလိုမကျ၊ မိမယ်လျှကို၊ မရလိုသော်၊ သတိမျှော်၍၊ မယ်တော်ကိုယ်စား၊ ထေရ်မြတ်ဖျားမှု၊ ဘုရားတည်လျက်၊ ငွေခွက်သွက်ကို၊ ချိန်စက်ကောင်းကျိုး၊ တစ်ထောင်ဖိုးဖြင့်၊ မြေမိုးလယ်ယာ၊ ဝယ်တုံပါ၍၊ လှူရှာပေတို့၊ မြေတူးမြို့၌၊ မချို့အင်္ဂါ၊ ထိုမြေတာမှု၊ တည်စွာမပျက်၊ အဆက်ဆက်ပင်၊ ငွေခွက်ယူငြား၊ တွင်ထင်ရှားသည်။ ။ ဘုရားပေါင်လောင် ဘဏ္ဍာတည်း။

(၁၅) ဘဏ္ဍာလှူဝတ်၊ ပူဇော်ကပ်၍၊ မပြတ်ကင်းစေ၊ ပတ်တော်မြေကို၊ ဖိုးငွေများစွာ၊ ဝယ်လှူကာဖြင့်၊ သာသနာငါးထောင်၊ တည်စေအောင်ဟု၊ ရည်ဆောင်ကြံမျှော်၊ ဝမ်းထဲပျော်လျက်၊ မယ်တော်ကိုယ်စား၊ မြတ်ဘုရားကို၊ တည်ထားကိုးကွယ်၊ ပလောင်ငယ်တို့၊ မှီတွယ်မကွာ၊ နောက်တော်မှာ၍၊ ပါသည်ကြောင်းအင်၊ ပလောင်ရှင်ဟု၊ သခင်တည်ဦး၊ သုံးလူ့မျှူးကို၊ မြေတူးပေါင်လောင်၊ ခုတိုင်အောင်ပင်၊ ဘုန်းရောင်ပြောင်ဝင်း၊ တောက်ထိန်လင်းသည်။ ။ သတင်းလှိုင်ပြန့် တေဇာတည်း။

(၁၆) သည်တွင်တထူး၊ ခ်ပ္ပာယ်ကြူး၍၊ မြေတူးပေါင်လောင်၊ တင်ထိပ်ခေါင်ကို၊ ရောက်အောင်တဝ၊ ထုတ်ဖော်ပြလျက်၊ ရှေးမှတစ်သွယ်၊ တက်ရန်ဝယ်ကို၊ အကျယ်လင်္ကာ၊ ဆင်ဦးပါအံ့၊ မှတ်နာကြငြား၊ မျိုးလေးပါးတို့၊ စိတ်ထားမွေ့လျော်၊ ချိုနှာပျော်လော၊ မယ်တော်မာတာ၊ သူမွန်စွာလည်း၊ မကြာမရှည်၊ လွန်လေသည်ကြောင့်၊ ထေရ်ရှင်ကဿပ၊ ဈာပနဥ္၊ ကိစ္စပြီးစေ၊ လုံ့လဝေလျက်၊ စိတ်နေမမွေ့၊ တစေ့စေ့ဖြင့်၊ အောက်မေ့ခါသော်၊ ငါ့မယ်တော်သည်၊ ယွင်းချော်ခန္ဓာ၊ ဖောက်ပြန်ကာနှင့်၊ ငါတစ်သန္တာန်၊ ပွတ်တိမှန်တွင်၊ ဆန်လွန်ကာသည်၊ တလည်လည်နှင့်၊ မတည်နိုင်ငြား၊ ငါ့ကိုဖွား၍၊ ပျက်ပြားတစ်ကြိမ်၊ ခန္ဓာအိမ်မူ၊ မငြိမ်ဖောက်ပြား၊ ဇာတ်ဝင်ခြား၍၊ နွားတစ်ဘဝ၊ မတည်ပဖြင့်၊ မိန်းမလူ့ပြည်၊ ဒိုးထိန်းသည်တွင်၊ ဖြစ်သည်ကျွန်မ၊ သုံးကြိမ်ကျအောင်၊ ဘဝထူးတွေ၊ ကူးပြောင်းပေလျက်၊ ဖြစ်လေရသည်၊ ရပ်မတည်အောင်၊ ကျင်လည်ရငြား၊ သည်တကားဟု၊ တရားသံဝေ၊ တွေးတောဖွေသည်။ ။ မွေးမေမိခင်ကြောင်းရေးတည်း။

(၁၇) ဇာတိပွတ်တိ (ပဝတ္တိ)၊ ဆုံးစုတိနှင့်၊ တရိပွတ်ပွတ်၊ ဒုက္ခဝဋ်မှ၊ မလွတ်နိုင်ကြ၊ အနိစ္စဖြင့်၊ ဘဝများစွာ၊ ကျင်လည်ရာကို၊ အရှင်မဟာကဿပ၊ ထေရ်မွန်လှကား၊ တွေးဆကြံကာ၊ သံဝေရာ၍၊ မာတာကိုယ်စား၊ ရည်စိတ်ထားနှင့်၊ စီးပွားကုသိုလ်၊ ပြည်သိန်းဃိုသို့၊

မြတ်ကိုယ်တော်စား၊ စေတီများကို၊ ဦးဖျားခေါင်းထက်၊ ဆယ်စုံရွက်၍၊ နှစ်သက်ပျော်ပါး၊ ဖူးမြော်သွားသော်၊ ကျားတစ်စီးသာ၊ ရှေ့တော်မှာ၌၊ လာလတ်တုံပြီး၊ ကိုင်းလိုင်းဆီး၍၊ စီးစေချင်စွာ၊ ခံရောက်လာသော်၊ အရှင်မဟာကဿပ၊ မထေရ်လှကား၊ သီလတော်အား၊ ထိုသည်ကျားကို၊ တရားပဲ့ပြင်၊ ခြေတော်တင်၍၊ မြစ်ခွင်ကမ်းထိပ်၊ သင်္ဘောဆိပ်သို့၊ မြရိပ်သီတာ၊ ရောက်ပေရှာသည်။ ။ ချမ်းသာသုခ ငြိမ်းအေးတည်း။

(၁၈) မြစ်ဆိပ်ကမ်းနား၊ သင်္ဘောသားတို့၊ ဝေးငြားခွန့်ရှည်၊ သိန်းဃိုပြည်သို့၊ သွားမည်နှင့်သာ၊ ကြုံကြရာကြောင့်၊ လိုက်ပါရစေ၊ ခွင့်မူပေသော်၊ စိတ်နေကြည်ဖြူ၊ လိုက်တော်မူဟု၊ တင်ယူဆောင်ကာ၊ မြစ်လယ်ချာမူ၊ နာဝါဟူပေ၊ သင်္ဘောလှေကား၊ ရပ်နေမသွား၊ သင်္ဘောသားတို့၊ ကြောက်အားသေဘေး၊ ဒုက္ခတွေးလျက်၊ စာရေးတံမှာ၊ သုံးကြိမ်သာလျှင်၊ ဘုန်းဝါရှင်ရှင်၊ မြတ်သခင်ကို၊ ထင်မြင်တပ်စွ၊ ကောက်၍ရက၊ ငါ့အတွက်သာ၊ သင်တို့မှာမူ၊ ခန္ဓာပျက်ပြောင်း၊ မသေကောင်းတည့်၊ အပေါင်းတထွေ၊ ချမ်းသာစေအောင်၊ ရေပင်လယ်ဝ၊ ငါ့ကိုချဟု၊ မြွက်ဟချိုပျား၊ ဆိုစကားနှင့်၊ များသင်္ဘောရှင်၊ မြတ်သခင်ကို၊ ရေပင်လယ်ရိုး၊ ချလိုက်ထိုးက၊ ငမိုးရိပ်ခေါ်၊ မိကျောင်းပေါ်တွင်၊ ခြေတော်တင်ငြား၊ စီးကာသွားသည်။ ။ ငါးပါးရန်သူ ကင်းဝေးတည်း။

(၁၉) မကာရ်းလိပ်ငါး၊ ပြေးရှောင်ရှားလျက်၊ သွားတုံရေပေါ်၊ သီလတော်ကြောင့်၊ ပူဇော်သက္ကာ၊ မေခလာတို့၊ ချမ်းသာသုခ၊ ဖြစ်စေရအောင်၊ မစလိုက်လှော၊ မိကျောင်းကျောထက်၊ သင်္ဘောလှေရှေ့၊ ရောက်ပေ၍လျှင်၊ သိမ်မွေ့ညွှတ်သက်၊ သိန်းဃိုဘက်၌၊ ရေထက်ကမ်းထိပ်၊ သင်္ဘောဆိပ်တွင်၊ မြရိပ်ခြံကြာ၊ နေနှင့်စွာကို၊ ထပ်ခါထိုနောက်၊ လင်းယဉ်မြှောက်၍၊ ရောက်လာကြငြား၊ သင်္ဘောသားတို့၊ ကြီးမားဘုန်းရှင်၊ မြတ်သခင်ကို၊ မြင်တုံကြငြား၊ ဒွိဟပွား၍၊ စကားနှစ်ဝ၊ ကလဟဖြင့်၊ ထိုးချလိုက်စွာ၊ သခင်ပါဟု၊ ဆိုရာတခြား၊ တချို့များလည်း၊ ငါးလိပ်

ပြွမ်းပြွမ်း၊ စားယူဖမ်း၍၊ မွမ်းမွမ်းကြွေစွာ၊ စုတိရှာပေါ့၊ ငါးရာအပြား၊ သဘော်သားတို့၊ စကားရှုံးနိုင်၊ လောင်းတမ်းပြိုင်သည်။ ။ ပွေလှိုင်ငြင်းခုံ ရှုပ်ထွေးတည်း။

(၂၀) ထွေးရှုပ်စကား၊ သဘော်သားတို့၊ မယားလောင်းမှု၊ သားလောင်းမှုကို၊ ပြုကြကာလျှင်၊ မြတ်သခင်ကို၊ ဖူးဝင်ယှက်ကြာ၊ မေးလျှောက်လာသော်၊ ဒကာတို့အား၊ ဘယ်စကား၌၊ ထားကြကတိ၊ မေးလာဘိဟု၊ သိတော်မူငြား၊ မိန့်သည်များတွင်၊ မယားသားပေး၊ လောင်းတမ်းရေးကို၊ ချိုအေးသာကြည်၊ လျှောက်ကြသည်၌၊ ရွှင်ကြည်မျက်နှာ၊ သည်သစ္စာကို၊ ဖြေပါကြမှ၊ မှန်သမျှကို၊ မုချဖြောင့်တည်၊ ငါပြောမည်ဟု၊ မွန်ရည်နှုတ်သာ၊ မိန့်ဆိုရာကို၊ မှတ်နာအများ၊ သဘော်သားတို့၊ လောင်းစားဖြေကြွ၊ ပြေပြီးမှလျှင်၊ ချိုမြခံတွင်း၊ ဖွင့်ဆိုလင်း၍၊ သတင်းစကား၊ ဟုတ်တိုင်းကြားသော်၊ များသဘော်လူ၊ ကျွက်ကျွက်ဆူအောင်၊ ပူဇော်ကြဲပစ်၊ မြရှင်ချစ်ကို၊ ဦးရစ်ပုဆိုး၊ အမျိုးမျိုးနှင့်၊ ကိုးကွယ်ကြခြင်း၊ ကွာမကွင်းသည်။ ။ ခြေရင်းစက်တော် ယဉ်ကျေးတည်း။

(၂၁) သိန်းဃိုရပ်တွင်၊ မြတ်သခင်မူ၊ ပျော်ရွှင်နှလုံး၊ သီတင်းသုံးသော်၊ ပတ်ကုံးထိုထို၊ မြို့သိန်းဃိုတွင်၊ ကုသိုလ်ပျော်ပါး၊ သခင်များတို့၊ စကားမြွက်ဆို၊ တို့သိန်းဃိုမှာ၊ ကြည်ညိုနှလုံး၊ သီတင်းသုံးမူ၊ ထုံးစံကျမ်းလာ၊ တို့သိက္ခာကို၊ ထပ်ပါရမည်၊ မိန့်ရှိသည်၌၊ မထေရ်အရှင်၊ ကြံဆင်ခြင်၍၊ ဖြူစင်လှစွာ၊ ငါ့ဆရာ၏၊ သိက္ခာရှိလျက်၊ ထပ်ရေးခက်ဟု၊ အိပ်မက်ဆောင်ယူ၊ အိပ်တော်မူသော်၊ မြတ်သူတော်ကောင်း၊ အိပ်မက်ကြောင်းကား၊ ဦးခေါင်းတော်ထက်၊ သံမှိုနှက်သော်။ နောက်ဆက်သံမှို၊ မဝင်လိုဟု၊ ကိုယ်တော်သခင်၊ အိပ်မက်မြင်၍၊ နောက်လျှင်ထပ်ခါ၊ ငါ့ဆရာ၏၊ သိက္ခာတော်ပြင်၊ မဖြစ်ထင်လျက်၊ မြင်အိပ်မက်နှင့်၊ အချက်ကျစွာ၊ သီဟိုဠ်မှာ၌၊ သိက္ခာရှောင်သွေ၊ မထင်နေသည်။ ။ ဖြူပေသီလ ဖွေးဖွေးတည်း။

(၂၂) မြမြသိကွာ၊ ဖြူစင်စွာကြောင့်၊ ရှောင်ကာလွဲသွေ၊ မထင်နေသော်၊ ဆူဝေမာန်တင်း၊ သိန်းဃိမင်းကို၊ နေရင်းထေရ်ရှင်၊ မြတ်သခင်တို့၊ ရောက်ဝင်ပြောကာ၊ ငါ့ဆရာနှင့်၊ ညီစွာအယူ၊ မကျင့်သူတို့၊ ခုမူဆောဆော၊ ဘီလူးတောသို့၊ သောကပူပင်၊ ပို့လိုက်နှင်ဟု၊ သခင်မြတ်ကို၊ များသူဗိုလ်တို့၊ မိန့်ဆိုတိုင်းပေ၊ ပို့နှင်လေသော်၊ ထွေထွေများလှ၊ လူထိုမျှတို့၊ ရောက်ကြတိုင်းသာ၊ ဘီလူးမှာလျှင်၊ ဝမ်းစာဖြစ်လျက်၊ သေပျောက်ပျက်၏။ ငြိမ်သက်ချမ်းသာ၊ သခင်မှာမူ၊ မေတ္တာသီလ၊ ပို့ဝေငှလျက်၊ မြွက်ဟာထုတ်ဖော်၊ ပရိတ်တော်ကြောင့်၊ တောပျော်ဘီလူး၊ သူစားကြူးတို့၊ ဝေးကျူးပြေးထွက်၊ လှိုက်ဖိုသက်နှင့်၊ အောက်ထက်ဝန်းကျင်၊ ရှင်းရှင်းစင်သည်။ ။ သခင်ကိုယ်တော်ရန်ဘေးတည်း။

(၂၃) သုပ္ပဋိပ္ပန္န၊ ရင်းအစဖြင့်၊ နဝဂုဏ်ရောင်၊ အပြောင်ပြောင်မူ၊ မိုက်မှောင်မရှိ၊ လင်းထိန်ဘိလျက်၊ ဝိမုတ္တိရသ၊ ရှေးဦးစတဲ့၊ ဓမ္မခန္ဓာ၊ တိုင်ရောက်ပါအောင်၊ ဒေသနာမြောက်မြား၊ အပြားပြားဖြင့်၊ ခြောက်ပါးဂုဏ်တော်၊ အာနုဘော်ကြောင့်။ နံစော်ညစ်ညူး၊ သူသားကြူးသည်၊ ဘီလူးတောနေ၊ များတစ်တွေတို့၊ ပြေးပေကြမြောက်၊ ရှင်းလင်းပျောက်သော်၊ တစ်ယောက်မယ်လှ၊ ဘီလူးမကား၊ ဒုက္ခပွေလှိုင်၊ မပြေးနိုင်၍၊ အနိုင်နိုင်နှစ်၊ ဖြစ်ရာဖြစ်ဟု၊ ကျန်ရစ်ရှာချင်၊ ဒုက္ခရင်ကို၊ သခင်ထေရ်အား၊ တွေ့လေငြားက၊ စကားမွေးကြူ မေးတော်မူ၏၊ မသူတော်ငြား၊ ဘီလူးများတို့၊ ပြေးသွားရှောင်ခွာ၊ ငါ့မေတ္တာကြောင့်၊ ဝေးရာထွက်မြောက်၊ သင်တစ်ယောက်မူ၊ မကြောက်ရွံ့ပေ၊ ဘယ့်ကြောင့်နေသည်။ ။ ပြစ်ပြေချိုမြ ဆိုမေးတည်း။

(၂၄) ဘီလူးတောဝင်၊ မိန်းမသွင်ကို၊ သခင်မှတ်တည့်၊ မေးမြန်းကြည့်သော်၊ တပည့်တော်မ၊ ဝဋ္ဋဒုက္ခ၌၊ တွေ့ရပေငြား၊ နှစ်ယောက်သားကို၊ ဖွားရတုံဘိ၊ ရင်းဇာတိက၊ မျက်စိမမြင်၊ ဖြစ်လာချင်၍၊ ပူပင်ဒုက္ခ၊ ဆင်းရဲရ၏၊ ဓမ္မကျော်ထင်၊ ဆေးတော်ဆင်၍၊ သခင်မေတ္တာ၊

ပက်ဖျန်းပါဟု၊ ဟတ္ထာသွယ်ပြောင်း၊ ဆယ်စုံပေါင်း၍၊ တောင်းပန်ရာတွင်၊ မြတ်သခင်မှ၊ ရေစင်ပရိတ်၊ မေတ္တာစိတ်နှင့်၊ ဘိသိက်ချွေနူး၊ ပက်ဖျန်းဖြူးသော်၊ ဘီလူးမသား၊ နောင်ညီများတို့၊ လွှင့်ပါးပျောက်၍၊ ကြပတေ့ဖြင့်၊ ချမ်းမြေ့ကြည်လင်၊ မျက်စေ့မြင်က၊ သခင်မှူကား၊ ထိုသူများကို၊ တရားဖြောင့်တည့်၊ စောင်မကြည့်လျက်၊ တပည့်ပြုပါ၊ လျှုလေရာတွင်၊ မြတ်သခင်ဝယ်၊ ခိုဝင်မလစ်၊ တပည့်ဖြစ်မှ၊ ဖွင့်လှစ်သညာ၊ ခေါ်ဝေါ်ရာကို၊ ဝေါဟာရမှန်၊ ပညတ်ပြန်လျက်၊ ငရမန်လျှင်၊ တစ်ယောက်တွင်၏၊ ငတင်ကျည်းဟူ၊ တစ်ယောက်သူကို၊ ပျူငှာယဉ်ကျေး၊ သညာပေးသည်။ ။ ခေါ်ရေး နောင်ညီနှစ်ဦးတည်း။

(၂၅) သိန်းဃိုရာဇာ၊ မင်းကြီးစွာမှ၊ ဖွင့်ကာဆိုပြော၊ ဘီလူးတောသို့။ အဆောတလျင်၊ ပို့လိုက်နှင်သား၊ ရှင်ရဟန်းဝါ၊ ရှိသေးပါအံ့၊ များစွာလှငြား၊ ဘီလူးများတို့၊ စားကြတုန်းပေ၊ တောရပ်မြေတွင်၊ သေလေပြီလား၊ ကြည့်ချေသွားဟု၊ စေစားလိုက်ရာ၊ ကြည့်ရှုကာလျှင်၊ ပြန်လာတုံမြောက်၊ တင်ဦးလျှောက်၏၊ မောက်သည်ဘုန်းရှင်၊ ရွှေနားတင်လော့၊ နှင်တော်မူငြား၊ ရဟန်းအားမှ၊ တောဖျားမြိုင်မွေ့၊ ကြပတေ့ဖြင့်၊ ချမ်းမြေ့သာယာ၊ ရှိပေပါဟု၊ လျှောက်ကာတုံသော်၊ ပင့်ဆောင်ခေါ်၍၊ ပူဇော်သက္ကာ၊ သီဟိုဠ်မှာဒ္ဓိ၊ ဆရာပုဏ္ဏား၊ ဒေါနအားကို၊ လေးပါးပစ္စယာ၊ မွေးစေပါလျက်၊ ရှည်ကြာကိန်းအောင်း၊ ကာလညောင်းသော်၊ ပြန်ကြောင်းစကား၊ ဒေါနအားကို၊ ချီနားသာယာ၊ ခွင့်ပြုပါသည်။ ။ ဇာတိနေရပ် မြို့ကျေးတည်း။

(၂၆) ဇာတိမြို့ရွာ၊ ပြန်မည့်တာကို၊ ဆရာဒေါန၊ ကြားသိရက၊ မြွက်ဟချီလွှင်၊ အိုသခင်။ ဖူးမြင်မြတ်ငြား၊ ဓာတ်တော်အားကို၊ ဘိုးဘွားမိဘ၊ လက်ထက်ကဒ္ဓိ၊ အစတည်လျက်၊ အဆက်ဆက်ဖြင့်၊ မပျက်စေငြား၊ ကျွန်ုပ်အားမှ၊ စိတ်ထားနှစ်သက်၊ ဦးထိပ်ရွက်၍၊ အသက်သေမှ၊ လွှတ်စေရအံ့၊ လုံ့လမွန်ရည်၊ ကိုးကွယ်သည်တည်း၊ မထေရ်သခင်၊

ထိပ်ခေါင်တင်ကို၊ ကြည်ရွှင်စိတ်ပျော်၊ မေးရိုးတော်နှင့်၊ ဓာတ်တော်အားလုံး၊ ပေါင်းစုရုံးသော်၊ သုံးကျိပ်ကပြူ၊ ခုနစ်ဆူကို၊ ကြည်ဖြူသဒ္ဓါ၊ အပ်လိုက်ပါ၏၊ ဆရာပုဏ္ဏား၊ အပ်သည်များကို တရားခွင့်မူ၊ ပင့်ဆောင်ယူ၍၊ ဇမ္ဗူဒီပါ၊ ကူးရောက်လာသော်၊ ရာဇာမင်းနေ၊ ပုဂံမြေတွင်၊ မြင့်ဝေသီခေါင်၊ ကြီးသည့်တောင်၌၊ မြရောင်ပမာ၊ ခက်လက်ဖြာသည့်၊ ကြံ့စာပင်ရင်း၊ ခိုသီတင်းဖြင့်၊ မယွင်းမကွာ၊ ထီးအုပ်ကာ၍၊ ထေရ်ဝါရှင်ဖြူ၊ နေတော်မူသည်။ ။ ဆင်ဖြူထင်မှတ်ကြရေးတည်း။

(၂၇) ကျွန်းသီဟိုဠ်က၊ ကူးလာကြွ၍၊ ရဋ္ဌတိုင်းစည်၊ ပုဂံပြည်တွင်း၊ ကြံ့စာပင်၌၊ ခိုဝင်မှီတင်း၊ သိမ်မွေ့ခြင်းဖြင့်၊ သီတင်းဖြောင့်ယူ၊ သုံးတော်မူသော်၊ စင်ဖြူသီလ၊ အာစာရကြောင့်၊ ဓမ္မပျော်ရွှင်၊ မြတ်သခင်ကို၊ ဆင်ဖြူထင်မှား၊ လူအများတို့၊ မင်းဖျားနရပတိ၊ နားတော်သိအောင်၊ လျှောက်ဘိလေရာ၊ ရှာစေပါသော်၊ ကြံ့စာပင်ရင်း၊ နှာမောင်းခင်း၍၊ ဝင်းဝင်းဖြူညက်၊ ကြံ့စာခက်ကို၊ နှစ်သက်မြတ်နိုး၊ နှာမောင်းထိုး၍၊ ချိုးကာချိုးကာ၊ စားနေရာ၌ မျက်နှာတူရူ၊ မင်းနန်သူလျှင်၊ ဆင်ဖြူမရှိ၊ ပျောက်ကွယ်တိလျက်၊ ဇာတိဂုဏ်အင်၊ ဖန်ရည်ဆင်သား၊ ရှင်မဟာကဿပ၊ ဘွဲ့တော်ရကို၊ မုချတပ်ရာ၊ တွေ့မြင်ပါသည်။ ။ ဘုန်းဝါတောက်ပ ရှင်မြူးတည်း။

(၂၈) အမတ်တော်လူ၊ မင်းနန်းသူက၊ ဆင်ဖြူကိုလျှင်၊ တွေ့မမြင်ဘဲ၊ သခင်ရပ်ဝါ၊ တွေ့မြင်ခါ၌၊ ပညာဆင်ခြင်၊ သည်သခင်၏၊ ဂုဏ်အင်တေဇော်၊ သီလတော်ကြောင့်၊ ဖူးမြော်ခွင့်ဓာတ်၊ အနတ်နတ်တို့၊ မြတ်သခင်မှာ၊ ပူဇော်လာဟု၊ စကြာတော်နီး၊ ချဉ်းကပ်ပြီးလျှင်၊ ပွားစီးမေတ္တာ၊ တရားနာ၍၊ ပန်ထွာလျှောက်ကြား၊ သခင်အားကို၊ ကြိုးစားလုံ့လ၊ ဝိဟာရနှင့်၊ ပစ္စယဒါယကာ၊ ပြု၍သာလျှင်၊ မွေးပါရစေ၊ ခွင့်ပန်ပေက၊ လွဲသွေမနှင့်၊ မြတ်သခင်ကား၊ သင်ဒကာတော်၊ ဖိတ်မန်သော်လျှင်၊ မုန်တော်ဖြောင့်တည်း၊ မလိပ်လည်းနှင့်၊ ပစ္စည်းထွေထွေ၊

သန့်လှစေဟု၊ အသေအချာ၊ မိန့်တော်မှာသည်။ ။ ဆရာဒကာ နှစ်ဦးတည်း။

(၂၉) မင်းစေယောကျ်ား၊ အမတ်များတို့၊ ပြန်သွားကြကာ၊ လျှောက်သည်မှာကား၊ မြိုင်သာတောခွင်၊ ရှာပါချင်လည်း၊ ဆင်ဖြူ ရတနာ၊ မတွေ့ပါသည့်၊ အာဏာတော်ဝန်၊ ကျူးထွက်လွန်၍၊ ကျွန် ငနန်သူ၊ အမတ်လူကား၊ ဆင်ဖြူမရှာ၊ တောဟေမာတွင်၊ စိမ်းဝါနီမြန်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းတစ်ပါး၊ ထိုသူအားကို၊ စကားပြောရာ၊ မြင် ကြပါဟု၊ လျှောက်ကြားပြုသား၊ အကြောင်းများနှင့်၊ မင်းဖျားဘုန်းလူ၊ မေးတော်မူသော်၊ ငနန်သူမည်၊ အမတ်သည်လည်း၊ သာကြည်ရွှေနား လျှောက်တင်ကြား၏၊ တောဖျားမြိုင်ခွင်၊ ကြံ့စာပင်ကို၊ ဆင်ဖြူရတနာ၊ ချိုးစားကာနှင့်၊ နေရာဌတွင်၊ ဝေးကမြင်၍၊ ဝင်ကာဖမ်းခြောက်၊ ဆင်ဖြူ ပျောက်၍၊ တစ်ယောက်သခင်၊ ရဟန်းသွင်ကို၊ တွေ့မြင်တုံသော်၊ သီလ တော်ကြောင့်၊ ပူဇော်သက္ကာ၊ နတ်ဒေဝါတို့၊ ပြုလာပေငြား၊ ထင်စိတ် ထားနှင့်၊ တရားတော်သာ၊ နာခံပါသည်။ ။ မှန်စွာလျှောက်တင် မကျူးတည်း။

(၃၀) ဟုတ်တိုင်းမှန်စွာ၊ လျှောက်ဘိရာကို၊ ရာဇာဘုရင်၊ ရွှေနား တင်၍၊ သခင်မြတ်ကို၊ ကိုးကွယ်လို၍၊ ကြည်ညိုစိတ်ရှင်၊ မင့်သခင်ကို၊ မင်းပင်ပင့်ချေ၊ မိန့်တော်စေ၍၊ စိတ်နေဖြောင့်ယူ၊ မင်းနန်သူကား၊ ရွှေနန်းပေါ်ထက်၊ ပူဇော်သက္ကာ၊ တရားနာ၍၊ များစွာမောင်းမ၊ မှူးမတ် စသား၊ လူအများနှင့်၊ မင်းဖျားဘုရင်၊ မြတ်သခင်ကို၊ ချိုလွင်သံအေး၊ ရင့်ကာကြွေးသည်၊ မွေးပါရမှု၊ ဖိတ်မန်ပြုသော်၊ ခွင့်ဆုမမူ၊ ငနန်သူသည်၊ ကြည်ဖြူစိတ်နေ၊ ဖိတ်ဦးပေဟု၊ လွှဲသွေတော်မူ၊ ငနန်သူကို၊ စည်သူ မင်းတရား၊ တောင်းပန်ကြားသော်၊ အားရဝမ်းသာ၊ ခွင့်ပြုပါ၍၊ ရာဇာ မင်းကျော်၊ မြတ်ကိုယ်တော်ကို၊ ပူဇော်သက္ကာ၊ ဝိဟာရနှင့်၊ ပစ္စယဒါယကာ၊ ကိုးကွယ်ပါသည်။ ။ တေဇာပွင့်လင်းပုံ့ပျူးတည်း။

(၃၁) မင်းနန်သူခေါ်၊ အမတ်တော်ကား၊ မွေ့လျော်ညံ့နူး၊ ပညာမြူးလျက်၊ ဖိတ်ဦးအလျင်၊ မြတ်သခင်ကို၊ ဘုရင်မင်းကျော်၊ ဖိတ်ပြန်သော်ကြောင့်၊ ဘုန်းတော်ပြောင်မြူး၊ ရှေ့တော်ဦးကို၊ မှူးမတ်တကာ၊ မကျူးသာဟု၊ ပညာလျင်လျင်၊ ကြံဆင်ဆင်၍၊ အရှင်ရာဇာ၊ ကိုးကွယ်ရာကို၊ ဝမ်းသာဝမ်းမြောက်၊ ဇောစိတ်မောက်နှင်၊ မဖောက်အမူ၊ မင်းနန်သူသော်၊ ယူသံဝေရှာ၊ ငါ့ဆရာကို၊ ငါမူတစ်ထောက်၊ မင်းကြီးနောက်မှ၊ ထိုက်လျောက်အောင်သည်၊ ကိုးကွယ်မည်ဟု၊ ရှင်ကြည်စေတနာ၊ မြင်းကပါဟု၊ ကြေညာပျံ့မွှေး၊ ကွယ်လိုင်ဖွေးသား၊ သူဌေးကြီးအား၊ အကြောင်းကြားသော်၊ ပတ္တမြားလျှံမောက်၊ ထိန်ထိန်တောက်သည်၊ ကျောက်တစ်လက်ခုပ်၊ ကိုင်ယူဆုပ်၍၊ မချုပ်မဆိုင်း၊ လိုရာတိုင်းဖြင့်၊ မရိုင်းအမူ၊ မင်းနန်သူသို့၊ ကြည်ဖြူသဒ္ဓါ၊ ပေးလိုက်ပါသည်။ ။ သံသရာကောင်းကျိုး ရည်စူးတည်း။

(၃၂) သံသရာရေး၊ ဆုပ်ကာပေးသည်၊ ကျေးဇူးရှိငြား၊ ပတ္တမြားကို၊ ရောင်းစားသောခါ၊ အသပြာမူ၊ လိုရာဆန္ဒ၊ တစ်ထောင်ရက၊ ငါ့ကိုမူကား၊ သဒ္ဓါပွား၍၊ အလကားပေး၊ ဖြစ်ပါရေးလည်း၊ ရေးဖိတ်ရင်းတွင်၊ မြတ်သခင်က၊ အသင်ဒကာ၊ ဓမ္မိယာဖြင့်၊ သန့်ပါစေဟု၊ မိန့်တော်မူ၏၊ အလှူဘဏ္ဍာ ဤဥစ္စာကို၊ ရေမှာပစ်ချ၊ ပြန်၍ရမှ၊ လုံ့လတိုင်းသာ၊ လှူမည်ငါဟု၊ သစ္စာရည်စူး၊ ဝမ်းထဲနူးနှင့်၊ ညောင်ဦးမြစ်မော်၊ ကမ်းပါးပေါ်က၊ ယွင်းချော်မသွေ့၊ ပစ်ချလေက၊ ရေဝယ်ကျသော်၊ မစ္ဆငါးကြီး၊ မျိုစားပြီးမှ၊ ပိုက်ကြီးတံငါ၊ ရပြန်ပါ၍၊ ရောင်းရာအိမ်ရောက်၊ ဝမ်းကိုဖောက်သော်၊ မပျောက်မပျက်၊ ရပြန်ချက်ကြောင့်၊ နှစ်သက်ဝမ်းသာ၊ ဤဥစ္စာကား၊ ငါ့ဟာမှန်ပြီ၊ ဖိတ်တိုင်းညီအောင်၊ လွှဲဖီမပေါက်၊ ကြံရေးမြောက်အောင်၊ ကျောင်းဆောက်ကာလျှင်၊ မြတ်သခင်ကို၊ ဝမ်းရင်းစိတ်ဖြူ ကိုးကွယ်လှူသော်၊ မင်းနန်သူကျောင်း၊

လူအပေါင်းတို့၊ ခေါ်ကြောင်းခေါ်ရာ၊ ဖြစ်ပြန်ပါသည်။ ။ စေတနာ ပွားဆင့် လွန်ကျူးတည်း။

(၃၃) ကျွန်ရင်းဖြစ်သူ၊ မင်းနန်သူကို၊ စည်သူမင်းတရား၊ မေတ္တာပွား၍၊ စကားမွေးကြူ၊ မိန့်တော်မူ၏၊ ငနန်သူကား၊ ဝတ္တရားနှင့်၊ ငါ့အားစောင်မ၊ ကြံလို့လလျက်၊ ထကြွမနှေး၊ ပြည်ထဲရေး၌၊ ဆွေးနွေးဖြောင့်မှန်၊ ထမ်းအားသန်လျက်၊ ဝေဖန်တိုင်းတာ၊ ငြိမ်းချမ်းသာ၏၊ သင့်ဆရာကျောင်း၊ ကောင်းမကောင်းလည်း၊ ကျိုးကြောင်းခမ္ဘ၊ ထုတ်ဖော်ပြပေ၊ မြွက်ဟပီယံ၊ ဘွဲ့နာမံကို၊ နန္ဒသူရိယ၊ ထင်ရှားလှအောင်၊ ရရင်းဘွဲ့တော်၊ နန်သူပေါ်တွင်၊ ကြော်ငြာတစ်ဆစ်၊ ထပ်ပွားလစ်၍၊ ချစ်တော်မူခြင်း၊ ခြေတော်ရင်းတွင်၊ ထားသွင်းကြည်ဖြူ၊ သုံးတော်မူက၊ နောက်ကာလ၌၊ နရပတိစည်သူ၊ မင်းကြီးမူလည်း၊ အလျှုပုညာ၊ ပုဂံမှာမူ၊ စူဠာမုဏိ၊ အမည်ရှိသား၊ မြတ်ဘုရားကို၊ တည်ထားဦးထိပ်၊ မြတ်သောစိတ်နှင့်၊ ဘိသိက်မြှောက်မည်၊ ပင့်လျှောက်သည်၌၊ ထေရ်မွန်ဆရာ၊ မကြွလာသည်။ ။ ပဉ္စာဒေါသထွေထူးတည်း။

(၃၄) ဒေါသထွက်ပွား၊ မြတ်ဘုရားကို၊ တည့်ငြားစွာမြှောက်၊ ငြိမ်းမဆောက်ဘဲ၊ အုတ်ကျောက်ခဲကို၊ ဆွဲယူကိုင်လှမ်း၊ လက်ဆင့်ကမ်းသော်၊ မချမ်းသာဘိ၊ ထိခိုက်မိ၍၊ သေဘိမတတ်၊ လက်ခြေပြတ်သား၊ လူအများကို၊ မှတ်သားကုန်၍၊ ဖြစ်တုံလေ့ဖြင့်၊ တစ်နေ့တစ်ရက်၊ ခြေနှင့်လက်ကား၊ ပုတ်ကက်ပြည့်စွာ၊ ပျက်စီးပါဟု၊ ဆရာတော်နား၊ သတင်းကြားသော်၊ မအပ်မရာ၊ ငရဲရွာတွင်၊ နေခါတစ်မူ၊ ဖြစ်ဖူးဟူ၍၊ လျှုမြဲမကွာ၊ ဆွမ်းသုဒ္ဓါကို၊ လှန်ကာထက်အောက်၊ သပိတ်မှောက်က၊ ကြောက်ဖွယ်အာဏာ၊ ကြီးတေဇာနှင့်၊ ငါတို့သည်မင်း၊ ဘုန်းရောင်လင်းကို၊ ဖြူခြင်းသဘော၊ သိ၏လောတည့်၊ မနောခိုင်မာ၊ သည်ဆရာကို၊ ပျော်ရာနှလုံး၊ သိတင်းသုံး၍၊ ပတ်ကုံးများစွာ၊ နေလိုရာဝယ်၊ နေပါစေဟူ၊ မိန့်တော်မူသည်။ ။ ဝှန်ဆူဒေါသ ဟူးဟူးတည်း။

(၃၅) မင်းကြီးရာဇာ၊ ဆိုအာဏာကို၊ ဆရာသခင်၊ ကြားတို့ချင်၍၊ သည်တွင်မှီခို၊ မနေပြီဟု၊ *[ သီဟိုဠ်ကျွန်းထက်၊ ကူးမည်ချက်နှင့်၊ ထွက်သွားတော်မူ၊ ဒဂုံဟူသည်၊ မြေငူကမ်းထိပ်၊ သင်္ဘောဆိပ်တွင်၊ ခိုအိပ်ဖြန့်ဖြူး၊ သင်္ဘောကူးကို၊ ရှုးစမ်းဖွေရှာ၊ ] နေဆဲခါ၌၊ ရာဇာမင်းစံ၊ မြို့ပုဂံမှာ၊ မခံနိုင်ခြင်း၊ ကြောက်လန့်ပြင်းလျက်၊ နန်းတွင်းနန်းပြင်၊ လူပုံယင်ကို၊ နေဝင်နေထွက်၊ နေ့ညဥ့်ဆက်၍၊ ကြောက်မက်ဖွယ်ဝင်၊ ဘီလူးအင်ဖြင့်၊ ကိုယ်ထင်ပြကာ၊ နေကြစွာကို၊ ဆရာဟူးရာ၊ မန္တရားနှင့်၊ ဆေးဝါးကြိတ်ဖော်၊ ထုတ်နှင်သော်လည်း၊ မော်ကာမကြည့်၊ ပတ်လည်လှည့်လျက်၊ တပည့်တော်မှန်၊ ငရမန်နှင့်၊ ရဲမာန်ထန်သည်း၊ ငတင်ကျည်းတို့၊ နည်းအသွယ်သွယ်၊ မြို့လုံးလယ်၍၊ ညာဘယ်ယှက်ကူး၊ စွယ်ပြူးတူးနှင့်၊ ဘီလူးညီနောင်၊ ရဲတင်းပြောင်သည်။ ။ ပြည်ထောင်လှုပ်ရှားမှိုင်မှူးတည်း။

(၃၆) မင်းမြတ်ရာဇာ၊ ထိတ်လန့်စွာကြောင့်၊ ဆရာခေါ်ဆို၊ တမည်ိုနှင့်၊ ထိုသမဖြူ မေးတော်မူသော်၊ လူပညာအိုး၊ ဟောဆိုရိုးဖြင့်၊ တန်ခိုးကြီးမား၊ သူတို့အားကို၊ ပြစ်မှားမိစွာ၊ ထိတ်လန့်ပါဟု၊ မှန်ရာတိုင်းပင်၊ လျှောက်ကြားတင်သော်၊ သခင်ထေရ်ဝါ၊ ငါ့ဆရာကို၊ ငါဆိုမိပေ၊ ပင့်ပါချေဟု၊ စေတော်မူက၊ နှစ်ကြိမ်ကျအောင်၊ ကြွရောက်မလာ၊ သုံးကြိမ်ကြာမှ၊ ပညာခွင့်ဝတ်၊ သိမြင်တတ်သား၊ မတ်လှကျော်စံ၊

* ယော-ရွှေပေါင်လောင် သမိုင်းလင်္ကာတွင် ပါသည်ကား

[ နှစ်ခုဘဝ၊ မြောက်လှလေသော်၊ မယ်တော်မွေးမိ၊ ဖြစ်ဘိန္ဓားမ၊ မယ်မာတမှာ၊ အနိစ္စသဘော၊ ရွှေ့လျောရှာသည့်၊ မည်ရှိဂါမာ၊ ကျောက်ရစ်ရှာ၌၊ မှန်စွာလမ်းကောင်း၊ မဂ်နန်းကြောင်းကို၊ ရွှေပြောင်းတက်ရာ၊ စိတ်မှာရည်ပြူး၊ တို့ရှင်ဘုန်းသည်၊ ကျင့်သုံးကာသာ။ ]

ပညာလျှံသည်။ နန္ဒသူရိယ * [ လူညာဏမူ၊ တွေးဆမလစ်၊ ဉာဏ်ရေးသစ်၍၊ ရှင်ချစ်ဘုရား၊ ကိုယ်တော်စားဟု၊ ရုပ်ပွားသခင်၊ ပင့်ဆောင်တင်၍၊ အလင်္ကာ၊ လေ့ယဉ်လှကို၊ များစွာတက်ချွန်၊ လက်ပြွမ်းညွန်၍၊ တံခွန်ကုက္ကား၊ မလေးပွားနှင့်၊ စုန်သွားပြီးလျှင်၊ ဘုရားဂေါတမ၊ မုနိန္ဒက၊ ပြန်ကြွစိမ့်ဟူ၊ ခေါ်တော်မူ၍၊ ဆောင်ယူလာရ၊ မြန်စွာထ၍၊ ကြွတော်မူပါ၊ တင်ဦးမှာသည်။ ။ ဆယ်ဖြာငံ့ယှက် နဖူးတည်း။

(၃၇) ရှင်ဂေါတမ၊ မုနိန္ဒဟု၊ ချီးပစကား၊ ဆိုသည်များနှင့်၊ ရုပ်ပွားတော်ရှင်၊ လှေပေါ်တွင်မူ၊ မြင်ကတည်းက၊ ထိတ်လန့်စွကြောင့်၊ ကြွလိုက်လာမြောက်၊ လှေပေါ်ရောက်သော်၊ အထောက်မကြာ၊ ပင့်ရောက်လာက၊ ထောက်မသနား၊ လူအများကို၊ တရားမွေးကြူ၊ ဟောတော်မူမှ၊ သူတော်မေတ္တာ၊ ကရုဏာကြောင့်၊ လွှဲကာရှောင်ဝေး၊ ဘီလူးဘေးမှ၊ ချမ်းသာရ၍၊ ရိဿဟူစွာ၊ ထီးဖြူပါလျှင်၊ တန်ဆာငါးပါး၊ မင်းမြောက်များကို၊ စိတ်ထားကြည်ဖြူ၊ လှူတော်မူလျက်၊ ထိုတူစေတနာ၊ ပစ္စယာဟု၊ သုံးဖြာကွဲပြား၊ လူမျိုးများလည်း၊ ထပ်ပွားကြည်ဖြူ၊ လှူတော်မူသော်၊ ထီးဖြူနှင့်သာ၊ မင်းတန်ဆာကို၊ အရိယာဖြစ်သား၊ ငါတို့အားနှင့်၊ ထိုက်ငြားမဟူ၊ ပယ်တော်မူသော်၊ လှူဝတ်သင့်လျော်၊ ခွင့်ရေးမျှော်၍၊ မယ်တော်ကိုယ်စား၊ ဆောက်လှူထားလျက်၊ ဘုရားတည်ရာ၊ မြေဆွမ်းသာလျှင်၊ သဒ္ဓါကြည်ဖြူ၊ လှူတော်မူဟု၊ တောင်းယူခံကာ၊ မြတ်ဆရာမူ၊ လိုပါသမျှ၊ ရပ်ဒေသကို၊ အားရအောင်ဟူ၊ ယူတော်မူဟု၊ ကြည်ဖြူသဒ္ဓါ၊ လှူလေပါသည်။ ။ သာသနာငါးထောင် ရည်စူးတည်း။

(၃၈) သည်တွင်တစ်ဆင့်၊ ဓိပ္ပာယ်ချင့်၍ သင့်တင့်လျော်ဖွယ်၊ ဋီကာသွယ်လျက်၊ မယ်တော်ကိုယ်စား၊ ဘုရားများကို၊ ငါးထောင်

* ယော–ရွှေပေါင်လောင် သမိုင်းလင်္ကာတွင် ပါသည်ကား
[ ဥပရင်းချာ၊ ပင့်သောခါမှ၊ မကြာကြွရောက်။ ]

သာသနာ၊ တည်ရစ်ပါအောင်၊ ရွာကျောက်ရစ်တွင်၊ ဘုရားရှင်ကို၊ ဖူးဝင်ပူဇော်၊ မေးရိုးတော်နှင့်၊ မွေတော်ဓာတ်ဟူ၊ မြတ်နှစ်ဆူကို၊ ယူဆောင်ရင်းပါ၊ ဌာပနာ၍၊ တေဇာဘုန်းမီး၊ တညီးညီးမူ၊ သမထီးဘုရား၊ တည်ပြီးငြားမှ၊ ကိုးပါးဂုဏ်တော်၊ ထွန်းလင်းပေါ်သည်၊ ဓာတ်တော်အများ၊ သုံးကျိပ်ငါးကို၊ တရားသဖြင့်၊ တွေးတောချင့်၍၊ အခွင့်လျော်စွာ၊ တည်မည်သာဟု၊ အရှင်မဟာကဿပ၊ ထေရ်မွန်လှက၊ လုံ့လပျော်ရွှင်၊ ကြံဆင်ခြင်သည်။ ။ မိခင်မယ်တော် ကိုယ်စားတည်း။

(၃၉) သုံးကျိပ်ငါးပါး၊ ဓာတ်တော်များကို၊ ဆယ်ဖျားယှက်ငုံ၊ သွယ်ပျောင်းခြုံ၍၊ တင်တုံဦးဆံ၊ မြို့ပုဂံမှာ၊ မင်းနန်သူခေါ်၊ အမတ်ကျော်၏၊ ကျောင်းတော်တံတိုင်း၊ ရံအဝိုင်းတွင်၊ ယမိုင်းသခင်၊ လက်စွဲရှင်ဟု၊ လွင်သညာခေါ်၊ ရွှေရပ်တော်နှင့်၊ တေဇော်ကသိုဏ်း၊ ရေယဉ်ဝိုင်းသည်၊ မြစ်ကိုင်းပေါင်လောင်၊ တင်ထိပ်ခေါင်ကို၊ ခြောက်ရောင်ဖြိုငြိမ့်၊ တန်ခိုးခြိမ့်လျက်၊ အနိမ့်အမြင့်၊ မြတ်နှစ်ဆင့်လည်း၊ ကိုးပွင့်ဂုဏ်လှ၊ တောကျောင်းဟူ၏၊ မြင်းမူဆားတောင်၊ ဘုန်းပြောင်ပြောင်နှင့်၊ ခြောက်ရောင်ညွန့်လှ၊ တောကျောင်းဟူလျက်၊ နှစ်ဆူရှင်ပင်၊ မြေတူးတွင်လည်း၊ အလျင်တည်ဟောင်း၊ ထပ်ဆင့်လောင်း၍၊ တောကျောင်းအဝင်၊ ဓာတ်ပေါင်းရွှင်သည်။ ။ ခြောက်ခွင်နတ်တို့ ကူညာတည်း။

(၄၀) မြို့ဒီပဲယင်း၊ ရပ်ခပင်း၌၊ ပွင့်လင်းလျှံမောင်း၊ တေဇော်လောင်းသား၊ တောကျောင်းခေါ်တုံ၊ ခြောက်ရောင်စုံလျက်၊ တစ်အုံတောကျောင်း၊ ထိန်တောကျောင်းနှင့်၊ တစ်ကျောင်းမောက်လျှံ၊ ခြောက်ရောင်ပျံသည်၊ ဖိုင်တောကျောင်း၊ ဓာတ်တော်ပေါင်းကို၊ ကောင်းမြတ်လှစွာ၊ ဌာပနာ၍၊ ကြွင်းပါလေငြား၊ မွေတော်များကို၊ တရားသဖြင့်၊ နှိုးဆော်ပင့်၍၊ အခွင့်ကုန်ငြား၊ သူဋ္ဌေးများနှင့်၊ ညှိပြားကြပြီး၊ အသီးသီးဖြင့်၊ ဝေးနီးမဆို၊ ပြည်သိန်းဃိုက၊ ပါသမျှကို၊ ဌာနဥပဒေ၊ ပြုစုပေလျက်၊ ပယ်မြေနှင့်သာ၊ သုံးဆယ်မှာလျှင်၊ မိုစွာပွားထပ်၊ ခုနစ်ရပ်ဖြင့်၊ အပ်စပ်

စွာမှု၊ မြတ်ရာဆုနှင့်၊ ပြုစုတော်မူ၊ ဆောက်တည်လှူသည်။ ။ ယူတော်ဖြောင့်မှန်တရားတည်း။

(၄၁) ဤသို့ဖြောင့်မှန် စိတ်သန်ကောင်းမှု၊ အစုစုကို၊ ပြုရသည်မှာ၊ ရှေးသောခါက၊ မြတ်စွာဘုရား၊ တို့ထိပ်ထားကို၊ ထင်ရှားတပ်စွ၊ ဖူးတွေ့ရသည်၊ လုံ့လမကင်း၊ ခြေတော်ရင်းမှာ၊ ဝမ်းတွင်းကျိုးနွံ၊ ဗျာဒိတ်ခံသား၊ ပွင့်လျှံမောင်းမောင်း၊ ဘုရားလောင်းဟု၊ တစ်ကျိပ်သူတွင်၊ ပေါင်လောင်ရှင်ဟု၊ တွင်မည်ကဿပ၊ မထေရ်လှကား၊ တောဝမြိုင်ထဲ၊ ချစ်ခင်မြဲသား၊ ပလလဲဆင်မင်း၊ ဖြစ်ပြန်လျှင်းသော်၊ မကင်းဝါသနာ၊ ထုံခဲ့စွာဖြင့်၊ သာသနာတော်၊ တစ်ထောင်ကျော်တွင်၊ ခေါ်သညာမှတ်၊ လူ၏ဇာတ်နှင့်၊ မြတ်ရာဝင်ချစ်၊ ရဟန်းဖြစ်က၊ ပွင့်သစ်ကြာသွင်၊ မြတ်သခင်မှာ၊ အရှင်မဟာကဿပ၊ ဘွဲ့တော်ရလျက်၊ တောကြီးထွက်၍၊ နက်သန်ဘုမ္မာ၊ မြေဝန်းချာ၍၊ သာသနာကောင်းမှု၊ တည်ထွန်းပြုသည်။ ။ ရည်ဆုပြုလို ဘုရားတည်း။

(၄၂) ဘုရားဖြစ်ချင်၊ လုံ့လရွှင်လျက်၊ အရှင်ဂေါတမ၊ သမ္ဗုဒ္ဓကို၊ ပုညရည်ဆု၊ ရွှေဆင်းတုဖြင့်၊ ထုလုပ်ပြီးလျှင်၊ မွေးမိခင်မူ၊ စွဲယူဖောက်ပြား၊ အယူမှား၍၊ နွားမဖြစ်ရာ၊ ကျောက်ရစ်ရွာတွင်၊ မာတာမိမင်း၊ ခန္ဓာကြွင်းသား၊ သချိုင်းတော်ရာ၊ အရပ်မှာလျှင်၊ တေဇာပြောင်ညီး၊ သမထီးဟု၊ ဘုန်းမီးပြန့်ပွား၊ မြတ်ဘုရားတွင်၊ တောကျောင်းဆင်၍၊ အရညဝါ၊ ကပ်မှီပါလည်း၊ မြစွာမဟူ၊ အဆူဆူဖြင့်၊ တည်တော်မူငြား၊ ဘုရားများတွင်၊ ထင်ရှားစွာမြောက်၊ တောကျောင်းဆောက်၍၊ ကြွရောက်လှည့်လည်၊ ရှင်မွန်ထေရ်မူ၊ ရှင်ကြည်ပတ်ကုံး၊ သီတင်းသုံးလည်း၊ နုလုံးဖြောင့်ယူ၊ ရွာမြင်းမူတွင်၊ သူကြွယ်သူဌေး၊ ပေါများရေးကြောင့်၊ ကျေးဇူးတော်ရှင်၊ မြတ်သခင်မူ၊ ပျော်ရွှင်ပေငြား၊ အနေများ၍၊ စီးပွားချမ်းသာ၊ မြင်းမူရွာသည်။ ။ ပစ္စယာလှူဝတ် ပေါများတည်း။

(၄၃) မြင်းမူတွင်ပေ၊ ထိုရွာမြေတွင်၊ ခါတ်မွေသုံးဆူ၊ ပွားတော်မူသော်၊ သုံးဆူမြတ်စွာ၊ သုံးမျက်နှာကို၊ နေရာခြားနား၊ မှခ်လိုဏ်ထား၍၊ ထင်ရှားစိမ့်ဟူ၊ တည်တော်မူငြား၊ မျိုးလေးပါးတို့၊ ဦးဖျားထိပ်စွန်၊ ဆယ်ချောင်းချွန်၍၊ အလွန်တရာ၊ ကိုးကွယ်ပါ၏၊ ဆရာသခင်၊ နောက်တော်တွင်၌၊ တေင်ကျည်းခေါ်၊ ဘီလူးကျော်နှင့်၊ ထင်ပေါ်စပ်ငန်၊ ငရမန်မူ၊ ရဲမာန်ဟူးဟူး၊ စွယ်ပြူးပြူးနှင့်၊ ဘီလူးမသား၊ နောင်ညီများလည်း၊ စောင့်ငြားမကွာ၊ ဆရာကုသိုလ်၊ ကောင်းမှုကိုမူ၊ ကြည်ညိုဖြောင့်တည့်၊ စောင်မကြည့်၍၊ တပည့်ဝတ်ကုံ၊ နေကြတုံသည်။ ။ အာရုံပျော်မွေ့ စိတ်ထားတည်း။

(၄၄) ဝေဠုဝတီ၊ သင်္ဂီမယ်လျ၊ တောင်နန်းလှ၏၊ နရပတိစည်သူ၊ မင်းကြီးလျှသား၊ လူမျိုးများလည်း၊ ထင်ရှားမသွေ၊ ရင်းတော်ခြေတွင်၊ အစေအပါ၊ ရှိကြဗွာ၏၊ ကြေညာနီးဝေး၊ လှိုင်ပျံ့မွှေးသား၊ သူဌေးကြီးငယ်၊ အသွယ်သွယ်မူ၊ သူကြွယ်တဝ၊ မှူးမတ်စသား၊ သူတို့အားက၊ စိတ်ထားဖြူပေ၊ ကျိုးကြောင်းဖွေ၍၊ အစေအပါ၊ ဖြစ်စိမ့်ငှာလျှင်၊ သဒ္ဓါကြည်ဖြူ၊ လှူတော်မူ၏၊ မြင်းမူရွာစစ်၊ သူဌေးဖြစ်သား၊ ရင်းမြစ်မှန်လှ၊ ဥတ္တမဟု၊ ကြွယ်ဝပွားစီး၊ ကိုယ်တော်ကြီးတို့၊ ပြီးလွယ်စိမ့်ရေး၊ မနှောင့်နှေးဖြင့်၊ လုပ်ကျွေးမည်သူ၊ လှူတော်မူသည်။ ။ လှိုင်ကြူကြွယ်ဝ ပေါများတည်း။

(၄၅) မြင်းမူရွာထီး၊ ရွာသူကြီးလည်း၊ ကြီးသူတရား၊ မယွင်းပါးအောင်၊ ကျွဲနွားနှင့်သာ၊ စုံလင်စွာမူ၊ ဥစ္စာကံကျွေး၊ ခပဲပေး၍၊ ယဉ်ကျေးစိတ်နေ၊ မွေးရပေ၏၊ ထွေရာပတ်ကုံး၊ ကျောင်းအသုံးနှင့်၊ ထုံးအင်္ဂတေ၊ လိမ်းကျံပေလျက်၊ ရှာဖွေညှုးညည်း၊ မလိပ်လည်းအောင်၊ ပစ္စည်းဥစ္စာ၊ အလို့ငှာဖြင့်၊ ငါးရာငါးဆယ်၊ စွန်းဝယ်ခြောက်ခု၊ ခေါ်မှတ်ပြုသည်၊ ရတုသင့်အောင်၊ မြခိုးမှောင်သည်၊ တန်ဆောင်မုန်းရက်၊ ဆန်းအတက်တွင်၊ နှစ်သက်ကြည်ဖြူ၊ လှူတော်မူသည်၊ စည်သူမင်းကြီး၊ ရေစင်မိုး၏၊

ချီးမြှောက်ဥပဒေ၊ ခိုင်ခန့်စေဟု၊ လှူပေသောခါ၊ သက်သေပါကို၊ ဆိုရာစေ့စုံ၊ ပေါင်းစည်းရုံသည်။ ။ ကုန်စင်ဖော်ထုတ် ခြားနားတည်း။

(၄၆) မြင်းမူရွာပါ၊ သက်သေမှာမူ၊ တည်ရာအမြစ်၊ ရှေးဦးဖြစ်၍၊ ဦးရစ်တပို၊ အကြီးဆို၏၊ ထိုပြင်၌မှာ၊ ဝမ်းပြည့်ရွာက၊ ငအောင်စွာလျှင်၊ အကြီးပင်တည်း၊ ထိုပြင်တဝ၊ ရွာမူးဝက၊ တေပလျှင်၊ အကြီးပင်တည်း၊ ထို့ပြင်တစ်သင်း၊ ရွာညောင်ရင်းက၊ မင်းတရားလျှင်၊ အကြီးပင်တည်း၊ ထို့ပြင်တစ်ဝိုင်း၊ ရဲဖတိုင်းက၊ တလိုင်းမှည့်ခေါ်၊ ငမွန်ကျော်လျှင်၊ အကြီးပင်တည်း၊ ထို့ပြင်တဝ၊ သုံးပယ်ကဥ္၊ ဥတ္တမဖြစ်၊ သူကြွယ်စစ်လျှင်၊ အကြီးပင်တည်း၊ ပါဝင်သက်သေ၊ ကြီးသူတွေကို၊ နေရာဌာန၊ ကုံးစီပြသည်။ ။ မှတ်ကြရှင်လူအများတည်း။

(၄၇) ထိုထိုသသူ၊ သက်သေမူ၍၊ ကြည်ဖြူစိတ်နေ၊ လှူသောမြေကား၊ သေချာလှအောင်၊ အရှေ့တောင်မှာ၊ ကိုရံပါတည့်၊ တောင်မှာပန္နက်၊ မှတ်သားချက်ကား၊ မြင်းတက်ကမ်းတောင်၊ အနောက်တောင်မှာ၊ သူဌေးယာဟု၊ ကြီးပါလှငြား၊ အနောက်ခြားမှာ၊ ဝမ်းပြည့်ရွာနှင့်၊ ပက်ပါတွေ့ကြုံ၊ ခရီးဆုံတည်း၊ ထိုပုံတစ်ထောက်၊ အနောက်မြောက်တွင်၊ သမုန်းပင်နှင့်၊ စည်းလျှင်အခြား၊ မြောက်ကိုသွားသော်၊ ခြားနားဘိသာ၊ ပေါက်ကန်ပါတည်း။ သွားရာတစ်ထောက်၊ အရှေ့မြောက်မူ၊ ဖြိုးမောက်စိမ်းလဲ့၊ မြရောင်ဖွဲ့သား၊ ကပ္ပဲတောင်ခြေ၊ ခရီးမြေလျှင်၊ ခြားပေတုံငြား၊ ရှေးအလားကား၊ ထင်ရှားသိစေ၊ မင်းတဲမြေနှင့်၊ စစ်ပေတုံငြား၊ ကြောင်းလျှားသိသာ၊ ရှစ်မျက်နှာကို၊ ချာချာလှည့်ငြား၊ မှတ်သားခြား၍၊ မင်းဖျားသီရိ၊ ဘုန်းရောင်ချိုသား၊ နရပတိစည်သူ၊ လှူတော်မူသည်။ ။ ရှင်လူသက်သေတည်ထားတည်း။

(၄၈) ထိုနောက်တစ်ဆစ်၊ ခြားနားသစ်၍၊ သက္ကရာဇ်ငါးရာ၊ ကိုးဆယ်သာ၍၊ စွာတုံအဖျား၊ ခြောက်ခုပွားတွင်၊ ကြီးမားဘုန်းဝါ၊ လရောင်ဖြာသည်၊ ဥဇနာမင်းကြီး၊ ထပ်ပွားပြီးလျှင်၊ ချီးမြှင့်ဥပဒေ၊

လျှုသောမြေကား၊ သေချာသိခြင်း၊ ဒီပဲယင်း၌၊ အသင်းအပေါင်း၊ ဝတ်တော်ကျောင်းကို၊ ထိန်းကျောင်းလှည့်လည်၊ စောင့်မှတ်တည်သား၊ အသည်အလာ၊ ပေါင်းများစွာနှင့်၊ ဖုံသင်ဝါအသည်၊ တေင်ပြည်ဟု၊ မည်သညာဟုတ်၊ တေင်ကုတ်သည်၊ လူနှစ်တည်ကို၊ မြင့်ရှည်စိမ့်ဟူ၊ သက်သေမူ၍၊ လှူသည့်မြေကား၊ ညောင်သများဟု၊ ငါးရာတစ်ကြောင်း၊ ထိုမှပြောင်းသော်၊ ထနောင်းဝန်းမှာ၊ ပယ်သုံးရာတည့်၊ ငပူတာတွင်၊ နှစ်ရာပယ်ရ၊ ကန်တဝနှင့်၊ များလှပေတောင်း၊ မြေတော်ပေါင်းကား၊ နွားကြင်သားနှင့်၊ ခြားနားသိအောင်၊ ပယ်တစ်ထောင်ကို၊ ကုန်အောင်ခြားသီး၊ မှတ်သားပြီးလျှင်၊ မင်းကြီးဥဇနာ၊ မြတ်ရာဇာက၊ သဒ္ဓါကြည်ဖြူ၊ လှူတော်မူသည်။ ။ ခွန်ယူသိမ်းခံ များပြားတည်း။

(၄၉) ဘုန်းမြတ်ကြီးစွာ၊မဟာကဿပ၊ ဘွဲ့တော်ရနှင့်၊ တောက်ပပျော်ရွှင်၊ ပေါင်လောင်ရှင်မူ၊ သင်သရာမှတ်ရေ၊ ဝယ်သောမြေကား၊ အသေအချာ၊ မှတ်သားကာဖြင့်၊ အက္ခရာကမ္ပည်း၊ နိမိတ်စည်းနှင့်၊ မန်ကျည်းရုံရွာ၊ တောင်မျက်နှာတွင်၊ သညာခေါ်ခြင်း၊ ဗျက်သင်အင်း၌၊ မကြွင်းကုန်စင်၊ ကန်သစ်တွင်လည်း၊ အောက်ခွင်အထက်၊ ပါဝင်ချက်နှင့်၊ ပေါင်းယှက်ချင့်မျှော်၊ ရုံးစည်းသော်လျှင်၊ မြေတော်ငွေဝယ်၊ ပယ်လေးဆယ်ကို၊ နယ်ပုံပတ်ကာ၊ ခြားနားရာကား၊ ပုပ္ပားရပ်တောင်၊ လက်ပန်ချောင်လျှင်၊ အခြားပင်တည်း၊ တောင်လျှင်မူကား၊ မူးတိမ်ခြားလျက်၊ လှည့်ငြားလက်ယာ၊ အနောက်မှာမူ၊ သညာခေါ်ရေး၊ ဥဒေါင်းရွေးမှာ၊ ခြားနားပါ၏၊ မြောက်မှာမှတ်စု၊ ခြားနားမှုကား၊ ငပုခေါ်တွင်၊ ပန်ရုံဝန်၏။ ပင်လက်ပံမြေ၊ ခြားနားပေသည်။ ။ နယ်မြေသီးသန့်ကွဲပြားတည်း။

(၅၀) ထိုပြင်အပ၊ တစ်ဌာနကား၊ မူးဝမြောက်လျှင်၊ ကန်တွင်းတွင်၌၊ သညာခေါ်နည်း၊ ငမကြီးမှာ၊ တစ်ပါယ်ပါတည့်၊ ထိုရွာမူးဝ၊ အရှေ့ကလည်း၊ နာမခေါ်တွင်၊ ငနောင်သင်ဝယ်၊ ကြိုးဖြင့်သွယ်သော်၊

သုံးပယ်တစ်စိတ်၊ ပြင်နိမိတ်တည်း၊ မဆိတ်ညံစွာ၊ ဝမ်းပြည့်ရွာသို့၊ လှည့်ကာဆိုက်ဝင်၊ ရွာတောင်ခွင်ဝယ်၊ ရေဝင်မုရင်း၊ စိုက်လုပ်ခြင်းဖြင့်၊ အင်းနှံထုပ်ထဲ၊ တစ်ပယ်ခွဲတည့်၊ လွဲခဲ့မည်၊ မြရောင်လျှံသား၊ လက်ပံခြေတိုင်၊ ပင်ရိပ်မြိုင်ကို၊ တိုင်နိမိတ်ပြု၊ သန်လယ်ကလည်း၊ ရတုံ့ရှစ်ပယ်၊ ထိုပြင်ဝယ်မူ၊ မုရင်းငယ်အင်း၊ စိတ်လယ်သွင်း၏၊ သင်းများမှာလျှင်၊ ပေါင်လောင်ရှင်ဟု၊ ခေါ်တွင်စွဲမှတ်၊ ဣန္ဒြိပတ်နှင့်၊ ဘုန်းမြတ်ကြီးစွာ၊ ဘွဲ့တော်သာသည်၊ ရှင်မဟာကဿပ၊ ထေရ်မွန်လှကား၊ ပုညဖြစ်စေ၊ အဖိုးငွေနှင့်၊ ဝယ်မြေမှန်စွာ၊ သမိုင်းမှာသည်။ ။ သိသာကွဲကွဲ ပြားပြားတည်း။

(၅၁) စည်သူမင်းတရား၊ လှူသည်များကို၊ ခြားနားသန့်ရှင်း၊ မှတ်ပုံသွင်းအံ့၊ ပညတ်သညာ၊ ညောင်ရင်းရွာ၌၊ ရှေ့မှာတစ်ရပ်၊ နောက်တစ်ရပ်မူ၊ ပိစပ်ခေါ်ပဲ၊ သုံးတင်းကြဲနှင့်၊ ဖက်တွဲယာလယ်၊ ပယ်လေးပယ်တည်း၊ ထိုနှယ်ပမာ၊ ညောင်ရင်းရွာကို၊ သညာခေါ်ကြား၊ မင်းတရားလျှင်၊ စိတ်ထားဖြူဆွ၊ လှူချင်လှ၍၊ မူးဝရွာတောင်၊ တောရပ်ဘောင်၌၊ ငရောင်အင်းငယ်၊ အားလုံးငယ်ဖြင့်၊ တစ်သွယ်ပိုစွာ၊ ချောင်းဦးမှာမူ၊ ယာမြေမိုးကောင်း၊ ကြဲဖြန့်လောင်းက၊ ပြောင်းတစ်တင်းဝင်၊ လှူတုံ့ကျင်သည်။ ။ သိမြင် အထင်အရှားတည်း။

(၅၂) ကိုယ်တော်ကြီးဟု၊ ဓေးနီးကြေညာ၊ ထီးဆောင်းရွာက၊ ဂုဏ်ဝါတောက်ပ၊ သူဌေးမှလျှင်၊ ကြွယ်ဝခြိမ့်အုန်း၊ တပြုံးပြုံးနှင့်၊ ဘုန်းမြတ်ကြီးစွာ၊ ထေရ်မဟာကို၊ နောင်လာရည်ရွယ်၊ လယ်ရှစ်ပယ်နှင့်၊ နှစ်ပယ်ပျိုးခင်း၊ ယာငါးခင်းသို့၊ ဝမ်းတွင်ကြည်ဖြူ၊ လှူတော်မူ၏၊ ထိုတူအသွင်၊ အိမ်ဂုဏ်ရှင်ဟု၊ ခေါ်တွင်မည်ရ၊ သူကြွယ်မလည်း၊ ပေါက်ပြသတင်း၊ ကျောရွာရင်းတွင်၊ မုရင်းငါးပယ်၊ ကောင်းသောလယ်ကို၊ နောင်ဝယ်ဆုယူ၊ လှူတော်မူ၏၊ ထိုတူပုံကျ၊ ဥတ္တမဟု၊ ကြွယ်ဝပွင့်လင်း၊

သူကြွယ်မင်းလည်း၊ မုရင်းတစ်ပယ်၊ သန်နှစ်ပယ်နှင့် လယ်နှစ်ရပ်မှု၊ လှူတော်မူသည်။ ။ ကြည်ဖြူနှလုံး စိတ်ထားတည်း။

(၅၃) ဘုန်းမြတ်ကြီးစွာ၊ အရှင်မဟာကဿပ၊ ဘွဲ့တော်ရက၊ ဓမ္မကျင့်ယူ၊ မဂ်ဖိုလ်ချူလျက်၊ မြင်းမူကျေးရွာ၊ တောကျောင်းမှာလျှင်၊ သံဃာတပည့်၊ ရံဝန်းလှည့်နှင့်၊ ဖြောင့်တည့်ကျင့်ထုံး၊ သီတင်းသုံးနှင့်၊ နှလုံးကြည်ဖြူ၊ နေတော်မူသော်၊ ပေးလှူမကွာ၊ မြင်းမူရွာက၊ ချမ်းသာသူဌေး၊ ထိုပြင်ရေးလည်း၊ သူဌေးသူဌာ၊ ထိုပြင်မှာလည်း၊ များစွာကျပ်ကျိန်း၊ ရာထောင်သိန်းနှင့်၊ အိုးထိန်းသူဌေး၊ ကြွယ်လျှံဖွေးလျက်၊ လိုရေးမတ၊ သူကြွယ်ကလည်း၊ မလက်ပုံသူကြွယ်၊ ထိုပြင်ဝယ်မူ၊ သူကြွယ်ဥတ္တမ၊ ထိုပြင်မှလည်း၊ ပြောဝစုံလင်၊ ကျော်စောထင်လျက်၊ ငထွေသင်သူကြွယ်၊ မောက်လျှံကယ်အောင်၊ ကြီးကျယ်ပုညာ၊ စည်းစိမ်လှသား၊ ဣန္ဒိယသူကြွယ်၊ အသွယ်သွယ်မူ၊ ပေါကြွယ်လျှံမောက်၊ ခုနစ်ယောက်တို့၊ ပွားပေါက်ဌာနေ၊ မြင်းမူမြေတည့်။ ။ မျိုးဆွေမခြားမနားတည်း။

(၅၄) ပလဲပွတ်ရွာ၊ ခေါ်ကြစွာကို၊ သညာမှတ်စွဲ၊ စဉ်လာမြဲ၍၊ ပလုံပွတ်ရေး၊ ရှင်သူဌေးနှင့်၊ ဝေးဝေးမကွာ၊ ထီးဆောင်းရွာတွင်၊ ဂုဏ်ဝါပြောင်ညီး၊ ကိုယ်တော်ကြီးဟု၊ စီးပွားကြွယ်ဝ၊ သူဌေးမက၊ တဝထိုပြင်၊ အိမ်ဂုဏ်သင်ဟု၊ ခေါ်တွင်ဝေးနီး၊ သူကြွယ်ကြီးသည်၊ ညီးညီးပြောင်တောက်၊ ထိုသုံးယောက်နှင့်၊ ခုနစ်ယောက်လူ၊ ရွာမြင်းမူက၊ ပျူငှာမစွက်၊ သမိုင်းထွက်၍၊ မတက်မပို၊ ရှိတိုင်းကိုသာ၊ ဆိုခဲ့ပြီးငြား၊ သူဌေးများတို့၊ အားလုံးပေါင်းမူ၊ တစ်ကျိပ်လူကား၊ ကြည်ဖြူခွင့်ဝတ်၊ နေ့မပြတ်ဖြင့်၊ ဘုန်းမြတ်ကြီးစွာ၊ ထေရ်မဟာကို၊ ဒကာဒကာမ၊ ထောက်ပံ့ကြ၍၊ ပစ္စယံမှာ၊ မလစ်ပါအောင်၊ ဒါယကာချည်း၊ ဖြစ်သည့်တည်းဟု၊ နည်းအက္ခရာ၊ သမိုင်းမှာလျှင်၊ ဝင်ပါသမျှ၊ ထုတ်ဖော်ပြသည်။ ။ ဒေါသမကျူးမလွှားတည်း။

(၅၅) ဘုန်းမြတ်ကြီးစွာ၊ ဝင်းဝင်းဖြာလျက်၊ တေဇာပြောင်ရှင်၊ ပေါင်လောင်ရှင်မူ၊ ခိုဝင်တောကျောင်း၊ သံဃာပေါင်းနှင့်၊ ကိန်းအောင်းပျော်ရာ၊ ထိုအခါ၌၊ ဂုဏ်ဝါလူလူ၊ ရွာမြင်းမူတွင်၊ ပတ်ဝန်းကျင်က၊ မဝင်ရန်ဘေး၊ ငြိမ်းချမ်းအေးအောင်၊ ရပ်လေးမျက်နှာ၊ နတ်ဒေဝါတို့၊ စောင့်ပါကြငြား၊ အကြောင်းများကို၊ ခြားနားစုံစေ့၊ သမိုင်းတွေ့၏၊ အရှေ့မျက်နှာ၊ ရပ်ဒီသာဝယ်၊ လာမည့်ရန်ဘေး၊ ကင်းလွတ်ဝေးအောင်၊ ဘေးနတ် မောင်နှမ၊ စောင့်ပေကြ၏၊ တောင်ကတစ်သီး၊ ဖီလာဆီး၍၊ နတ်ကြီးဟူငြား၊ မင်းလေးပါးတို့၊ စောင့်ငြားပေစွ၊ အနောက်မှာလည်း၊ သညာခေါ်တွင်၊ ကျော်စောထင်သည်၊ ရေဝင်မင်းသား၊ နတ်ကြီးအားကား၊ စောင့်ငြားပေချင်၊ မြောက်ရပ်ခွင်၌၊ ဖြိုနှင်ခြိမ်းခြောက်၊ ဘေးရန်ပျောက်အောင်၊ ရွှေလှောက်စင်သီး၊ မိုးနတ်ကြီးတို့၊ တားဆီးစောင့်မှတ်၊ လေးပါးနတ်သည်။ ။ မပြတ်စောင့်နေ မြဲစွဲတည်း။

(၅၆) လေးပါးနတ်မွန်၊ စောင့်နေမှန်လျက်၊ ပြည္ဃွန်တိုင်ကြား၊ ထိုနတ်များတို့၊ ထင်ရှားသိကြ၊ မင်းကစ၍၊ ကြွယ်ဝသူဌေး၊ ကောင်းမှုရေး၌၊ ယဉ်ကျေးစိတ်နေ၊ လှူသောမြေကို၊ ဖျက်ပေကြငြား၊ လူတို့အားကား၊ စီးပွားမဖြစ်၊ ဆင်းရဲနှစ်၍၊ အပြစ်ရှစ်ပါး၊ ဒဏ်ဆယ်ပါးနှင့်၊ လေးပါးအပါယ်၊ ကျရောက်လွယ်၍၊ ရေဝယ်သွားငြား၊ မိကျောင်းစား၍၊ တောသွားသော်မြွေ၊ ခဲပစေတည်း၊ ရှည်ထွေများစွာ၊ ကမ္ဘာတာမှာ၊ ပွင့်ရာဘုရား၊ မတွေ့ငြားလည်း၊ လွှဲကြီးလွှဲ၍၊ ငရဲဦးကျိုး၊ ကျစောက်ထိုးနှင့်၊ မီးအိုးခင်းထဲ၊ တရဲရဲလျှင်၊ ငရဲသစ်ငုတ်၊ စုံးစုံးမြုပ်၍၊ အယုတ်တမာ၊ ဖုတ်ပြိတ္တာတွင်၊ ဖြစ်ပါစေသား၊ နတ်ဖြစ်ငြားလည်း၊ မွတ်ရှားပြိတ္တာ၊ ဖြစ်၍သာလျှင်၊ ဝမ်းဝါလှည်းမှ၊ မီးဖုတ်ကလည်း၊ မရဖွေရှု၊ ကျွမ်းလေစွသို့၊ ရှိပါစေသော၊ မှန်သဘောဖြင့်၊ လောကန္တရက်၊ အစောက်နက်မှာ၊ စောက်ထိုးသာလျှင်၊ ကျပါစေတည့်၊ အဝီစိမှာ၊ တစ်ကမ္ဘာဖြင့်၊ ရှည်ကြာတည်နေ၊ နှစ်မွန်းစေတည်း၊ သံရေတွေးရှု၊ ငါ့ကောင်းမှုကို၊ ပြုစု

ချိုးမြှင့်၊ ထပ်ပွားဆင့်မှု၊ များမြင့်သတင်း၊ ကောင်းမြတ်ခြင်းနှင့်၊ လူမင်းနတ်ခွင်၊ စံပြီးကျင်မှ၊ လွန်နိဗ္ဗူတာ၊ ဘေးမဲ့ရွာကို၊ ငါနှင့်အတူ၊ ရောက်စိမ့်ဟူတည်း၊ ပေးလူဖြန့်ချို၊ အဝီစိမှ၊ ဘဝဂ်ကျအောင်၊ ရကြစေရေး၊ မျှဝေပေးလျက်၊ ကျောင်းလေးထောင့်မှာ၊ စောင့်နေပါသည်။ ဒေဝါနတ်များ၊ သူတို့အားလည်း၊ ရငြားကြစေ၊ ကောင်းကျိုးဝေသည်။ ။ စေတနာချိုးမြှင့်ပိုကဲတည်း။

(၅၇) တစ်ရံခါသော်၊ ဆရာတော်သည်၊ ပြည်မော်ပလောင်၊ တိုင်းနယ်ခေါင်သို့၊ ဖြန့်ဆောင်လှစ်မြန်း၊ ခရီးလမ်းဝယ်၊ မဖယ်လွန်ငြား၊ ထိုတရားကြောင့်၊ မြင့်ဖျားပုံညှာ၊ တစ်ဖြာပုံတောင်၊ တောင်မဟူများ၊ အလယ်ကြား၌၊ ရောက်ငြားကာပင်၊ နိဗ္ဗာန်ဝင်၍၊ မြတ်ရှင်သာသနာ၊ ငါးထောင်မှာလည်း၊ ထင်စွာကြည်ဝင်း၊ ရောင်တော်လင်းဟု၊ ချစ်ခြင်းမနော၊ စိတ်မှာစော၍၊ ကျေးတောရွာသား၊ ဒကာများက၊ ကိုယ်စားဆင်းတု၊ တည်ကာပြုသည်၊ မြတ်ဆုယင်ကာ၊ ကြေညာထက်ဝှမ်း၊ ဂုဏ်တော်လျှမ်းသား၊ ပွင့်လမ်းတေဇာ၊ တန်ခိုးဖြာသည်။ ။ မုန်စွာသာခု ခေါ်စေသော်ဝ်။

(၅၈) ခုနစ်ရာ ခုနစ်ဆယ်၊ ရှစ်ခုဝယ်ကား၊ ခေါ်ဖွယ်သညာ၊ တွင်မည်သာသား၊ ရတနာပူရ၊ ရွှေအင်းဝကို၊ စိုးရပိုင်ငြား၊ မင်းတရား၏၊ စံစားမွေ့လျော်၊ လက်ထက်တော်၌၊ ထင်ပေါ်ပွင့်လျှံ၊ ဘွဲ့တော်ခံမူ၊ သကျံဗုဒ္ဓ၊ခေါ်ကြဘိသား၊ နှံ့သိတွင်မည်၊ ရှင်မထေရ်သည်၊ ရွှင်ကြည်နှလုံး၊ သီတင်းသုံးကာ၊ ပတ်ကုံးကြေညာ၊ ထိုအခါတွင် ဂုဏ်ဝါလျှံလူ၊ ပွင့်လင်းကြူသည်၊ မြင်းမူသူဌေး၊ ခေါ်ကြရေးကား၊ နီးဝေးပေါက်ပြ၊ လှိုင်ပြန့်စွနှင့်၊ ပေခေါ်တွင်၊ နောင်ညီလျှင်မူ၊ ဖြူစင်စိတ်ကောင်း၊ စေတီကျောင်းကို၊ ကျိုးကြောင်းဝတ်တည်၊ ဆောက်လှူသည်လည်း၊ မထေရ်ရှင်ဝါ၊ မင်းရာဇာကို၊ ဝင်ကာရှေ့မှောက်၊ နားတော်လျှောက်သည်။ ။ ရှေ့နောက်မျှော်ချင့် တရားတည်း။

(၅၉) ကွန့်မြူးကျက်သရေ၊ ညွှန့်လန်းဝေလျက်၊ တိုင်းနေပြည်သား၊ လူအများက၊ တရားမလစ်၊ မေတ္တာချစ်သည်၊ ဓမ္မရာဇ်ရာဇာ၊ ဒါယကာ။ ။ ဆရာတော်သည်၊ နှလုံးကြည်၍၊ ဆောက်တည်မချွတ်၊ ကျင့်ရာဝတ်နှင့်၊ ဘုန်းမြတ်ကြီးစွာ၊ ဘွဲ့တော်သာသည်၊ မဟာကဿပ၊ တွင်မည်ရသည့်၊ ထွန်းပပြောင်ပြောင်၊ ငါးမာရ်အောင်လျှင်၊ ပေါင်လောင်ရှင်မူ၊ တီထွင်ခဲ့ဟောင်း၊ တောရကျောင်းဟု၊ ကောင်းမြတ်မွန်စွာ၊ မြင်းမူရွာတွင်၊ နေပါသည်သြ၊ မှန်သဘောတည့်၊ မင်းစောဘုရင်၊ ရွှေနန်းရှင်မူ၊ ပျော်ရွှင်စကြာ၊ ဖြန့်မြန်းရာက၊ နဝါစံစား၊ ဆန်လာငြားသော်၊ တရားမပျက်၊ မြစ်မြောက်ဘက်က၊ နှစ်သက်စွာမူ၊ မေတ္တာရှု၍၊ အောင်ဆုမွန်ရည်၊ ပေးပါသည်သြ၊ မှန်သဘောသည်။ ။စိတ်ဇောရွှင်ကြည်၊ ဖြူထွားတည်း။

(၆၀) သံသရာဆု၊ ရည်မှတ်ပြုသည်၊ ကောင်းမှုတော်အား၊ မြတ်ဘုရားကို၊ တရားဖြင့်သာ၊ ဠာပနာလည်း၊ စကြာတော်အောက်၊ တင်ဦးလျှောက်သည်၊ မီးပေါက်ဟူလျက်၊ သူကြီးလက်တွင်၊ ဆောက်ယူငင်သည်၊ ဆင်စွယ်မြတ်စွာ၊ လေးမျက်နှာကို၊ သံသရာရည်မှတ် ကိုးကွယ်မြတ်လည်း၊ ဓာတ်တော်မွန်စွာ၊ လေးထုပ်သာတည်း၊ တည်ပါသည်သြ၊ မှန်သဘောတည့်၊ ရှင်စောဘုရား၊ ကိုယ်တော်စားဟု၊ ရည်မှတ်ပြု၍၊ ကောင်းမှုတော်မွန်း၊ ရေစင်သွန်း၍၊ တိုင်ညွှန်းမှတ်သား၊ သက်သေထားလည်း၊ ငါးထောင်သာသနာ၊ ရှည်မြင့်ကြာအောင်၊ တည်ပါစေသြ၊ မှန်သဘောတည်း။ မင်းစောဘုရင်၊ ရွှေနန်းရှင်ကို၊ ချီလွင်ဟုတ်မှန်၊ ဖော်ပြညွှန်သည်။ ။ ထေရ်မွန်မေတ္တာ စကားတည်း။

(၆၁) မထေရ်သခင်၊ ကျိုးကြောင်းဆင်၍၊ ရေမြေရှင် ဒါယကာ၊ မင်းရာဇာကို၊ သာသနာစီးပွား၊ စည်ပင်များအောင်၊ ကိုယ်စားတော်ဟု၊ ဆောက်လုပ်ပြုသည်၊ ကောင်းမှုစီမံ၊ မြေဆွမ်းခံသော်၊ ကျိုးနွံစိတ်ထား၊ မင်းတရားလည်း၊ ပျော်ပါးနှစ်သက်၊ ရွှေနန်းထက်က၊ ရေစက်ဖြာဖြာ၊

ချလိုက်ပါ၍၊ ဆရာတော်လည်း၊ ကျွန်ုပ်နည်းဖြင့်၊ ဖြည်းညင်းမွေ့လျက်၊ လျှုကျိုးစက်ကို၊ ပန္နက်သက်သေ၊ သီတာရေနှင့်၊ ချလေတုံတုံ၊ မိန့်လိုက်ကုန်သော်၊ အာရုံမျှော်ရှု၊ ထိုကောင်းမှုကို၊ ပြုစုလုံ့လ၊ မလစ်ရဖြင့်၊ ပေဟူငြား၊ ညီနောင်များတို့၊ ပျော်ပါးစိတ်နေ၊ ဝယ်သောမြေကား၊ ဖိုးငွေဖြူစွာ၊ သုံးဆယ်ပါတည်း၊ သာပိုတက်ငြား၊ အဝက်အားလည်း၊ ပွားဆင့်ထပ်တိုး၊ ပြင်နံပိုးဟု၊ ကျိုးကြောင်းပြသ၊ နွားပေးရသည်။ ။ ရှေးကမှုဟောင်း စကားတည်း။

(၆၂) ဦးယဉ်တပို၊ ခေါ်ဆိုတွင်ငြား၊ ထိုသူသားနှင့်၊ ငကုလားသား၊ မြေးတို့အားကို၊ ပုံထားအဝတ်၊ ခင်နီးမှတ်၍၊ ဆုံးဖြတ်ကြပေ၊ လွှမ်းရလေ၏၊ ကျယ်စွာအပြင်၊ ထိုမြေတွင်မူ၊ ထန်းပင်စိုက်ငြား၊ ဆုံးဆပွား၏၊ တရားဖြောင့်ညီ၊ ယွင်းမဖီအောင်၊ စေတီဥမင်၊ ကျောင်းကိုလျှင်သား၊ ရည်ထင်မှတ်ကာ၊ အက္ခရာနှစ်ဖက်၊ တကွနက်မူ၊ ဖြစ်စိမ့်ဟုလျက်၊ လှူသည်ကုသိုလ်၊ ထေပုဂ္ဂိုလ်မှာ၊ တစ်ဖို့သာတည်း၊ အရာမ်မှာရှိ၊ နှစ်ဖို့ချိလျက်၊ တြိဘာဂ၊ ရည်မှတ်ကြ၍၊ ဆန်းလပေါ်တက်၊ ဆယ့်တစ်ရက်စေ့၊ အင်္ဂါနေ့ဟု၊ ဇောစိတ်ဖြူနှင့်၊ မြင်းမူသူဌေး၊ ဆောက်ပေးလှူငြား၊ ကျောင်းမြောက်ပါးက၊ တရားကျိုးနွံ၊ ဘွဲ့တော်ခံမူ၊ သကျံဗုဒ္ဓိ၊ ထင်ရှားဘိလျက်၊ နှံ့သိရှင်ကောင်း၊ စေတီကျောင်းကို၊ ရှည်ညောင်းသံသရာ၊ ရည်မှတ်ပါလျက်၊ စိုက်ရှာသည့်ထန်း၊ အခန်းခန်းကို၊ ရွှင်လန်းစေတနာ၊ ထက်သန်စွာနှင့် ထုပါရုံဘုရား၊ လွှတ်ခဲ့ထား၍၊ တရားဖြင့်သာ၊ လှူသောခါလျှင်၊ စကြာဖဝါး၊ ဖြန့်လာငြား၍၊ မင်းတရားဘုန်းမော်၊ ရွှေတဲတော်က၊ ပူဇော်နှစ်သက်၊ ရေစင်ခွက်နှင့်၊ ပန္နက်ဆုယူ၊ လောင်းတော်မှုသည်။ ။ မြင်းမူတောကျောင်းဘုရားတည်း။

(၆၃) ပုဂံအင်းဝ၊ စံမြန်းကြသား၊ ရာဇရာဇာ၊ ဘုန်းရောင်ဖြာသည့်၊ ဒါယကာတွင်ငြား၊ မင်းမြတ်များတို့၊ ငါးထောင်သာသနာ၊ တည့်စေပါဟု၊ ဘုန်းဝါပြောင်ရှင်၊ ပေါင်လောင်ရှင်ကို၊ အောင်မြင်ချီးပင့်၊

ပြီးမြောက်ခွင့်နှင့်၊ အဆင့်ဆင့်မူ၊ မြေဆွမ်းလျှ၍၊ စည်သူမင်းတရား၊ ရှေးဦးဖျားဖြင့်၊ ငါးရာလေးဆယ်၊ စွန်းကယ်ငါးနှစ်၊ သက္ကရာဇ်တွင်၊ ရှင်ချစ်မုနိန်၊ မာရဇိန်၏၊ တောက်ထိန်လင်းဝါ၊ သာသနာကို၊ ရှည်ကြာပြန့်ပွား၊ စည်ပင်များအောင်၊ တရားစောင့်ယူ၊ ဖွင့်တော်မူ၏၊ ထိုတူပမာ၊ ပွားဆင့်ကာမူ၊ ဥဇနာတွင်ငြား၊ မင်းတရားလည်း၊ မှတ်သားခါမူ၊ မြေဆွမ်းလျှ၍၊ ကြည်ဖြူဝမ်းသာ၊ သာသနာကို၊ တည်ပါစိမ့်ငြား၊ နှလုံးထားနှင့်၊ တရားစောင့်ယူ၊ ဖွင့်တော်မူ၏၊ ထိုတူပဝင်း၊ ပွားဆင့်ခြင်းဖြင့်၊ အင်းဝစံစား၊ မင်းတရားလည်း၊ ခြားနားကာမူ၊ မြေဆွမ်းလျှ၍၊ စောင့်ဟူတရား၊ မြတ်ဘုရား၏၊ ထားတော်မူရာ၊ သာသနာကို၊ တေဇာလျှံလူ၊ ဖွင့်တော်မူသည်။ ။ မြင်းမူဂါမ ရိပ်တောင်တည်း။

(၆၄) မင်းအဆက်ဆက်၊ ရေစင်သက်၍၊ ပန္နက်ဆုယူ၊ လှူတော်မူသား၊ မြင်းမူရပ်ခွင်၊ ပေါင်လောင်ရှင်၏၊ ပျော်ရွှင်နေမွေ့၊ ချမ်းသာမြေ့သား၊ ကုလလေ့တာ၊ တောခန်းဝါတွင်၊ ရုံခါဝန်းလည်၊ ရပ်လေးမည်က၊ ရေကြည်ယိုဆိမ့်၊ တစိမ့်စိမ့်မူ၊ ပင်နိမ့်ပင်မြင့်၊ ဆင့်ရရင့်နှင့်၊ တင့်အပ်သာမော၊ အသဝေါကို၊ မနောဆို့ပိတ်၊ မင်္ဂဖိုလ်စိတ်နှင့်၊ တိတ်ဆိတ်လူသံ၊ မပြုလျှံဖြင့်၊ ဝန်းရံခိုမှီ၊ တစီစီပ၊ ပီစီဒီးဒုတ်၊ ငှက်ဗောင်းထုပ်နှင့်၊ ဘုတ်ကအိအီ၊ ခွန်းဆင့်ချီလျက်၊ စုံပီငှက်မျိုး၊ ရွှေပြည်စိုးနှင့်၊ ဥချိုးတောကြက်၊ မယ်ညိုငှက်တို့၊ နှစ်သက်နာဖွယ်၊ ကျူးရင့်လှယ်၍၊ ဒရယ်ဂျီလျှင်၊ ယုန်သမင်တို့၊ ပျော်ရွှင်ကြလျက်၊ တကျွက်ကျွက်မူ၊ တောဝက်တောခွေး၊ အူသံပေးလျက်၊ မွေးပြန့်လှိုင်ကြူ ပန်းတို့မူလည်း၊ အူအူတတ်သာ၊ ပွင့်ကြစွာဖြင့်၊ မှိုင်းပြာညို့ညို့၊ မြရောင်ဆို့လျက်၊ လွမ်းတို့ဖွယ်သာ၊ ဟေမဝါဌ်၊ တေဇာလျှံလူ၊ ရွှေဘွဲ့ကြူသည်။ ။ မြင်းမူတောကျောင်း ပေါင်လောင်တည်း။

(၆၅) တေဇာထွန်းတင့်၊ တန်ခိုးမြင့်လျက်၊ ဖူးခွင့်ဖွယ်ရာ၊ သုံးမျက်နှာကို၊ ယှက်ကြာချိုးနှုတ်၊ မုခ်လိုဏ်တုပ်လျက်၊ ကျားရပ်

ဘီလူး၊ သင်္ဘောကူးနှင့်၊ ထူးထူးမြတ်မြတ်၊ ကျောင်းပြာသာဒ်ကို၊ အထွတ်ဆုံးတွင်၊ ရွှေထီးဆင်၍၊ သခင်ဘုန်းကြွယ်၊ ဦးထိပ်လယ်ကို၊ နောက်ဝယ်လူများ၊ စွာပိုပွား၍၊ စကားမောက်ကယ်၊ တောကျောင်းငယ်ကြောင့်၊ စံပယ်တင့်တောင်း၊ ခြောက်ရောင်မောင်းကို၊ တောကျောင်းကြီးဟူ၊ လှိုင်ပြန့်ကြူ၏၊ ရှေးလူတို့နောက်၊ အထောက်ထောက်ဖြင့်၊ ကတောက်ကတက်၊ တလိုင်းဖျက်နှင့်၊ ရှမ်းဖျက်ကြဲလာ၊ ထိုနောက်မှာလည်း၊ ထွေရာလေးပါး၊ ရှိသည်များကြောင့်၊ ဘုရားသခင်၊ ထိပ်ခေါင်တင်မူ၊ မန္တွင်တန်ခိုး၊ ဘုန်းရောင်ညှိုး၍၊ ကိုးကွယ်ခြင်းငှာ၊ နည်းပါးစွာကြောင့်၊ ဆရာဒကာ၊ ပျက်လတ်ပါသော်၊ တောသာအတိ၊ ရုံဝန်းချိလျက်၊ ဝင်ဘိစရာ၊ မရှိပါအောင်၊ ဖြာဖြာခက်လက်၊ နွယ်မောင်းယှက်၍၊ ထွက်ခြင်းဝင်ခြင်း၊ ခြေတော်ရင်းသို့၊မကင်းရုံသာ၊ ကျန်ရှိပါသည်။ ။ တေဇာလင်းပွင့် မပြောင်တည်း။

(၆၆) သုံးလူထွတ်ထား၊ မြတ်ဘုရားလျှင်၊ များလှအရိယာ၊ နောက်တော်ပါနှင့်၊ ဝါတွင်းသုံးလ၊ ဝေဠုဝယ်၊ မဝဆွမ်းတော်၊ မေ့လျော့ချော်သို့၊ ကိုယ်တော်မြတ်စွာ၊ ခြောက်ရောင်ဝါလည်း၊ ကာလရှည်ညှောင်း၊ ဘုန်းတော်အောင်း၍၊ ရောင်မောင်းမဖြာ၊ စံပယ်ရာ၌ ဆရာဒကာ၊ ဆက်လက်ကာလျှင်၊ စေတနာလုံ့လ၊ ချီးမြှင့်ကြလည်း၊ တောက်ပမလင်း၊ လက်စကြွင်းနှင့်၊ ထင်လင်းပင်သာ၊ ရှိချေပါသော်၊ ဒါယကာရင်း၊ ဘုန်းရောင်ဝင်းသည်၊ ပွင့်လင်းပြောင်ရွှင်၊ ပေါင်လောင်ရှင်နှင့်၊ နည်းပင်ပမာ၊ တူပေစွာသည်၊ ရဟန္တာနီး၊ ဂုဏ်ဝါကြီးလျက်၊ ဝေးနီးပတ်လည်၊ ရခိုင်ပြည်သို့၊ ရွှင်ကြည်ပေါက်ပြ၊ ရောက်လေရအောင်၊ သီလတော်ရောင်၊ တပြောင်ပြောင်မူ၊ မိုက်မှောင်ထွင်းဖောက်၊ ဝင်းဝင်းတောက်နှင့်၊ မောက်သည်ဘုန်းလျှံ၊ မဆိတ်ညံဖြင့်၊ ဦးကံဟူသည်၊ လူငယ်မည်တည်း၊ ရွှင်ကြည်တရား၊ ဝတ်ကြောင်ရှား၍၊ တရားသာသနာ၊ ထမ်းရွက်ခါမျှ၊ မဟာထေရ်ဝင်၊ မြတ်သခင်ကို၊ အရှင် ဝိမလာစာရ၊ ဘွဲ့တော်ရနှင့်၊

သီလဖြူဝင်း၊ ထိန်ဝါလင်းသည်။ ။ သတင်းလှိုင်ပြန့် ထွန်းရောင်တည်း။

(၆၇) အတိတ်ကမ္ဘ၊ ရှေးလုံ့လကြောင့်၊ ဘဝလူ့ရွာ၊ ဖြစ်ကြုံလာလည်း၊ မာတာမှာမူ၊ မူးဝသူတည်း၊ မြင်းမူပီတ၊ မိတ်ဝင်ကြံသား၊ ညာဒတ္တတွေ၊ မျိုးနှင့်ဆွေကို၊ သံဝေဓမ္မ၊ ထုတ်ဖော်ပြ၍၊ ဒုက္ခဘေးမှ၊ ကင်းလွတ်ပအောင်၊ ဒေသနာချိုမြ၊ ရွာမူးဝ၌၊ အရညဝါသီ၊ တောရပ်မှီ၍၊ ပါရမီထူးမြတ်၊ ပရိယတ်နှင့်၊ ပဋိပတ်သာသနာ၊ များသံဃာကို၊ ပညာထိန်းကျောင်း၊ ငုံးတိုက်ကျောင်း၌၊ ကိန်းအောင်းပျော်ကာ၊ သာသနာကို၊ ဖြူစွာနှလုံး၊ သီတင်းသုံးသော်၊ ပတ်ကုံးရံဝိုင်း၊ မြို့စစ်ကိုင်းနှင့်၊ ခြားပိုင်းခဲ့မြောက်၊ မူးအနောက်တွင်၊ ဆောက်တည်ပျော်ပါး၊ သံဃာများတို့၊ ဘုရားသာသနာ၊ ဆန်းကြယ်စွာဖြင့်၊ မသာမကြည်၊ ပြုကြသည်ကို၊ မထေရ်ရှင်မြတ်၊ သိမြင်တတ်လျက်၊ သတ္တိ ဗျတ္တိ၊ ကျိုးကြောင်းသိသား၊ ကဝိလက္ခဏာ၊ ညီညွှတ်စွာကြောင့်၊ သံဃာဂိုဏ်းအုပ်၊ ထိန်းသိမ်းချုပ်၍၊ ပိုက်ထုပ်သာယာ၊ နူးညံ့စွာနှင့်၊ သာသနာညစ်ကြေး၊ ဆုံးမရေး၌၊ အပ်ပေး၍သော်၊ ဆရာတော်ဟု၊ ခေါ်သညာရ၊ ထွန်းလင်းပသည်။ ။ ဉာဏမှော်ကွန်းတန်ဆောင်တည်း။

(၆၈) မြတ်ဆရာတော်၊ သံဝေမျှော်၍၊ တေဖာရောင်မောင်း၊ မြတ်တောကျောင်းဟု၊ ဓာတ်ပေါင်းရွှင်ရွှင်၊ ဘုရားရှင်ကို၊ ယခင်ရှေးခါ၊ ထေရ်သံဃာတို့၊ အရညဝါသီ၊ ပါရမီနှင့်၊ ခိုမှီကပ်ဆည်း၊ ကိုးကွယ်နည်းသို့၊ နိဿရည်းပညာ၊ သာသနာကို၊ ဖွင့်ပါလိုငြား၊ နှလုံးသားနှင့်၊ အားကိုးစိတ်ပါ၊ မူးဝရွာတွင်း၊ ရှည်ကြာကိန်းအောင်း၊ ငုံးတိုက်ကျောင်းမှာ၊ မလပ်ပါအောင်၊ သံဃာကိုယ်စား၊ အပ်ခဲ့ထား၍၊ ဘုရားသခင်၊ ရှေ့တော်ခွင်ဝယ်၊ ပျော်ရွှင်လောက်လွေ့၊ ကုန်းမြေမွေ့ထက်၊ ကုလလေ့တာ၊ ပြန်ငါးရာမူ၊ ရွာနှင့်ကင်းရှင်း၊ တောနေခြင်းကို၊ ကျမ်းရင်းဓမ္မ၊

သုံးဌာနဟု၊ ဖော်ပြသည်မှာ၊ သုတ္တန်လာနှင့်၊ ညီညာမသွေ၊ တင့်အပ်စေ လျက်၊ တောနေခြင်းရာ၊ ငါးပါးမှာလျှင်၊ အရိယာနွယ်မျိုး၊ လို့လ ကြိုးလျက်၊ လျှိုရိုးရှာထောင်၊ တွင်းရင်းချောင်ဟု၊ ခေါ်ဆောင်သညာ၊ မဂါရင်သာက၊ ရှောင်ခွာစအပ်၊ ဆယ့်ရှစ်ရပ်နှင့်၊ မကပ်မနီး၊ တောခရီး တွင်၊ ခိုမှီးပျော်ကြ၊ ဝိဟာရနှင့်၊ များလှသံဃာ၊ ရံဝန်းကာသည်။ ။ မဟာထေရ်မြတ် ထွတ်ခေါင်တည်း။

(၆၉) သူတော်ကျင့်ရာ၊ လမ်းကြောင်းသာကို၊ ဆရာဘုရား၊ လိုက်ပေပြေား၍၊ တရားခွင့်လျော်၊ သင့်မြတ်တော်အောင်၊ အဟော်ဝတ၊ မြတ်သုခနှင့်၊ ခမ္မချမ်းအေး၊ သပ္ပာယ်ရေးဖြင့်၊ ရွှေပေါင်လောင်ရှင်၊ မြတ် သခင်ကို၊ ပျော်ရွှင်ချမ်းငြိမ်၊ ဥပုသ်သိမ်ကား၊ မတိမ်ထင်ရှား၊ ရှိသည် များလည်း၊ ဖြောင့်သားမတည်၊ ကာလရှည်၍၊ ရည်မွန်ဖွယ်ရာ၊ မရှိပါ သော်၊ သင်္ကာယန၊ စိတ်ဒွိဟကြောင့်၊ မလှမပ၊ ရှိသမျှကို၊ ပယ်ချနှုတ် သွင်း၊ ထပ်ပွားခြင်းဖြင့်၊ သစ်လင်း၍သာ၊ သမုတ်ပါသော်၊ နောင်လာ အရှည်၊ ကောင်းလိမ့်မည်ဟု၊ ကြံစည်ရှုကြည့်၊ ရံဝန်းလှည့်သား၊ တပည့် လက်ထောက်၊ ... ... ... ... ...

(နောက်ဆုံးပေတစ်ချပ် ပျောက်နေသည်)

ပြီးပြီ။

# ကိုးကားသော ကျမ်းစာများ

၁။ ရွှေပေါင်လောင်သမိုင်းလင်္ကာ။ ။ ဖြူးမြို့၊ အငြိမ်းစား တရားမ ဝန်ထောက်မင်း ဦးလူကလေး၏ လက်ရေးမူ။ မြင်းမူ ရွှေပေါင်လောင်တောကျောင်း ဘုန်းတော်ကြီး၏ပေမူမှ ၁၂၉၁ ခု၊ နတ်တော်လဆုတ် ၇ ရက် (၂၂-၁၂-၂၉) တနင်္ဂနွေနေ့တွင် ဦးလူကလေးက ကူးယူသည်။ နောက်ဆုံးပေတစ်ရွက် ပျောက်နေ၍ အဆုံးမကူးလိုက်ရ။ ဤသမိုင်းလင်္ကာကို ဤ စာအုပ်နောက်ဆက်တွဲတွင် ပြထားသည်။

၂။ ရွှေပေါင်လောင်-ရွှေမုဋ္ဌောသမိုင်း စကားပြေ။ ။ ဦးလူကလေး၏ လက်ရေးမူ။ ပခုက္ကူ၊ ကွမ်းရွာ၊ ရွှေတန့်တစ်ကျောင်း ပေမူမှ ကူးယူသည်။ ရန်ကုန် ဘားနဒ် ပိဋကတ်တိုက်ရှိမူနှင့် ကိုက်ညီသည်။

၃။ ကျောက်စရစ်မြို့၊ ပေါင်လောင်ရှင် ကဿပစေတီတော် အတ္ထုပ္ပတ္တိ မော်ကွန်း။ မန္တလေးရေးရိုး မြန်မာစာပုံနှိပ်တိုက်မှ ၁၂၈၉ ခု၊ ရိုက်နှိပ်သော ပုံနှိပ်စာအုပ်။ ဦးလူကလေးထံမှ ရသည်။

၄။ ရွှေပေါင်လောင်-ရွှေမုဋ္ဌောဘုရားကျောက်စာ။ ။ နရပတိစည်သူ၏ ၅၅၇ ခု ကျောက်စာရင်းကို ဘိုးတော်ဘုရားက ဆင့်ထိုးသော ကျောက်စာဖြစ်သည်။ ပထမရှိရာ ယော၊ ထီးလင်းမှ ယူ၍ ယခု မန္တလေး မဟာမုနိတံတိုင်းအတွင်း၌ ကျောက်စာဌာနက သိမ်းထားသည်။ ထိုကျောက်စာမှ ကူးယူရိုက်ကူးထားသော စာအုပ်ငယ်ကို ဦးလူကလေးထံမှရသည်။

၅။ မြင်းမူ ပေါင်လောင်ရှင်ဘုရား ကျောက်စာ။ ။ (သက္ကရာဇ် ၅၅၄ ခု) မန္တလေး မဟာမုနိတံတိုင်းအတွင်း။ ကူးစာကို ဦးလူကလေးထံမှရသည်။

၆။ ဘိုးတော်ဘုရား၏ ၁၁၆၄ ခု စစ်တမ်း။ ။ ၎င်း

၇။ တုံတောကျောင်း သမိုင်းလင်္ကာ။
၈။ စလင်္ဂဥာနဒီကထာကျမ်း။ (ကောက်နုတ်ချက်)
၉။ စစ်ကိုင်းတောင်ရိုး ပုညရှင်စေတီသမိုင်း။
၁၀။ ဝိစိတြနယသံကိတ္တကျမ်း။ (မျက်နှာ ၂၁၇-၂၃၂)
၁၁။ အဆိုပါဝန်ထောက်မင်း ဦးလူကလေး ရေးအပ်သော ပေါင်လောင်ရှင် ကဿပအကြောင်းပါသော သူရိယမဂ္ဂဇင်း ၆ အုပ်။ (၁၉၃၀ ဇူလိုင်လ၊ ဩဂုတ်လ၊ ၁၉၃၁ ဇန်နဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလ)
၁၂။ "ဦးအာလောက"ရေးသော "ဆုထူးပန်စေတီ"ပါသော ၁၉၂၉ ခု၊ ဧပြီလထွက် သူရိယမဂ္ဂဇင်း။
၁၃။ ကျောက်ဆည်ရာဇဝင်နှင့် ကိုးခရိုင်သမိုင်း အတ္ထုပ္ပတ္တိ။ (သံတော်ဆင့် ကိုးခရိုင် ကျောက်ဆည်တော်ဝန်မင်းညီ၊ ရှေ့ဖတ်ဝန် စာရေးကြီး ဦးဖိုးအို)
၁၄။ တိုင်းကြီး သောဠသ ကမ္ဘာမြေပုံကျမ်း။ ။ (သစ်ချတောင် ဦးတိလောက)
၁၅။ သာသနာလျှောက်နှင့် ဆွမ်းတော်ကြီးတင် စာတမ်း။ (စလေဦးပုည)
၁၆။ သာသနာလင်္ကာရစာတမ်း။ ။ (မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြန်)
၁၇။ ပိဋကတ် သမိုင်းစာတမ်း။ ။ (ခင်မ မင်းဝန်၊ ပိဋကတ်တော်အုပ်၊ မိုင်းခိုင်းမြို့စား၊ အတွင်းဝန်မင်း။ စလင်းမြို့တောင်၊ မုန်းမြစ်ကမ်း၊ သမန်းရင်းရွာဇာတိ၊ ယော်မည် ဦးရန်။ မင်းတုန်းမင်းတရားကြီးနှင့် သီပေါမင်းလက်ထက် ထင်ရှားသည်။)
၁၈။ ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း။ ။(လုံးတော်ဆရာတော်ဘုရားကြီး)
၂၀။ သုံးပုံတံချူကျမ်းနှင့် သုံးပုံအိတ်ထောင့်ကျမ်း။ ။ (ဒီပဲယင်းနယ်၊

မုန်တိုင်ပင်ဆရာတော်၊ ဝံသာဘိ လင်္ကာရဓဇ မဟာ ဓမ္မရာဇ ဂုရု။ ။ ဘကြီးတော်လက်ထက်)

၂၁။ ဏ္ဍသျှုဂ္ဂ မော်ကွန်း။ ။ (စစ်ကိုင်းနယ်၊ ရွာဝေးသူကြီး ဦးနု၊ ဝက်မစွတ်မြို့စား (ဒုတိယ) နဝဒေး။ ဘိုးတော်လက်ထက် ကျော်စောသည်။ ကုန်းဘောင်မင်းလက်ထက် ၁၂၀၂ ခုတွင် လွန်သည်။)

၂၂။ ဓိနတ္ထပကာသနီ။ ။ (ရွှေတောင်မြို့၊ ကျီးသဲလေးထပ်ဆရာတော် ရှင်မုနိန္ဒာဘိဓဇ၊ လူမည် ဦးကင်း ၁၁၇၉ ခုဖွား၊ ၁၂၅၆ ခုတွင် ပျံလွန်သည်။)

၂၃။ သမန္တစက္ခု ဒီပနီကျမ်း။ ။ (အလုံမြို့ကျေး၊ မုံရွေးဇေတဝန်ဆရာတော်၊ ဘွဲ့တော် အရိယာဝံသ အာဒိစ္စရံသိ။ ဘိုးတော်လက်ထက်။)

၂၄။ မိလိန္ဒပဥှာကျမ်း။ ။ (ပင်းတလဲစီရင်စု၊ လှည်းကူးမရွာဇာတိ၊ သစိုးမလည်ရွာလျှင် ဆွမ်းခံမှီခိုရာရှိသည်ဖြစ်၍ ဒန့်တိုင်သစ်ညို ကျောင်းနစ်တိုက်တို့၌ သီတင်းသုံးသော ဒန့်တိုင်ဆရာတော် ရှင်ဂုဏာလင်္ကာရ ဘာသာပြန်၍ စီရင်သောကျမ်းဖြစ်သည်။ သာသနာ ၂၃၀၉၊ သက္ကရာဇ် ၁၁၂၇ တွင် ပြီးသည်။)

၂၅။ မှန်နန်းရာဇဝင်တော်ကြီး။

၂၆။ ကဿပ သံယုတ်အဋ္ဌကထာ။

၂၇။ သုတ်မဟာဝါ ပါဠိတော်။

၂၈။ ပါရာဇိကဏ် ပါဠိတော်။ (နိဿဂ္ဂိယ ပါစိတ်ခဏ်း)

# ကူညီချီးမြှောက်ကြသော ပုဂ္ဂိုလ်များ

၁။ ကန္နီဦးဘတင်။ ။ သပိတ်မှောက် ကျောင်းသားဟောင်း။ အလောင်းတော်သို့ သွားရောက်နိုင်ရန်၊ စားရေ ရိက္ခာ လမ်းပြနှင့် တကွ အမျိုးမျိုး ကူညီထောက်ပင့်သည်။

၂။ ကန္နီအမိန့်တော်ရ ဦးတာရွှန်း။ ။ သွားရောက်နိုင်ရန် ကူညီ အားပေးသည့်အပြင် ရွှေမြင်းဖြူရာဇဝင် စသည်တို့ကို ရနိုင်ရန် ကူညီဆောင်ရွက်ပေးသည်။

၃။ ကန္နီမောင်ကျော်လှ။ ။ လမ်းပြပြုလုပ်သည့်အပြင် စေတနာ နှင့် အရာရာစောင့်ရှောက်သည်။

၄။ ကိုတိုး ⎫ ညောင်ပင်လယ်ရွာမှ ဝန်ထမ်းများ။

၅။ ကိုသာညာဏ် ⎭ ဝန်ထမ်းမည်ကာ မဟုတ်၊ စေတနာဖြင့် စောင့်ရှောက် ကူညီသည်။ ကိုသာညာဏ်က ပြာပုံတောင်ရှင်မ အကြောင်းကို မိမိကြားသိသမျှဖြင့် ဖြည့်၍ပြောပြသည်။

၆။ ညောင်ပင်လယ် ရွာသူကြီးဦးဖိုးလှိုင်။ ။ မိမိအိမ်တွင် တည်းခို စေသည်။ ခရီးသွား လွယ်ကူချောမောရန် ကူညီစီမံပေးသည်။ အလောင်းတော်အနီး လူနေများအကြောင်း ပြောပြပေးသည်။

၇။ ကိုစုံအုပ်။ ။ အလောင်းတော်တွင် ရွှေသည်ကုန်သည်။ စေတနာ နှင့် ပြုစုသည်။ အထက်ရေစပြစ်ဝသို့ ကိုယ်တိုင်လိုက်၍ ဆင်းပြ သည်။ အလောင်းတော်အကြောင်း မိမိသိသမျှ ပြောပြပေးသည်။

၈။ ဟင်္သာတမြို့၊ မြစ်ကွေးဆရာတော် (အသျှင် ပညာဝံသာဘိဓဇ) 'ကဿပ'အကြောင်းများကို ညွှန်ပြတော်မူသည်။

၉။ ဖြူးမြို့၊ အငြိမ်းစား တရားမဝန်ထောက်မင်း ဦးလူကလေး။ ဤ ပုဂ္ဂိုလ်ကား ကျေးဇူးအလွန်များစွာ ပြုပါလေသည်။ အထက် ကျမ်းစာစာရင်း နံပါတ် ၁ မှ ၁၁ အထိ မိမိ၏ အနှစ်နှစ် အလလ

က စုဆောင်းထားအပ်သော ကျမ်းစာသမိုင်း စာတမ်း မှတ်တမ်း တို့ကို ဤစာအုပ်ရေးရာတွင် အသုံးပြုရန် မိမိ၏စရိတ်ဖြင့် ပေးပို့ ချီးမြှောက်ပါလေသည်။

ဤသို့ အထိုက်အလျောက် ကူညီချီးမြှောက်ကြပေသော ပုဂ္ဂိုလ် တို့အား ကျေးဇူးများစွာတင်ပါကြောင်း ဖော်ပြအပ်ပါသတည်း။

မောင်ဖိုးကျား

၁၃၀၀ ပြည့်၊ ကဆုန်လပြည့် သောကြာနေ့။

## ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၆၆။ ချစ်နိုင်(စိတ်ပညာ) | အမေ့အတွက်လက်ဆောင် |
| ၆၇။ မစန္ဒာ | ဘဝအိပ်မက် ပန်းအိပ်မက် |
| ၆၈။ မောင်ထင် | ကိုဒေါင်း |
| ၆၉။ သုခ | ကံ ကံ၏အကျိုးနှင့်အခြားဝတ္ထုတိုများ |
| ၇၀။ သုခ | ဂုဏ်ရည်မတူလို့လား |
| ၇၁။ မစန္ဒာ | ဝတ္ထုတိုများ(၃) |
| ၇၂။ ဒေါက်တာမတင်ဝင်း | ဝဋ်ဆိုတာလည်တတ်တဲ့သဘောရှိတယ် |
| ၇၃။ ဦးဖိုးကျား | ၃၇ မင်း |
| ၇၄။ သုခ | ဧယျာတုသဗ္ဗမင်္ဂလံ |
| ၇၅။ ဒေါက်တာမတင်ဝင်း | ဒါလေးကိုဖတ်ကြည့်ပါဦး |
| ၇၆။ ဦးဖိုးကျား | ကိုယ်တွေ့ဝတ္ထုများ |
| ၇၇။ ဦးအောင်မိုး | ကုသိုလ်အကျိုးပြတရားတော်များ(ပ) |
| ၇၈။ ဒေါက်တာမတင်ဝင်း | အတွေးပါသောဇာတ်ကြောင်းများ |
| ၇၉။ ဒဂုန်ဦးထွန်းမြင့် | အခြေခံလူ့ကျင့်ဝတ် |
| ၈၀။ မောင်ထင် | လောကအမြင် |
| ၈၁။ ရဝေထွန်း | သမီးချစ် |
| ၈၂။ ဒေါက်တာမတင်ဝင်း | အောင်ဟိတ်နဲ့လူ |
| ၈၃။ မောင်ထင် | ငဘ |
| ၈၄။ ဦးအောင်မိုး | ကုသိုလ်အကျိုးပြတရားတော်များ(ဒု) |
| ၈၅။ မာဂဓီ(သာစည်) | အခါတော်နေ့များ |
| ၈၆။ ဒေါက်တာမတင်ဝင်း | ဇာတိနဲ့အစဉ်အလာ |
| ၈၇။ ရဝေထွန်း | သေခြင်း |

| | |
|---|---|
| ၈၈။ မာဂဓီ(သာစည်) | ဩကာသရှင်းတမ်း |
| ၈၉။ ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(ပ) |
| ၉၀။ မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ |
| ၉၁။ ဒေါက်တာမတင်ဝင်း | ဘုံအနှမ်းမှလူဆန်းများ |
| ၉၂။ ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(ဒု) |
| ၉၃။ ဒေါက်တာမတင်ဝင်း | အလှရတနာသိုက် ဖွင့်လိုက်စမ်းမယ် |
| ၉၄။ မာဂဓီ(သာစည်) | သံဝေဂကထာ |
| ၉၅။ ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(တ) |
| ၉၆။ ဒေါက်တာမတင်ဝင်း | လူငယ်များနှင့်စကားပြောခြင်း |
| ၉၇။ မင်းပူးဦးဩဘာသ | မဟာဇနကဇာတ်တော်ကြီး |
| ၉၈။ မစန္ဒာ | တိမ်ဖုံးပါလို့ လမသာ |
| ၉၉။ စိန်စိန် | ခရီးဝက်ပါ |
| ၁၀၀။ အရှင်ဇနကာဘိဝံသ | ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ |
| ၁၀၁။ ဒေါက်တာမတင်ဝင်း | ကိုယ်ပဲလူကြီး ကိုယ်ပဲကလေး |
| ၁၀၂။ ဦးဖိုးကျား | အလောင်းတော်ကဿပ |
| ၁၀၃။ ချစ်နိုင်(စိတ်ပညာ) | စက္ကန့်တိုင်းကိုစိန်စီထားတယ် |
| ၁၀၄။ ဒေါက်တာမတင်ဝင်း | လောကကိုဆရာတင်၍ |

# ဆက်လက် ထုတ်ဝေမည့် ပါရမီစာအုပ်များ

| | |
|---|---|
| မာဂဓီ(သာစည်) | လူငယ်မျက်ရှု ယဉ်ကျေးမှု |
| သာမဏေကျော် | မဟာစည်ဆရာတော်ကြီး၏ အဆုံအမိန့်များ |
| သာမဏေကျော် | ပဏ္ဍိတာရာမ ဓမ္မရောင်ခြည် |
| ပါဠိပါရဂူဦးအောင်မိုး | ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ |
| ဦးဖိုးကျား | မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း |
| ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |
| သုခ | သုခနှင့်သုခ |
| မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| သန်းဆွေ | သားတို့ရပ်ရည် |
| သန်းဆွေ | ချစ်တဲ့ထျာရှင် |
| ချစ်နိုင်(စိတ်ပညာ) | စက္ကန့်တိုင်းကို စိန်စီထားတယ် |
| ပန်းဒကာ ကိုတင်မြင့် | အနာဂတ်သာသနာဟောကိန်းများ |
| မောင်ရှုးစမ်း | စီးပွားရေးအတွေးအမြင် |
| မလေးငြိမ် | လွှန်မြောက်ခြင်းမှ လွတ်မြောက်ခြင်းသို့ ဒဿနအမြင် |
| ဒေါက်တာမတင်ဝင်း | လောကကို ဆရာတင်၍ |
| ဒေါက်တာမတင်ဝင်း | မပျက်စီးအောင် ဒါတွေရှောင် |
| မစန္ဒာ | ဝတ္ထုတိုများ(၁) |
| မြန်မာစာဆရာများ | ကဲ့ကော်ဝတ်ရည်စာစီစာကုံးများ |
| Rawe Htun | The Modern Buddhist Nun |
| Ma Sandar | Upstream and other stories |

အမျိုးသားပညာဝန်
ဆရာကြီးဦးဖိုးကျားသည်
လောကီ အကျိုးပြုနှင့်
ဘာသာရေးကိုးကွယ်မှု သုတေသန ရောမွှေကာ
ကိုယ်တွေ့ ဝတ္ထုများအမည်ဖြင့်
အုပ်တွဲ ၆ တွဲ ရေးသားခဲ့ပါသည်။
ပါရမီစာပေက ဦးဖိုးကျား၏စာများကို
စုစည်းထုတ်ဝေလိုသောဆန္ဒဖြင့်
"ကိုယ်တွေ့ဝတ္ထုများပေါင်းချုပ်" နှင့်
"ဥဂ္ဂ မင်း" တို့ကို ထုတ်ဝေပြီးနောက်
ယခု "အလောင်းတော်ကဿပ" ကို
ဆက်လက်ထုတ်ဝေပါသည်။

